ရဟန္တာယောက်ျား ရဟန္တာမိန်းမ

လူသူတော်ကောင်းတို့၏ တရားအားထုတ်ပုံတို့ကို

စုစည်းတင်ပြအပ်သော

ဦးဝရသာမိဘိဝံသ (ဓမ္မာစရိယ)

၏

# ဝိပဿနာပညာရှင်များအကြောင်း

# သိကောင်းစရာ

ဣဋ္ဌာသယပိဋကတ်စာအုပ်ဆိုင်
အမှတ်-၂၇/၂၈/၂၉၊ ရွှေတိဂုံဘုရားဈေးတော်ရုံ
ရန်ကုန်မြို့။ ဖုန်း- ၃၇၄၈၀၃

ရဟန္တာယောကျ်ား၊ ရဟန္တာမိန်းမ

လူသူတော်ကောင်းတို့၏ တရားအားထုတ်ပုံတို့ကို

စုစည်းတင်ပြအပ်သော

ဦးဝရသာမိဘိဝံသ (ဓမ္မာစရိယ)

၏

# ဝိပဿနာပညာရှင်များအကြောင်း သိကောင်းစရာ

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသည့်လ | - | ၂၀၁၂ခုနှစ်၊ အောက်တိုဘာလ |
| အကြိမ် | - | ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၂၀၀၀ ကျပ် |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | - | ဒေါ်စမ်းစမ်းအေး (၁၅၃၀၀) |
| | | ရတနာ့ဂုဏ် အော့ဖ်ဆက် |
| | | အမှတ် - ၅၁၊ ၁၄၀ - လမ်း၊ |
| | | တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | | ဦး[illegible]တင့်၊ ရွှေပြည်သာစာပေ |
| | | [illegible]/၁၀၊ ချင်းတွင်းလမ်း၊ |
| | | ရွှေပြည်သာ။ |
| ဖြန့်ချိရေး | - | ဣန္ဒာသယစာပေ |
| | | အမှတ် (၂၇/၂၈/၂၉)၊ |
| | | ရွှေတိဂုံဘုရား တောင်ဘက်မုခ်၊ ဈေးတော်ရုံ။ |
| | | ဖုန်း - ၃၇၄၈၁၃ |

ဦးဝရသာမိဘိဝံသ ၂၉၄.၈၃

ဝိပဿနာပညာရှင်များအကြောင်းသိကောင်းစရာ

ဦးဝရသာမိဘိဝံသ (မွှာစရိယ)၊ ရန်ကုန်

ရွှေပြည်သာစာပေ၊ ပထမအကြိမ် - ၂၀၁၂။

စာ - ၂၁၈၊ ၁၃.၅ × ၂၀စင်တီ

(၁) ဝိပဿနာပညာရှင်များအကြောင်းသိကောင်းစရာ။

# အကြောင်းအရာ မိတ်ဆက်လွှာ

ဟိုကွေ့ရောက်လျှင် ဟိုတက်နှင့် လှော်ရသည်ဟူသော ရှေးလူကြီးသူမတို့၏ စကားပုံအတိုင်း ဘယ်နေရာမဆို မနေအထိုင် အပြောအဆို တရားဟောမှုစ၍ ကာလဒေသအားလျော်စွာ အသိဉာဏ်ရှိဖို့ လို၏၊ ခေတ်မှီဖို့ အရေးကြီး၏၊ လှေထိုးရိုးရိုးကြီးနှင့် မဖြစ်ပေ။

မိုးပြီးလျှင် ဆောင်း၊ ဆောင်းကုန်လျှင် နွေ၊ ရာသီဥတုများ ပြောင်းလာသလို ယခုခေတ်ကား ယပ်တောင် ယပ်လှဲခေတ် ကုန်ဆုံးလာတော့၏၊ ရွက်ဟောင်းလဲ၍ ရွက်သစ်များကုန်ဘိသည့်အလား ဝိပဿနာခေတ်ကား ငြိုးငြိုးစွင့်စွင့် ကြွားကြွားဝင့်ဝင့် ဆန်းသစ်လာ၏၊ ခေတ်အားလျော် ဝိပဿနာတရားကို ဟောနိုင်မှ အံဝင်ဂွင်ကျဖြစ်၏။

ဒါနတရားဟောရာ၌ပင် ဝိပဿနာတရား ရောနိုင်၊ ဟောနိုင်မှ မဟုတ်လျှင် လူများအထင်သေး၍ တရားပေါ့ ပျက်ပျက်ရှိတတ်၏၊ ဟောပြောသည့်ပုဂ္ဂိုလ်ကလည်း ခေတ်နှင့်ဆီလျော်အောင် ဝိပဿနာစကား များများပြောနိုင်မှ ပညာရဲရင့် ပွဲလယ်တင့်သည်။

လောကမှာ မေ့မေ့လျော့လျော့နေ၍ကား မဖြစ်၊ သံသရာမှ မလွတ်ရသေးသမျှ ကာလပတ်လုံး ဇာတိဒုက္ခစသည်နှင့် အမြဲတမ်း ရင်ဆိုင်နေရသည်။ သတိထားမှ ကိုယ်သက်သာမည်၊ စိတ်ချမ်းသာမည်၊ နောက်ပိတ်ဆုံး ဒုက္ခအေးမည်။

တရားဟော တရားနာ စာပေရေး စာပေများကို ဖတ်မှ ဘာသာရေးအတွက် ဗဟုသုတရှိမည်၊ စာပေသည်ကား သုတမယညာဏ်၊ သညာသိကို ပေးတတ်သည်၊ နောက်မှ ၎င်းသုတမယညာဏ်အတိုင်း ကျင့်ကြံကြိုးစားခြင်းသည် စိန္တာမယညာဏ်မည်၏၊ အကြောင်းတိုက်ဆိုင်က သမ္မာဒိဋ္ဌိစသော ဘာဝနာမယညာဏ် ပေါ်လာတတ်သည်၊ သောတာပန်စသည်ဖြစ်ကာ သံသရာမှ လွတ်တတ်သည်။

ထို့ကြောင့် ဆင်ရိုင်းပမာ စိတ်မနောကို လွှတ်ထား၍ကား မဖြစ်၊ စာပေများကို ဖတ်ရှုလေ့လာရသည်၊ နည်းမှီရသည်၊ ဗဟုသုတ ရှာမှီးရသည်။ သို့အတွက် ဗုဒ္ဓမြတ်စွာသည် ငါဘုရားပရိနိဗ္ဗာန်ပြုက ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်သည် ဆရာတည်းဟု ဟောတော်မူခဲ့သည် မဟုတ်ပါလော။

ထို့ကြောင့် ဤစာအုပ်၌ ရှေးရဟန်းတော်များ တရားအားထုတ်ပုံ တရားရပုံတို့ကို ရဟန်းတော်များအကြောင်း သိကောင်းစရာဟူ၍လည်းကောင်း၊ ရဟန်းမိန်းမများ တရားအားထုတ်ပုံ ကျင့်ကြံကြိုးစားပုံတို့ကို ရဟန်းမိန်းမများအကြောင်း သိကောင်းစရာဟူ၍လည်းကောင်း ဘုရားရှင်သည် ဘုရားဖြစ်ရန်အတွက် နှမှာ ငါးရာ ရင့်မှာတစ်ကျိပ်ဟူသည်နှင့်အညီ နှမ့ ငါးရာဘဝ၌ အားထုတ်ခဲ့သည်များကို လူများအကြောင်း သိကောင်းစရာဟူ၍လည်းကောင်း ရေးသားထားသဖြင့် အတုယူစရာ ကောင်းလှ၏။

ရဟန်းတော်များအကြောင်း သိကောင်းစရာ၌ စက္ခုပါလထေရ်သည် မျက်စိသည်ကို သံယောဇဉ်မထားဘဲ တရားကိုသာ ပဓာနထားသည်။

အရှင်စူဠပန်မထေရ်ကား လေးပါဒ တစ်ဂါထာကိုပင်လျှင် လေးလကျက်ရသည်။

သို့သော်လည်း နောက်ဖိတ်ဆုံး တနင်္ဂနွေပါဒ်နှင့် ပြည့်စုံသော ရဟန္တာဖြစ်သည်။

တမ္ဗဒါဌိကသူသတ်ကြီးကား အစ၌ ဓားပြဗိုလ်ဖြစ်၍ လူပေါင်းများစွာကို သတ်ခဲ့သည်။ အစိုးရဌာနမှာလည်း လူများကို ကြိုးမိန့်ပေးရာ၌ ကြိုးဖြတ်ဌာနမှာ လုပ်ခဲ့၏။ သို့သော် ပျက်အစဉ် ပြင်ခဏ ပြုပြင်က ရ၍ အရှင်သာရိပုတ္တရာနှင့်တွေ့ရာ သောတာပတ္တိမဂ်ဉာဏ်၏ရှေ့ အနုလောမဉာဏ်ကို ရလေသည်။

ထူးထူးဆန်းဆန်း တရားရအောင် ကဿပဘုရားရှင်လက်ထက်က အစားမစာမစားပဲ တောင်ထိပ်သို့ တက်၍ကျင့်သူ ခုနစ်ဦးအကြောင်းကို လည်း သိရအောင် ဒဗ္ဗထေရ်စသည်တို့ကို ထုတ်ဆောင်ပြထား၏။

ရဟန်းမိန်းမများအကြောင်း သိကောင်းစရာ၌ ခေမာထေရီကား ဗိမ္ဗိသာရမင်း၏ မိဖုရားလည်းဖြစ်၊ ရုပ်ရည်ကလည်း ချောမောလှသဖြင့် မာနတက်နေသော်လည်း ဘုရားရှင်က သူ့ထက်လှသည့် မိန်းကလေး ရုပ်ကို ဖန်ဆင်း၍ တဖြည်းဖြည်း အို နာ သေပုံများကို ဖန်ဆင်းပြရာ တရားရလေသည်။

သုဘာထေရီကား မျက်စိကို ပို၍လှသည်ဟု ပြောသော သေ သောက်ကြူးအား မျက်လုံးကို သွေးသန်ရဲရဲ ထုတ်၍ပေး၊ အံ့ဩစရာ ကြည်ညိုစရာ အတုယူစရာတည်း။

သုမေဓာထေရီကား မင်းသမီးဖြစ်၏၊ မိဘများက မင်းသားတစ် ယောက်နှင့်လက်ထပ်မည်ကို လောက၌ သံယောဇဉ်ပြတ်ကာ ရဟန်းမိန်းမ ဝတ်၍ ကျွတ်တမ်းဝင်သည်။

လူများအကြောင်းသိကောင်းစရာ၌ မဃဒေဝမင်းသည် ဆံပင်ဖြူ တစ်ပေါက်သည်နှင့် သေမင်းအောင်လံစိုက်ပြီဟု တောထွက်၏။

သောဏဇာတ်၌လည်း ဘုရားအလောင်း အရိန္ဒမမင်းသည် ခြောက် သောင်းသောရွာ၊ ခြောက်သောင်းသောဆင်၊ ခြောက်သောင်းသောမြင်း၊ ခြောက်သောင်းသောရထား၊ ခြောက်သောင်းသောနို့ညှစ်နွားမ၊ ခြောက် သောင်းသော မောင်းမမိဿံ၊ ခြွေရံစသည်တို့ကို တပ်မက်သော လောဘ ဖြတ်ခါ တောထွက်သည်။

အယောဃရဇာတ်၌ နန်းတော်မှာ ကလေးမွေးတိုင်း ဘီလူးမ ဝင်၍ စားသည်။ နောက်ပိတ်ဆုံး ဘီလူးမ ဝင်၍ မစားရအောင် ဘုရားလောင်း ကလေးကို သံချိုင့်၌ ထားရသည်။ သို့သော် ဘုရားလောင်းက ဤသတ္တဝါ တို့သည် ဘီလူးမ စားသော်လည်း အသက်ရှင်က သေရသည်။ ဖြစ်လာက ပျက်ရသည်ဟု သံဝေဂဉာဏ်ရင့်သန်ပြီး တောထွက်သည်။

သရဘင်္ဂဇာတ်၌ ဘုရားအလောင်းသည် အမတ်ကြီးရာထူးကို မယူ ဘဲ တောထွက်တော်မူသည်။

ဤစာအုပ်ပါ တရားတို့ကား တိုလွန်း၍ ဖတ်ရှုရသူတို့ တစ်မျိုး တစ်မည် အောက်မေ့မည်၊ တစ်နေရာရာ၌ အသုံးဝင်မည်ဖြစ်၍ အထင်သေး မစောပါနှင့်၊ စာအုပ်မစုံလင်သူတို့အားလည်းကောင်း၊ ပါဠိတော် အဋ္ဌ ကထာစသည်တို့ကို မကြည့်ရှုနိုင်သောသူတို့အားလည်းကောင်း အားဆေး တစ်ခွက်ပါ။

အဆိုပါ အချက်အလက်များကို ထောက်ဆ၍ ဤစာအုပ်ကား ဆွမ်း စား ကွမ်းစား မသာအသုဘ အိမ်သစ်တက် ပရိတ် ပဋ္ဌာန်းရွတ်စသည် ၌လည်းကောင်း၊ ညတရားပွဲ၌လည်းကောင်း၊ နေ့အနုမောဒနာတရား၊ အလ္လာပသလ္လာပ အတိုပြောရာ၌ အသုံးချရန်အတွက် ဝိပဿနာ ပညာရှင် များအကြောင်းကို ရေးသားထားသဖြင့် ထိုထိုဌာနတို့၌ နေရာယူပါလိမ့် မည်။

ချဲ့၍ ဟောလိုကလည်း ဆိုင်ရာဆိုင်ရာ ပါဠိများထည့်၍ ဟော ပြောနိုင်၍ ကမ္မာပဒေသာပင်အလား ရှိ၏။

ဝါသနာပါက ရှေးရှေးဆရာတော်တို့၏ ဆုံးမစာများကိုလည်း ဆိုင်ရာဆိုင်ရာ ရွတ်ပြနိုင်သည်။ တရားဟောပုဂ္ဂိုလ်များအတွက် ပါဠိအနက် များလည်း ပါဝင်စွက်ဖက်ထား၏။ ဇာတ်အဋ္ဌကထာ ထေရထေရီ အဋ္ဌ ကထာ ဓမ္မပဒအဋ္ဌကထာစသည်တို့မှ ကောင်းနိုးရာရာ ဝတ္ထုများကို စီရရီ ဆင့်ရရင့် အသင့်ထုတ်ဆောင်ထားသည်။

ဤစာအုပ်ကို ကျက်မှတ်ခြင်းအားဖြင့် ဝိပဿနာနှင့် ပတ်သက်၍ စာပေဗဟုသုတလည်း ရှိမည်။ ညတရားစသည် ရှည်ရှည် ဟောရာ၌ လည်း ထိုဇာတ်အဖြစ်ဖြင့် ထည့်၍ ဟောပြောနိုင်သည်။ စကားခိုင်ခန့် မည်၊ တရားကျနခွေ့ရမည်။ တရားလေးနက်မည်စသော ဂုဏ်ပေါင်းများ စွာရှိ၍ ဤစာအုပ်ကို မည်သူမဆို လေ့လာသင့်ကြောင်း ရေးသားလိုက် ရပေသည်။

ဤစာအုပ်ကို စီစဉ်စုဆောင်းသူ –

ဦးဝရသာမိဘိဝံသ (ဓမ္မစာရိယ)

တက္ကသိုလ် ပရိယတ္တိကျောင်း

ရောဝဏ်လမ်း

(၇)ရပ်ကွက်၊ သာကေတ

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | မိတ်ဆက်လွှာ | က |
| | ပဏာမ | ၁ |

### (၁) ရဟန်းတော်များအကြောင်း သိကောင်းစရာ

| | |
|---|---|
| စက္ခုပါလထေရ် | ၃ |
| ညီတော်မင်းနန် | ၆ |
| အရှင်စူဠပန် | ၁၀ |
| တမ္ဗဒါဌိကသူသတ်ကြီး | ၁၇ |
| သပ္ပဒါသထေရ် | ၁၉ |
| ဝိပဿနာအားထုတ်သော ရဟန်းငါးရာ | ၂၂ |
| လက်ရွဏာရေးသုံးပါးထင် ရဟန်းငါးရာ | ၂၃ |
| ပေါဋ္ဌိလမထေရ်ကြီး | ၂၄ |
| ကပိလငါးကြီး | ၂၆ |
| ဝင်္ဂီသထေရ် | ၂၉ |
| သောပါကထေရ် | ၃၂ |
| ဥတ္တရထေရ် | ၃၃ |
| ဗာကုလထေရ် | ၃၅ |
| ရာဇဒတ္တထေရ် | ၃၉ |
| လကုဏ္ဍကဘဒ္ဒိယထေရ် | ၄၁ |
| သောပါကထေရ် | ၄၂ |
| သောဏထေရ် | ၄၅ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဂေါဒတ္တထေရ် | ၄၈ |
| | အညာသိကောဏ္ဍညထေရ် | ၄၉ |
| | အနုရုဒ္ဓထေရ် | ၅၁ |
| | ဝိတက်ရှစ်ပါးဆောင်ပုဒ် | ၅၅ |
| | နဂူကပါလသုတ်မှတ်သားဖွယ် | ၅၇ |
| | ပါစိနဝံသဒါယကကထာ | ၅၉ |
| | ဥပက္ကိလေသသုတ် မှတ်သားဖွယ် | ၆၉ |
| | စူဠဂေါသိင်္ဂသုတ်ရှုဖွယ် | ၆၃ |
| | သာစုကိဠနသဘင် | ၆၅ |
| | ဘုရားမြတ်စွာနှင့်အရှင်အနုရုဒ္ဓါထေရ် | ၆၇ |
| | မနာပကာယိကာ နတ်သမီးဖြစ်ကြောင်းတရားရှစ်ပါး | ၆၇ |
| | အရှင်အနုရုဒ္ဓနှင့်ပရိသတ်လေးပါး | ၆၈ |
| | အရှင်အနုရုဒ္ဓထေရ် ဟောတော်မူသောဂါထာ | ၇၂ |
| | အရှင်သာရိပုတ္တရာ | ၇၂ |
| | ပစလာမာနသုတ် | ၇၇ |
| | အရှင်မဟာကဿပကိုယ်တော်ကြီး | ၇၉ |
| | ကပ္ပထေရ် | ၈၆ |
| | တေလကာနိထေရ် | ၉၁ |
| | ရဋ္ဌပါလထေရ် | ၉၄ |
| | အရှင်သာရိပုတ္တရာ၏ညီ ခဒိရဝနိယရေဝတထေရ် | ၉၉ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | မဟာသီဝထေရ် | ၁၀၂ |
| | အင်္ဂုလိမာလခိုးသူကြီး | ၁၀၅ |
| | အရှင်ဥပါလိ | ၁၀၉ |
| | သားတော်ရာဟုလာ | ၁၁၆ |
| | အရှင်ရာဟုလာနှင့်အရှင်ရဋ္ဌပါလ | ၁၁၈ |
| | ရာဟုလသုတ် | ၁၂၀ |
| | အမ္ဗလဋ္ဌိကရာဟုလောဝါဒသုတ် | ၁၂၂ |
| | မဟာရာဟုလောဝါဒသုတ် | ၁၂၄ |
| | စူဠရာဟုလောဝါဒသုတ် | ၁၂၇ |
| | ရာဟုလသုတ် | ၁၂၈ |
| | အရှင်ကုမာရကဿပထေရ် | ၁၂၉ |
| | အရှင်ကုမာရကဿပနှင့်ပါယာသိရာဇညမြို့စား | ၁၃၂ |
| | ယဇ်ပူဇော်ခြင်းစသည်ကို ပယ်ပြီ | ၁၃၆ |
| | ပါယာသိမင်းနှင့်ဥတ္တရကျွန် | ၁၃၆ |
| | ဝမ္မိကသုတ် | ၁၃၇ |
| | အရှင်ဒဗ္ဗထေရ် | ၁၃၉ |
| | သဘိယထေရ် | ၁၄၂ |
| | သုတ္တနိပါတပါဠိတော်၊ သဘိယသုတ် | ၁၄၄ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **(၂) ရဟန်းမိန်းမများအကြောင်း သိကောင်းစရာ** | |
| | ခေမာထေရီ | ၁၄၆ |
| | ရွှေပန်းထိမ်သည်သမီး သုဘာထေရီ | ၁၄၉ |
| | ဆရာဇီဝက၏သရက်ဥယျာဉ် နှင့် သုဘာထေရီ | ၁၅၂ |
| | သုမေဓာထေရီ | ၁၅၄ |
| | ကုဏ္ဍလကေသီ | ၁၅၉ |
| | အညတရာထေရီ | ၁၆၄ |
| | အဘယမာတုထေရီ | ၁၆၅ |
| | **(၃) လူများအကြောင်း သိကောင်းစရာ** | |
| | သောဏကဇာတ် | ၁၆၇ |
| | ဟတ္ထိပါလဇာတ် | ၁၇၀ |
| | အယောဃရဇာတ် | ၁၇၆ |
| | မဃဒေဝဇာတ | ၁၇၉ |
| | စူဠသုတသောဇာတ် | ၁၈၄ |
| | သရဘင်္ဂဇာတ် | ၁၈၈ |
| | သိကြားမင်းအမေး | ၁၉၁ |
| | သရဘင်္ဂဆရာရသေ့အဖြေ | ၁၉၁ |
| | လင်မှုဆိုး မယား သောတာပန် | ၁၉၅ |
| | အနာထပိဏ်သူဌေးသားကာလ | ၁၉၉ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| စက္ကဝတ္တိသုတ် | | ၂၀၀ |
| အကိတ္တိဇာတ် | | ၂၀၃ |
| ပါနီယဇာတ် | | ၂၀၅ |
| ယုဓဥ္စယဇာတ် | | ၂၀၇ |
| ဥဒယဘဒ္ဒဇာတ် | | ၂၀၉ |
| သုသီမဇာတ် | | ၂၁၁ |
| ဘိသဇာတ် | | ၂၁၃ |
| တိုက်တွန်းချက် | | ၂၁၆ |
| ကျမ်းပြီးနိဂုံး | | ၂၁၇ |


မာတိကာပြီးပြီ။

* * * *

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ဝိပဿနာပညာရှင်များအကြောင်း သိကောင်းစရာ

## ပထမ

ဝိ ဇ္ဇာစရဏသမ္ပန္နံ၊
ပ ဟာနံ ဧဟိ ပဿိကံ။
သ ကလံ ရိယသံဃဉ္စ၊
နာ ထံ ကရောမိ သာဓုကံ။
(ယ ၈ ယ ၈ ပထျာဝတ္တဂါထာ)

| | | |
|---|---|---|
| အဟံ | = | ဝရသာမိ ခေါ်ဘိသမုတ် အကျွန်ုပ်သည်၊ |
| ဝိဇ္ဇာစရဏသမ္ပန္နဉ္စ | = | ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏတစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံသော ဘုရားရှင်ကိုယ်တော်မြတ်ကိုလည်းကောင်း၊ |
| ပဟာနံ | = | တစ်ထောင့်ငါးရာ ကိလေသာတို့ကို ပယ်တတ်သော၊ |
| ဧဟိပဿိကံ | = | လာလှည့် ရှုလှည့်ဟု ခေါ်ဝေါ်တတ်သည့် ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း၊ |
| သကလံ | = | အလုံးစုံသော၊ |

| | | |
|---|---|---|
| အရိယသံဃဥ္စ | = | မဂ္ဂဋ္ဌာန်ဖလဋ္ဌာန် ရှစ်တန်အရိယာ သံဃာတော် မြတ်ကိုလည်းကောင်း၊ |
| နာထံ | = | ပစ္စုပ္ပန်သံသရာ ကျိုးနှစ်ဖြာအတွက် ရည်ရွယ် ချက်ဖြင့် ကိုးကွယ်ရာကို၊ |
| ကရောမိ | = | အဥ္စလီညွတ်ကျိုး လက်စုံမိုး ရှိခိုးပြီးကာ ပြုသည် သာတည်း။ |

* * * *

## (၁) ရဟန်းတော်များအကြောင်း သိကောင်းစရာ

### စက္ခုပါလထေရ်

သာဝတ္ထိပြည်၌ မဟာသုဝဏ္ဏသူကြွယ်မှာ သားတစ်ယောက်မှ မရှိ၊ တစ်နေ့သ၌ သူသည် ရေချိုးသွားစဉ် သစ်ပင်ကြီးတစ်ပင်၌ သားသမီး ရက သင်အား ပူဇော်မည်ဟု ဆုတောင်း၏။

မကြာမီ၌ မယား၌ သားတစ်ယောက်ရ၏၊ စောင့်ရှောက်အပ်သော သစ်ပင်ကို အစွဲပြု၍ ပါလိတခေါ်ကြ၏၊ နောက်တစ်ယောက်မွေးဖွား၏၊ စူဠကာလ မဟာကာလ တွင်၏။

ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ နေ၏၊ ဘုရားရှင်သည် အမိဘက်၌ အမျိုးပေါင်း ရှစ်ဆယ်၊ အဘဘက်မှ အမျိုးပေါင်း ရှစ်ဆယ် စသည်ဖြင့် အမျိုးပေါင်း ရှစ်သောင်းနှစ်ထောင်ကို လှူဒါန်းအပ်သော ကျောင်း၌ တစ်ဝါ၊ ဇေတဝန်ကျောင်း၌ တစ်ဆယ့်ကိုးဝါ၊ ဝိသာခါ၏ ပုဗ္ဗာရုံကျောင်း၌ ခြောက်ဝါ၊ အမျိုးတို့၏ဂုဏ်ကြောင့် သာဝတ္ထိပြည်မှာ နှစ်ဆယ့်ငါးဝါ သီတင်းသုံးတော်မူ၏။

ဝိသာခါစသည်တို့သည် ကျောင်းသို့ မနက်ညနေ လှူစရာတို့ဖြင့် အမြဲလာ၏။ ဘုရားရှင်သည် အနာထပိဏ်သူဌေးအား တရားဟောတော်မူ၏။ ထိုအခါ သာဝတ္ထိမြို့၌ လူပေါင်းခုနစ်ကုဋေနေ၏၊ ငါးကုဋေအရိယာ နှစ်ကုဋေ ပုထုဇဉ်ဖြစ်ကုန်၏။

တစ်နေ့သ၌ မဟာပါလသည် သူများနည်းတူ တရားလာ၍နာ၏။ မဟာကာလသည် လောက၌ လူများတို့သည် သေက သားသမီး ဥစ္စာ

ခန္ဓာကိုယ်စသည်တို့ကို ယူ၍ မသွားနိုင်ကြ။ ငါသည် အိမ်ရာတည်ထောင်လူတို့ဘောင်၌ မနေဘဲ ရဟန်းပြုအံ့ဟု စိတ်ကူး၏။ ညီအား ပစ္စည်းဥစ္စာများကို အပ်ခဲ့ ရဟန်းပြု၍ ဥပဇ္ဈာယ်မှ ကမ္မဋ္ဌာန်းယူခဲ့ နောက်ပါရဟန်းခြောက်ကျိပ်နှင့်တကွ ယူဇနာနှစ်ဆယ်ဝေးသော ရွာတစ်ရွာ၌ နေ၏၊ အိပ်ရာမှာ ကျောမချဘဲ ကမ္မဋ္ဌာန်းအားထုတ်၏၊ မျက်စိရောဂါဖြစ်လာ၏၊ ဆေးဆရာကိုလည်း အကြောင်းအကျိုး ပြော၍လွှတ်၏။

ငင်းရဟန်းသည် ပါလိတ သင်ကား မျက်စိဘက်ကို လိုက်မလား၊ သာသနာဘက်ကို လိုက်မလား၊ သံသရာအဆက်ဆက်၌ မျက်စိကန်းခဲ့ရသော ဘဝကာ မရေတွက်နိုင်။ ဘုရားရှင်တို့သည်လည်း မရေတွက်နိုင်အောင် လွန်ကုန်ပြီ။ ထိုဘုရားရှင်များစွာတို့တွင် တစ်ဆူဆူလည်း မျက်စိကန်းခြင်းကို မပိုင်းခြားနိုင်။ ထို့ကြောင့် မျက်စိကွယ်ချင်ကွယ်ပါစေ၊ ဤဝါတွင်းသုံးလပတ်လုံး မအိပ်ဘဲ ဘုရားရှင်သာသနာကို ထမ်းရွက်ပေအံ့၊ စိတ်ကို ဆုံးဖြတ်၏။

ဆေးကို အိပ်ရာမှာ ပက်လက်လှန်၍ မထဲ့သဖြင့် ဆေးသမားကလည်း စွန့်ပစ်သွား၏။ ထိုနေ့ည တရားအားထုတ်ရာ မျက်စိလည်းကွဲကိလေသာလည်း ကွဲခဲ့ ရဟန္တာဖြစ်လေသည်။

ငင်းနှစ်ဝါတွင်း နောက်ပါ ရဟန်းခြောက်ကျိပ်တို့သည်လည်း မဟာပါလ၏ အဆုံးအမ၌ တည်၍ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်ကြသည်။

သီတင်းကျွတ်၍ ဘုရားရှင်အား ဖူးမျှော်ရန် ရဟန်းခြောက်ကျိပ်တို့ကို လွှတ်လိုက်၏။ ရဟန်းများရောက်၍ ညီစူဠပါလအား အကြောင်းကျိုးကို ပြောပြရာ ငိုသည်၊ လမ်းခရီးမှာ ဘေးရန်ရှိ၍ သင်္ကန်းဝတ်ခဲ့တူ ပါလိတအား မဟာပါလထေရ်ကို ယူဆောင်ခိုင်းသည်။

လမ်းခရီးကြား၌ ထင်းခွေသော မိန်းကလေးသံကို ကြား၍ ကိုရင်သည် မဟာပါလထေရ်ကို ဆွဲယူလာသော တောင်ဝှေးကို လွှတ်ထားခဲ့၍ မိန်းကလေးနှင့် သီလပျက်ခြင်းသို့ ရောက်၏။ အတော်ကြာမှ ပြန်လာရာ မဟာပါလထေရ်သည် သင်ကား သူယုတ်တည်းဟု တောင်ဝှေးကိုသာ ဆွဲမခံပေ။

သိကြားမင်းသည် မနေနိုင်၍ ခရီးသွားသူပမာ လာရ၏။ ဇေတဝန်ကျောင်းသို့ ရောက်အောင် ပို့ပြီး သိကြားမင်းဖြစ်ကြောင်းကို ပြော၍ သွား၏။

မနက်မိုး လင်းလျှင် စကြံလျှောက်ရာ၌ ပိုးများသေနေ၍ ဘုရားရှင်အား လျှောက်ကြရာ ဘုရားရှင်က ရဟန္တာအား သေစေလိုသော စေတနာမရှိဟု ဟောတော်မူ၏။

ရဟန္တာဖြစ်ပါလျက် မျက်စိကွယ်ရကြောင်း ဘုရားရှင်အား လျှောက်ကြရာ ဘုရားရှင်က မဟာပါလသည် ရှေးဘဝက ဆေးသမားဖြစ်ဖူးသည်။ မျက်စိရောဂါရှိသော မိန်းမတစ်ယောက်က မျက်စိရောဂါကို ဆေးကုပေးပါ၊ ရောဂါပျောက်က ကျွန်ခံပါမည်ဟုကတိဖြင့် ဆေးကု၏။ မျက်စိရောဂါ ပျောက်သော်လည်း ကျွန်ခံရမှာ ကြောက်သောကြောင့် မပျောက်သေးပါဟု လိမ်ပြော၏။

ဆေးဆရာသည် သိ၍ မယားနှင့် တိုင်ပင်ခါ မျက်စိကန်းအောင် ပြုဖူးသော ဝိပါက်တည်းဟု အောက်ပါဒေသနာကို ဟောတော်မူ၏။

မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပဒုဋ္ဌေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ ဒုက္ခမန္ဝေတိ၊ စက္ကံဝ ဝဟတော ပဒံ။
(ဓမ္မပဒပါဠိတော်၊ ၁၃)

ဓမ္မာ–ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ တရားသုံးပါးတို့သည်၊ မနောပုဗ္ဗင်္ဂမာ–ဝိညာဏက္ခန္ဓာသာလျှင် ပြဋ္ဌာန်းခြင်းရှိကုန်၏၊ မနောသေဋ္ဌာ–ဝိညာဏက္ခန္ဓာသာလျှင် မြတ်ကုန်၏။ မနောမယာ–ဝိညာဏက္ခန္ဓာပြီးကုန်၏။ ပဒုဋ္ဌေန–ပြစ်မှားလိုသော၊ မနသာ–စိတ်ဖြင့်၊ စေ ဘာသတိ ဝါ–အကယ်၍ ပြောမူလည်း ပြောဆိုငြားအံ့၊ စေ ကရောတိ ဝါ–အကယ်၍ ပြုမူလည်း ပြုငြားအံ့၊ ဝဟတော–နွား၏၊ ပဒံ–ခြေရာကို၊ စက္ကံ–လှည်းဘီးစက်သည်။ အန္ဝေတိ ဣဝ–အစဉ်လိုက်သကဲ့သို့၊ တတော–ထိုသို့ပြောဆိုပြုလုပ်ခြင်းကြောင့်၊ နံ–ထိုပြောဆိုပြုလုပ်သောသူကို၊ အန္ဝေတိ–မကောင်းမှုတရား အစဉ်လိုက်သည်သာတည်း။ (စက္ခုပါလထေရဂါထာ ၌ကား မထုး)

## ညီတော်မင်းနန်

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ် ဘခမည်းတော် သုဒ္ဓေါဒနမင်းသည် စေလွှတ်၍ ကာဠုဒါယီမထေရ် ပင့်လာသောကြောင့် ရဟန္တာပေါင်းနှစ်သောင်းခြံရံလျက် ကပိလဝတ်ပြည်သို့ ကြွတော်မူလာ၍ ဝေဿန္တရာဇာတ်ကို ဟောတော်မူ၏။

နောက်တစ်နေ့ "ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ"စသော တရားတော်ကြောင့် ဘခမည်းတော် သောတာပန်ဖြစ်သည်။

"ဓမ္မဉ္စရေ"စသော တရားတော်ကြောင့် မိထွေးတော် ဂေါတမီ သောတာပန်ဖြစ်သည်။ ဆွမ်းဘုဉ်းပေးတော်မူပြီး၍ ယသောရော၏ဂုဏ်ကိုမှီ၍ စန္ဒကိန္နရီဇာတ်တော်ကို ဟောတော်မူ၏။

နောက်တစ်နေ့ ဆွမ်းခံကြွတော်မူလာစဉ် မင်္ဂလာဆောင်ခါနီး နန္ဒမင်းသားကို ကျောင်းတော်သို့အပြန် သပိတ်ထမ်းခေါ်လာ၏။ နန္ဒမတော်

ဇနပဒကလျာဏီသည် "မြန်မြန်ပြန်ခဲ့ပါ မောင်တော်"ဟူသော စကားကို ကြားယောင်နေ၏။

ဘုရားရှင်သည် ကပိလဝတ်ပြည်သို့ ကြွတော်မူလာ၍ တတိယနေ့ ညီတော်မင်းနန်ကို ရှင်ရဟန်းပြုစေ၏။

ခုနစ်ရက်မြောက်သောနေ့ ယသောဓရာသည် သားတော်ရာဟုလာအား ရဟန်းအပေါင်းနှစ်သောင်းနှင့် ကြွလာသော ရွှေအဆင်းရှိသော သူအား တခြားသူမဟုတ်၊ သင်၏ဘခင်တည်း၊ ရွှေအိုးကြီးများရှိသည်၊ အမွေတောင်းပါဟု လွှတ်လိုက်၏။

ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီး၍ ဤသူအား ဝဋ္ဋာနုဂတံ ဝိဃာတံ ဝဋ်ဆင်းရဲ၏ အဆိပ်ရွှေအိုးကို မပေး၊ ဗောဓိပင်ရင်း၌ ရလာသော သတ္တဝိဓံ အရိယဓနံ–ခုနစ်ပါးသော သူတော်ကောင်း ဥစ္စာရတနာကို ဖြစ်သော လောကုတ္တရာအမွေကို ပေးအံ့ဟု အရှင်သာရိပုတ္တရာအား ရှင်ပြုစေ၏။

ဘခမည်းတော် သုဒ္ဓေါဒနလာ၍ စိတ်ဆင်းရဲသဖြင့် မိဘများက ခွင့်မပြုသော သားသမီးတို့အား ရှင်ရဟန်းမပြုပေးရန် လာ၍ လျှောက်၏။ ဘုရားရှင်သည် မဟာဓမ္မပါလဇာတ်တော်ကို ဟောတော်မူ၍ အနာဂါမ် တည်သည်။

ညီတော်မင်းနန်သည် လူထွက်လိုကြောင်း လာ၍လျှောက်၏။ ဘုရားရှင်သည် ညီတော်မင်းနန်အား တာဝတိံသာသို့ ခေါ်သွားစဉ် လမ်းခရီး၌ မီးလောင်သော သစ်ငုတ်တို့မှာ ထိုင်နေသည့်မျောက်မကို ပြ၏။ သိကြားမင်း၏ အလုပ်အကျွေး၊ ခိုခြေအဆင်းရှိသော ငါးရာသော နတ်သမီးတို့ကို ပြ၏။ သင်၏နှမတော် ဇနပဒကလျာဏီနှင့် ဤနတ်သမီးတို့သည် ဘယ်သူက ပို၍လှသနည်းဟု မေး၏။ ဇနပဒကလျာဏီသည် မျောက်မနှင့် တူကြောင်း လျှောက်၏။

ဘုရားရှင်က သင်သည် ဤနတ်သမီးများကို ရဖို့ရန်အတွက် တရားအားထုတ်က ငါတာဝန်ယူသည်ဟု မိန့်တော်မူ၍ တရားအားထုတ်၏။

ရဟန်းတို့က ငါ့ရှင်နန္ဒသည် ဘတကဝါဒ–သူရင်းငှားကဲ့သို့ နတ်သမီးကို လိုချင်၍ တရားကျင့်သည်။ ဥပက္ကီတကဝါဒ–မြတ်သောအကျင့်ဖြင့် နတ်သမီးကို ဝယ်ယူသောသူဟု ပြောကြသည်ကို ရှက်နိုး၍ တစ်ယောက်တည်း ပြင်းပြင်းထန်ထန် တရားအားထုတ်ရာ န စိရဿေဝ–မကြာမြင့်မီသာလျှင်၊ ယဿ–အကြင်အရဟတ္တဖိုလ်၏၊ အတ္ထာယ–အကျိုးငှာ၊ ကုလပုတ္တာ–အမျိုးသားတို့သည်၊ ပဗ္ဗာဇန္တိ–ရှင်ရဟန်းပြုကြကုန်၏၊ တံ–ထိုအရဟတ္တဖိုလ်ကို၊ သစ္ဆာကာသိ–မျက်မှောက်ပြုပြီ။

နတ်သားတစ်ယောက်လာ၍ အရှင်နန္ဒ ရဟန္တာဖြစ်ကြောင်း လာ၍လျှောက်၏။ အရှင်နန္ဒလည်း တပည့်တော်သည် ရဟန္တာဖြစ်၍ နတ်သမီးများကို မလိုချင်ကြောင်း လာ၍လျှောက်၏။

ဘုရားရှင်သည် အောက်ပါအတိုင်း ဥဒါန်းကျူးရင့်တော်မူ၏။

ယဿ တိဏ္ဏော ကာမပင်္ကော၊ မဒ္ဒိတော ကာမကဏ္ဍကော။
မောဟက္ခယံ အနုပတ္တော၊ သုခဒုက္ခေ န ဝေဓတိ။
(ဓမ္မပဒအဋ္ဌကထာပါဠိ၊ ဣစ္ဆာသယမှု၊ ၁၄၀)

ယဿ–အကြင်ပုဂ္ဂိုလ်အား၊ ကာမပင်္ကော–ကာမဂုဏ်ညွှန်ကို၊ တိဏ္ဏော–ကူးမြောက်အပ်ပြီ၊ ကာမကဏ္ဍကော–ကာမဂုဏ်ဆူးကို၊ မဒ္ဒိတော– နင်းချေအပ်ပြီ၊ မောဟက္ခယံ–မောဟကုန်ခြင်းသို့၊ အနုပ္ပတ္တော–အစဉ် ရောက်ပြီ။ သုခဒုက္ခေ–ချမ်းသာဆင်းရဲ၌၊ န ဝေဓတိ–မတုန်လှုပ်တော့သည်သာတည်း။

ရဟန်းတို့အား တပည့်တော်သည် လူ့ဘဝကို မလိုတော့ဟူ၍ ပြော၍ ရဟန်းတို့က အရှင်နန္ဒသည် ရဟန္တာမဖြစ်ဘဲနှင့် ဖြစ်သည်ဟု ပြောကြားကြောင်း ဘုရားရှင်အား လျှောက်၍ ဘုရားရှင်က ဖြစ်ကြောင်း အောက်ပါဒေသနာတော်ကို ဟောတော်မူသည်။

ယထာ အဂါရံ ဒုစ္ဆန္နံ၊ ဝုဋ္ဌိ သမတိ ဝိဇ္ဈတိ။

ဧဝံ အဘာဝိတံ စိတ္တံ၊ ရာဂေါ သမတိ ဝိဇ္ဈတိ။ (ဓမ္မပဒ၊ ၁၄)

ဒုစ္ဆန္နံ–မကောင်းသဖြင့် မိုးအပ်သော၊ အဂါရံ–အိမ်ကို၊ ဝုဋ္ဌိ– မိုးရေမိုးပေါက်သည်၊ သမတိ ဝိဇ္ဈတိ ယထာ–ထိုးဖောက်နိုင်သကဲ့သို့၊ ဧဝံ–ဤအတူ၊ အဘာဝိတံ–သမထ ဝိပဿနာတို့ဖြင့် မပွားအပ်သော၊ စိတ္တံ–စိတ်ကို၊ ရာဂေါ–ရာဂသည်၊ သမတိ ဝိဇ္ဈတိ–ထိုးဖောက်နိုင်သည်သာတည်း။

ယထာ အဂါရံ သုစ္ဆန္နံ၊ ဝုဋ္ဌိ န သမတိ ဝိဇ္ဈတိ။

ဧဝံ သုဘာဝိတံ စိတ္တံ၊ ရာဂေါ န သမတိ ဝိဇ္ဈတိ။

(ဓမ္မပဒပါဠိတော်၊ ၁၅)

သုစ္ဆန္နံ–ကောင်းစွာမိုးအပ်သော၊ အဂါရံ–အိမ်ကို၊ ဝုဋ္ဌိ–မိုးရေ မိုးပေါက်သည်၊ န သမတိ ဝိဇ္ဈတိ ယထာ–မထိုးဖောက်နိုင်သကဲ့သို့၊ ဧဝံ–ဤအတူ၊ သုဘာဝိတံ–ကောင်းစွာသမထဝိပဿနာတို့ဖြင့် ပွားအပ်သော၊ စိတ္တံ–စိတ်ကို၊ ရာဂေါ–ရာဂသည်၊ န သမတိ ဝိဇ္ဈတိ–မထိုးဖောက်နိုင်သည်သာတည်း။

ဘုရားရှင်သည် ရဟန်းတို့အား အောက်ပါအတိတ်ကိုလည်း ဆောင်တော်မူ၏။

ရှေးအခါက ဗာရာဏသီပြည်မှာ ကပ္ပဋကကုန်သည်မှာ မြည်းတစ်ကောင်သည် တစ်ကုမ္ဘဝန်ကို ဆောင်နိုင်၏။ တစ်နေ့ကို ခုနစ်ယူဇနာ

သွားနိုင်၏။ နောက်တစ်နေ့ မြည်းမတစ်ကောင်နှင့် တွေ့၍ မလိုက်လို တော့ပေ။ ကပ္ပင္ခက နင်အရိုက်ခံရမည်ဟု ပြောရာ နင့်ကိုလည်း သွားကျိုး အောင် ခြေထောက်နှင့် ကန်မည်ဟု ပြော၏။

သခင်သည် ဤမြည်းမကြောင့်ဟု သိ၍ ချော့မော့ခါ လာလှဲ့၊ ဤမြည်းမကို သင့်အတွက် ဆောင်ပေးမည်ဟု ပြော၍ ခေါ်လာ၏။

မြည်းသည် ကတိအတိုင်း မြည်းမကို ဆောင်ပေးရန် တောင်း၏။ သခင်က သင့်တစ်ယောက်အတွက်သာ ရိက္ခာပေးမည်၊ သင့်မယားအတွက် မပေးနိုင်။ နောက်ကလေးမွေးဦးမည်။ သင်တစ်ဦးအတွက်သာ ရိက္ခာ ပေးနိုင်မည်လောက်လောက်၊ မလောက်လောက် သင့်တာဝန်ဟု ပြော လေလျှင် ထိုနေ့မှစ၍ မြည်းသည် သခင်အား ငဲ့ကွက်ခြင်း မရှိတော့ပေ။

မြင်းဖိုကား ညီတော်မင်းနန်၊ မြည်းမကား ဇနပဒကလျာဏီ ဖြစ် ဖူးသည်ဟု ဘုရားရှင်သည် ဇာတ်ကို ပေါင်းတော်မူ၏။

(နန္ဒတ္ထေရဂါထာ၌ကား အထူးမလာ)

* * * *

## အရှင်စူဠပန်

ဂေါတမဘုရားရှင်သည် ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ် ရာဇ ဂြိုဟ်သူဌေးသမီးသည် မိဘတို့က ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၌ စောင့် ရှောက်ထားပါသော်လည်း ကျွန်နှင့် ပြစ်မှား၏။ သူတို့သည် ငါတို့အား အမိအဘများ သိကုန်အံ့၊ အပိုင်းပိုင်းဖြတ်၍ သတ်မည်ဟု သူများမသွားမိ တံခါးမှ ထွက်ပြေးကြ၏။

တစ်ခုသောနေရာ၌ နေစဉ် ကိုယ်ဝန်ရင့်မာလာ၍ သူဌေးသမီးသည် လင်အား ပြန်၍ တောင်းပန်သော်လည်း ကြောက်၍ ယနေ့ ပြန်မည်၊

နက်ဖြန်ပြန်မည်ဟု လှည့်ပတ်ထားသည်ကို သူဌေးသမီးသိ၍ မိဘဟူသည် အစီးအပွားကို အလိုရှိကြသည် သွားအံ့ဟု အိမ်နီးနားချင်းအား အကြောင်း ကြား၍သွား၏။

လင်ရောက်လာ၍ သူများပြောကြားသည် သိသဖြင့် လိုက်လာရာ လမ်း၌ မွေးပြီးပြီ၊ သူဌေးသမီးသည် ကိစ္စအထူးအထွေမရှိ၍ မိဘများထံ မပြန်ဘဲ သူတို့နေရာပြန်လာကြ၏။ လမ်း၌ မွေးဖွားသောကြောင့် ကလေး ကို ပန္ထကခေါ်ကြ၏။

နောက်တစ်ယောက်လည်း နည်းတူ လမ်း၌ မွေး၍ ပန္ထကတွင်၏၊ အကြီးကို မဟာပန္ထက၊ အငယ်ကို စူဠပန္ထကခေါ်ကြ၏။

သူများကလေးတို့သည် အဘိုး အဘွားစသည် ခေါ်သံကြား၍ ငါတို့မှာ ဆွေမျိုးမရှိလားဟု မေး၏။ မိခင်က ဤနေရာ၌ကား မရှိ၊ ရာဇဂြိုဟ်ပြည်မှာ ဓနသူဌေးရှိသည်၊ သင်တို့၏ အဘိုးတည်းဟု ဆို၏။ သွားရန်လည်း ခေါ်၏။ သူဌေးသမီးသည် ဟိုပြောသည်ပြောနှင့် မသွား ရန် လှည့်ပတ်ထား၏၊ ခေါ်ဖန်များ၍ သူဌေးက မိဘများ ကိုက်၍ မစားရာ သွားကြစို့ဟု ခေါ်၏။

သူတို့သွားကြရာ မြို့တံခါးနားဇရပ်တစ်ခုသို့ ရောက်၍ ကလေး နှစ်ယောက်ကို လွှတ်လိုက်၊ သူတို့လင်မယားကား သွားချင်ရာသွားပေ စေ၊ ကြေးငွေပေးလိုက်ဟု မိဘတို့က တမန်စေ၏။

မဟာပန်သည် ဘိုးဘွားတို့နှင့် ဘုရားရှင်၏ တရားကို နားရ၍ ရှင်ရဟန်းပြုလိုသဖြင့် ဘုရားရှင် ရဟန်းတစ်ပါးအား ရှင်ပြုစေရာ တစ ပဥ္စကကမ္မဋ္ဌာန်းကို ပေး၍ရှင်ပြု၏။ အသက်နှစ်ဆယ်ပြည့်၍ ရဟန်းခံခြင်း၊ ရဟန်း တရားကို ကြိုးစားအားထုတ်ရာ ရဟန္တာဖြစ်၏၊ ဈာန်ချမ်းသာဖြင့်သာ နေ၏။

မဟာပန်သည် စူဠပန်အား ခေါ်၍ ရှင်ရဟန်းပြု၏၊ အောက်ပါ ဂါထာကို ကျက်စေ၏။

ပဒ္မံ ယထာ ကောကနဒံ သုဂန္ဓံ၊ ပါတော သိယာ ဖုလ္လမဝီတဂန္ဓံ။

အင်္ဂီရသံ ပဿ ဝိရောစမာနံ၊ တပန္တမာဒိစ္စမိဝန္တလိက္ခေ။

(ဓမ္မပဒအဋ္ဌကထာပါဠိ၊ ဏ္ဍူသ္တဟာသယမှု၊ ၂၄၄)

ကောကနဒံ–ကောကနဒအမည်ရှိသော၊ ပဒ္မံ–ပဒုမာကြာသည်၊ ပါတော–နံနက်အခါ၌၊ အဝီတဂန္ဓံ–အနံ့မကင်းသည်ဖြစ်၍ သုဂန္ဓံ–ကောင်းသောအနံ့ရှိလျက်၊ ဖုလ္လံ–ပွင့်ခြင်းသည်၊ သိယာ ယထာ–ဖြစ်သကဲ့သို့၊ အန္တလိက္ခေ–ကောင်းကင်၌၊ ဝိရောစမာနံ–တင့်တယ်ခြင်းရှိသော၊ တပန္တံ–တောက်ပသော၊ အာဒိစ္စံ ဣဝ–နေမင်းကဲ့သို့၊ ဝိရောစမာနံ–တင့်တယ်ခြင်းရှိသော၊ အင်္ဂီရသံ–ဘုရားရှင်ကို၊ ပဿ–ရှုကြည့်ပါလော။

စူဠပန်သည် ကဿပဘုရားရှင်လက်ထက်၌ ဉာဏ်လေးသော ရဟန်းတစ်ပါးကို ကဲ့ရဲ့ဖူး၍ ဤတစ်ဂါထာကို လေးလပတ်လုံး ကျက်ပါ ပြားသော်လည်း မရပေ။

ဆရာဇီဝကသည် ဘုရားအမှူးရှိသော ရဟန်းငါးရာ ဆွမ်းစား ကြွရန် မဟာပန်အား လျှောက်၍ မဟာပန်သည် စူဠပန်မှတစ်ပါး ရဟန်း ငါးရာ ကြွမည်ဟု မိန့်တော်မူ၏။

ထိုစကားကို ကြား၍ စူဠပန်သည် သာသနာတော်၌ နေ၍ မထူး တော့ပေဟု လူထွက်ရန် သွား၏။ ဘုရားရှင်က တံခါးပေါက်မှ စောင့်၍ မေးတော်မူရာ အကြောင်းကို လျှောက်၏။ ဘုရားရှင်သည် ဂန္ဓကုဋီတိုက် သို့ ခေါ်သွားရာ ပုဆိုးပိုင်းတစ်ခုကို ပေး၍ "ရဇောဟရဏံ ရဇောဟရဏံ မျိုကို ဆောင်တတ်၏၊ မျိုကို ဆောင်တတ်၏"ဟု လက်ဖြင့် သုံးသပ် စေ၏။

စူဠပန်သည် သုံးသပ်ရာ ပုဆိုးပိုင်း၏ ညစ်ပေခြင်းစသည်ဖြင့် "အနိစ္စာ ဝတ သင်္ခါရာ"ဟု ခယဝယထင်လာ၏။ ဘုရားရှင်သည် စူဠပန် ပုဆိုးပိုင်းသည်သာလျှင် မြူဖြင့် ညစ်ပေသည် မဟုတ်၊ သင်၏စိတ်သည်လည်း ရာဂဖြင့် ညစ်ပေ၏ဟု ရောင်ခြည်တော်လွှတ်၍ ကိုယ်တိုင်တရားလာ၍ ဟောသကဲ့သို့ အောက်ပါဂါထာကို ဟောတော်မူ၏။

ရာဂေါ ရဇော န စ ပန ရေဏု ဝုစ္စတိ၊
ရာဂဿေတံ အဓိဝစနံ ရဇောတိ။
တံ ရဇံ ဝိပ္ပဇဟိတွာန ဘိက္ခဝေါ၊
ဝိဟရန္တိ တေ ဝိဂတရဇဿ သာသနေ။
(ဓမ္မပဒအဋ္ဌကထာပါဠိ၊ ဣန္ဒ္ဒာသယမူ၊ ၂၉၅)

ရာဂေါ-တပ်တတ်သော၊ ရဇော-မြူကို၊ ရေဏု-မြူဟူ၍၊ န စ ပန ဝုစ္စတိ-မဆိုအပ်။ ရဇောတိ တံ-ရဇဟူသော ဤအမည်သည်၊ ရာဂဿ-ရာဂ၏၊ အဓိဝစနံ-အမည်တည်း။ ဘိက္ခဝေ-ရဟန်းတို့သည်၊ တံ ရဇံ-ထိုရာဂတည်းဟူသောမြူကို၊ ဝိပ္ပဇဟိတွာန-စွန့်၍၊ သာသနေ-သာသနာတော်၌၊ ဝိဂတရဇဿ-ရာဂကင်းသော၊ တေ-သင့်အား၊ ဝိဟရန္တိ-နေကုန်သည်သာတည်း။

ဂါထာအဆုံး၌ စူဠပန်သည် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်သည်။ ပိဋကတ်သုံးပုံ နှုတ်၌လာကုန်သည်။

စူဠပန်သည် ရှေးအခါ မင်းဖြစ်စဉ်ဟု ပုဆိုးကောင်းဖြင့် နဖူးကို သုတ်ရာ ညစ်နွမ်းသည်ကို မြင်၍ "အနိစ္စာ ဝတ သင်္ခါရာ"ဟူ၍ အနိစ္စသညာကို ရ၏။ ထိုအကြောင်းကြောင့် ရဇောဟရဏံ-သည် ကျေးဇူးပြုသည်။

ဆရာဇီဝကသည် ဘုရားရေကပ်ရာ ဘုရားရှင်က သပိတ်ကို ပိတ်၍ ကျောင်းမှာ ရဟန်းကျန်သေးသည်ဟု မိန့်တော်မူ၏။ မဟာပန်က မရှိတော့ပါဟု လျှောက်၏၊ ဘုရားရှင်က ရှိသေးသည်ဟု မိန့်တော်မူ၏။ ဆရာဇီဝကသည် လူတစ်ယောက်အား သွား၍ ကြည့်စေ၏။ စူဠပန်သည် ရဟန်းရှိကြောင်းပြလို၍ သရက်ဥယျာဉ်တစ်ခုလုံး ရဟန်းတို့ဖြင့် ပြည့်စေ၏။ တစ်ပါးက သင်္ကန်းချုပ်၊ တစ်ပါးက သင်္ကန်းဆိုး၊ တစ်ပါးက စာအံ စသည်ဖြင့် ရဟန်းတစ်ထောင် တစ်ပါးနှင့်တစ်ပါး မတူသည်ကို ဖန်ဆင်းထား၏။ ထိုလူသည် ပြန်၍ ဆရာဇီဝကအား ရဟန်းအများကြီးကြောင်းကို ပြောကြား၏။

ဘုရားရှင်သည် ထိုလူအား ဘုရားရှင်သည် အရှင်စူဠပန်ကို ခေါ်ကြောင်း သွား၍ပြောပါဟု လွှတ်လိုက်သဖြင့် ခေါ်ရာ ရဟန်းတစ်ထောင်လုံးက ထူးကြသည်။ ဘုရားရှင်အား ပြန်၍လျှောက်ရာ ဘုရားရှင်က ရှေးဦးစွာ ပြောသောရဟန်းအား လက်ကို ဆွဲထား၊ ကျန်သောရဟန်းများ ပျောက်သွားလိမ့်မည်ဟု နောက်ထပ်လွှတ်၏။ ထိုလူသည် ထိုအတိုင်းပြု၍ အရှင်စူဠပန်နှင့်လာ၏။ ဘုရားရှင်သည် တရားဟောခိုင်းရာ ခြင်္သေ့သံကို မြည်သော ခြင်္သေ့ပျိုကဲ့သို့ ပိဋကတ်သုံးပုံတို့ကို ချောက်ချားစေလျက် အနုမောဒနာပြု၏။

ကျောင်းကို ပြန်ရောက်၍ မဟာပန်သည် စူဠပန်၏ အဇ္ဈာသယကို မသိ၍ ဂါထာတစ်ပုဒ်ကို လေးလကျက်မရသဖြင့် ကျောင်းကနှင်ထုတ်၏။ ဘုရားရှင်ကား သိသည်ဟု ချီးမွမ်းကြ၏။ နောက်ဘုရားရှင်သည် အတိတ်ကို ဆောင်တော်မူ၏။

ရှေးအခါက ဗာရာဏသီပြည်သား လုလင်တစ်ယောက်သည် တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာထံ၌ ကျေးဇူးများ၏၊ ဉာဏ်လေး၍ သင်

သော်လည်း မတတ်သဖြင့် ဆရာသည် "ဃဋ္ဋေသိ ဃဋ္ဋေသိ၊ ကိံ ကာရဏာ ဃဋ္ဋေသိ၊ အဟမ္ပိ တံ ဇာနာမိ"ဟူသော ဂါထာကို သင်ပေးလိုက်၏။

ဃဋ္ဋေသိ–ချုတ်ချယ်၏၊ ဃဋ္ဋေသိ–ချုတ်ချယ်၏၊ ကိံကာရဏာ–အဘယ်ကြောင့်၊ ဃဋ္ဋေသိ–ချုတ်ချယ်ဘိသနည်း၊ အဟမ္ပိ–ငါသည်လည်း၊ တံ ကာရဏံ–ထိုအကြောင်းကို၊ ဇာနာမိ–သိ၏။

ထိုလုလင်သည် ဗာရာဏသီပြည်ရောက်လာ၏။ တစ်နေ့သ၌ မင်းသည် စူးစမ်းလို၍ မထင်ရှားသော အသွင်ဖြင့် မြို့ကို လှည့်လည်၏။ ညအခါ သူခိုးတို့ ခိုးနေစဉ် ထိုလုလင်သည် ၎င်းမန္တန်ကို နှုတ်ခိုက် ကြုံး၍ ရွတ်၏။ သူခိုးတို့သည် ငါတို့၏အမှုကို ဤသူ သိသည်ထင်၍ ပြေးကြ၏။ မင်းသည် ထိုသူမှ ထိုမန္တန်ကို သင့်ငွေတစ်ထောင်ပေး၏၊ မင်းသည် လှည့်လည်စဉ် တွေ့ခဲ့ရသောကြောင့် ပေး၏။

အမတ်စစ်သူကြီးသည် မင်း၏ ဆတ္တာသည် ဆံမှတ်ဆိတ်ရိတ်စဉ် သင်းတုံးဖြင့် မင်း၏လည်မျိုကို ပြတ်အောင် လှီးပါ၊ သင်သည် စစ်သူကြီး ဖြစ်မည်ဟု ပြော၏။ ဆတ္တာသည်သည် ဓားသွေးစဉ် မင်းသည် ၎င်းမန္တန်ကို ရွတ်၏။ ဆတ္တာသည်သည် ငါ၏အကြံကို မင်းသည် သိ၏ဟု အကြောင်းမှန်ကို ပြောပြ၍ တောင်းပန်၏။

မင်းသည် ထိုစစ်သူကြီးကို နိုင်ငံမှ နှင်ထုတ်၏၊ ထိုဆရာအား ကျေးဇူးရှိသည်ဟု စစ်သူကြီးရာထူးကို ပေး၏။

ဘုရားရှင်က ထိုအခါ ထိုလုလင်သည် စူဠပန်၊ ဒိသာပါမောက္ခ ဆရာသည် ငါဘုရားတည်းဟု ဟောတော်မူ၏။ ဘုရားရှင်သည် ထိုအခါ၌လည်း ငါဘုရားရှင်သည် စူဠပန်၏မှီရာဖြစ်ဖူးသည်သာတည်းဟု စူဠသေဋ္ဌိဇာတ်ကို ဟောတော်မူ၏။

အပ္ပကေနာပိ မေဓာဝီ၊ ပါဘတေန ဝိစက္ခဏော။
သမုဋ္ဌာပေတိ အတ္တာနံ၊ အဏုံ အဂ္ဂိံဝ သန္ဓမံ။
(ဓမ္မပဒအဋ္ဌကထာပါဠိ၊ ဣဋ္ဌာသယမူ၊၂၃၁)

မေဓာဝီ–ပညာရှိသော၊ ဝိစက္ခဏော–အမြော်အမြင်ရှိသူသည်၊ အပ္ပကေနပိ–အနည်းငယ်မျှလည်းဖြစ်သော၊ ပါဘတေန–ဥစ္စာဖြင့်၊ အဏုံ–အနည်းငယ်သော၊ အဂ္ဂိ–မီးကို၊ သန္ဓမံ သန္ဓမန္တော–မှုတ်သကဲ့သို့၊ အတ္တာနံ–မိမိကို၊ သမုဋ္ဌာပေတိ–ဖြစ်စေနိုင်သည်သာတည်း။

ဘုရားရှင်သည် ငါ၏သာသနာ၌ ဝီရိယရှိသူသည် လောကုတ္တရာတရားပိုင်ရှင်တည်းဟု အောက်ပါဒေသနာတော်ကို ဟောတော်မူ၏။

ဥဋ္ဌာနေန ပမာဒေန၊ သံယမေန ဒမေန စ။
ဒီပံ ကယိရာထ မေဓာဝီ၊ ယံ ဩဃော နာဘိကီရတိ။
(ဓမ္မပဒပါဠိတော်၊ ၁၇)

ဥဋ္ဌာနေန–ထကြွလုံ့လ ဝီရိယကြောင့်၎င်း၊ အပ္ပမာဒေန–မမေ့လျော့ခြင်းကြောင့်၎င်း၊ သံယမေန–ကိုယ်နှုတ်နှလုံး စောင့်စည်းခြင်းကြောင့်၎င်း၊ ဒမေန–ကိုယ်နှုတ်နှလုံးကို ဆုံးမခြင်းကြောင့်၎င်း၊ မေဓာဝီ–ပညာရှိသည်၊ ဒီပံ–ပညာတည်းဟူသော ဆီမီးကို၊ ဒီပံ–မှီခိုရာတည်းဟူသော ကျွန်းကို၊ ကယိရာထ–ပြုကုန်ရာ၏။ ယံ–ထကြွလုံ့လစသည်ရှိသော အကြင်သူသည်၊ နာဘိကီရတိ–ကိလေသာရေအယဉ်သည် မလွှမ်းမိုးနိုင်သည်သာတည်း။

(စူဠပန္ထကထေရဂါထာ၌ကား မထူး)

* * * *

## တမ္ဗဒါဌိကသူသတ်ကြီး

လေးရာ့ကိုးဆယ့်ကိုးယောက်သော ဓားပြအုပ်စုတစ်ခုရှိ၏၊ မျက်စိတစ်ဘက်ပျက်၍ ကြေးရောင်ထနေသော မုတ်ဆိတ်ကျင်စွယ်ရှိသော လူတစ်ယောက်သည် သူတို့၏အဖွဲ့သို့ ဝင်ရန် လာ၍ပြော၏။ သူများက သူ့ကို ဗိုလ်ကြီးအား ပြကြ၏။ ဗိုလ်ကြီးက ဤသူသည် အမိနို့ကို ဖြတ်၍ အဘ၏လင်မျိုသွေးထုတ်နိုင်သော အလွန်ကြမ်းကြုတ်သော လူတစ်ယောက် ဖြစ်နိုင်သည်ဟု အဖွဲ့ထဲသို့ ပါဝင်ရန် အလိုမရှိပေ။

တမ္ဗဒါဌိကသည် သူတို့အုပ်စုမှ ကပည့်တစ်ယောက်အား လာ၍ ကပ်၏။ ထိုတပည့်မျက်နှာကြောင့် သူ့ကို လက်ခံ၏။

တစ်နေ့သ၌ ဓားပြအဖွဲ့ကို မြို့သူမြို့သားများဖမ်း၍ ရုံးတင်၏။ အမတ်တို့က ဤဓားပြတို့ကို သတ်သူအား ဆုပေးမည်၊ မသတ်ဘဲ ချန်ထားမည်ဟု ပြောရာ တစ်ယောက်မှ သတ်မည့်သူမရှိ၊ တမ္ဗဒါဌိကတစ်ယောက်သာ ဝန်ခံ၍ လေးရာ့ကိုးဆယ့်ကိုးယောက်တို့ကို သတ်၏။ နောက်လည်း ငါးရာစီ ငါးရာစီစသည်ဖြင့်ငင်း၊ ငင်းတစ်ယောက် နှစ်ယောက်စသည်ဖြင့် သတ်၍ ငါးဆယ့်ငါးနှစ်တို့ပတ်လုံး အစိုးရဌာန၌ အမှုထမ်း၏။

သူသည် အသက်ကြီးလာ၍ တစ်ခါတည်း သေအောင် မသတ်နိုင်ဘဲ နှစ်ကြိမ်သုံးကြိမ်သတ်ရ၏။ ထိုကြောင့် ထိုရာထူးမှ သူ့ကို ချကြ၏။

သူသည် ငါကား ဤအလုပ်ကို လုပ်စဉ် ကောင်းကောင်းမွန်မွန် ဝတ်ဖို့လည်း အချိန်မရ၊ စားဖို့လည်း အချိန်မရ၊ ယခုတော့ အချိန်ရပေပြီဟု ရေမိုးချိုး၊ သနပ်ခါးလိမ်း၊ သစ်လွင်သော အဝတ်များကို ဝတ်ခါ ကောင်းကောင်းမွန်မွန် ထောပတ် နို့ဃနာများကို စားမည်ဟု ထိုင်နေ၏။

ထိုခဏ၌ နိရောဓသမာပတ်မှ ထလာသော အရှင်သာရိပုတ္တရာသည် သူ့၏အကြောင်းကို သိ၍ ဆွမ်းသွားရပ်၏။ သူသည်လည်း အရှင်သာရိပုတ္တရာအား ထိုင်စေ၍ စေတနာသန့်သန့်ဖြင့် လှူ၏၊ ဆွမ်းဘုဉ်းပေးပြီး ဤတရားဟော၏၊ များစွာသောလူတို့အား သတ်ဖူးသည်ကို သတိရနေ၍ နားမဝင်ပေ။

အရှင်သာရိပုတ္တရာသည် သိ၍ သင်သတ်ချင်၍ သတ်သည် မဟုတ်၊ မင်းက အသတ်ခိုင်း၍ သတ်သည်ဖြစ်သောကြောင့် သင့်မှာ အပြစ်မရှိဟု "စောရော ဝဓေ့သာမိ နန္တိ–လှည့်ပတ်ဟော၏။ သူသည် အပြစ်မရှိသည်ဟု မှတ်ထင်၍ တရားကို ကောင်းမွန်စွာ နာ၏။

သောတာပတ္တိမဂ္ဂသ ညြရတော အနုလောမိကံ ခန္တိံ နိဗ္ဗတ္တေသိ။

သောတာပတ္တိမဂ်၏ ဤဘက် အနုလောမဉာဏ်ကို ရ၏၊ အရှင်သာရိပုတ္တရာထံ၍ ပြန်သွားစဉ် နောက်က လိုက်လာရာ လမ်းတစ်ဝက်၌ ဘီလူးမသည် နွားသားအုပ်မပုံ ဖန်ဆင်း၍ ခွေ့သတ်သဖြင့် သေသောကြောင့် တာဝတိံသာမှာ သွား၍ဖြစ်သည်။

သူ့အကြောင်းကို ရဟန်းတို့က မေးကြ၍ ဘုရားရှင်သည် အောက်ပါဒေသနာတော်ကို ဟောတော်မူ၏။

သုဘာသိတံ သုဏိတွာန၊ နဂရေ စောရဃာတကော။
အနုလောမခန္တိံ လဒ္ဓါန၊ မောဒတိ တိဒိဝံ ဂတော။
(ဓမ္မပဒအဋ္ဌကထာပါဠိ၊ ဣတ္ထိသာသယမ္ပ၊ ၄၉၃)

နဂရေ–မြို့၌၊ စောရဃာတကော–တမ္ဗဒါဌိကသူသတ်ကြီးသည်၊ သုဘာသိတံ–အရှင်သာရိပုတ္တရာသည် ကောင်းစွာဟောတော်မူအပ်သော တရားစကားတော်ကို၊ သုဏိတွာန–နာကြား၍၊ အနုလောမခန္တိံ–အနု

လောမခန္တိဉာဏ်ကို၊ လဒ္ဓါန–ရ၍၊ တိဒိဝံ–နတ်ပြည်သို့၊ ဂတော–သွား ရသည်ဖြစ်၍၊ မောဒတိ–ဝမ်းမြောက်ရတော့သည်သာတည်း။

ဘုရားရှင်သည် အောက်ပါ ဒေသနာတော်ကိုလည်း ဟောတော်မူ၏။

သဟဿမပိ စေ ဝါစာ၊ အနတ္ထပဒသံဟိတာ။

ဧကံ အတ္ထပဒံ သေယျော၊ ယံ သုတွာ ဥပသမ္မတိ။ (ဓမ္မပဒ၊ ၂၈)

အနတ္ထပဒသံဟိတာ–အကျိုးမရှိသည်ကို ပြတတ်သောပုဒ်တို့နှင့် ယှဉ်သော၊ ဝါစာ–စကားသည်၊ သဟဿမပိ–တစ်ထောင်နှစ်ထောင်သည် လည်း၊ စေ ဟောတိ–အကယ်၍ဖြစ်လင့်ကစား၊ န သေယျော–မမြတ်။ ယံ–အကြင်အကျိုးစီးပွားကို ပြတတ်သော တစ်ခုသောပုဒ်ကို၊ သုတွာ– ကြားနာရ၍၊ ဥပသမ္မတိ–ရာဂစသည်၏ ငြိမ်းအေးခြင်းဖြင့် ငြိမ်း၏။ ဧကံ– တစ်ခုသော၊ တံ အတ္ထပဒမ္ပိ–ထိုအကျိုးစီးပွားကို ပြီးစေတတ်သော ခန္ဓာ စသည်ကို ပြတတ်သောပုဒ်သည်လည်း၊ သေယျော–မြတ်သည်သာတည်း။

* * * *

## သပ္ပဒါသထေရ်

သာဝတ္ထိပြည်၌ အမျိုးကောင်းသားတစ်ယောက်သည် ဘုရားရှင်၏ တရားတော်ကို ကြားနာရ၍ ရှင်ရဟန်းပြု၏။ နောက် သာသနာတော်၌ ငြီးငွေ့လာ၏၊ လူထွက်၍လည်း မသင့်၊ သေခြင်းက မြတ်လိမ့်မည်ဟု စိတ်ကူးခါ သွားလာနေ၏။

တစ်နေ့သ၌ ရဟန်းတို့သည် မနက်အစာကြီး မီးဖိုချောင်မှာ ပါးပျဉ်း ဖြန့်နေသော မြွေတစ်ကောင်ကို တွေ့၍ အိုးထဲမှာ ထည့်ခါ ပိတ်ထားကြ၏။

ငင်းရဟန်းသည် တွေ့၍ သွားပြီး လွှင့်ပစ်ပါမည်ဟု တောင်း၍ ယူသွား၏။ တစ်နေရာ၌ ဤမြွေကို ကိုက်စေ၍ သေအံ့ဟု အကိုက်ခံ၏။ အိုးထဲသို့ လက်ထည့်၍ လှုပ်၏၊ မြွေပါးစပ်ထဲသို့ လက်ညှိုးကို ထိုး၏၊ ငင်းမြွေသည် ကိုက်ခြင်းကို အလိုမရှိသည်ကို သိ၍ ဤမြွေကား အိမ်စောင့်မြွေတည်း၊ မကိုက်တတ်ဟု ထားခဲ့၏။

တစ်နေ့သ၌ ဆတ္တာသည်သည် လာ၍ ရဟန်းများကို ခေါင်းရိတ်၏၊ သင်းတုံးဓားနှင့် လှီး၍ သေအံ့ဟု သစ်ကိုင်းတစ်ခု၌ မေးတင်၍ လှီးမည်ပြုစဉ် ရဟန်းဖြစ်သောကာလမှစ၍ မိမိသီလကို ဆင်ခြင်ရာ အပြစ်ကင်းသော လပြည့်ဝန်းကဲ့သို့၎င်း၊ သွေးထားသော ပတ္တမြားတုံးကဲ့သို့၎င်း မြင်၏။ ထိုအခါ ဖရဏာပီတိဖြစ်၏၊ ထိုရဟန်းသည် ထိုပီတိကို ခွာ၍ ဝိပဿနာပွားရာ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်သည်။

ငင်းရဟန်းသည် ငင်းသင်းတုံးဓားကို ကိုင်ခါ ကျောင်းသို့ လာရာ ရဟန်းများက မေးကြ၍ တပည့်တော်သည် လည်မျိုကို ဤသင်းတုံးဓားနှင့် လှီး၍သေမည်ပြု၏။ ယခု အဘယ့်ကြောင့် မသေသနည်းဟု မေးကြရာ တပည့်တော်သည် လည်မျိုကိုဖြတ်မည်ပြုစဉ် ဉာဏ်သင်းတုံးဖြင့် အလုံးစုံသော ကိလေသာတို့ကို ဖြတ်၏ဟု လျှောက်၏။

ရဟန်းတို့သည် ဤရဟန်းကား မဟုတ်မမှန် ရဟန္တာအဖြစ်ကို ပြောကြား၏ဟု ဘုရားရှင်အား လျှောက်ကြ၏။ ဘုရားရှင်က ရဟန္တာသည် မိမိလက်ဖြင့် မိမိ၏အသက်ကို မသတ်ဟု မိန့်တော်မူရာ ရဟန္တာဖြစ်လတ္တံ့သော ပုဂ္ဂိုလ်သည် အဘယ်ကြောင့် သာသနာတော်၌ ငြီးငွေ့သနည်း၊ အရဟတ္တဖိုလ်၏ အားကြီးသောအကြောင်းကား အဘယ်နည်း၊ အဘယ်ကြောင့် မြွေမကိုက်သနည်းဟု လျှောက်ကြ၏။

ဘုရားရှင်က ရဟန်းတို့ ဤမြွေသည် ၎င်းရဟန်း၏ တတိယဘဝ၌ ကျွန်ဖြစ်ဖူးသည်၊ ထို့ကြောင့် သခင်ကို မကိုက်ဝံ့ဟု မိန့်တော်မူ၏။ ထိုအခါမှစ၍ ထိုရဟန်းသည် သပ္ပဒါသတွင်၏။

ဤရဟန်းသည် ကဿပဘုရားရှင်လက်ထက်တော်၌ ပရိက္ခရာကို လိုချင်၍ ရဟန်းတစ်ပါးကို သာသနာတော်၌ ငြီးငွေ့အောင် ပြုဖူးသည်။ လူဘဝကို ချီးမွမ်းဖူးသည်။ ထို့ကြောင့် သူသည် သာသနာတော်၌ ငြီးငွေ့သည်၊ ကဿပဘုရားရှင် သာသနာတော်၌ အနှစ်နှစ်သောင်း ရဟန်းတရားကို ကြိုးစားဖူးသည်။ ထို့ကြောင့် ရဟန္တာဖြစ်သည်ဟု ဟောတော်မူ၏။

ရဟန်းတို့က ဤရဟန်းသည် လည်မျိုလှီးမည်ပြုစဉ် ရဟန္တာ ဖြစ်နိုင်ပါ့မလားဟု လျှောက်ကြ၏။ ဘုရားရှင်က ဝီရိယရှိသူသည် ခြေကို မြှောက်၍ မြေ၌ ချစဉ် မြေသို့ မရောက်ဘဲ ရဟန္တာဖြစ်နိုင်သည်ဟု ဟောတော်မူ၏။

ယော စ ဝဿသတံ ဇီဝေ၊ ကုသီတော ဟီနဝီရိယော။

ကောဟံ ဇီဝိတံ သေယျော၊ ဝီရိယမာရဘတော ဒဠှံ။

(ဓမ္မပဒပါဠိတော်၊ ၂၉)

ယော စ–အကြင်သူသည်ကား၊ ကုသီတော–ပျင်းရိသည်ဖြစ်၍၊ ဟီနဝီရိယော–ယုတ်သောဝီရိယရှိသည်ဖြစ်၍၊ ဝဿသတံ–အနှစ်တစ်ရာပတ်လုံး၊ ဇီဝေ–အသက်ရှင်ငြားအံ့၊ န သေယျော–မမြတ်။ ဒဠှံ–မြဲစွာ၊ ဝီရိယာရမ္ဘတော–ဝီရိယအားထုတ်သောပုဂ္ဂိုလ်၏၊ ကောဟံ–တစ်ရက်မျှ၊ ဇီဝိတံ–အသက်ရှင်ခြင်းသည်၊ သေယျော–မြတ်သည်သာတည်း။

(ထေရဂါထာ၌ အထူးမရှိ)

၂၁၈၄၄

## ဝိပဿနာအားထုတ်သော ရဟန်းငါးရာ

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော် နေစဉ် ရဟန်းငါးရာတို့သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတောင်း၍ တော၌ သွားနေကြ၏။ ကမ္မဋ္ဌာန်းမေ့လျော့၍ တစ်ဖန် ကမ္မဋ္ဌာန်းတောင်းရန် ဘုရားရှင်ထံသို့ ကြွလာကြရာ လမ်း၌ (မရီစိကမ္မဋ္ဌာန်) တံလျှပ်ကမ္မဋ္ဌာန်းကို စီးဖြန်း၍ လာကြ၏။

သူတို့၏ ထွက်လာစဉ်ပင်လျှင် မိုးရွာ၏။ သူတို့သည် လမ်းခရီး၌ ရေပွက်တို့ကို မြင်၍ ဤခန္ဓာကိုယ်သည်လည်း ဖြစ်လျှင် ပျက်တတ်သော ကြောင့် ရေပွက်နှင့်တူ၏ဟု အာရုံပြုကြကုန်၏။

ဘုရားရှင်သည် ဂန္ဓကုဋီ၌ နေတော်မူလျက်သာလျှင် ရဟန်းတို့ကို ကြည့်၍ ထိုရဟန်းတို့နှင့် စကားပြောဆိုသကဲ့သို့ ရောင်ခြည်တော်လွှတ်၍ အောက်ပါဂါထာကို ဟောတော်မူ၏။

ယထာ ပုဗ္ဗုဠကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။

ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။ (ဓမ္မပဒ၊ ၃၉)

ပုဗ္ဗုဠကံ–ရေပွက်ကို၊ ပဿေ ယထာ–မြင်ရာသကဲ့သို့၊ မရီစိကံ–တံလျှပ်ကို။ ပဿေ ယထာ–မြင်ရာသကဲ့သို့၊ ဧဝံ–ဤသို့၊ လောကံ–လောကကို၊ အဝေက္ခန္တံ–ရှုသော်၊ မစ္စုရာဇာ–သေမင်းသည်၊ န ပဿတိ–မမြင်နိုင်ရာသည်သာတည်း။

ဒေသနာတော်အဆုံး၌ ရဟန်းငါးရာ ရဟန္တာဖြစ်ကြသည်။

* * * *

## လက္ခဏာရေးသုံးပါးထင် ရဟန်းငါးရာ

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းကို ယူ၍ တော၌ အားထုတ်ပါသော်လည်း ရဟန္တာ မဖြစ်နိုင်၍ နောက်ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းယူရန် လာကြသည်။ ဘုရားရှင်သည် ၎င်းရဟန်းတို့အား ဉာဏ်ကွန်ယက်ကို ဖြန့်ကြသည့်ရှိသော် ၎င်းရဟန်းတော်တို့သည် ကဿပဘုရားရှင်လက်ထက်က အနှစ်နှစ်သောင်းတို့ပတ်လုံး လက္ခဏာရေးသုံးပါး၌ အားထုတ်ဖူးသည်ကို သိတော်မူ၍ အနိစ္စလက္ခဏာ၏အစွမ်းဖြင့် ဟောတော်မူသည်။ ထိုအခါ ရဟန္တာ ဖြစ်ကြသည်။

နောက် ဒုက္ခလက္ခဏာ အနတ္တလက္ခဏာ၏အစွမ်းဖြင့် ဟောတော်မူသည်။

သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။
သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။
သဗ္ဗေ ဓမ္မာ အနတ္တာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။
(ဓမ္မပဒပါဠိတော်၊ ၅၃)

သဗ္ဗေ–ခပ်သိမ်းကုန်သော၊ သင်္ခါရာ–အကြောင်းတရားလေးပါးတို့သည် ပြုပြင်အပ်ကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်၊ အနိစ္စာ–အမြဲမရှိကုန်၊ ဣတိ–ဤသို့၊ ယဒါ–အကြင်အခါ၌၊ ပညာယ–ဝိပဿနာပညာဖြင့်၊ ပဿတိ–မြင်တတ်၏။ အထ–ထိုသို့မြင်သောအခါ၌၊ ဒုက္ခေ–

သံသရာဝဋ်ဆင်းရဲ၌၊ နိဗ္ဗိန္ဒတိ–ငြီးငွေ့၏။ သေ သော–ဤသို့ငြီးငွေ့ခြင်းသည်၊ ဝိသုဒ္ဓိယာ–ကိလေသာစင်ကြယ်ခြင်း၏၊ မဂ္ဂေါ–အကြောင်းတည်း။

ဒုက္ခာ–ဆင်းရဲကုန်၏။

အနတ္တာ–ကိုယ်မဟုတ်ကုန်။ (ဤသို့ အနက်ပေးလေ)

* * * *

## ပေါဋ္ဌိလမထေရ်ကြီး

ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ နေစဉ် ပေါဋ္ဌိလမထေရ်ကြီးသည် ဘုရားခုနစ်ဆူအဆက်ဆက် ပိဋကတ်သုံးပုံဆောင်လာ၏။ ငါးရာသော ရဟန်းတို့အား စာပေပို့ချ၏။ ဘုရားရှင်သည် ဤမထေရ်ကားသံသရာမှ လွတ်လိုစိတ်မရှိ၊ စိတ်ကို ထိတ်လန့်စေအံ့ဟု သွားတိုင်းသွားတိုင်းတို့၌ အလကား ပေါဋ္ဌိလ အလကား ပေါဋ္ဌိလ (တုစ္ဆပေါဋ္ဌိလ တုစ္ဆပေါဋ္ဌိလ) ဟု ခေါ်ဝေါ်လေ့ရှိ၏။

ထိုမထေရ်သည် ငါ့ကို ဘုရားရှင်ကား အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံကို ဆောင်၏။ ရဟန်းငါးရာ တစ်ဆယ့်ရှစ်ဂိုဏ်းကို စာပေပို့ချ၏။ သို့သော်လည်း ငါ့ကို အလကား ပေါဋ္ဌိလဟု ခေါ်ဝေါ်၏။ မချွတ်စျာန်စသောတရားမရှိ၍ ခေါ်ဝေါ်ပေသည်။ သပိတ်တစ်လုံး သင်္ကန်းသုံးထည်နှင့် သူများမသိစဉ် တောသို့ လာ၏။

ယူဇနာနှစ်ရာရှိ ရဟန်းသုံးဆယ်နေသော တောရကျောင်းသို့ရောက်လာ၏။ အားလုံး ရဟန္တာတို့ဖြစ်၏။ ပေါဋ္ဌိလမထေရ်ကြီးသည်မထေရ်ကြီးထံ ကမ္မဋ္ဌာန်းတောင်း၏။ မထေရ်ကြီးက သင်ကား ပိဋကတ်

သုံးပုံဆောင်ဖြစ်၍ ငါတို့သာလျှင် မှီခိုရာဖြစ်ရမည်ဟု ပြော၏။ အစဉ်အတိုင်း ဤနည်းသာ ပြောလွှတ်၍ နောက်ဆုံး မာနကျစေရန် သက်နီးချုပ်နေသော ခုနစ်ဝါရ သာမဏေသို့ လွှတ်၏။

ပေါဋ္ဌိလသည် လက်အုပ်ချီ၍ ကမ္မဋ္ဌာန်းတောင်း၏၊ သာမဏေငယ်ကလည်း ရှေးရဟန်းတို့ ပြောသကဲ့သို့ ပြော၍ ကိုယ်တိုင်က မီးပုံထဲ ဝင်ပါဆို ဝင်ပါမည်ဟု အတန်တန်တောင်းပန်၏။

ထိုအခါ သာမဏေက စမ်းလို၍ အနီးရှိ ရေအိုင်ကို လက်ညှိုးထိုးခါ ဟိုရေအိုင်ထဲ ဆင်းပါဟု လျှောက်၏။ သက်နီးစိုခါနီး လာခဲ့ပါ ခေါ်ပြီး၍

တစ်ခုသောတောင်ပို့၌ အပေါက်ခြောက်ပေါက်ရှိ၏၊ တစ်ခုသော အပေါက်ဖြင့် ဖွတ်ဝင်သွား၏၊ ငါးပေါက်ကို ပိတ်၍ ဝင်သွားသော အပေါက်ဖြင့် ထိုဖွတ်ကို ဖမ်းပါ၊ နည်းတူ စက္ခုဒွါရစသည်ကို ပိတ်၍ မနောဒွါရဖြင့် ကမ္မဋ္ဌာန်းအားထုတ်ပါဟု လျှောက်၏။

ဗဟုသုတရှိသူဖြစ်၍ နားလည်ပါပြီဆိုပြီး ထသွား၍ ကမ္မဋ္ဌာန်းအားထုတ်၏။

ဘုရားရှင်သည် ယူဇနာနစ်ရာမှ နေ၍ ရောင်ခြည်တော်လွှတ်ခါ အောက်ပါ ဒေသနာတော်ကို ဟောတော်မူ၏။

ယောဂါ ဝေ ဇာယတီ ဘူရိ၊ အယောဂါ ဘူရိသင်္ခယော။
ဧတံ ဒွေဓာ ပထံ ဉတွာ၊ ဘဝါယ ဝိဘဝါယ စ။
တထတ္တာနံ နိဝေသေယျ၊ ယထာ ဘူရိ ပဝဍ္ဎတိ။
(ဓမ္မပဒပါဠိတော်၊ ၅၃)

ယောဂါ–လုံ့လပြုခြင်းကြောင့်၊ ဝေ–စင်စစ်၊ ဘူရိ–ပညာသည်၊ ဇာယတေ–ပွား၏။ အယောဂါ–လုံ့လမပြုခြင်းကြောင့်၊ ဘူရိသင်္ခယော–

ပညာ၏ကုန်ခန်းခြင်းသည်၊ ဟောတိ–ဖြစ်၏။ ဘဝါယ စ–ပညာပွားခြင်း၏၎င်း၊ ဝိဘဝါယ စ–ပညာဆုတ်ခြင်း၏၎င်း၊ ဧတံ ဒွေဓာပထံ–ဤနှစ်ဖြာသောခရီးကို၊ ဉတွာ–သိပြီး၍၊ ယထာ–အကြင်အခြင်းအရာဖြင့်၊ ဘူရိ–ပညာသည်၊ ဝဍ္ဎတိ–ပွား၏။ တထာ–ထိုအခြင်းအရာဖြင့်၊ အတ္တာနံ–မိမိကိုယ်ကို၊ နိဝေသေယျ–ဘာဝနာ၌ သွင်းထားရာသတည်း။

* * * *

## ကပိလငါးကြီး

ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် ညီအစ်ကိုနှစ်ယောက်တို့သည် ရဟန်းပြုကြ၏။ အကြီးသည် သာဂတ၊ အငယ်ကား ကပိလ မည်၏။ မိခင်သာဓိနီ၊ နှမ တာပနတို့လည်း ရဟန်းပြုကြ၏။

အစ်ကိုကြီး သာဂတသည် ဥပဇ္ဈာယ်မှ ကမ္မဋ္ဌာန်းတောင်း၍ တောရ ဆောက်တည်ခါ ရဟန္တာဖြစ်သည်။

ညီကပိလရဟန်းသည် ပိဋကတ်အကျော်အမော်ဖြစ်လာ၏။ ပရိယတ်ကြောင့် လာဘ်ပေါ်များ၏၊ ပရိယတ်ကြောင့် မာနတက်ခါ အပ်သည်ကို မအပ်၊ မအပ်သည်ကို အပ်၊ အပြစ်ရှိသည်ကို မရှိ၊ မရှိသည်ကို ရှိစသည် ပြောဟောသည်။

ရဟန်းကောင်းတို့က ဓမ္မဝိနယပြ၍ ဆုံးမကြ၏။ အစ်ကို သာဂတ ရဟန်းက ဆုံးမသော်လည်း မရပေ။ ထိုအခါ သီလရှိရဟန်းတို့ သူ့ကို ရှောင်ရှာကြ၏။ မသူတော်ရဟန်းများ ဆည်းကပ်ကြ၏။ ဓမ္မ အဓမ္မမရှိ၊ ပါဠိတောက်ပြစရာ မလိုဟု ဟောပြော၏။

ကပိလရဟန်း၏နောက်သို့ လိုက်ကြသော အမိ နှစ်မတို့ပါ အဝီစိ ငရဲရောက်၏။

ထိုအခါ သူခိုးဓားပြငါးရာတို့ကို လူများတို့ လိုက်ဖမ်း၍ တောသို့ ရောက်လာစဉ် ရဟန်းတစ်ပါးအား မှီခိုရန် တောင်း၍ ငါးပါးသီလ၌ တည်စေကုန်၏။ ၎င်းခိုးသားဓားပြတို့ကို လူများသတ်ကြ၏။ သေ၍ နတ်ပြည်၌ ဖြစ်ကြ၏။ မိုလ်ကြီးသည် အကြီးအကဲနတ်သားဖြစ်၏။

သူတို့သည် နတ်ပြည်မှ စုတေ၍ လူ့ပြည်မှာ တံငါးများဖြစ်ကြသည်၊ အကြီးအကဲနတ်သည်းလည်း လူကြီးဖြစ်၏။

ကပိလရဟန်းသည်လည်း ထိုအချိန်အခါ အစိရဝတီမြစ်မှာ ရွှေအဆင်းရှိ၍ ပါးစပ်က ပုပ်သော ငါးကြီးတစ်ကောင် ဖြစ်လာ၏။

ထိုလူတို့သည် တစ်ခါ မတွေ့ မမြင်ဖူးသော ငါးကြီးကို ရ၍ မင်းအားသွား၍ ရောင်းကြ၏။ မင်းသည် ထူးထူးဆန်းဆန်းငါးဖြစ်၍ ဇေတဝန်ကျောင်းသို့ ယူသွား၏၊ ပါးစပ်ကို ဖွင့်ရုံနှင့် ဇေတဝန်ကျောင်းတော်တစ်ခုလုံး နံ၏။

မင်းသည် ဘုရားရှင်အား လျှောက်၍ ဘုရားရှင်က မေးတော်မူရာ ကဿပဘုရားရှင်လက်ထက် စာပေပို့ချ၍ ရွှေအဆင်းရှိခြင်း၊ မတရားပြောဟော၍ ပါးစပ်က ပုပ်ခြင်းစသည့်အကြောင်းမျိုးစုံ လျှောက်ပြ၏။ ဤဘဝမှ ဘယ်ဘဝသို့ သွားဦးမည်နည်းဟု မိန့်တော်မူရာ အဝီစိငရဲသို့ သွားရဦးမည်ဟု လျှောက်၍ နှလုံးမသာမယာဖြစ်ခါ လှေကို ခေါင်းရိုက်ပြီး သေသဖြင့် ငရဲသို့ ရောက်သွားလေသည်။

ဘုရားရှင်သည် သုတ္တနိပါတ်လာ ကပိလသုတ်ကို ဟောတော်မူ၏။

မနုဇဿ ပမတ္တစာရိနော၊ တဏှာ ဝဍ္ဎတိ မာလုဝါ ဝိယ။
သော ပ္လဝတိ ဟုရာဟုရံ၊ ဖလမိစ္ဆံဝ ဝနသ္မိံ ဝါနရော။

(ဓမ္မပဒပါဠိတော်၊ ၆၁)

ပမတ္တစာရိနော–ကုသိုလ်တရား၌ မေ့လျော့သော၊ မနုဇဿ–လူအား၊ မာလုဝါ ဝိယ–မာလုဝနွယ်ကဲ့သို့၊ တဏှာ–တဏှာသည်၊ ဝဍ္ဎတိ–ပွား၏။ သော–ထိုသူသည်၊ ဝနသ္မိံ–တော၌၊ ဝါနရော–မျောက်သည်၊ ဖလံ–သစ်သီးကို၊ ဣစ္ဆံဝ–လိုချင်သကဲ့သို့၊ ဟုရာဟုရံ–ဟိုဟို ဒီဒီ၊ ပ္လဝတိ–ပြေးလာသည်သာတည်း။

ယံ ဧသာ သဟတေ ဇမ္မီ၊ တဏှာ လောကေ ဝိသတ္တိကာ။
သောကာ တဿ ပဝဍ္ဎန္တိ၊ အဘိဝုဋ္ဌံဝ ဗီရဏံ။ (ဓမ္မပဒ၊ ၆၁)

လောကေ–လောက၌၊ ဝိသတ္တိကာ–ကပ်ငြိတွယ်တာတတ်သော၊ ဇမ္မီ–ယုတ်မာလှစွာသော၊ ဧသာ တဏှာ–ဤတရားသည်၊ ယံ ပုဂ္ဂလံ–အကြင်ပုဂ္ဂိုလ်ကို၊ သဟတေ–ညှဉ်းဆဲ၏။ တဿ–ထိုတဏှာညှဉ်းဆဲသော ပုဂ္ဂိုလ်အား၊ အဘိဝုဋ္ဌံ–မိုးကောင်းပေါက်ရောက် ကြီးပွားမြောက်သော၊ ဗီရဏံ ဣဝ–ပိန်းမြက်ကဲ့သို့၊ သောကာ–စိုးရိမ်ခြင်းတို့သည်၊ ပဝဍ္ဎန္တိ–တိုးပွားကုန်သည်သာတည်း။

ယော စေတံ သဟတေ ဇမ္မိံ၊ တဏှံ လောကေ ဒုရစ္စယံ။
သောကာ တမှာ ပပတန္တိ၊ ဥဒဗိန္ဒူဝ ပေါက္ခရာ။ (ဓမ္မပဒ၊၆၁)

ယော ပုဂ္ဂလော–အကြင်ပုဂ္ဂိုလ်သည်၊ ဒုရစ္စယံ–လွန်နိုင်ခဲသော၊ ဇမ္မိံ–ယုတ်မာစွာသော၊ ဧတံ တဏှံ–ဤတဏှာကို၊ စေ သဟတေ–အကယ်၍ ညှဉ်းဆဲနိုင်သည်ဖြစ်အံ့၊ ဥဒဗိန္ဒု–မိုးရေမိုးပေါက်သည်၊ ပေါက္ခရာ–ကြာဖက်မှ၊ ပပတိ ဣဝ–လျှောကျသကဲ့သို့၊ သောကာ–စိုးရိမ်ခြင်းတို့သည်၊ တမှာ–ထိုပုဂ္ဂိုလ်မှ၊ ပပတန္တိ–ကျကုန်သည်သာတည်း။

တံ ဝေါ ဝဒါမိ ဘဒ္ဒန္တေ၊ ယာဝန္တေတ္ထ သမာဂတာ။
တဏှာယ မူလံ ခဏထ၊ ဥသီရတ္ထောဝ ဗီရဏံ။ (ဓမ္မပဒ၊ ၆၁)

တံ တသ္မာ–ထို့ကြောင့်၊ ဝေါ–သင်တို့အား၊ ဘဒ္ဒံ–ကောင်းသော စကားကို၊ ဝဒါမိ–ဟောအံ့၊ တွေ့–ဤအရပ်၌၊ သမာဂတာ–အညီအညွတ် စည်းဝေးကုန်သော၊ ယာဝတာ–အကြွင်မဲ့လောက်ကုန်သော၊ ဝေါ–သင် တို့သည်၊ ဥသီရတ္ထော–ပန်းရင်းမြက်အသုံးလိုသောသူသည်၊ ဗီရဏံ– ပိန်းမြက်ကို၊ ခဏတိ ဣဝ–တူးသကဲ့သို့၊ တဏှာယ–ဆဒ္ဒါရိက တဏှာ၏၊ မူလံ–အမြစ်ကို၊ ခဏထ–တူးကုန်လော့၊ သောတော–ကြီးစွာသော မြစ် ရေအယဉ်သည်။ နဠံ–ကမ်း၌ရောက်သော ကျူပင်ကို၊ ဘဉ္ဇတိ ဣဝ– တိုက်လှန်ဖျက်ဆီးသကဲ့သို့၊ မာရော–ကိလေသာမာရ် ကိုယ်တွင်းရန်သည်၊ ဝေါ တုမှေ–သင်တို့ကို၊ ပုနပ္ပုနံ–အဖန်တလဲလဲ၊ မာ ဘဉ္ဇိ–မဖျက်ဆီး ပါလင့်။

(ဥဂ္ဂသေနသူဌေးသားဝတ္ထုကား မဟာသတိပဋ္ဌာန်အကြောင်း သိကောင်းစရာ စာအုပ်၌ ပါပြီးပြီ)

တာလပုဋထေရ်သည် ဇာတ်ဆရာကြီး ဘဝမှ ရဟန္တာဖြစ်လာ၏။ ဘုရားရှင်အား ဇာတ်သမားတို့သည် ပဟာသငရဲသို့ ရောက်မရောက် လျှောက်ထားချက်ပါသည်။)

* * * *

## ဝင်္ဂီသထေရ်

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် တစ်ယောက် သော ပုဏ္ဏားသည် ဝင်္ဂီသမည်၏။ သေသောသူ၏ ဦးခေါင်းကို ခေါက်၍ ကြည့်က ဤသူကား ငရဲ၌ ဖြစ်လတ္တံ့သူ၊ ဤသူကား တိရစ္ဆာန်၌ ဖြစ် လတ္တံ့သူစသည် သိ၏။

သူနှင့် ပတ်သက်သော ပုဏ္ဏားတို့က ဤအတိုင်း ကြော်ညာ၏၊ လူတို့လည်း ကြေးငွေပေးခါ သေသောဆွေမျိုးတို့အား မေးကြ၏။ ထိုသူတို့သည် လူများတို့ ပန်းနံ့သာ လက်စွဲလျက် ဘုရားရှင်၏ ကျောင်းတော်သို့ တရားနာရန် သွားကြသောသူတို့ကို မြင်၍ မေးကြ၏။ လူတို့ကလည်း တရားနာသွားကြသည်ဟု ပြောကြ၏။

ဝင်္ဂီသပုဏ္ဏား၏အုပ်စုက ဝင်္ဂီသသည် ငရဲ၌ ဖြစ်လတ္တံ့သူစသည်ကို သိ၍ ဘုရားထက် တော်၏။ ဘုရားရှင်၏ ဒါယကာ ဒါယိကာမများက လောကမှာ ဘုရားရှင် တူသောသူမရှိဟု ဖြေကြ၏။

ဘုရားရှင်၏ဘက်တော်သားများက ဝင်္ဂီသပုဏ္ဏား၏အုပ်စုကို ဘုရားရှင်ထံ ခေါ်လာ၏။

ဘုရားရှင်သည် သိတော်မူ၍ ငရဲ၌ ဖြစ်လတ္တံ့သူ၊ တိရစ္ဆာန်၌ ဖြစ်လတ္တံ့သူ၊ လူ၌ ဖြစ်လတ္တံ့သူ၊ နတ်၌ ဖြစ်လတ္တံ့သူ၊ ရဟန္တာ၏ ဦးခေါင်းအားဖြင့် ငါးခုချထားခါ ဝင်္ဂီသပုဏ္ဏားအား မေး၏။

သူသည် ငရဲ၌ ဖြစ်လတ္တံ့သူစသည်တို့၏ ဦးခေါင်းကို ခေါက်၍ ပြောနိုင်၏၊ ရဟန္တာ၏ ဦးခေါင်းကို ခေါက်ကြည့်ပြီး မပြောနိုင်ရှာပေ။

ဝင်္ဂီသပုဏ္ဏားသည် ၎င်းရဟန္တာခေါင်းကို ခေါက်ကြည့်ပြီး ပြောနိုင်အောင် ဘုရားရှင်အား မန္တန်တောင်း၏။ ဘုရားရှင်က ရဟန်းပြုမှ ပေးမည်ဟု မိန့်တော်မူ၍ ရဟန်းပြု၏။

ဘုရားရှင်သည် ဒွတ္တိံသကမ္မဋ္ဌာန်းကို ပေး၏၊ ဝင်္ဂီသရဟန်းသည် တစ်ရက်နှစ်ရက်ဖြင့် ရဟန္တာဖြစ်လေသည်။

ပုဏ္ဏားတို့က မေး၍ ဝင်္ဂီသရဟန်းသည် ငါကား ဘဝတစ်ပါးသို့ မသွားတော့ပေဟု ပြောသံကို ကြား၍ ရဟန်းတို့သည် ဝင်္ဂီသထေရ်ကား

ရဟန္တာ မဖြစ်တဲ ရဟန္တာဟု ပြောကြားသည် ဆိုပြီး ဘုရားရှင်အား လျှောက်ကြ၏။

ဘုရားရှင်က ယခုအခါ ဝင်္ဂီသသည် စုတိပဋိသန္ဓေ၌ လိမ္မာသော သူဖြစ်ပြီဟု အောက်ပါဒေသနာတော်ကို ဟောတော်မူ၏။

စုတိံ ယော ဝေဒိ သတ္တာနံ၊ ဥပပတ္တိဥ္စ သဗ္ဗသော။

အသတ္တံ သုဂတံ ဗုဒ္ဓံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ယဿ ဂတိံ န ဇာနန္တိ၊ ဒေဝါ ဂန္ဓဗ္ဗမနုဿာ။

ခီဏာသဝံ အရဟန္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။ (ဓမ္မပဒ၊ပါ၊၇၃)

ယော ပုဂ္ဂလော–အကြင်ပုဂ္ဂိုလ်သည်၊ သတ္တာနံ–သတ္တဝါတို့၏၊ သဗ္ဗသော–ခပ်သိမ်းသော အခြင်းအရာအားဖြင့်၊ စုတိံ စ–စုတိကိုငင်း၊ ဥပပတ္တိံ စ–ပဋိသန္ဓေကိုငင်း၊ အဝေဒိ ဇာနာတိ–သိ၏။ အသတ္တံ–ကပ်ငြိခြင်းမရှိသော၊ သုဂတံ–ပဋိပတ်ဖြင့် ကောင်းစွာရောက်ထသော၊ ဗုဒ္ဓံ–လေးပါးကုန်သောသစ္စာတို့ကို သိပြီးထသော၊ တံ ပုဂ္ဂလံ–ထိုပုဂ္ဂိုလ်ကို၊ ဗြာဟ္မဏံ–မကောင်းမှုမှ အပပြုပြီးသောသူဟူ၍၊ အဟံ–ငါဘုရားသည်၊ ဗြူမိ–ဟောတော်မူ၏။

ယဿ ပုဂ္ဂလဿ–အကြင်ပုဂ္ဂိုလ်၏၊ ဂတိံ–လားရာဂတိကို၊ ဒေဝါ–နတ်တို့သည်ငင်း၊ ဂန္ဓဗ္ဗာ–ဂန္ဓဗ္ဗနတ်တို့သည်ငင်း၊ မနုဿာ–လူတို့သည်ငင်း၊ န ဇာနန္တိ–မသိကုန်။ ခီဏာသဝံ–ကုန်ပြီးသော အာသဝေါရှိထသော၊ အရဟန္တံ–ကိလေသာတို့မှ အလွန်ဝေးထသော၊ တံ ပုဂ္ဂလံ–ထိုပုဂ္ဂိုလ်ကို၊ ဗြာဟ္မဏံ–မကောင်းမှုမှ အပပြုပြီးသောသူဟူ၍၊ အဟံ–ငါဘုရားသည်၊ ဗြူမိ–ဟောတော်မူသည်သာတည်း။

(ဝင်္ဂီသထေရဂါထာ၌ကား အထူးမရှိ)

(မိဂသိရထေရ်အတ္ထုပ္ပတ္တိလည်း ဤမထေရ်နှင့် တူ၏)

## သောပါကထေရ်

ဤသောပါကထေရ်အလောင်းသည် ရှေးရှေးဘုရားရှင်တို့လက်ထက်၌လည်း ဝဋ်ကင်းရာကို တောင်းတ၍ ပါရမီဖြည့်ဖူးသည်။

ကဿပဘုရားရှင်အားလည်း သစ်သီးများ ဆက်ကပ်ဖူးသည်၊ သူသည် သံဃာတော်တို့အားလည်း သလာကဘတ်စသည်ကို လှူဒါန်းဖူးသည်၊ သေ၍ လူ့ပြည်နတ်ပြည်ဖြစ်ဖူးသည်၊ လူ့ဘဝဖြစ်စဉ် တစ်ခါက ပစ္စေကဗုဒ္ဓါတစ်ပါးအား နို့ဆွမ်းလှူဖူးသေး၏။

နောက်သုဂတိဘဝ၌ ကျင်လည်၍ ဂေါတမဘုရားရှင်လက်ထက်၌ ဆင်းရဲသူမ၏ဝမ်း၌ ပဋိသန္ဓေနေ၏၊ သူမသည် မမွေးဖွားနိုင်၍ မိန်းမော နေသည်ကို လူများက သေပြီထင်၍ သုသာန်မှာ ထင်းပုံမီးလျှို့ပြီးပြီဟု ပြန်သွားကြ၏။ နတ်တို့၏တန်ခိုးကြောင့် မိုးရွာချ၍ မီးငြိမ်းသွား၏၊ ပစ္ဆိမဘဝိက ဖြစ်၍လည်း အမိဝမ်းတွင်းမှာ ရောဂါမရှိ ကောင်းစွာမွေးဖွား၏၊ မိခင်ကား သေ၏၊ နတ်တို့သည် သုသာန်စောင့်အား မွေးကျွေးစေ၏၊ သောပါက ခေါ်ကြ၏။

ဘုရားရှင်သည် သိတော်မူ၍ အသက်ခုနစ်နှစ်ရှိသောအခါ သုသာန်သို့ ကြွတော်မူလာ၏။ ရှေးဘဝက ပါရမီပါလာမှ ဘုရားရှင်၏ တရားကို နာစဉ် ရှင်ပြုလိုရှ်ပြု၏၊ မေတ္တာစျာန်ကို အခြေခံပြီး ဝိပဿနာပွားခါ ရဟန္တာဖြစ်သည်။

အောက်ပါ ဂါထာကို ဟောတော်မူ၏။

ယထာပိ ဧကပုတ္တသ္မိံ၊ ပိယသ္မိံ ကုသလီ သိယာ။

ဧဝံ သဗ္ဗေသု ပါဏေသု၊ သဗ္ဗတ္ထ ကုသလော သိယာ။

(သောပါကတ္ထေရဂါထာပါဠိတော်၊ ၂၂၇)

ပိယသ္မိ–ချစ်အပ်သော၊ ကေပုတ္တသ္မိ–တစ်ယောက်တည်းသော သား၌၊ ကုသလီ–အကျိုးစီးပွားကို အလိုရှိသည့်၊ သိယာ ယထာ–ဖြစ် သကဲ့သို့၊ ဝေံ–ဤအတူ၊ သဗ္ဗတ္ထ–အလုံးစုံသောအရပ်တို့၌၊ သဗ္ဗေသု ပါဏေသု–အလုံးစုံသော သတ္တဝါတို့၌၊ ကုသလော–လိမ်မာသည်၊ သိယာ–ဖြစ်၏။

* * * *

## ဥတ္တရထေရ်

ဤထေရ်အလောင်းသည် ရှေးရှေးဘုရားရှင်တို့၌ ဝဋ်ကင်းရာ နိဗ္ဗာန်ကို ရည်မှန်း၍ ကုသိုလ်ပြုဖူးသည်၊ သုမေဓဘုရားရှင်လက်ထက် တော်၌ ဝိဇ္ဇာဓရဖြစ်၍ ကောင်းကင်၌ သွားလာနေသည်။

ဘုရားရှင်သည် သူ့ကို ချီးမြှောက်ခြင်းငှာ သစ်ပင်အောက်မှ နေ၍ ရောင်ခြည်တော်လွှတ်၏၊ သူသည် မဟာလေ့ခါးပန်းတို့ဖြင့် လာ၍ ပူဇော် လေ၏။ ၎င်းပန်းတို့သည် ဘုရားရှင်၏အပေါ်၌ ထီးသဖွယ်နေ၏၊ အလွန် ဝမ်းမြောက်ဝမ်းသာရှိ၏။

သူသည် သေ၍ တာဝတိံသာနတ်ပြည်၌ ဖြစ်၏။ ဂေါတမဘုရား ရှင်လက်ထက်၌ ပြာဟ္မဏမဟာသာလမျိုး၌ ဖြစ်၏။ ဥတ္တရမည်၏။ အရွယ်ရောက်က ပုဏ္ဏားတို့အတတ်၌ တတ်၏။ အတတ်ကြောင့်၎င်း၊ အကျင့်အာစာရကြောင့် လူများချီးမွမ်းခံရ၏။

ထို့ကြောင့် ဝဿကာရပုဏ္ဏားသည် သမီးကို ပေးလို၏၊ မယူဘဲ အရှင်သာရိပုတ္တရာထံ၌ ရှင်ပြု၏၊ ဝတ်နှင့် ပြည့်စုံ၏။အရှင်သာရိပုတ္တရာ သည် ရောဂါဖြစ်နေ၍ ရှင်ဥတ္တရာသည် ဆေးအတွက် စောစောစီးစီး ကျောင်းမှထွက်၍ သွား၏၊ လမ်းခရီး၌ သပိတ်ကို ချခဲ့ မျက်နှာသစ်နေ၏။

သူခိုးတစ်ယောက်သည် လူများလိုက်လာ၍ ၎င်းအထုပ်ကို ရှင်ဥတ္တရ၏ သပိတ်မှာ ထည့်ထားခဲ့၏။ လူများကို သူ့ကို သူခိုးထင်၍ ဖမ်းကာ ဝဿကာရပုဏ္ဏားအား ပြကြ၏၊ ဝဿကာရပုဏ္ဏားသည် သမီးကို မယူသော အာဃာတကြောင့် သတ်စေ အမိန့်ပေးခါ ကားစင်၌ တင်ထား၏။

ဘုရားရှင်သည် သိတော်မူ၍ ကြွလာခါ ခေါင်းရင်းက နေပြီး ဥတ္တရဤသည်ကား ရှေ့ကံ၏အကျိုးတည်း၊ တရားကို ဆင်ခြင်၍ သည်းခံပါဟု တရားဟောတော်မူ၏။ ရှင်ဥတ္တရသည် မွန်မြတ်သော ပီတိပါမောဇ္ဇကို ရ၍ ဝိပဿနာပွားခါ အဘိညာဉ်ခြောက်ပါးနှင့်တကွ ရဟန္တာဖြစ်သည်။

သူသည် ကားစင်မှ ထ၍ တန်ခိုးပြာဋိဟာကို ပြသည်၊ လူများအပေါင်း အံ့ဖွယ်သရဲဖြစ်ကြ၏။

သူသည် အောက်ပါဒေသနာတော်ကို ဟောတော်မူ၏။

နတ္ထိ ကောစိ ဘဝေါ နိစ္စော၊ သင်္ခါရာ ဝါပိ သဿတာ။
ဥပ္ပဇ္ဇန္တိ စ တေ ခန္ဓာ၊ စဝန္တိ အပရာပရံ။
တေမာဒီနဝံ ဉတွာ၊ ဘဝေနမှိ အနတ္ထိကော။
နိဿဋော သဗ္ဗကာမေဟိ၊ ပတ္တော မေ အာသဝက္ခယော။

(ဥတ္တရတ္ထေရဂါထာပါဠိတော်၊ ၂၄၇)

ကောစိ–တစ်စုံတစ်ခုသော၊ ဘဝေါ–ဘဝသည်၊ နိစ္စော–မြဲခြင်းသည်၊ နတ္ထိ–မရှိ၊ သင်္ခါရာ ဝါပိ–သင်္ခါရတို့သည်လည်း၊ သဿတာ–မြဲခြင်းတို့သည်၊ နတ္ထိ–မရှိကုန်။ တေ ခန္ဓာ–ထိုခန္ဓာငါးပါးတို့သည်၊ ဥပ္ပဇ္ဇန္တိ–စ–ဖြစ်လည်း ဖြစ်ကုန်၏၊ အပရာပရံ–ထိုမှဤမှ၊ စဝန္တိ စ–ရွေ့လည်း ရွေ့လျော့ကုန်သည်သာတည်း။

တော် အာဒီနဝံ–ထိုသို့သောအပြစ်ကို၊ ဥတွာ–သိ၍၊ ဘဝေ–ဘဝ၌၊ အနတ္တိကော–အလိုမရှိသည်၊ အမှိ–ဖြစ်၏။ သဗ္ဗကာမေဟိ–အလုံးစုံသော ကာမဂုဏ်တို့မှာ၊ နိဿဋ္ဌော–ကင်းလွတ်ပြီ၊ မေ–ငါ့အား၊ အာသဝက္ခယော–အာသဝကုန်ခြင်းသို့၊ ပတ္တော–ရောက်သည်သာတည်း။

* * * *

## ဗာကုလထေရ်

ဤဗာကုလထေရ်အလောင်းတော်သည် ဤကမ္ဘာမှပြန်၍ ရေတွက်သည့်ရှိသော် ကမ္ဘာတစ်သိန်းအလွန်ရှိသော တစ်သင်္ချေအထက်၌ အနောမဒဿီဘုရားရှင်လက်ထက်တော်၌ ပုဏ္ဏားမျိုးမှာ ဖြစ်၏။ ဗေဒင်သုံးပုံ၌ အနှစ်သာရကို ရှာမီး၍ မရသည်ဖြစ်၍ နောင်တမလွန်အကျိုးကို ရှာမီးအံ့ဟု တောင်ခြေတစ်ခု၌ ရသေ့ရဟန်းပြု၍ ဈာန်အဘိညာဉ်ကို ဖြစ်စေ၏။ ဘုရားရှင်၏ တရားကိုနာရင်း ဘုရားရှင်၏ ဝမ်းနာကို ဆေးကုပေး၏။ နောက်စုတေ၍ လူ့နတ်ပြဟ္မာတို့၌ ဖြစ်၏။

ပဒုမုတ္တရဘုရားရှင်လက်ထက်၌ အနာကင်းသော ရဟန်းတစ်ပါးကို တေဒဂ်ပေးသည်ကို မြင်၍ ဆုတောင်းပါရမီပြုဖူး၏။

ဝိပဿီဘုရားရှင်လက်ထက်၌ ဗန္ဓုမတီပြည်မှာ ပုဏ္ဏားမျိုးမှာ ဖြစ်၍ တောင်ခြေတစ်ခုဝယ် ရသေ့ရဟန်းပြု၍ ဈာန်အဘိညာဉ်ကို ဖြစ်စေ၏။ ဘုရားရှင်၏ တရားကို နာရ၍ သရဏဂုံတည်၏၊ ရဟန်းတို့၏ ရောဂါကို ဆေးကုပေး၏။

ကဿပဘုရားရှင်လက်ထက်၌ ဗာရာဏသီပြည်ဝယ် အိမ်ရာတည်ထောင် လူတို့၏ဘောင်၌ နေ၏။ ရဟန်းသံဃာတော်ကို ဆေးကု၏။

ဂေါတမဘုရားရှင်လက်ထက်၌ ကောသမ္ဘီပြည်ဝယ် သူဌေးမျိုး၌ ဖြစ်၏။ သူ့ကို ငါးရက်မြောက် ဂင်္ဂါမြစ်၌ ရေချိုး၏။ ငါးကြီးတစ်ကောင်သည် အစာထင်၍ မျိုသွား၏။ ဘုန်းရှိ၍ ငါးဝမ်းတွင်းမှာ ဒုက္ခမဖြစ်ပေ။ ငါးကြီး၏ဗိုက်သည် ကလေး၏တန်ခိုးကြောင့် ပူလောင်၍ ယူဇနာသုံးဆယ်ရှိ ဗာရာဏသီမြို့သို့ ရောက်သွား၏။ တံငါသည် ပိုက်ကွန်မှာငြိ၏။ ကလေးဘုန်းကံကြောင့် ငါးကြီးကား ချက်ချင်း မသေ၊ ၎င်းငါးကို တံငါသည်တို့က ခွဲစိတ်၍လည်း မရောင်း၊ တစ်ထောင်နှင့်ရောင်းသည်၊ ဝယ်မည့်သူမရှိ၊ သားမရှိသော ကုဋေရှစ်ဆယ်ကြွယ်ဝသူဌေးတစ်ယောက် ဝယ်၏။ ငါးကို ခွဲကြည့်ရာ ရွှေအဆင်းရှိသော ကလေးတစ်ယောက်ကို ရ၏။ မင်းကို သွား၍ပြ၏။ သင်တို့နှင့်ထိုက်တန်သည်၊ သင်တို့သာ မွေးစားပါဟု ပြောလိုက်၏။

မိဘရင်းက သတင်းကြား၍ လာတောင်းရာ မပေးသဖြင့် တရားစွဲ၏၊ မင်းက တစ်မျိုးမျိုး၌ လေးလစီ နေစေဟု ဆုံးဖြတ်၏။ နှစ်ဘက်စလုံး၌ နတ်တို့၏စည်းစိမ်ကဲ့သို့ ခံစား၍ အသက်ရှစ်ဆယ်ပြည့်လာပြီ။

ဘုရားရှင်၏တရားကို နာရ၍ ရှင်ရဟန်းပြု၍ ရှစ်ရက်မြောက်၌ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်သည်၊ ရှင်ဗာကုလတွင်၏။

အရှင်ဗာကုလသည် ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသဝိတက် ဒါယကာတို့လှူသောသင်္ကန်း၊ ဓားဖြတ်သောသင်္ကန်း၊ ချုပ်ခြင်း ဆိုးခြင်း ကထိန်သင်္ကန်း၊ သီတင်းသုံးဖော်တို့၏သင်္ကန်းအမှု၌ စီစဉ်ခြင်း ပင့်ဖိတ်ခြင်းကို သာယာခြင်း၊ ပင့်ဖိတ်ရန် တောင်းတခြင်း၊ ရွာထဲ၌ နေခြင်း၊ ရွာထဲ၌ စားခြင်း၊ မိန်းမကို လှသည်ဟု ကြည့်ခြင်း၊ မိန်းမကို တရားဟောခြင်း၊ ဘိက္ခုနီမကျောင်းသို့ ကပ်ငြိခြင်း၊ ဘိက္ခုနီမ သိက္ခမာန် သာမဏေမိန်းမတို့အား တရားဟောခြင်း၊ ရှင်ပြုခြင်း၊ ရဟန်းခံခြင်း၊ နိဿယယူခြင်း

ပေးခြင်း၊ သာမဏေကို လုပ်ကျွေးစေခြင်း၊ ချေးဇရုံအိမ်၌ ရေချိုးခြင်း၊ ကသည်းမှုန့်ဖြင့် ရေချိုးခြင်း၊ သိတင်းသုံးဖော်တို့အား ဆုတ်နယ်ခြင်း၊ နှားနို့တစ်ညှစ်ခန့်မျှလည်း ရောဂါဖြစ်ခြင်း၊ ဆေးဆောင်ခြင်း၊ မှီဝဲခြင်း၊ အိပ်ခြင်းများကို မပြုဖူးပေ။

ရှာကျောင်းကို ကပ်ခြင်းမရှိ၊ ရဟန်းပြုခါစ ပုထုဇဉ်ဘဝနှင့်သာ ပြည်သူတို့၏ဆွမ်းကို စားဖူး၏ဟု အစေလကအား ပြောဖူး၏၊ အနာနည်း ရာ၌ တေဒဂ်ရ၏။

သူများအား ဒုက္ခမပေးဟု ပရိသတ်အလယ်၌ ထိုင်လျက်သာ ပရိ နိဗ္ဗာန်ပြု၏၊ မြတ်လေးပန်းအငုံနှင့်သာ တူသော ဓာတ်တော်များ ကြွင်း ကျန်၏။

အောက်ပါ ဒေသနာတော်များကိုလည်း ဟောတော်မူ၏။

ယော ပုဗ္ဗေ ကရဏီယာနိ၊ ပစ္ဆာ သော ကာတုမိစ္ဆတိ။

သုခါ သော ဓံသတေ ဌာနာ၊ ပစ္ဆာစ အနုတပ္ပတိ။

(ဗာကုလတ္ထေရဂါထာပါဠိတော်၊ ၂၆၃)

ယော–အကြင်သူသည်၊ ပုဗ္ဗေ–ယယ်ရွယ်စဉ်အခါ၌၊ ကရဏီယာနိ– ပြုအပ်ကုန်သော အမှုတို့ကို၊ သော–ထိုသူသည်၊ ကာတုံ–ပြုခြင်းငှာ၊ ဣစ္ဆတိ–အလိုရှိ၏။ သော–ထိုသူသည်၊ သုခါဌာနာ–ချမ်းသာခြင်း၏ အကြောင်းတို့ကို။ ဓံသတေ–ဖျက်ဆီး၏၊ ပစ္ဆာ စ–နောက်၌လည်း၊ အနု တပ္ပတိ–ပူပန်ရတော့သည်သာတည်း။

* * *

## ဇမ္ဗုကထေရ်

သူသည် ရှေးရှေးဘုရားရှင်တို့၌ ဆုတောင်းပါရမီရှိဖူးသည်၊ တိဿ ဘုရားရှင်လက်ထက်၌ ဖောဓိပင်ကို ယပ်ဖြင့် ပူဇော်ဖူး၏။ ကဿပဘုရား ရှင်လက်ထက်၌ ရဟန်းပြုဖူး၏၊ ခေါင်းပါးသော သက်နိုးကလည်းရှိ၊ ဆံပင်ကလည်း ရှည်သော ရဟန္တာတစ်ပါး၏ ကျေတို့ကို မြင်၍ ကျောင်း ဒကာသည် ကြည်ညိုသဖြင့် ၎င်းကျောင်းသို့ ဖိတ်ပြီး ခေါင်းကိုလည်း ရိတ်၊ သက်နိုးလည်း လှူ၊ ဆွမ်းကျွေးခါ ၎င်းကျောင်း၌ နေစေ၏။

ဇမ္ဗုကထေရ်အလောင်း ကုလမဏ္ဍလိယကြောင့်၎င်း၊ ရဟန္တာအား ၎င်း တကာလှူသော အစာကို စားမည့်တူတူ မစင်ကို စားသည်က ကောင်းမည်ဟု နှုတ်မြွက်ဖူး၍ ကုဋ္ဌီသို့ သွားခါ မစင်ကို စား၏၊ ကျင် ငယ်ကို သောက်၏၊ သေ၍ ဘင်ပုပ်ငရဲသို့ ရောက်ရ၏။

ထိုကံကြွင်းကြောင့် လူဖြစ်သော်လည်း ဘဝငါးရာတို့ပတ်လုံး နိဂဏ္ဌ ဖြစ်၍ မစင်ကို စားရ၏။

ဂေါတမဘုရားရှင်လက်ထက်၌ အရိယူပဝါဒကံကြောင့် ဆင်းရဲသား အမျိုးမှာဖြစ်၍ နို့ရည်ထောပတ်စသည်ကို သောက်မည်ပြုစဉ် ကျင်ငယ် ကိုသာ သောက်၏။ ထမင်းစားမည်ပြု၍ မစင်ကိုသာ စားခြင်း၊ လူတို့ သည် ပြောမရ၍ သူ့ကို စွန့်ကြ၏။

သူသည် အဝတ်မဝတ် ရေမချိုး ခေါင်းမရိတ်၊ သူများလှူသော ဆွမ်းကို တစ်လတစ်ကြိမ် သမန်းမြက်ဖျားဖြင့် တို့၍ လျှာဖျားဖြင့် လျက်၏။ ပင့်ဖိတ်သည်ကို မသာယာ၊ ညဉ့်အခါ၌ စိုစွတ်သောမစင်ကို ပိုးပါသည်ဟု မစား၊ ခြောက်သော မစင်ကိုသာ စား၏၊ ဤကဲ့သို့ ငါးဆယ့်ငါးနှစ်ကြာ၏၊ တချို့က အလွန်အလိုနည်းသော ရဟန္တာဟု နောက်လိုက်ပေါင်းများစွာ ရှိ၏။

ဘုရားရှင်သည် သိတော်မူ၍ ကြွသွားတော်မူပြီး တရားဟောတော်မူ၏၊ ရဟန္တာဖြစ်၍ ပေါ်ဘိက္ခုခေါ်တော်မူ၏။

အောက်ပါအတိုင်း မိမိအပြစ်ကို ဟောတော်မူ၏။

ပဉ္စပညာသဝသာနိ၊ ရာဇောဇလ္လ မဓာရယိံ။

ဘုဉ္ဇန္တော မာသိကံ ဘတ္တံ၊ ကေသမဿုံ အလောစယိံ။

(ဇမ္ဗုကတ္ထေရဂါထာပါဠိတော်၊ ၂၇၀)

ပဉ္စပညာသဝသာနိ–ငါးဆယ့်ငါးနှစ်တို့ကာလပတ်လုံး၊ ရဇောဇလ္လံ–မြူအညစ်အကြေးကို၊ အဓာရယိံ–ဆောင်ပြီ။ မာသိကံ–တစ်လတစ်ကြိမ်၊ ဘတ္တံ–ပျော့အပ်သောဆွမ်းကို၊ ဘုဉ္ဇန္တော–သမန်းမြက်ဖျားဖြင့် လျှာဖျား၌ တို့လျက်၊ ကေသမဿုံ–ဆံမုတ်ဆိတ်ကို၊ အလောစယိံ–လက်ဖြင့် နှုတ်စေခဲ့သည်သာတည်း။ ။

* * * *

## ရာဇဒတ္တထေရ်

သူသည် ရှေးဘုရားရှင်တို့လက်ထက်တို့၌ ဝဋ်ကင်းရာ နိဗ္ဗာန်ကို ရည်စူး၍ ဆုတောင်းပါရမီရှိဖူး၏။

ဤကမ္ဘာမှ ပြန်၍ရေသည်ရှိသော် တစ်ဆယ့်လေးကမ္ဘာအထက်၌ အမျိုးသားဖြစ်၍ ပစ္စေကဗုဒ္ဓါတစ်ပါးကို သရက်သီးမှည့်လှူဖူး၏။ထိုကောင်းမှုကြောင့် လူ့ပြည်နတ်ပြည်၌ ကျင်လည်ရ၍ ဂေါတမဘုရားရှင်လက်ထက်၌ လှည်းကုန်သည်ဖြစ်ဖူးသည်၊ ဝေဿဝဏ်နတ်မင်းကို တောင်းပန်၍ မွေးဖွားသောကြောင့် ရာဇဒတ္တခေါ်ကြ၏။

အရွယ်ရောက်၍ လှည်းသားငါးရာတို့ဖြင့် ကုန်ရောင်း ကုန်ဝယ် သွားရာ ရာဇဂြိုဟ်သို့ ရောက်၏။ အဆင်းလှသော ပြည့်တန်ဆာမတစ်ယောက်ကို တွေ့၍ တစ်ညတစ်ထောင်ပေး၍ ပျော်ပါး၍ ကြေးငွေကုန်သွားသဖြင့် ယောင်လယ်လယ် ဖြစ်ခါ သံဝေဂရလာ၏။

နောက်လှည်းသားတစ်ယောက် ငွေတစ်ထောင်ပေးခါ ၎င်းပြည့်တန်ဆာမနှင့် နေ၏။ ထိုပြည့်တန်ဆာမသည် ထိုလှည်းသား၏ လက်ထဲ၌ ကြေးငွေများကို မြင်၍၊ အရက်သမားတစ်ယောက်ကို သတ်စေပြီး ယူ၏။

ထိုအကြောင်းကို လူများသိလာ၍ လူမိုက်များတို့သည် ထိုပြည့်တန်ဆာမကို သတ်၍ သုသာန်မှာ ပစ်ထား၏။ ရာဇဒတ္တထေရ်သည် ထိုအသုဘကို တပ်နှစ်သက်၏။ နောက်မှ ဈာန်ကို ဖြစ်စေ၏။ ဈာန်ကို အခြေခံခါ ဝိပဿနာပွား၍ ရဟန္တာဖြစ်၏၊ အောက်ပါဒေသနာတော်တို့ကို ဟောတော်မူခဲ့၏။

ဘိက္ခု သိဝထိကံ ဂန္တွာ၊ အဒ္ဒသ ဣတ္ထိမုဇ္ဈိတံ။
အပဝိဒ္ဓံ သုသာနသ္မိံ၊ ခဇ္ဇန္တိံ ကိမိဟိ ဖုဋံ။
(ရာဇဒတ္တတ္ထေရဂါထာပါဠိတော်၊ ၂၇၅)

ဘိက္ခု-ရဟန်းသည်၊ သိဝထိကံ-သုသာန်သို့၊ ဂန္တွာ-သွား၍၊ သုသာနသ္မိံ-သုသာန်၌၊ အပဝိဒ္ဓံ-စွန့်ပစ်ထားသော၊ ကိမိဟိ-ပိုးလောက်တို့ဖြင့်၊ ဖုဋံ-ထိသော၊ ခဇ္ဇန္တိံ-ခဲစားထားသော၊ ဣတ္ထိမုဇ္ဈိတံ-မိန်းမ အသေကောင်ကို၊ အဒ္ဒသ-မြင်ရသည်သာတည်း။

* * * *

## လကုဏ္ဍကဘဒ္ဒိယထေရ်

ဤမထေရ်အလောင်းသည် ပဒုမုတ္တရဘုရားရှင်လက်ထက်၌ ဟံသာဝတီမြို့မှာ သူဌေးမျိုး၌ ဖြစ်၏။ ဘုရားရှင်သည် အသံကောင်း ရဟန်းတော်တစ်ပါးအား ဧတဒဂ်ပေးသည်ကို မြင်၍ ဆုတောင်းပါရမီ ဖြည့်ဖူး၏၊ ဘုရားရှင်ကလည်း ဗျာဒိတ်ပေးတော်မူ၏။

ဖုဿဘုရားရှင်လက်ထက်၌ ဆန်းကြယ်သော အတောင်ရှိသော ဥဩငှက်ဖြစ်၍ ဘုရားရှင်ကို သရက်သီးမှည့်လှူ၏၊ ထိုကောင်းမှုကြောင့် အသံကောင်းသည်။

ကဿပဘုရားရှင်လက်ထက်၌ စေတီတည်ကြရာ သူများက ခုနစ် ယူဇနာစသည် ကြီးကြီးတည်မည့်ကို သူက ကြီးကြီးမတည်ပါနှင့် ဆို၍ တစ်ဂါဝုတ်မျှသာတည်၊ ထိုအကုသိုလ်ကံကြောင့် ဘဝတိုင်း ဘဝတိုင်း၌ လူပုဖြစ်၏။

သူသည် ဂေါတမဘုရားရှင်လက်ထက်၌ သူဌေးမျိုးမှာ ဖြစ်သည်၊ သူ့ကို လကုဏ္ဍဘဒ္ဒိယတွင်သည်၊ ရဟန်းပြု၍ ဓမ္မကထိကဖြစ်သည်၊ သူသည် ပွဲတစ်ခု၌ ရထားဖြင့် ပုဏ္ဏားတစ်ယောက်နှင့် သွားစဉ် ပြည့်တန် ဆာမတစ်ယောက်သည် သွားကို ဖြဲပြသည်။ သွားအရိုးကို မြင်၍ ကမ္မဋ္ဌာန်းစီးဖြန်းရာ စျာန်ရသည်၊ စျာန်ကို အခြေခံ၍ ဝိပဿနာပွားရာ အနာဂါမ် အဆင့်ဖြစ်သည်။ နောက်အရှင်သာရိပုတ္တရာ၏ အဆုံးအမကြောင့် ရဟန္တာ ဖြစ်သည်။ နောက်အောက်ပါဒေသနာတော်များကိုလည်း ဟောတော်မူ ခဲ့၏။

ပရေ အမ္ဗာဋကာရာမေ၊ ဝနသဏ္ဍမှိ ဘဒ္ဒိယော။
သမူလံ တဏှမဗ္ဗုယှ၊ တတ္ထ ဘဒ္ဒေါဝ ဈာယတိ။
(လကုဏ္ဍဘဒ္ဒိယတ္ထေရဂါထာပါဠိတော်၊ ၂၉၁)

ဘဒ္ဒိယော–သီလစသည်ဖြင့် ကောင်းမြတ်သော ဘဒ္ဒိယမထေရ်သည်၊ ပရေ–မြတ်သော၊ အမ္ဗာဋကာရာမေ–အမ္ဗာဋကမည်သော၊ ဝနသဏ္ဍမှိ–တောအုပ်၌၊ သမူလံ–အမြစ်နှင့်တကွ၊ တဏှံ–တဏှာကို။ အဗ္ဗယှ–နုတ်၍၊ တတ္ထ–ထိုတောအုပ်၌၊ ဘဒ္ဒေါဝ–အရဟတ္တဗိုလ်သည်၊ ဈာယတိ–ဈာန်ဝင်စား၍နေသည်သာတည်း။

* * * *

## သောပါကထေရ်

သူသည် ရှေးရှေးဘုရားရှင်တို့၌ ဆုတောင်းပါရမီရှိခဲ့သည်၊ သိဒ္ဓတ္ထဘုရားရှင်လက်ထက် ပုဏ္ဏားမျိုး၌ ဖြစ်၍၊ ပုဏ္ဏားတို့၏အတတ်၌ ပါရဂူဖြစ်သည်၊ ကာမဂုဏ်၏အပြစ်ကို မြင်၍ ရသေ့ရဟန်းပြုသည်၊ ဘုရားရှင်သည် သူ၏ သေခါနီးသည်ကို မြင်၍ အနီးအနားသို့ သွားရာ ပန်းအခင်းခင်းပေးသည်။ ဘုရားရှင်သည် အနိစ္စသည်နှင့် ပတ်သက်၍ တရားဟောတော်မူသည်။ သူလည်း ကြိုးစားအားထုတ်သည်၊ နောက်သေ၍ လူ့ပြည်နတ်ပြည်၌ ကျင်လည်ပြီး ဂေါတမဘုရားရှင်လက်ထက် သောပါကအမျိုးမှာ ဖြစ်သည်။ မွေးခါစ လေးလမြောက် ဘခင်သေ၍ အဘ၏ ညီဘထွေးက မွေးစားသည်။

ခုနစ်နှစ်အရွယ် ဘထွေးသားနှင့် ရန်ဖြစ်၍၊ ဘထွေးသည် ဒေါသထွက်ခါ ဘထွေးသည် လက်နှစ်ဘက်ကို ကြိုးနှင့် တုတ်၍ မြေခွေးတို့စားရန် သုသာန်မှာ ချည်ထားသည်။ သို့သော် ပစ္ဆိမဘဝိကဖြစ်၍ အန္တရာယ်မရှိပေ။

သောပါကသည် သန်ခေါင်ယံအချိန်၌ ညီးတွားသည်။

ကာ ဂတိ မေ အဂတိဿ၊ ကော ဝါ ဗန္ဓု အဗန္ဓုနော။
သုသာနမဇ္ဈေ ဗန္ဓဿ၊ ကော မေ အဘယဒါယကော။

အဂတိဿ–မကောင်းသော အလားရှိသော၊ မေ–သောပါကမည် ငါသူငယ်အား၊ ဂတိ–သွားရာလာရာ ဂတိသည်၊ ကာ–အဘယ်နည်း၊ အဗန္ဓုနော–ကူညီမည့်သူ အဆွေခင်ပွန်းမရှိသောငါ့အား၊ ဗန္ဓု–အဆွေ အမျိုးသည်၊ ကော ဝါ–အဘယ်သူပါနည်း၊ သုသာနမဇ္ဈေ–သုသာန် အလယ်၌၊ ဗန္ဓဿ–ချည်နှောင်ထားသော၊ မေ–ငါသောပါကအား၊ အဘယဒါယကော–ဘေးမဲ့ပေးမည့်သူသည်၊ ကော–အဘယ်သူပါနည်း။

ဘုရားရှင်သည် သူ၏ ရဟန္တာဖြစ်အံ့သည်ကို မြင်၍ ရောင်ခြည် တော်ခြောက်သွယ်လွှတ်ခါ အောက်ပါဒေသနာတော်ကို ဟောတော်မူ၏။

ဧဟိ သောပါက မာ ဘာယိ၊ ဩလောကဿု တထာဂတံ။
အဟံ တံ တာရယိဿာမိ၊ ရာဟုမုခေဝ စန္ဒိမံ။

(သောပါကတ္ထေရအဋ္ဌကထာပါဠိ၊ ၁၃၆)

သောပါက–သောပါက၊ ဧဟိ–လာပါလော့၊ မာ ဘာယိ–မကြောက် ပါလင့်၊ တထာဂတံ–ဘုရားရှင်ကို၊ ဩလောကဿု–ကြည့်ပါလော့၊ ရာဟု မုခေ–ရာဟု၏ခံတွင်း၌၊ စန္ဒိမံ ဣဝ–လကဲ့သို့၊ အဟံ–ငါဘုရားရှင်သည်၊ တံ–သင့်ကို၊ တာရယိဿာမိ–ကယ်တင်ပေအံ့သတည်း။

သောပါက သူငယ်သည် ဂါထာ၏အဆုံး၌ အနှောင်အဖွဲ့မှ လွတ် ပြီး သောတာပန်ဖြစ်ခါ ဘုရားရှင်၏ ဂန္ဓကုဋီတိုက်ဝသို့ ရောက်လာ၏။ သောပါက၏ မိခင်သည် ဘထွေးအား သားအကြောင်းကို သွား၍ မေးရာ တစ်ခုမှ စကားမပြန်၊ မိခင်သည် ဘုရားရှင်အား အတိတ်အနာဂတ် အလုံး စုံကို သွား၍ မေးမည်ဟု လာ၍လျှောက်၏။

ဘုရားရှင်ကလည်း တန်ခိုးဖြင့် သောပါကကို ဖွက်ထား၏၊ မိခင်က မေး၍ အောက်ပါဒေသနာတော်ကို ဟောတော်မူ၏။

န သန္တိ ပုတ္တာ တာဏာယ၊ န ပိတာ နာပိ ဗန္ဓဝါ။
အန္တကေနာဓိပန္နဿ၊ နတ္ထိ ဉာတီသု တာဏတာ။
(သောပါကတ္ထေရအဋ္ဌကထာပါဠိ၊ ၁၃၇)

ပုတ္တာ–သားတို့သည်၊ တာဏာယ–စောင့်ရှောက်ခြင်းငှာ၊ န သန္တိ–မရှိကုန်၊ ပိတာ–အဘတို့သည်၊ တာဏာယ–စောင့်ရှောက်ခြင်းငှာ၊ န သန္တိ–မရှိကုန်၊ ဗန္ဓဝါ–အဆွေခင်ပွန်းတို့သည်၊ တာဏာယ–စောင့်ရှောက်ခြင်းငှာ၊ န သန္တိ–မရှိကုန်။ အန္တကေန–သေမင်းသည်၊ အဓိပန္နဿ–နှိပ်စက်သောသူအား၊ ဉာတီသု–အဆွေခင်ပွန်းတို့၌၊ တာဏတာ–စောင့်ရှောက်ခြင်းတို့သည်၊ န သန္တိ–မရှိကုန်သည်သာတည်း။

ဤဒေသနာတော်အဆုံး၌ အမိကား သောတာပန်၊ သား ရဟန္တာ ဖြစ်၏၊ သား၏ ရဟန္တာဖြစ်သည်ကို တွေ့ရ၍ ဝမ်းမြောက်ဝမ်းသာ ရှင်ပြု၍သွား၏။ သောပါကအား "ဧကံ နာမ ကိံ = တစ်ခုဟူသည် အဘယ် နည်းစသော ဆယ်ခုသော ပြဿနာတို့ကို မေး၍ "သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ–အလုံးစုံသော သတ္တဝါတို့သည် အာဟာရလျှင် တည်ရာ ရှိကုန်၏"စသည်ကို ဖြေလေသည်။

ဒုင်းဆယ်ချက်တို့သည် ကုမာရပဉ္ဟာမည်၏၊ ဘုရားရှင်သည် နှစ်သက်အပ်သောစိတ်ရှိသည်ဖြစ်၍ ရဟန်းအဖြစ်ကို ခွင့်ပြုတော်မူ၏၊ ပဉ္ဟာ ဗျာကရဏုပသမ္ပဒါမည်၏။

ဟေဝိ–ရဏ၊ ဩဝါဒ၊ အဋ္ဌဝါစိကူ။
ဥတ္တိ ပဉ္ဟာ၊ ဂရုပါ၊ ရှစ်ဖြာ ဒူတေနူ။

ဟူ၍ ဘုရားရှင်လက်ထက်တော်၌ ရဟန်းဖြစ်ပုံရှစ်မျိုးရှိသည်။ ယခုအခါကား ထိုရှစ်မျိုးတို့တွင် ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းဖြစ်ပုံ တစ်မျိုးသာရှိသည်။

သောပါကထေရ်သည် အောက်ပါဒေသနာတော်ကိုလည်း ဟော တော်မူသေး၏။

ဇာတိယာ သတ္တဝဿေန၊ လဒ္ဓါ ဥပသမ္ပဒံ။
ဓာရေမိ အန္တိမံ ဒေဟံ၊ အဟော ဓမ္မသုဓမ္မတာ။
(သောပါကတ္ထေရဂါထာပါဠိတော်၊ ၂၉၃)

ဇာတိယာ–ပဋိသန္ဓေအားဖြင့်၊ သတ္တဝဿေန–ခုနစ်နှစ်အရွယ်ဖြင့်၊ ဥပသမ္ပဒံ–ရဟန်း၏အဖြစ်ကို၊ လဒ္ဓါန–ရ၍၊ အန္တိမံ ဒေဟံ–အဆုံးစွန်သော ကိုယ်ကို၊ ဓာရေမိ–ဆောင်ပါ၏။ ဓမ္မသုဓမ္မတာ–တရားတော်၏ ကောင်း မြတ်သော တရားတော်၏အဖြစ်သည်၊ အဟော–သြော် အံ့ဩဖွယ်ရှိပေစွ၏ တကား။ ။

* * * *

## သောဏထေရ်

သူသည် ရှေးရှေးဘုရားရှင်တို့၌ ဆုတောင်းပါရမီရှိဖူးသည်၊ အနောမဒဿီဘုရားရှင်လက်ထက်တော်၌ ဘုရားအမှူးရှိသော သံဃာ တော်တို့ ပစ္စည်းလေးပါးတို့ကို အပြေအပြစ်ပြု၍ လှူဒါန်းဖူးသည်။

ပဒုမုတ္တရဘုရားရှင်လက်ထက်တော်၌လည်း သူဌေးဖြစ်သည်။ သီရိ ဝနမည်သည်၊ ဝီရိယအရာ၌ တေဒဂ်ပေးသော ရဟန်းတစ်ပါးကို မြင်၍ ၎င်းဆုကို တောင်းခါ ပရမီဖြည့်ဖူးသည်၊ ဘုရားရှင်လည်း ဗျာဒိတ်ပေး တော်မူ၏။

လူ့ပြည် နတ်ပြည် ကျင်လည်ပြီး၍ ကဿပဘုရားရှင်လည်း ပရိနိဗ္ဗာန်ပြုပြီးပြီ၊ ဂေါတမဘုရားရှင်လည်း ပွင့်တော်မမူမီစပ်ကြား ဗာရာဏ သီပြည်မှာ အမျိုးကောင်းသားဖြစ်၍ ပစ္စေကဗုဒ္ဓါတစ်ပါးအား လေးလ ပတ်လုံး ပစ္စည်းလေးပါးဖြင့် ကိုးကွယ်ဖူး၏။

ဂေါတမဘုရားရှင်လက်တော်၌ စမ္ပာပြည်မှာ ဥဿဘသူဌေးအိမ်မှာ ပဋိသန္ဓေနေလာ၏။ သူ့ကို ပဋိသန္ဓေနေသည့်နေ့ကစ၍ သူဌေးကြီးအား မြို့သူမြို့သားတို့အား ငွေ့စည်းစိမ်ဥစ္စာ ကျက်သရေမင်္ဂလာ အဖြာဖြာနှင့် ဝေဆာနေသည်။ ရှေးအခါက ပစ္စေကဗုဒ္ဓါအား တစ်သိန်းတန် ကမ္ဗလာကို လှူဖူးခြင်းကြောင့် ရွှေအဆင်းကဲ့သို့လှသည်၊ နူးညံ့သိမ်မွေ့သည်၊ ထို့ ကြောင့် သူ့ကို သောဏခေါ်ကြသည်။ များစွာသော အခြံအရံဖြင့် ကြီး ပွားသည်။

တဿ ဟတ္ထပါဒတလာနိ ဗန္ဓုဇီဝကပုပ္ဖဝဏ္ဏာနိ အဟေသုံ။

(သောဏတ္ထေရအဋ္ဌကထာပါဠိ၊ ၂၃၀)

တဿ–ထိုသောဏသူဌေးသား၏၊ ဟတ္ထပါဒတလာနိ–လက်ဖဝါး ခြေဖဝါးတို့သည်၊ ဗန္ဓုဇီဝကပုပ္ဖပဏ္ဏာနိ–မိုးစွေပန်းပွင့်အဆင်းရှိကုန်သည်၊ အဟေသုံ–ဖြစ်ကုန်၏

သတဝိဟတကပ္ပါသဿ ဝိယ သမ္ဘသောပါဒတလေသု မဏိ– ကုဏ္ဍလာဝဋ္ဋဝဏ္ဏာနိ လောမာနိ ဇာယိံသု။ (သောဏတ္ထေရအဋ္ဌကထာပါဠိ၊ ၂၃၀)

သတဝိဟတကပ္ပါသဿ ဝိယ–အကြိမ်တစ်ရာ ဖန်အပ်သော ဝါး ဂွမ်းဆိုင်၏ကဲ့သို့၊ သမ္ဘသော–အတွေ့သည်၊ ပါဒတလေသု–ခြေဖဝါး အပြင်တို့၌၊ မဏိကုဏ္ဍလာဝဋ္ဋဝဏ္ဏာနိ–ပတ္တမြားနားဆောင်းကလပ်အဆင်း

ရှိကုန်သော၊ လောမာနိ–အမွေးတို့သည်၊ ဇာယိသု–ဖြစ်ကုန်သည်သား တည်း။

ဆောင်း နွေ မိုးနှင့်လျော်သော ပြာသာဒ်တို့ဖြင့် ခံစားရ၍ နတ်မင်းသားအလားရှိပေ၏။ နို့ရေနံ့သာရေနှင့် စိုက်သောဆန်ကိုသာ စား၏။

ဂေါတမဘုရားရှင်၏ တရားကို ကြားနာရ၍ ရဟန်းပြုခါ ဘုရားရှင်မှ ကမ္မဋ္ဌာန်းကို ယူ၍ လူများကင်းရာ ယင်းတိုက်တောသို့ တရားအားထုတ်၏။ စင်္ကြံလျှောက်၍ တရားအားထုတ်ဝီရိယပြင်းထန်သဖြင့် ခြေဖဝါးများ ဖုပေါက်ကုန်သည်၊ တရားမရနိုင်၍ စိတ်ပျက်ခါ လူထွက်ပြီး စည်းစိမ်ကို ခံစားမည်ဟု စိတ်ကူးနေစဉ် ဘုရားရှင်သည် ကြွလာတော်မူ၍ မလျော့မတင်း စောင်းကြိုးညှင်းသို့ ကျင့်အပ်၏ဟု ဟောတော်မူလေလျှင် ဝီရိယမျှအောင် ကျင့်၍ ရဟန္တာဖြစ်လေသည်။

အောက်ပါ ဒေသနာတော်တို့ကိုလည်း ဟောတော်မူခဲ့သည်။

ယာဟုရဋ္ဌေ သမုက္ကဋ္ဌော၊ ရညော အင်္ဂဿ ပဒ္ဓဂူ။
သွာဇ္ဇ ဓမ္မေသု ဥက္ကဋ္ဌော၊ သောဏော ဒုက္ခဿ ပါရဂူ။
(သောဏကောဠိဝိသတ္ထေရဂါထာပါဠိတော်၊ ၃၁၂)

ယော–အကြင်သောဏသည်၊ အင်္ဂဿ–အင်္ဂတိုင်း၏၊ ရညော–ဘုရင် ဗိမ္ဗိသာရမင်း၏၊ ဥက္ကဋ္ဌော–အလွန်မြတ်သော၊ ပဒ္ဓဂူ–အခြွေအရံသူကြွယ်ဖြစ်၏၊ သော–ထိုသောဏသည်၊ အဇ္ဇ–ယခု၊ ဓမ္မေသု–လောကုတ္တရာတရားတို့၌၊ ဥက္ကဋ္ဌော–အလွန်မြတ်၏။ သောဏော–သောဏထေရ်သည်၊ ဒုက္ခဿ–ဇာတိဒုက္ခစသည်၏၊ ပါရဂူ–တစ်ဘက်ကမ်းသို့ ရောက်သွားသူမည်သည်သာတည်း။

* * * *

## ဂေါဒတ္တထေရ်

ဤမထေရ်အလောင်းသည်လည်း ရှေးရှေးဘုရားရှင်တို့၌ ဆု တောင်းပါရမီရှိဖူးသည်။ ငါတို့ဂေါတမဘုရားရှင်လက်ထက်တော်၌ သာဝတ္ထိပြည်မှာ လှည်းကုန်သည်မျိုးမှာ ဖြစ်သည်။ ဂေါဒတ္တတွင်သည်။ လှည်းပေါင်းငါးရာတို့ဖြင့် ကုန်ရောင်းကုန်ဝယ်ပြုသည်၊ ကုသိုလ်ကောင်း မှုကိုလည်း ပြုသည်။

တစ်နေ့သ၌ နွားတစ်ကောင်သည် လှည်းကို မဆောင်နိုင်၍ ဝပ်နေ သဖြင့် မြီးထုံးကို တအားထိုး၏။ နွားသည် (မနုဿဝါစာယ) လူတို့၏ စကားဖြင့် ဂေါဒတ္တ၊ ငါသည် မခိုမကပ် သင်၏ လှည်းကို ဆောင်ခဲ့၏။ ယခုအခါကား မဆောင်နိုင်သည်ကို တအား ငါ၏မြီးထုံးကို ထိုး၏။ နောက် နောင်ဖြစ်လေရာဘဝ၌ သင်နှင့်ငါ ရန်သူပဲဟု ဆဲ၏။

ဂေါဒတ္တသည် ငါကား သတ္တဝါကို နှိပ်စက်၍ အသက်မမွေး တော့ပေဟု ရဟန်းပြုခါ ဝိပဿနာတရားကို အားထုတ်၍ ရဟန္တာဖြစ်သည်။ အောက်ပါ ဒေသနာများကိုလည်း ဟောတော်မူခဲ့၏။

> ယထာပိ ဘဒ္ဒေါ အာဇညော၊ ဓုရေ ယုတ္တော ဓုရဿဟော။
> မထိတော အတိဘာရေန၊ သံယုဂံ နာတိဝတ္တတိ။
>
> (ဂေါဒတ္တတ္ထေရဂါထာပါဠိတော်၊ ၃၁၅)

ဓုရဿဟော–ဝန်ကို ဆောင်ခြင်းငှာ စွမ်းနိုင်သည်ဖြစ်၍၊ ဘဒ္ဒေါ– ကောင်းသော၊ ဓုရေ–လှည်းဦး၌၊ ယုတ္တော–တပ်သော၊ အာဇညော– နွားလားဥဘသသည်၊ အတိဘာရေန–လေးလံလွန်းသောဝန်ဖြင့်၊ မထိ တော–ဖိထားရုံးစေပါသော်လည်း၊ သံယုဂံ–မိမိပခုံးထက်၌ တင်ထားသော ထမ်းပိုးကို၊ နာတိဝတ္တတိ ယထာ–မလွန်နိုင်သကဲ့သို့။

(ဤသို့စသည်ဖြင့် လောကဓံတရားများကို အကျယ်ဟောတော်မူခဲ့၏။)

* * * *

## အညာသိကောဏ္ဍညထေရ်

သူသည် ပဒုမုတ္တရဘုရားရှင်လက်ထက်၌ ဟံသာဝတီမြို့မှာ ဂဟပတိ မဟာသာလမျိုး၌ ဖြစ်၏။ ဘုရားရှင်၏ တရားတော်ကို နာစဉ် ရဟန်းတစ်ပါးအား တရားဦးနာရ သိရသည့်၌ အမြတ်ဆုံးရာထူး (ဧတဒဂ်) ပေးတော်မူသည်ကို မြင်၍ သူလည်း လိုချင်သဖြင့် ဆုတောင်းပါရမီ ဖြည့်ကျင့်၏။ သံဃာတစ်သိန်း အခြံအရံရှိသော ဘုရားရှင်အား အလှူကြီးပေး၏။ ဘုရားရှင်လည်း ဂေါတမဘုရားရှင်လက်၌ ဖြစ်လိမ့်မည်ဟု ဗျာဒိတ်ပေးတော်မူ၏။

ဘုရားရှင် ပရိနိဗ္ဗာန်ပြု၍ စေတီတည်ရာ၌ စေတီတွင်းမှာ (ရတနာဃရ) ရွှေအိမ်ပြု၏၊ စေတီကို ခြံရံ၍ တစ်ထောင်သော ရတနာတန်ဖိုးကို ပြု၏။

ဝိပဿီဘုရားရှင်လက်ထက်၌ မဟာကာလသူကြွယ်ဖြစ်သည်။ ရှစ်ကရီသမျှသော လယ်၌ သလေးစပါးကို ခွဲ၍ သလေးဆန်တို့ကို ရေမရောဘဲ နို့ရေထည့်၍ ပျား ထောပတ် သကာတို့ကိုလည်း ထည့်ခါ ဘုရားအမှူးရှိသော သံဃာတော်တို့အား ပေးလှူသည်၊ သလေးဆန်ခွဲယူသောနေရာ၌ ပြန်၍ပြည့်နေ၏။

ကြီးခါစ အဦး ရိတ်ဦး စုဦး စည်းဦး တလင်းဦး စသည် ကိုးကြိမ်လှူ၏။

ငါတို့၏ ဂေါတမဘုရားရှင် လက်ထက်တော်၌ ကပိလဝတ်မြို့အနီး ဒေါဏဝတ္ထုပုဏ္ဏားရွာ၌ ပြာဟ္မဏမဟာသာလအမျိုးမှာ ဖြစ်၏။ အနွယ်ကို လိုက်၍ ကောဏ္ဍညခေါ်၏။ အရွယ်ရောက်လာ၍ ဗေဒင်သုံးပုံ လက္ခဏာ ကျမ်း မန္တရာကျမ်းအတတ်တို့၌ ပါရဂူဖြစ်၏။

ထိုအခါ၌ ဂေါတမဘုရားအလောင်းသည် တုသိတာနတ်ပြည်မှ စုတေ၍ ကပိလဝတ်ပြည် သုဒ္ဓေါဒနမင်း၏အိမ်၌ ဖြစ်၏။ ထိုဘုရား အလောင်း၏ နာမည်မှည့်အံ့သောနေ့၌ ရှစ်ရာသော လက္ခဏာဖတ် ပုဏ္ဏား တို့သည် ရောက်လာကုန်၏၊ အငယ်ဆုံး ကောဏ္ဍည ပုဏ္ဏားသည် ဘုရား ဖြစ်မည်ဟု ဟော၏။

ဘုရားအလောင်းတော်သည် အခြံအရံဖြင့် ကြီးပွား၍ ဉာဏ်ရင့် ကျက်လာသဖြင့် နှစ်ဆယ့်ကိုးနှစ်မြောက် တောထွက်၏။ အနောမမြစ်၌ ရဟန်းပြု၍ ဥရုဝေဠတောဝယ် တရားအားထုတ်၏။ ဤကောဏ္ဍညစသော ငါးဦးတို့သည် ဘုရားအလောင်းတော်အား ခြောက်နှစ်တို့ပတ်လုံး ပြုစု ကြ၏။ ဘုရားအလောင်းတော်သည် ကဆုန်လပြည့်နေ့၌ ဗောဓိပင်ရင်း မှာ ဘုရားဖြစ်တော်မူ၏။ ဝါဆိုလပြည့်နေ့ မိဂဒါဝုန်တော်မှ ပဥ္စဝဂ္ဂီငါးဦး တို့အား ဓမ္မစကြာတရားကို လာ၍ ဟောတော်မူ၏။

ဒေသနာတော်၏အဆုံး၌ ကောဏ္ဍညထေရ်သည် ပြဟ္မာတစ်ဆယ့် ရှစ်ကုဋေတို့နှင့်တကွ သောတာပန်ဖြစ်သည်။ ငါးရက်နေ့ အနတ္တလက္ခဏ သုတ်ဒေသနာတော်ဖြင့် ရဟန္တာဖြစ်သည်။

နောက် ဇေတဝန်ကျောင်းတော်၌ (ရတ္တညူ)နေ့၏ အပိုင်းအခြား ညဥ့်၏ အပိုင်းအခြားကို သိရာ၌ တေဒဂ်ရ၏။ နောက်ဆဒ္ဒန်အိုင်မှာ သွား၍ တစ်ဆယ့်နှစ်နှစ်တို့ပတ်လုံး သီတင်းသုံးတော်မူ၏။ သိကြားမင်းလာ၍ တရားတောင်းသဖြင့် သစ္စာလေးပါးတရားကို ဟောတော်မူ၏။

သေ ဘိယျော ပသီဒါမိ၊ သုတွာ ဓမ္မံ မဟာရသံ။
ဝိရာဂေါ ဒေသိတော ဓမ္မော၊ အနုပါဒါယ သဗ္ဗသော။
(အညာသိကောဏ္ဍညတ္ထေရဂါထာပါဠိတော်၊ ၃၁၇)

သဗ္ဗသော–ခပ်သိမ်းသော အခြင်းအရာဖြင့်၊ အနုပါဒါယ–တစ်စုံတစ်ခုသော တရားကိုမျှ မစွဲလမ်းဘဲ၊ ဝိရာဂေါ–ရာဂကင်းကြောင်းဖြစ်သော၊ ဓမ္မော–တရားတော်ကို၊ ဒေသိတော–ဘုရားရှင်ဟောတော်မူအပ်၏။ သေော–ထို့အကျွန်ုပ်သည်၊ မဟာရသံ–မြတ်သောအရသာရှိသော၊ ဓမ္မံ–တရားတော်ကို၊ သုတွာ–ကြားနာရ၍၊ ဘိယျော–လွန်စွာ၊ ပသီဒါမိ–ကြည်ညိုပါသည်အရှင်ဘုရား။

(ဤမထေရ်တို့၏ အကြောင်းအရာကို ထောက်၍ ဆုတောင်းပါရမီကြောင့် ပြည့်စုံနိုင်ကြောင်း၊ လိုသောဆုကို တောင်းသင့်ကြောင်း "သဒိသံ ပါကံ ဇနေတိ"ဟူသော ဒေသနာနှင့်အညီ တူသောအကျိုးကို ပေးကြောင်း သိအပ်၏။ ။

* * * *

## အနုရုဒ္ဓထေရ်

သူသည် ရှေးရှေးဘုရားရှင်တို့၌ ဆုတောင်းပါရမီရှိ၏။ ပဒုမုတ္တရဘုရားရှင်လက်ထက်၌ သူကြွယ်ဖြစ်၏။ ဘုရားရှင်၏ တရားတော်ကို နာစဉ် ဒိဗ္ဗစက္ခုဉာဏ်အရာ၌ ဧတဒဂ်ရသော ရဟန်းတစ်ပါးကို မြင်၍ ဆုတောင်း၏။ ဂေါတမဘုရားရှင်ကလည်း ဂေါတမဘုရားရှင်လက်ထက်၌ ရလိမ့်မည်ဟု ဗျာဒိတ်ပေး၏။ ဘုရားအမှူးရှိသော သံဃာတစ်သိန်းအား အလှူကြီးပေး၏။ ခုနစ်ရက်တစ်ခါ အဝတ်များကို ပေးလှူ၏။

ဘုရားရှင် ပရိနိဗ္ဗာန်ပြုရ၍ စေတီတည်ရာ၌ ဒိဗ္ဗစက္ခုဉာဏ်အား အကူအညီဖြစ်ပါစေဟု ဆုတောင်း၍ မီးတိုင်များ ပူဇော်၏။

ကဿပဘုရားရှင်လက်ထက်၌ ဗာရာဏသီပြည်မှာ သူကြွယ်မျိုးမှာဖြစ်၍ ဘုရားရှင်၏ စေတီတော်အား မီးခွက်ကြီးကို မီးစာတစ်ထောင် တပ်၍ ခေါင်းပေါ်တင်ခါ တစ်ညဥ့်လုံး စေတီကို လှည့်ပတ်နေ၏။

ဂေါတမဘုရားရှင် ပွင့်တော်မမူမီ ဗာရာဏသီပြည်မှာ သူသည် ဆင်းရဲအမျိုး၌ ဖြစ်၏။ အန္နဘာရတွင်၏။ သုမနသူဌေး၏စားရင်းငှား ဖြစ်၏။ လင်မယားနှစ်ယောက် စားရန် အစာကို ပစ္စေကဗုဒ္ဓါအား လှူကြ၏။ ထိုနေ့ည သူဌေး၏ ထီးဆောင့်နတ်သည် –

အဟော ဒါနံ ပရမဒါနံ၊ ဥပရိဋ္ဌေ သုပ္ပတိဋ္ဌိတံ။

(အနုရုဒ္ဓတ္ထေရအဋ္ဌကထာပါဠိ၊ ၃၃၇)

ဥပရိဋ္ဌေ–အထက်နတ်ရွာ၌၊ သုပ္ပတိဋ္ဌိတံ–ကောင်းစွာတည်သော၊ ဒါနံ–အလှူသည်၊ ပရမဒါနံ–မြတ်သောအလှူတည်း၊ အဟော–ဩော် အံ့ဖွယ်ရှိ၏။

ဤသို့ ကြီးစွာသောအသံဖြင့် အော်၏၊ သုမနသူဌေးသားသည် အကြောင်းကို သိ၍ ရွှေတစ်ထောင်ပေး၏၊ ကျွန်အဖြစ်မှ လွတ်စေ၍ သင့်တင့်ရာ၌ နေစေ၏။ နည်းတူ မင်းကလည်း ပေး၏။ အိမ်ရာရှင်းရာ ရွှေအိုးများရ၍ သူဌေးဖြစ်၏၊ မင်းသည် ထိုသူအား ထီးဖြူဆောင်းစေ၏။

ဂေါတမဘုရားရှင်လက်ထက်၌ သက္ကောဒနသာကီဝင်မျိုး၏အိမ်မှာ ပဋိသန္ဓေနေ၏၊ အနုရုဒ္ဓါတွင်၏၊ မဟာနာမ်သာကီဝင်၏ညီတည်း၊ ဘုရားရှင်၏ ဘထွေးသားဖြစ်၏၊ ဥတုသုံးပါးနှင့်လျော်သော ပြာသာဒ်၌ မောင်းမများစွာတို့နှင့် ခံစား စံစားရ၏။

ထိုအခါ၌ သာကီဝင်မင်းသားများစွာ ရဟန်းပြုကြသည်။ ဘဒ္ဒိယ မင်းသား အနုရုဒ္ဓါ အာနန္ဒာ ဗာကု ကိမိလ ဒေဝဒတ်တို့သာ ရဟန်းမပြုဘဲ ကျန်နေကြ၏။ အစ်ကို မဟာနာမ်မင်းသားက အနုရုဒ္ဓါမင်းသားအား သင်ရဟန်းပြုမည်လား၊ ငါရဟန်းပြုမည်လားဟု မေး၏။ အနုရုဒ္ဓါမင်းသား ကား သိမ်မွေ့၏၊ ပစ္စည်းဥစ္စာ ပေါများ၏၊ မရှိဟူသော စကားကိုပင် မကြားဖူးပေ။ ၎င်းမင်းသားခြောက်ယောက်တို့သည် ရွှံ့သူ မုန့်ကျွေးတမ်း ဂုံညှင်းကစားကြရာ အနုရုဒ္ဓါမင်းသားရှုံး၍ လေးကြိမ်မြောက် မိခင်က ပေးစရာ မုန့်မရှိ၍ မရှိဟု လာတောင်းသူအား ပြောလိုက်၏။

ထို့နောက် အစ်ကိုမဟာနာမ်မင်းသား ညီအနုရုဒ္ဓါမင်းသားအား ရဟန်းပြုရန် ပြောဆိုသောအခါ ရဟန်းပြုက အဘယ်ကဲ့သို့ ပြုရသနည်းဟု မေး၏။ မဟာနာမ်မင်းသားက ရဟန်းအဖြစ်ဟူသည် ခေါင်းကို ရိတ်ရသည်၊ သပိတ်ဖြင့် ဆွမ်းခံစားရသည်၊ ကမ္မဋ္ဌာန်းတရား အားထုတ်ရသည်ဟု ပြောလေလျှင် အကျွန်ုပ်ကား မတတ်နိုင်ဟု ဆို၏။ အစ်ကိုမဟာနာမ် မင်းသားက သင်ရဟန်းမပြုနိုင်လျှင် လုပ်ကိုင်စားသောက်ပါဟု ပြော၏။ ဘယ်လိုလုပ်ရသည်ဟု သူကား မသိရှာပေ။

ရှေးအခါကလည်း သူတို့သာကီဝင်မင်းသား သုံးယောက်တို့သည် ထမင်းဘယ်ကဖြစ်သည်ဟု အမေးအဖြေပြုကြစဉ် ကိမိလမင်းသားက ကျီမှ ဖြစ်သည်ဟု ဆို၏။ ဘဒ္ဒိယမင်းသားက ခုံလောက်မီးဖိုမှ ဖြစ်သည်ဟု ဆို၏။ အနုရုဒ္ဓါမင်းသားက ရွှေခွက်မှ ဖြစ်သည်ဟု ပြောဆိုဖူးကြ၏။

မဟာနာမ်မင်းသားက လောကမှာ အလုပ်မလုပ်ဘဲ စားရသည် မရှိ၊ ကျွဲနွားများနှင့် လယ်ထွန်ရသည်၊ စပါးစိုက်ရသည်၊ ကံသင်းဆည် ရသည်၊ စပါးရိတ်ရသည်၊ စပါးနယ်ရသည်ဟု ပြောသောအခါ ရဟန်းပြု ပေတော့မည်ဟု ဝန်ခံသည်။

ထိုအခါ ဘဒ္ဒိယမင်းသား၊ အနုရုဒ္ဓါ၊ အာနန္ဒာ၊ ဗာကု၊ ကိမိလ၊ မင်းသားတို့သည် ဥယျာဉ်ကစားထွက်ကြရာ ပါလာသော ဝတ်စားတန်ဆာတို့ကို ဥပါလိအလုပ်အကျွေးအား ပြန်၍လွှတ်၏။ ဥပါလိအလုပ်အကျွေးကလည်း ဤပစ္စည်းများနှင့် မြို့သို့ ပြန်သွားက မင်းဟူသည် ဒေါသမာနကြီးသည် ဖြစ်၍ ဤဥပါလိကား သာကီဝင်မင်းသားများကို သတ်၍ ပစ္စည်းများကို ယူလာသည်ဟု သတ်မှာ သေချာသည်။ ထိုနောက် ဥပါလိသည် ဤမင်းသားတို့ကား ဤပစ္စည်းများကို တံထွေးပမာ စွန့်ပစ်ရာကြသည်။ ငါ့အားလည်း အကြောင်းမထူးဟု လမ်းတစ်ဝက်မှ ပြန်လာခါ အကြောင်းအကျိုးကို ပြောပြပြီး အတူရဟန်းပြုရန် ခွင့်တောင်းသည်။

သာကီမင်းသားတို့သည် ဥပါလိအား ဘုရားရှင်ထံသို့ ခေါ်ဆောင်လာ၍ ဘုရားရှင်အား အရှင်ဘုရား သာကီဝင်မင်းသားတို့သည် မာနကြီးကြသည်။ ဤဥပါလိကား တပည့်တော်တို့အား လုပ်ကျွေးနေသည်မှာ ကြာပါပြီ၊ ဤသူအား ရှေးဦးစွာ ရဟန်းပြုပေးပါ၊ တပည့်တော်တို့အား နောက်မှ ပြုပေးပါ၊ တပည့်တော်တို့ မာနကျစေရန် ဖြစ်ပါသည်ဟု လျှောက်လေ၏။

ဘဒ္ဒိယမင်းသားသည် ထိုဝါ၌ပင်လျှင် တေဝိဇ္ဇပတ္တ ရဟန္တာဖြစ်သည်၊ သာကီဝင်မင်းသားငါးပါးလုံး နောက် ရဟန္တာဖြစ်ကြသည်။

ဒေဝဒတ်ရဟန်းတစ်ပါးသည်သာလျှင် သံဃဘေဒကကံကြောင့် အဝီစိငရဲသို့ ရောက်လေသည်။

သုဒ္ဓေါဒနမင်းသည် တိုက်တွန်းအပ်သည်ဖြစ်၍ ဘဒ္ဒိယမင်းသားစသည်တို့နှင့် အနုပိယတော၌ ဘုရားရှင်၏တရားကို ကြားနာရသောကြောင့် ရဟန်းပြုကာ ဝါတွင်း၌ပင်လျှင် ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရလေသည်။

အရှင်သာရိပုတ္တရာထံမှ ကမ္မဋ္ဌာန်းကို ယူ၍ စေတီယတိုင်း ပါစီန ဝံသတောဌ် တရားအားထုတ်၏။ ခုနစ်ပါးသော ယောက်ျားမြတ်တို့၏ ဝိတက်ကို ကြံစည်၍ ရှစ်ခုမြောက်သော ဝိတက်ကို ကြံခြင်းငှာ မစွမ်းနိုင်။ ဘုရားရှင်သည် သိတော်မူ၍ ကြွသွားကာ တဏှာ မာန ဒိဋ္ဌိ တည်းဟူ သော သံသရာကို ချဲ့ထွင်တတ်သောတရားကို ထည့်၍ ၎င်းရှစ်ပါးကို ကြံစည်အားထုတ်စေသည်။ ပစ္စည်းလေးပါး၌ ရောင့်ရဲခြင်းဘာဝနာ၌ မွေ့ လျော်ခြင်းဖြင့် တန်ဆာဆင်အပ်သော မဟာအရိယာဝံသအကျင့်ကို ဟော တော်မူ၏။

## ဝိတက်ရှစ်ပါးဆောင်ပုဒ်

* အပ္ပိစ္ဆထုတ်၊ သန္တုဋ္ဌိသာ၊ ပဝိဝိတ္တိ၊ ဝီရိယသာ၊ သတိတစ်ဖြာ၊ သမာဟိတာ၊ ပညာရည်၊ ပပဉ္စည်ဟုလာ။

အပ္ပိစ္ဆ ဟူသည်ကား ပစ္စည်းလေးပါး၌ အလိုနည်းခြင်း၊

သန္တုဋ္ဌိ ဟူသည်ကား ရရသမျှနှင့် ရောင့်ရဲခြင်း၊

ပဝိဝိတ္တ ဟူသည်ကား ကိုယ်စိတ်ငြိမ်သက်စွာ နေခြင်း၊

ဝီရိယ ဟူသည်ကား သမထ ဝိပဿနာတရားတို့၌ အားထုတ်ခြင်း၊

သတိ ဟူသည်ကား သတိပဋ္ဌာန်တရားလေးပါးကို အားထုတ်ခြင်း၊

သမာဟိတာ ဟူသည်ကား သမာဓိတည်ကြည်ခြင်း၊

ပညာ ဟူသည်ကား ဝိပဿနာတည်း၊

တဏှာ ဟူသည် လိုချင်ခြင်းလောဘ၊

မာန ဟူသည် အထင်အမြင်ကြီးခြင်း၊

ဒိဋ္ဌိဟူသည် အယူမှားခြင်း၊

အကျယ်ကို အဋ္ဌဝဂ္ဂိုဟ်တွဲရပါဠိတော် (၆၃)၌ ရှုအပ်၏။

အရှင်အနုရုဒ္ဓါသည် အဘိညာဉ်တရား၊ ပဋိသမ္ဘိဒါတရားတို့နှင့် ရဟန္တာဖြစ်သည်။ နောက် ဇေတဝန်ကျောင်းတော်မှာ ဒိဗ္ဗစက္ခုအဘိညာဉ် အရာ ဧတဒဂ်ဘွဲ့ထူး ဂုဏ်ထူးရလေသည်။

ဤဂေါတမဘုရားရှင်၏ သာသနာတွင် ဒိဗ္ဗစက္ခုအဘိညာဉ်ရ အနုရုဒ္ဓါထေရ်သည် သာကီဝင် မဟာနာမ်မင်း၏ညီဖြစ်၍ ဘုရားရှင်၏ ဘထွေးတော် သုက္ကောဒနမင်း၏သားဖြစ်သောကြောင့် ဘုရားရှင်နှင့် ညီအစ်ကို ဝမ်းကွဲတော်စပ်သည်။ တချို့ အဋ္ဌကထာတို့၌ကား အမိတောဒနမင်း၏ သားဟုလည်း ဆိုကြ၏။

ငါးဆယ့်ငါးနှစ်တိုင်တိုင် နိဿဇ္ဇမတင် ဆောက်တည်သည်မှစ၍ နှစ်ဆယ့်ငါးနှစ်တိတိ မအိပ်ပဲ နေခဲ့သည်။ သို့ဖြစ်၍ နောက်ပိုင်း နှစ်ပေါင်းသုံးဆယ်အတွင်း ပစ္စိမယာမ်၌သာ ခန္ဓာငါးပါးတို့၏ နွမ်းနယ်မှုကို ပယ်ဖျောက်ရန် ကျိန်းစက်သည်ဟု ဆိုကြ၏။

ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် လောကဓာတ်ပေါင်းတစ်ထောင် မြင်နိုင်သည်ဟူသော မာန၊ မတွန့်ဆုတ်သောဝီရိယ၊ မမေ့ပျောက်တတ်သော သတိ၊ ငြိမ်းအေးသော ကိုယ်ခန္ဓာ၊ တည်ကြည်သောစိတ်ဖြင့် အားထုတ်သည်ဟူသော ဥဒ္ဓစ္စ၊ သို့ပါလျက် ရဟန္တာမဖြစ်နိုင်သေးဟူသော ကုက္ကုစ္စ ဤတရားသုံးပါးတို့ကို ပယ်ရှား၍ နိဗ္ဗာန်ကို အာရုံပြုရန် အရှင်သာရိပုတ္တရာ တရားဟောမှ ရဟန္တာဖြစ်သည်။

ကောသမ္ဗီပြည်၌ ငြင်းခုံနေကြသော ရဟန်းတို့၏အပြစ်ကို မြင်၍ အညီအညွတ်နေထိုင်ကြသော ရဟန်းတို့ကို မြင်လိုသော ဘုရားရှင်သည်

အရှင်နန္ဒိယ၊ အရှင်ကိမိလတို့နှင့်အတူ ပါစိနဝံသ မိဂဒါယတော၌ နေသော မထေရ်တို့ထံသို့ ကြွတော်မူသည်။

ထင်ရှားကျော်စောသည့် အမျိုးမှ ရဟန်းပြုလာကြသည် များစွာ ရဟန်းတို့အလယ်တွင် ဤအနုရုဒ္ဓါမထေရ်ကို ဦးတည်၍ ဘုရားမြတ်စွာသည် တရားဆွေးနွေးတော်မူသည်။

## နဠကပါလသုတ်မှတ်သားဖွယ်

ဘုရားရှင်က အရှင်အနုရုဒ္ဓါအား သင်တို့ပျော်ကြ၏လော၊ သင့်တို့သည် ပထမအရွယ်ဖြစ်၍ ကာမဂုဏ်ကို ခံစားသောအရွယ်ဖြစ်၏၊ သင်တို့သည် မင်းနှိပ်စက်၍မဟုတ်၊ ခိုးသူနှိပ်စက်၍လည်း မဟုတ်၊ ကြွေးမြီကြောင့်လည်း မဟုတ်၊ အသက်မွေးမှု ကျပ်တည်း၍လည်း မဟုတ်လားဟု မေးတော်မူရာ မှန်ကန်ကြောင်း လျှောက်ကြ၏။ ဇာတိစသည်မှ လွတ်လို၍ ရဟန်းပြုကြသည် မဟုတ်လောဟု မေးတော်မူရာ ဟုတ်မှန်ကြောင်း ဝန်ခံကြ၏။

ကာမဂုဏ်မှ ကင်းဆိတ်အံ့၊ အဘိဇ္ဈာ ဗျာပါဒ ထိန မိဒ္ဓ ဥဒ္ဓစ္စ ကုက္ကုစ္စ ဝိစိကိစ္ဆာသည် စိတ်ကို သိမ်းကျုံး၍ယူ၏၊ မမွေ့လျော်ခြင်း၊ ပျင်းရိခြင်းသည် စိတ်ကို သိမ်းကျုံး၍ယူ၏ဟု ဟောတော်မူ၏။

ဘုရားရှင်က ငါ့အား ညစ်ညူးစေတတ် ပူပန်စေတတ် ဘဝသစ်ကို ဖြစ်စေတတ် ဇာတိဒုက္ခစသည်ကိုဖြစ်စေတတ်သော အာသဝတရားတို့ကို မပယ်ရသေး။ ထို့ကြောင့် ငါဘုရားရှင်သည် အချို့ကို ဆင်ခြင်၍ မှီဝဲ၏။ အချို့ကို ဆင်ခြင်၍ သည်းခံ၏။ အချို့ကို ဆင်ခြင်၍ ကြဉ်ရှောင်၏၊ အချို့ကို ဆင်ခြင်၍ ပယ်ဖျောက်၏ သင်ထင်သလားဟု မေး၏။ အရှင်အနုရုဒ္ဓါက မထင်ပါဘုရားဟု လျှောက်၏။ ဘုရားရှင်သည် အာသဝ

တရားတို့ကို ပယ်ပြီးဖြစ်သဖြင့် ဆင်ခြင်၍ မှိဝဲခြင်းစသည်ကို ပြုသည်ဟု လျှောက်၏။

ချစ်သားအနုရုဒ္ဓါ ငါသည် နောင်တစ်ဖန် ပဋိသန္ဓေမရှိ၊ ထန်းပင် ငုတ်ကဲ့သို့ ပြုပြီးပြီဟု မိန့်တော်မူ၏။ အရှင်အနုရုဒ္ဓါက အရှင်ဘုရားသည် သတ္တဝါတို့၏ ဤမည်သောဘဝ၌ ဖြစ်၏စသည်ဖြင့် ဟောတော်မူသည် မဟုတ်လောဟု လျှောက်၏။

ဘုရားရှင်က ငါသည် လာဘ်စသည်ကို မက်မောတောင်းတ၍ ဤကဲ့သို့ ဟောတော်မူသည် မဟုတ်၊ သဒ္ဓါတရားရှိသောသူတို့အတွက် ဟော၏၊ သဒ္ဓါတရားရှိသောသူတို့သည် အဘယ်သူကား ရဟန္တာဖြစ်၏ဟု ဟောတော်မူသည်ရှိသော် ထိုသူတို့၏ သဒ္ဓါ သီလ သုတ စာဂ ပညာတို့ကို အောက်မေ့လျက် ရဟန္တာဖြစ်၍ ချမ်းသာစွာ နေရ၏။

ဤသို့ အောက်အဖို့၌ဖြစ်သော သံယောဇဉ်ငါးပါးကုန်ခြင်းကြောင့် ဗြဟ္မာပြည်သို့ ရောက်၏။ ရာဂ ဒေါသ မောဟကုန်ခြင်းကြောင့် သက ဒါဂါမ်ဖြစ်သော၊ ဒိဋ္ဌိ ဝိစိကိစ္ဆာကုန်ခြင်းကြောင့် သောတာပန်ဖြစ်သောသူ၊ နည်းတူ ရဟန္တာမိန်းမ၊ ဗြဟ္မာ့ပြည်သို့ ရောက်သူ၊ သောတာပန် သကဒါ ဂါမ်ဖြစ်သူ နည်းတူ ဥပါသကာ ဥပါသိကာမတို့ကို ဟောတော်မူ၏။ ဤသို့ ဟောတော်မူသည်ရှိသော် သဒ္ဓါတရားရှိသောသူတို့ ကြားနာရ၍ ရဟန္တာ ဖြစ်ကာ ချမ်းသာစွာ နေရ၏ဟု ဟောတော်မူ၏။

အဋ္ဌကထာ၌ကား နဠကပါလသုတ်ဟူသည်ကား နဠကပါလရွာ၌ ဟောတော်မူသောသုတ်တည်း၊ ငင်းမျှာနား၌ ရှေးအခါက ဘုရားလောင်း မျောက်မင်းနေ၏၊ ဘီလူးသည် သိမ်းဆည်းအပ်သော ရေကန်ကို ရေ မသောက်ရ၍ ကျူရိုးဖြင့် ရေကန်သို့ မဆင်းဘဲ အခြံအရံများနှင့်တကွ

ရေသောက်ကြသည်။ လဥ ယုံရုပ် ငုံးမင်းနေရာ မီးမလောင်ခြင်း၊ ဃဋိကာရ အိုးထိန်းသည်၏နေရာ မိုးမလောင်ခြင်း၊ ငင်းရေကန်နား၌ ကျူပင်များ တစ်ပေါက်သာရှိခြင်း၊ ဤလေးပါးတို့ကား တစ်ကမ္ဘာပတ်လုံး တည်သော အံ့ဖွယ်တို့သည်း။ (မဇ္ဈိမပဏ္ဏာသပါဠိတော်)

## ပါစိနဝံသဒါယကကထာ

အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒိယ၊ အရှင်ကိမိလတို့သည် ပါစိနဝံသ တော၌ နေစဉ် ဘုရားရှင်သည် ကြွလာ၍ တောစောင့် ဒါယကာက ဤတောသို့ မလာပါနှင့်၊ ဤတော၌ သူတော်ကောင်းသုံးယောက် နေ ထိုင်သည်ဟု တားမြစ်၏။ နောက် ဘုရားရှင်က သင်တို့သည် ကျန်းမာ ချမ်းသာကြပါ၏လောဟု မေးတော်မူရာ တပည့်တော်တို့သည် ကျန်းမာ ချမ်းသာကြပါကြောင်း၊ ကာယကံ မေတ္တာ ဝစီကံမေတ္တာ မနောကံမေတ္တာ ဖြင့် တစ်ပါးအပေါ် တစ်ပါးစောင့်ထိန်း၍ နေကြကြောင်းကို လျှောက်ကြ သည်။

ဘုရားရှင်က မေး၍ အရှင်အနုရုဒ္ဓါက တပည့်တော်တို့သည် အပ္ပမတ္တာ–ကုသိုလ်ဓမ္မ၌ မမေ့မလျော့ကြကြောင်း၊ အာတာပီ–ကိလေသာ ကို ပူပန်စေကြောင်း၊ ပဟိတတ္တာ–နိဗ္ဗာန်သို့ စေလွှတ်သောစိတ်ရှိသည် ဖြစ်၍ နေကြကြောင်း အရေးတကြီး ကိစ္စရှိက စကားပင် မပြောဘဲ နေ ကြကြောင်းကို လျှောက်လေသည်။ (ဝိနည်းမဟာဝါပါဠိတော်)

## ဥပက္ကိလေသသုတ် မှတ်သားဖွယ်

ကောသမ္ဗီပြည်၌ ရဟန်းတို့ အချင်းချင်း အငြင်းအခုံဖြစ်ကြ၍ ဘုရား ရှင်သည် တားမြစ်၍ မရသဖြင့် သံဃာအား ဘုရားမဆံသာသောကြောင့်

သွားခါနီး အလိုတူသောသူတို့ ရန်ဖြစ်တတ်သည်။ ငါမိုက်သည်ဟု ဘယ်သူမျှ မအောက်မေ့၊ သံဃာကွဲပြားကြောင်းကိုလည်း မသိကြ။ လွတ်သောသတိရှိ၏၊ ပညာရှိယောင်ဆောင်ကြ၏။ စကားလျှင် ကျက်စားရာရှိကြ၏၊ ပါးစပ်ကျယ်သလောက် ပြောလိုကြ၏၊ ငြင်းခုံခြင်းဖြင့် အရှက်မဲ့ကို ဆောင်ကုန်၏၊ ငြင်းခုံခြင်းကို ပညာရှိတို့ မသိကုန်။

ငါ့ကို ဆဲရဲ၏၊ ငါ့ကို ညှဉ်းဆဲ၏၊ ငါ့ကို အနိုင်ကျင့်၏၊ ငါ့ဥစ္စာကို ယူ၏၊ ဤသို့ ရန်ငြိုးဖွဲ့၏၊ ထိုသူတို့အား ရန်မအေး၊ ရန်မဖွဲ့မူ ရန်အေး၏၊ ရန်ကို ရန်တုမှုသဖြင့် ရန်မအေး၊ ရန်တုမမူမှ ရန်အေး၏၊ ဤတရားသည် ရှေး၌ ဖြစ်ဖူး၏။

ပညာမရှိသောသူတို့သည် ပျက်စီးသည်ကို မသိ၊ သိခြင်းကြောင့် ရန်အေး၏၊ မင်းနှစ်ပါး ရန်ဖြစ်က ပြန်၍ပေါင်းဖော်၏၊ သင်တို့ကား အဘယ်ကြောင့် ပြန်၍မညီညွတ်ကြသနည်း၊ မိတ်ဆွေကောင်းကို မရသောမင်းသည် တိုင်းပြည်ကို စွန့်၍ တော၌ ဆင်ကဲ့သို့ ကျင့်ရာ၏။ တစ်ယောက်တည်းကျင့်ခြင်းသည် မြတ်၏၊ သူမိုက်များနှင့် ပေါင်းဖော်ခြင်းသည် မမြတ်။ ဆင်သည် တောထဲ၌ တစ်ဦးတည်းနေသကဲ့သို့ ကြောင့်ကြမဲ့နေရာ၏၊ မကောင်းမှုကို မပြုရာဟု ရပ်တော်မူလျက် ဟော၏။

နောက်ဆားချက်ရွာငယ်တစ်ခုသို့ ကပ်၍ ၎င်းရွာ၌ အရှင်ဘဂုနေ၏၊ နောက်ပါစိနဝံသတောသို့ ကြွတော်မူလာ၏။ သူတော်ကောင်းသုံးယောက်ရှိသည်၊ မလာနှင့်ဟု တောစောင့် ဒါယကာက တားမြစ်၏။ နောက် အရှင်အနုရုဒ္ဓါ အရှင်နန္ဒိယ အရှင်ကိမိလတို့နှင့် တွေ့၍ စိတ်တူကိုယ်မျှရှိကြပါကုန်၏လောဟု မေးတော်မူ၏၊ အချင်းချင်း ကာယကံ ဝစီကံ မနောကံ မေတ္တာစိတ်ဖြင့် နေကြပါ၏ဟု လျှောက်၏။

နောက် အရှင်အနုရုဒ္ဓါက မမေ့မလျော့နေပါ၏၊ ကိလေသာကို ပူပန်စေ၏၊ နိဗ္ဗာန်သို့ စေလွှတ်သောစိတ်ရှိပါ၏ဟုလည်း လျှောက်၏၊ အကြောင်းမရှိက စကားမပြောဘဲ နေကြပါဟု လျှောက်၏။

ဘုရားရှင်က သင်တို့အား လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက်လွန်မြတ်သော အရိယာဖြစ်စွမ်းနိုင်သော ဉာဏ်အမြင်အထူးကို ရ၏လောဟု မေးတော်မူ၏။ တပည့်တော်တို့သည် ဩဘာသကသိုဏ်းကိုလည်းကောင်း၊ ရူပါရုံတို့၌ ဒိဗ္ဗစက္ခုဉာဏ်ကိုလည်းကောင်း ရပါ၏။ မကြာမီလည်း ကွယ်ပျောက်ပါကုန်၏၊ ကွယ်ပျောက်ကြောင်းကိုလည်း မသိပါဟု လျှောက်လေ၏။

(၁) ဘုရားရှင်က ငါလည်း ဘုရားမဖြစ်မီ သင့်ကဲ့သို့ ဖြစ်ဖူးသည်၊ ငါ့အား ဝိစိကိစ္ဆာဖြစ်ဖူး၏၊ ဝိစိကိစ္ဆာလျှင် အကြောင်းရင်းရှိသော ပရိကံသမာဓိလည်း ကွယ်ပျောက်၏၊ ပရိကံသမာဓိကွယ်ပျောက်လတ်သော် ဩဘာသကသိုဏ်း ဒိဗ္ဗစက္ခုဉာဏ်လည်း ကွယ်ပျောက်၏၊ နောက် ဝိစိကိစ္ဆာ မဖြစ်၊ ဝိစိကိစ္ဆာလျှင်အကြောင်းရင်းရှိသော ပရိကံသမာဓိလည်း မကွယ်ပျောက်တော့ပေ။

(၂) နောက် ဩဘာသ ရူပါရုံတို့ကို (အမနသိကာရ) ခေါ် နှလုံးမသွင်း၊ ထို့ကြောင့် ထိုကို မှီသော သမာဓိပျောက်၏၊ ထိုတရားများ မဖြစ်အောင် နောက်ကြိုးစား၏။ (၁–နံပါတ် မှီ)

(၃) နောက် ထိနမိဒ္ဓလျှင်အကြောင်းရင်းရှိသော သမာဓိ မပျောက်ကွယ်အောင် ကြိုးစား၏။

(၄) ဆမ္ဘိတတ္တခေါ် ကိုယ်လက်ခက်ထရော်ခြင်းလျှင်အကြောင်းရင်းရှိသော သမာဓိလည်း ကွယ်၏၊ လမ်းသွားရာ နံဘေး၌ ငုံးငှက်များ

ပျံသည်နှင့်တူ၏။ နောက် ကိုယ်လက်ခက်ထရော်ခြင်း မဖြစ်အောင် ပြု၍ သမာဓိလည်း မပျောက်ပေ။

(၅) နောက် ဥပ္ပိလခေါ် ဝမ်းမြောက်ခြင်းဖြစ်သည်၊ ၎င်းဝမ်းမြောက်ခြင်းလျှင်အကြောင်းရင်းရှိသော သမာဓိပျောက်သည်၊ တစ်ခါတည်း ရွှေအိုးငါးလုံးရသည်နှင့်တူ၏။ ထို့နောက် ပေါ်လွင်ဝမ်းမြောက်ခြင်းမဖြစ်အောင် အားထုတ်သည်၊ ထို့ကြောင့် ထိုသမာဓိလည်း မပျောက်တော့ပေ။

(၆) နောက် (ကာယာလသိယံ) ပျော့ညံ့ခြင်းကို မှီသော ကိုယ်ရှိ၏၊ ထို့ကြောင့် ထိုကို မှီသော သမာဓိပျောက်၏၊ နောက်မပျောက်အောင် ကြိုးစား၏။

(၇) နောက် အစ္စာရဒ္ဓဝီရိယခေါ် ပြင်းထန်သော ဝီရိယဖြစ်၏။ ထို့ကြောင့် ထိုကို မှီသော သမာဓိပျောက်၏၊ ပြင်းပြင်းထန်ထန် လက်နှစ်ဖက်တို့ဖြင့် ငုံးငှက်ကို ဖမ်းသည်နှင့်တူ၏၊ အလွန်ပင်ပန်း၏၊ နောက်မဖြစ်အောင် ကြိုးစား၏။

(၈) နောက် အတိလီနဝီရိယခေါ် အလွန်လျော့သော ဝီရိယဖြစ်၏၊ ထို့ကြောင့် သမာဓိကွယ်ပျောက်၏၊ လျော့လျော့ဖမ်း၍ ငုံးငှက်များ ထပြီးပျံသွားသည်နှင့်တူ၏၊ နောက်ဤကဲ့သို့ မဖြစ်ရန် ကြိုးစား၏။

(၉) နောက် အတိဇပ္ပခေါ် အလွန်တောင့်တသော တဏှာဖြစ်၏။ ထို့ကြောင့် သမာဓိပျောက်၏၊ ထိုကဲ့သို့ မဖြစ်ရန်လည်း ကြိုးစား၏။

(၁၀) နောက် နာနတ္တသညာခေါ် အထူးထူးကို မှတ်၏၊ ထိုကြောင့် ထိုကိုမှီသော သမာဓိပျောက်၏၊ ထိုတရားမဖြစ်အောင် ကြိုးစား၏။

(၁၁) နောက် အတိနိဇ္ဈာယိတတ္တခေါ် အလွန်အကဲရှု၏၊ ထို့ကြောင့် ထိုကို မှီသော သမာဓိပျောက်၏၊ ထိုတရားများ မဖြစ်အောင် ကြိုးစား၏။

နောက် ပထမဈာန်စသည်ရကာ ရဟန္တာဖြစ်သည်၊ နောက် ပဋိသန္ဓေမရှိပြီဟု ဟောတော်မူ၏။

**ဆောင်ပုဒ်**

ဝိစိကိစ္ဆ၊ အမနသိကာ၊
ထိနမိဒ္ဓိ၊ ဆမ္ဘိတတ္တာ။
ဥပ္ပိလစ၊ ကာယလသိယာ၊
အစ္စာရဒ်၊ မှတ်အပ် အတိလီနသာ။
အတိဖပ်၊ နာနတ္တသညာ၊
အတိနိ၊ ဗ္ဗာယိတတ္တသာ။ (ဥပရိပဏ္ဏာသပါဠိတော်)

## ရှင်ဂေါသိင်္ဂသုတ်မှဖွယ်

ဘုရားရှင်သည် နာတိကရွာအုတ်ကျောင်း၌ နေတော်မူ၏။ ထိုအခါ အရှင်အနုရုဒ္ဓါ အရှင်နန္ဒိယ အရှင်ကိမိလတို့သည် ဂေါသိင်္ဂမည်သော အင်ကြင်းတော၌ နေ၏။ ဘုရားရှင်ရောက်လာ၍ တောစောင့်က သူတော်ကောင်းသုံးယောက်ရှိသည်၊ မလာနှင့်ဟု တားမြစ်၏၊ နောက် ဘုရားရှင်က သင်တို့သည် ကျန်းမာချမ်းသာပါ၏လော၊ မျှတပါ၏လော၊ မငြင်းခုံဘဲ နေကြ၏လောဟု မေး၏။ တပည့်တော်တို့သည် တစ်ပါးကို တစ်ပါး ကာယကံ ဝစီကံ မနောကံမေတ္တာဖြင့် နေကြပါ၏ဟု လျှောက်၏။ နိဗ္ဗာန်သို့ စေလွှတ်အပ်သောစိတ်ရှိပါ၏လောဟု မေး၏၊ ရှိကြောင်းကို လျှောက်ကြ၏၊ နောက် တပည့်တော်တို့သည် ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် အရူပဈာန်သို့ ရောက်၍ နေပါကုန်၏၊ ဤတရားများကို လွန်မြောက်ခြင်းငှာ အရိယာ၏ဉာဏ်အမြင်ကို ရ၍ ချမ်းသာစွာ နေခြင်းရှိကြပါသည်ဟု လျှောက်ကြ၏။

ထိုအခါ ဒီဃပရဇနနတ်သည် ဤအင်ကြင်းတော၌ ဘုရားရှင်နှင့်တကွ အရှင်အနုရုဒ္ဓါ အရှင်နန္ဒိယ အရှင်ကိမိလတို့ နေကြ၏။ ဝဇ္ဇီတိုင်းသားတို့အတွက် အရတော်လေစွတကားဟု ကြွေးကြော်၏။ ထိုအသံကိုကြား၍ တစ်ဆင့် စာတုမဟာရာဇ် တာဝတိံသာက အစအပြု၍ ဗြဟ္မာ့ဘုံထိကြွေးကြော်ကြကုန်၏။ ဘုရားရှင်က ဒီဃပရဇနနတ်အား ဤပုဂ္ဂိုလ်တို့အားကြည်ညိုသောသူတို့သည် စီးပွားချမ်းသာခြင်းငှာ ဖြစ်၏ဟု ဟောတော်မူလေသည်။ (မူလပဏ္ဏာသပါဠိတော်)

ဤမထေရ်၏အကြောင်းကို ဇာတ်တော်တို့၌ များစွာလာပေ၏။ ဤမထေရ်သည် နံနက်စောစောက မျက်နှာသစ်ပြီး နေရာ၌ ထိုင်ကာ ထာဝစဉ်မြဲသော သမာပတ်ကို အမြဲဝင်စားသော် ဒိဗ္ဗစက္ခု အဘိညာဉ်၏ အစွမ်းဖြင့် အမြဲတမ်းအနေ (သတတဝိဟာရ)ဖြင့် အတိတ်ကမ္ဘာတစ်ထောင်၊ အနာဂတ် ကမ္ဘာတစ်ထောင်ကို အောက်မေ့နိုင်သည်။ ပစ္စုပ္ပန်၌ စကြဝဠာတစ်ထောင်တစ်သောင်းကို တစ်ခုတည်းသော အာဝဇ္ဇန်းဖြင့် သိမြင်နိုင်သည်။

အခါတစ်ပါး၌ ဤမထေရ်သည် ရဟန်းပေါင်းငါးရာတို့နှင့် အတူကပိလဝတ်ပြည်သို့ ကြွရောက်စဉ် ဆွေမျိုးအားလုံး လာရောက်တွေ့ဆုံကြသော်လည်း နှမတော် ရောဟိနီသည် ကိုယ်ရေရောဂါစွဲကပ်နေသောကြောင့် ရှက်နိုး၍ မလာရောက်ကြောင်း သိရှိရဖြင့် အခေါ်ခိုင်းပြီးလျှင် လက်ဝတ်လက်စားတို့ကို ထုခွဲရောင်းချစေ၍ ကျောင်းဆောက်လုပ် လှူဒါန်းစေပြီး ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆွမ်းလုပ်ကျွေးစေရာ မကြာမီပင် ရောဂါပျောက်ကင်း၍ သေသည်၏အခြားမဲ့၌ တာဝတိံသာနတ်ပြည်ဝယ် သိကြားမင်း၏မိဖုရားဖြစ်လေသည်။

## သာရကိဋ္ဌနသဘင်

ကုသိနာရုံပြည်၌ ဗုဒ္ဓမြတ်စွာသည် ပရိနိဗ္ဗာန်ပြုခါနီး နိရောဓသမာပတ်ကို ဝင်စားနေချိန်တွင် ပရိနိဗ္ဗာန်ပြုသွားပြီလားဟု အရှင်အာနန္ဒာက မေးသည်ကို မြတ်စွာဘုရားနှင့်အတူ နေဝသညာနာသညာယတနစျာန်မှ ထသည့်တိုင်အောင် လိုက်၍ဝင်စားသဖြင့် နိရောဓသမာပတ်အတွင်း သေဆုံးခြင်းမရှိနိုင်၍ ပရိနိဗ္ဗာန်စံတော်မမူသေးကြောင်းကို အရှင်အာနန္ဒာအား ပြောပြသည်။ ပရိနိဗ္ဗာန်ဝင်စံတော်မူလျှင် ဝင်စံတော်မူချင်း "နာဟု အဿာသပဿာသော"စသော ဂါထာဖြင့် ရဟန်းတို့အား မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီဖြစ်ကြောင်းသိစေသည်။

နာဟု အဿာသပဿာသော၊ ဋ္ဌိတစိတ္တဿ တာဒိနော။
အနေဇော သန္တိမာရဗ္ဘ၊ ယံ ကာလမကာရိ မုနိ။
အသလ္လီနေန စိတ္တေန၊ ဒေဝါနံ အဇ္ဈဝါသယိ။
ပဇ္ဇောတဿေဝ နိဗ္ဗာနံ၊ ဝိမောက္ခော စေတသော အဟု။
(မဟာပရိနိဗ္ဗာနသုတ်ပါဠိတော်)

တဏှာကင်းတော်မူသော မြတ်စွာဘုရားသည် ငြိမ်းအေးသော နိဗ္ဗာန်သို့ ကြွရန် ရည်စူး၍ ပရိနိဗ္ဗာန်ပြုတော်မူလေပြီ။ ထို့ကြောင့် စိတ်ဓာတ်ကြံ့ခိုင်၍ ကောင်ဆိုးနှစ်ပါးကို အထူးထားလျက် ရှုတော်မူနိုင်သော မြတ်စွာဘုရား၏ ထွက်သက်ဝင်သက်လေတို့သည် မရှိတော့ပြီတကား။

မြတ်စွာဘုရားသည် ညှိုးငယ်ခြင်းမရှိသော စိတ်ဖြင့် ဝေဒနာကို သည်းခံတော်မူလေပြီ။ ထိုမြတ်စွာဘုရား၏ စိတ်တော်သည် ဆီမီးလျှံ ငြိမ်းသကဲ့သို့ပင် ချုပ်ငြိမ်း လွတ်မြောက်တော်မူလေပြီးတကား။

ဘုရားရှင်ပရိနိဗ္ဗာန်ဝင်စံသွားပြီးနောက်တွင်လည်း ဤမထေရ်သည် ပင် ဦးစီးခေါင်းဆောင်ပြုလုပ်၍ အလောင်းတော်ကို ပူဇော်ပွဲ ဗုဒ္ဓသရီရ ပူဇာကို မလ္လာမင်းတို့အား အကြောင်းကြား၍ ပြုလုပ်စေသည်။

သာဓုကီဠနသဘင်နှင့် ဓာတုပူဇာပွဲ ပြီးဆုံးပြီးသည့်နောက် ပထမ သင်္ဂါယနာတင်ပွဲအတွက် ရာဇဂြိုဟ်ပြည်သို့ အသီးသီးကြွမြန်းတော်မူရာ ဤမထေရ်က ရဟန်းထက်ဝက်ကို ဦးဆောင်၍ ခရီးတစ်ကြောင်း ချီတော် မူသည်။ ပထမသင်္ဂါယနာတင်ပွဲတွင် ဤမထေရ်အား ဘာဏဝါရတစ်ရာ နှင့် နှစ်ဆယ်မျှရှိသော အင်္ဂုတ္တရနိကာယ်ကို တပည့်တို့အား ပို့ချရန် သင်္ဂီတိကာရက မထေရ်တို့က အပ်နှင်းကြသည်။

ဤမထေရ်သည် ဝဇ္ဇီတိုင်း ဝေဠုဝရွာ ဝါးခြုံအောက်တွင် ပရိနိဗ္ဗာန် ပြုတော်မူသည်။

အရှင်အနုရုဒ္ဓါ ဟူသည် –

အဇာတသတ်မင်း၏မြေး ဥဒယမင်း၏သား မဟာမုဏ္ဍိကမင်းကို လုပ်ကြံ၍ မင်းပြုသော အနုရုဒ္ဓမည်သောမင်း၊ မဟာသုတမထေရ်၏ ဥပဇ္ဈာယ်ဖြစ်သော အနုရုဒ္ဓါမထေရ်၊ အနုရုဒ္ဓါဘုရား ကောဏ္ဍညဘုရားရှင်၏ အလုပ်အကျွေး အနုရုဒ္ဓထေရ်၊ ပိယဒဿီဘုရားရှင်၏ အလုပ်အကျွေး အနုရုဒ္ဓထေရ်၊ အဘိဓမ္မတ္ထသင်္ဂဟကျမ်းပြု အနုရုဒ္ဓမထေရ်စသည်ဖြင့် နာမည်တူလည်း ရှိသည်။ အဘိဓမ္မတ္ထသင်္ဂဟကျမ်းပြု အနုရုဒ္ဓမထေရ် ကား စောဠတိုင်းခေါ်သော အိန္ဒိယတောင်ပိုင်း ကိဉ္စိပုရနယ် ကာဝေရီမြို့ ဇာတ်ဖြစ်သည်။ တမ္ဗတိုင်း တဥမြို့၌လည်းကောင်း သီဟိုဠ်ကျွန်းတူ မူလ သောမကျောင်း၌လည်းကောင်း သီတင်းသုံးခဲ့သည်။ သီဟိုဠ်ကျွန်း ပထမ ပရက္ကမဗာဟုမင်းလက်ထက် မတိုင်မီ ပေါ်ထွန်းခဲ့သောပုဂ္ဂိုလ်ဖြစ်သည်။

ပရမတ္ထဝိနိစ္ဆယ နာမရူပပရိစ္ဆေဒကျမ်းကိုလည်း ရေးသားခဲ့သည်။ သာသနဝံသကျမ်းတို့၌ အနိရုဒ္ဓလည်းခေါ်၏။

ပရမတ္ထဝိနိစ္ဆယဋီကာဟောင်း ပုဂံဘုရားတို့၌ အနိရုဒ္ဓရှိ၏။

## ဘုရားမြတ်စွာနှင့်အရှင်အနုရုဒ္ဓါထေရ်

ဘုရားရှင်သည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဤမထေရ်၏ နေ့သန့်ရာသို့ များစွာသော မနာပကာယိကာစိတ်ကြိုက်ရုပ်ကို ဖန်ဆင်းနိုင်သည့် နတ်သမီးများ ရောက်လာကြပြီး ဤမထေရ်၏ အလိုအတိုင်း အညို အဝါ အနီ အဖြူ ဖန်ဆင်းပြ၍ မသာယာမှန်းသိမှ ပြန်သွားကြသည်။ ထို့နောက် အဘယ်မျှလျောက်ဖြင့် မနာပကာယိကာနတ်သမီးမျိုး၌ ဖြစ်နိုင်သည်ကို မြတ်စွာဘုရားအား လျှောက်သဖြင့် အကြောင်းရှစ်မျိုးနှင့် ပြည့်စုံသော မိန်းမများ ဖြစ်နိုင်သည်ဟု ဘုရားရှင်က ဤမထေရ်အား ဟောပြသည်။ ယင်းနတ်သမီးတို့သည် ဤမထေရ် ဧကြာမင်းဖြစ်စဉ်က အလုပ်အကျွေးဖြစ်ခဲ့ဖူးကြသည်။

### မနာပကာယိကာ နတ်သမီးဖြစ်ကြောင်းတရားရှစ်ပါး

(၁) မာတုဂါမသည် မိဖလင်တို့၏ ရှေးဦးစွာ ထ၍ နောက်မှအိပ်ခြင်း၊

(၂) မိဖလင်သားတို့အား နေရာပေးခြင်း၊ ရေစသည်ပေးခြင်းဖြင့် ပူဇော်ခြင်း၊

(၃) မပျင်းရှိခြင်း၊

(၄) နိုင်းစေထားသော အမှုလုပ်တို့အား ထိုက်သင့်သလောက် အခကြေးငွေတို့ဖြင့် ဝေဖန်ခြင်း၊

(၅) ရသောပစ္စည်းဥစ္စာများကို စောင့်ရှောက်ခြင်း၊

(၆) ရတနာသုံးပါးအား ဆည်းကပ်ခြင်း၊

(၇) ပါဏာတိပါတစသည်မှ ကြဉ်ရှောင်ခြင်း၊

(၈) ပေးလှူခြင်းတို့တည်း။

ဤအနုရုဒ္ဓါမထေရ်သည် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် အပါယ်ငရဲသို့ ကျရောက်နေသောမိန်းမ၊ နတ်ရွာသုဂတိသို့ ရောက်နေသော မိန်းမတို့ကို မြင်သဖြင့် ၎င်းတို့၏ အပါယ်လားကြောင်း နတ်ပြည်ရောက်ကြောင်း တရားများကို မြတ်စွာဘုရားအား လျှောက်ထား၍ ဘုရားရှင်က ဤမထေရ်အား ဟောကြားတော်မူသည်။

အလားတူပင် နံနက် မစ္ဆေ၊ နေခင်း ဣဿာ၊ ည ကာမရာဂ ဟူသော စိတ်သုံးမျိုးနှင့်သာ အချိန်ကုန်သော မိန်းမများ အပါယ်ကျရောက်ကြောင်းကို ဤမထေရ်အားပင် ဟောကြားတော်မူသည်။

ဤမထေရ်ကို အကြောင်းပြု၍ မာတုဂါမများနှင့် ရဟန်းတော်များသည် တစ်မိုးတစ်ရံတည်းအတူ မအိပ်ကောင်းဟု ဒုတိယသဟသေယျ သိက္ခာပုဒ်ကို ပညတ်တော်မူသည်။

မြတ်စွာဘုရားသည် အနာထပိဏ်သူဌေး၏ သမီး စူဠသုဘဒ္ဒါအား ချီးမြှောက်ရန် ဥဂ္ဂမြို့သို့ ရဟန္တာငါးရာနှင့်အတူ ကြွတော်မူပြီး ဤမထေရ်အား နေရစ်ရန် တိုက်တွန်းထားခဲ့သည်။

## အရှင်အနုရုဒ္ဓါနှင့် ပရိသတ်လေးပါး

ပဥ္စကင်္ဂလက်သမား၏ အိမ်သို့ အရှင်သဘိယ ကစ္စာယနနှင့် အတူ မိမိပါ လေးပါး ဆွမ်းစားကြွရောက်ပြီးနောက် ယင်းလက်သမား၏ မေးလျှောက်အရ "အပ္ပမာဏစေတောဝိမုတ္တိ နှင့် မဟဂ္ဂတစေတောဝိမုတ္တိ တို့၏ ထူးခြားပုံကို ရှင်းလင်းဟောပြပြီး အရူပပတ္တိလေးမျိုးကို ဆက်လက်

ဟောပြစဉ် အရှင်သဘိယကစ္စာယန၏ ကြားဖြတ် မေးခွန်းများကို ဖြေကြားသောအခါ အရှင်အနုရုဒ္ဓါကိုယ်တိုင် ဖြပ်ပွားပြည်ဝယ် ဖြပ်ပွားတို့နှင့်အတူ ပြောဆိုနေထိုင် ဆွေးနွေးဖူးသည်၊ မချွတ်ဟူသော အရှင်သဘိယကစ္စာယန၏ ထင်မြင်ချက်ကို ဝန်ခံသည်။

ဤမထေရ်သည် သတိပဋ္ဌာန်လေးပါးကို အများဆုံး ပွားများအားထုတ်လေ့လာသူဖြစ်သည်။ အခါတစ်ပါး၌ အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်တို့နှင့်အတူ သာကေတမြို့ ကဏ္ဍကီတော၌ အဘယ်မျှလောက်ဖြင့် သေက္ခ အသေက္ခဖြစ်သနည်း၊ အဘယ်တရားကို ပွားများပြီးဖြစ်သောကြောင့် မဟာဘိညတာ မဟာဝိသယဖြစ်သောကြောင့် ကြီးကျယ်များပြားသော အဘိညာရှိသည်၏အဖြစ်သို့ ရောက်သနည်းဟု မေးမြန်းရာ သတိပဋ္ဌာန်လေးပါးတို့တွင် တစ်ပိုင်းတစ်စိတ်အားဖြင့် ပွားများပြီးဖြစ်သောကြောင့် သေက္ခ၊ အပြည့်အစုံ ပွားများပြီးဖြစ်သောကြောင့် အသေက္ခ၊ မဟာဘိညာတာသို့ ရောက်ပြီးသူဖြစ်၍ မိမိသည် လောကဓာတ်တစ်ထောင် မြင်နိုင်သည်ဟူ၍ ဤမထေရ်က ဖြေကြားသည်၊ ဤမထေရ်နှင့်စပ်လျဉ်းသည့် အနုရုဒ္ဓသံယုတ်၌ သတိပဋ္ဌာန်အကြောင်း ဆွေးနွေးမေးမြန်း ဖြေကြားချက်များကိုချည်း တွေ့ရသည်။

သုတနုဆိပ်ကမ်းနေ များစွာသော ရဟန်းတို့ကလည်း အရှင်အနုရုဒ္ဓါသည် အဘယ်တရားများကို ပွားများပြီးဖြစ်သောကြောင့် မဟာဘိညာတာသို့ ရောက်ပါသနည်းဟု မေးကြသည်။

အလားတူပင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌နေ ရဟန်းတို့ကလည်း မေးကြသည်။ ဤသတိပဋ္ဌာန်ပွားများမှုကြောင့်ပင် ဣဒ္ဓိဝိဓ အဘိညာဉ်စသည် ရပုံကို ဖြေကြားသည်။

သာဝတ္ထိပြည်၌ ရဟန်းတို့အား တဏှာကုန်ရန် သတိပဋ္ဌာန်လေးပါး ပွားများရမည်ဟု ဟောသည်။

သလဋ္ဌာဂါရ၌ နေစဉ် သတိပဋ္ဌာန်တရား ပွားများပြီး ရဟန်းသည် လူထွက်ရန် မဖြစ်နိုင်တော့ကြောင်း ဂင်္ဂါမြစ်ဥပမာပေး၍ ဟောတော်မူသည်။

ဝေသာလီပြည် အမ္ဗပါလီတော၌ နေစဉ် အရှင်သာရိပုတ္တရာက ငါ့ရှင် သင်၏ ဣန္ဒြေတို့သည် အထူးကြည်လင်သည်၊ မျက်နှာအဆင်း သန့်ရှင်းကြည်လင်သည်။ အရှင်အနုရုဒ္ဓါသည် အဘယ်တရားနှင့် ကြိမ်ဖန်များစွာ နေပါသနည်းဟု မေးရာ ရဟန်းဖြစ်ပြီး သူသည် သတိပဋ္ဌာန်လေးပါး၌ ကောင်းစွာတည်သော စိတ်ရှိလျက် ကြိမ်ဖန်များစွာ နေသည်ဟု ဖြေကြားသဖြင့် အရှင်အနုရုဒ္ဓါထံမှ ရဲဝံ့သောစကားကို ကြားနာရပေ၏ဟု အရှင်သာရိပုတ္တရာက ချီးကျူးသည်။

သာဝတ္ထိပြည် အန္ဓဝန်တော၌ မကျန်းမာဖြစ်စဉ်ကလည်း သတိပဋ္ဌာန်လေးပါး၌ ကောင်းစွာတည်သောစိတ်ရှိလျက် နေသောသူအား ခန္ဓာကိုယ်၌ ဖြစ်သောဆင်းရဲဒုက္ခသည် စိတ်ကို မလွှမ်းမိုးနိုင်ဟု များစွာသော ရဟန်းတို့အား ဟောကြားသည်။

အခါတစ်ပါး၌ ဗြဟ္မာတစ်ဦးအား ဤဗြဟ္မာ့ပြည်သို့ ရောက်လာနိုင်သည့် သမဏဗြာဟ္မဏတို့ မရှိကြဟု မိစ္ဆာအယူဖြစ်ပေါ်နေသဖြင့် မြတ်စွာဘုရား အရှင်မောဂ္ဂလာန် အရှင်မဟာကဿပ အရှင်မဟာကပ္ပိနတို့နှင့် တကွ သွားရောက်နှိပ်နင်း ဆုံးမရာတွင် ပါဝင်ခဲ့သည်။

ဤမထေရ်အား တစ်ဖွန်းမျှလောက်မျှ လောင်းလှူခဲ့ဖူးသည့် ဣန္ဒကနတ်သား၏ ကောင်းမှုသည် သာသနာပအခါ အနှစ်တစ်သောင်းပတ်

လုံး တစ်ဆယ့်နှစ်ယူဇနာရှိသော ဖိုခံလောက်အစဉ်ကို ပြု၍ လှူဒါန်းခဲ့သော အကုံရနတ်သား၏ ကောင်းမှုထက်လွန်၍ အကျိုးပေးသည်။

တစ်ရံရောအခါ သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၏အနီး ကောသမ္ဗကကျောင်းငယ်၌ သီတင်းသုံးနေစဉ် ဓမ္မပဒ အပ္ပမာဒဝဂ်တို့ကို ရွတ်ဆိုနေသော ဤမထေရ်၏အသံကို ကြားနာရသည့် မြေဖုတ်ဘီလူးမ ပိယင်္ကရမာတာသည် မိမိအစာရှာဖွေမှုကို မေ့လျော့ကာ ဤမထေရ်၏ တရားသံကိုသာ အာရုံစိုက်နေမိသဖြင့် အဆာလွန်၍ ငိုနေသော သားငယ်ကို ချော့မော့နှစ်သိမ့်စေရသည်။

ဤမထေရ်၏တပည့် အဘိဗိကမည်သော ရဟန်းသည် ဆုံးမခက်သည်၊ ဒုဗ္ဗလဖြစ်ကြောင်း အရှင်မဟာကဿပက မြတ်စွာဘုရားအား လျှောက်ထားဖူးသည်။

အလားတူပင် ဗာဟိယမည်သော ရဟန်းသည်လည်း သံဃာသင်း ခွဲရန် အားထုတ်နေပါလျက် အရှင်အနုရုဒ္ဓါက ဆုံးမဖော်မရကြောင်း အရှင် အာနန္ဒာက လျှောက်ထားဖူးသည်။

အခါတစ်ပါး ကောသလတိုင်း တောအုပ်တစ်ခုအတွင်း သီတင်းသုံး နေစဉ် ဘဝဟောင်းက မယားဟောင်းဖြစ်ခဲ့ဖူးသည့် ဇာလိနီနတ်သမီးက တာဝတိံသာနတ်ပြည်ဝယ် အတူတကွ ကာမဂုဏ်ခံစားရန် တောင်းပန်း သည်ကို နောက်တစ်ဖန် အတူနေရန် မရှိတော့ကြောင်း ရှင်းပြရသည်။

အသက်အရွယ်ကြီးရင့် အိုမင်းနေသော ဤမထေရ်မြတ်ကို ရှေးက အချစ်ဟောင်းကြောင့် လာရောက်တောင်းပန်သည်။

* * * *

## အရှင်အနုရုဒ္ဓါထေရ် ဟောတော်မူသောဂါထာ

ပဟာယ မာတာပိတရော၊ ဘဂိနီ ဉာတိဘာတရော။
ပဉ္စ ကာမဂုဏေ ဟိတွာ၊ အနုရုဒ္ဓေါ စ ဈာယတိ။
(အနုရုဒ္ဓတ္ထေရဂါထာပါဠိတော်၊ ၃၃၆)

မာတာပိတရော–မြင်းမိုရ်တောင်ဦး မကကျူးသည့် ကျေးဇူးရှင် အမိအဘတို့ကိုလည်းကောင်း၊ ဘဂိနီ–တစ်အူတူဆင်း နှမရင်းကိုလည်း ကောင်း၊ ဉာတိဘာတရော–ဆွေမျိုးတော်စပ်သမ္ဗုပုဂ္ဂိုလ် ညီအစ်ကိုတို့ကို လည်းကောင်း၊ ပဟာယ–ဝိပဿနာဉာဏ်အတန်တန်ဖြင့် ပယ်စွန့်ပြီး၍၊ ပဉ္စ–ရေတွက်ပိုင်းခြား ငါးပါးကုန်သော၊ ကာမဂုဏေ–ကာမဂုဏ်ညစ်ကြေး သံသရာအပြစ်ဘေးတို့ကို၊ ဟိတွာ–မဂ်ဉာဏ်အဆက်ဆက် ဓားလက် နက်ဖြင့် ပယ်ဖျက်ပြီး၍၊ အနုရုဒ္ဓေါဝ–အနုရုဒ္ဓ အမည်ရသည့် ငါသည် သာလျှင်၊ ဈာယတိ–ကိလေသာကို လောင်ကျွမ်းစေတတ် ဈာန်တရား များကို အမြတ်ထားကာ နေသည်သာတည်း။

* * * *

## အရှင်သာရိပုတ္တရာ

ဤကမ္ဘာမှ ပြန်၍ရေသည်ရှိသော် ကမ္ဘာတစ်သိန်းနှင့်တစ်သင်္ချေ အထက်၌ အရှင်သာရိပုတ္တရာအလောင်းတော်သည် ပြာဟ္မဏမဟာသာလ အမျိုး၌ ဖြစ်သည်။ သရဒလုလင်မည်၏၊ အရှင်မဟာမောဂ္ဂလာန်အလောင်း တော်သည် ဂဟပတိမဟာသာလအမျိုးမှာ ဖြစ်၏၊ သီရိဝဍ္ဎသူကြွယ်မည်၏၊ သူတို့သည် ကစားဘက်ဖြစ်၏။

သရဒလုလင်သည် အဘသေ၍ ဤသတ္တဝါတို့အား သေခြင်းသည် မြဲ၏၊ ထို့ကြောင့် ငါသည် ရဟန်းပြု၍ လွတ်ရာလမ်းကို ရှာမှီအံ့ဟု စိတ်ကူး၏။ ထို့နောက် မိတ်ဆွေအား ငါရဟန်းပြုအံ့၊ မိတ်ဆွေကား ပြုမလားဟု မေးရာ မတတ်နိုင်ဟု ပြန်ပြော၏။ ထိုအခါ ဘဏ္ဍာတိုက်ကို ဖွင့်၍ အလှူကြီးပေးပြီး ရသေ့ရဟန်းပြု၏။ အတုလိုက်၍ ရသေ့ရဟန်းပြုကုန်သော သူတို့သည် လေးသောင်းခုနစ်ထောင်ရှိကုန်၏။

အနောမဒဿီဘုရားရှင်သည် သူတို့အား ချီးမြှောက်ရန် ဘုရားမှန်းသိအောင် ကောင်းကင်မှ ကြွလာတော်မူ၏။ သရဒရသေ့သည် လက္ခဏာတော်ကြီးငယ်ကို မြင်၍ ဘုရားဟု သိသဖြင့် နေရာခင်းပေး၏။

ထိုခဏ၌ လေးသောင်းခုနစ်ထောင်သောရသေ့တို့သည် သစ်သီး သစ်မြစ် ရှာဖွေရာမှ ပြန်လာ၍ ဆရာက အရိုအသေပေးနေသည်ကို မြင်သဖြင့် ကျွန်ုပ်တို့ကား လောကမှာ ဆရာထက်ကြီးသူ မရှိတော့ပေဟု အောက်မေ့ကြ၏။ ယခုကား ဆရာထက်ကြီးသူ ရှိပါသေးလားဟု ပြောကြ၍ သရဒရသေ့သည် မုန်ညှင်းစေ့နှင့် ရှစ်သောင်းလေးထောင်ထက် အောက် ယူဇနာရှိသော မြင်းမိုရ်တောင်နှင့် နှိုင်းစာမရသည်သို့ ရှိ၏ဟု ပြော၏။ ဘုရားရှင်အား အားလုံးရှိခိုးကြ၏။

ဘုရားရှင်အား သစ်သီး ဆွမ်းကပ်ကြ၏။ ဘုရားရှင်ကား အဂ္ဂသာဝကနှစ်ဦးတို့သည် ရဟန်းအပေါင်းနှင့် လာစေသတည်းဟု ကြံစည်တော်မူသည်ကို သိ၍ တစ်သိန်းသော ရဟန္တာအခြံအရံရှိသော အဂ္ဂသာဝက နှစ်ပါးတို့သည် ရောက်လာကုန်၏၊ ပန်းအခင်းလှူကြ၏။

ဘုရားရှင်သည် နိသဘထေရ်ကို ပန်းလှူကျိုး အနုမောဒနာတရား ပြုစေ၏။ ဒုတိယအဂ္ဂသာဝက အနောမာထေရ်ကိုလည်း တရားဟောစေတော်မူ၏။ သို့သော် ရသေ့တစ်ယောက်မှ ရဟန္တာမဖြစ်သည် မြင်တော်

မူ၍ ဘုရားရှင်၏အရာသတည်းဟု သိတော်မူ၍ ရသေ့လေးသောင်ခုနစ်ထောင်တို့ ရဟန္တာဖြစ်ကြသည်။ ပေဘိကျ္ခုခေါ်တော်မူ၏။

သရဒရသေ့သည် နိသဘထေရ်ကဲ့သို့ ဖြစ်ရပါလို၏ဟု ဆုတောင်းလေ၏။ ဘုရားရှင်က ဂေါတမဘုရားလက်ထက် ဖြစ်လိမ့်မည်ဟု ဗျာဒိတ်ပေး၏။ အကြောင်းကို သီရိဝနုအား သွား၍ပြော၏။ ဒုတိယအဂ္ဂသာဝက ရာထူးကို တောင်းပါဟု တိုက်တွန်း၏။

ထိုစကားကို သီရိဝနုသည် ထိုစကားကို ကြား၍ ရှစ်ကရီသမျှသော တလင်းပြင်ကို မဏ္ဍပ်ကန္နားကြီး ထိုး၍ ဘုရားအမှူးရှိသော သံဃာတော်တို့ကို ပင့်၍ အလှူကြီးပေး၏။ ထိုဘဝမှ စုတေ၍ သီရိဝနုသည် နတ်ပြည်၊ သရဒရသေ့သည် ဗြဟ္မာ့ပြည်မှာ ဖြစ်၏။

ထိုသူနှစ်ဦးတို့၏ ကြားကာလ၌ ကံတရားကိုကား ပြော၍ မဆုံးနိုင်ရာ။

ငါတို့ဂေါတမဘုရားရှင်လက်ထက်၌ သရဒရသေ့သည် ရာဇဂြိုဟ်မြို့၏ မနီးမဝေး ဥပတိဿရွာ၌ ရူပသာရီပုဏ္ဏေးမ၏ ဝမ်း၌ ပဋိသန္ဓေနေ၏။ ထိုနေ့၌ပင်လျှင် ရာဇဂြိုဟ်မြို့၏ မနီးမဝေး ကောလိတရွာ၌ မောဂ္ဂလီပုဏ္ဏေးမ၏ဝမ်း၌ မိတ်ဆွေသည် ပဋိသန္ဓေနေ၏။ သူတို့နှစ်ဦးမျိုးခုနစ်ဆက် ပတ်သက်သည်၊ သူတို့နှစ်ဦးအစဉ်အတိုင်း ဥပတိဿ ကောလိတတွင်၏။ ချမ်းသာကြသည်၊ အတတ်ပညာတစ်ဘက်ကမ်းခတ်သည်။

သူတို့သည် ရာဇဂြိုဟ်ပြည်မှာ ပွဲကြည့်နေကြစဉ် ဤလူများသည် သေရလတ္တံ့ဟု သံဝေဂဖြစ်၍ ရသေ့ရဟန်းပြုပြီးမှသာ သံသရာက လွတ်အံ့ဟု နောက်ပါ လုလင်ငါးရာတို့နှင့် သိဥ္စည်းဆရာကြီးထံ၌ ပရိဗိုဇ်

ရဟန်းပြုကြသည်။ ထိုသူတို့ ရဟန်းပြုသည့်နေ့မှစ၍ ဆရာကြီး၌ လာဘ် ပေါများသည်၊ တစ်ရက်နှစ်ရက်ဖြင့် ဆရာ၏အယူကို အားလုံးတတ်၍ ထိုအယူ၌ အနှစ်သာရကို မတွေ့၍ ထွက်လာကြ၏။ ထိုထိုသို့သော ပညာရှိ ရဟန်းပုဏ္ဏားတို့ကို မေး၏၊ မဖြေနိုင်ကြပေ။ နောက် ထိုသူတို့ သည် အကြွင်းသူသည် (အမတ) သေခြင်းကင်းရာ တရားကို ရ၏၊ ထိုသူသည် အကြောင်းကြားစတမ်းဟု ကတိကဝတ်ပြုကြကုန်၏။

ထိုအချိန်အခါ၌ ဥပတိဿပရိဗိုဇ်သည် ဣန္ဒြေသမ္ပတ္တိနှင့် ပြည့် စုံစွာ ဆွမ်းခံကြွလာသော အရှင်အဿဇိရဟန်းနှင့် တွေ့၍ ဤသူကား တခြားသူနှင့်မတူ၊ ကြည်ညိုဖွယ်ရှိသည်၊ ပြဿနာမေးအံ့ဟု နောက်က လိုက်၏၊ ဆွမ်းစားပြီး၍ ပင့်ခါ သင်၏ဆရာကား အဘယ်သူနည်း၊ ဘယ်သူ့ တရားကို နှစ်သက်သနည်းဟု မေးရာ ဘုရားကို ညွှန်ပြ၏။ သင်၏ ဆရာကား ဘယ်ဝါဒရှိသနည်းဟု မေး၏။ ဤသူအား သာသနာတော်၏ နက်နဲသည်၏အဖြစ်ကို ပြပေအံ့ဟု ငါကား ငယ်လည်းငယ်သေး၏၊ များ များ မဟောတတ်ဟု "ယေ ဓမ္မာ ဟေတုပ္ပဘဝါ"ဟူသော ဂါထာကို ဟော၏။

ဥပတိဿသည် ပထမဂါထာဝက်၌ နည်းတစ်ထောင်နှင့် ပြည့်စုံသော သောတာပတ္တိဖိုလ်၌ တည်၏။ သင်တို့၏ ဆရာကား ဘယ်မှာနေသနည်း ဟု မေး၏။ ဝေဠုဝန်ကျောင်း၌ နေသည်ဟု ပြော၏။

ဥပတိဿသည် ကောလိတအား ၎င်းဂါထာကို ဟော၍ သောတာ ပန်ဖြစ်ပြန်၏။ ဆရာသိဥ္စည်းကို ဘုရားရှင်သို့ သွားရန် သွား၍ ခေါ်ရာ တည်အိုး သောက်အိုး မလုပ်လိုဟု ပယ်၏။ သူတို့သည် နောက်ပါ တစ် ရာငါးဆယ်တို့နှင့် ဘုရားရှင်ထံသို့ ရောက်လာ၍ တရားဟောတော်မူရာ ရဟန္တာဖြစ်ကြသည်၊ ဟောဘိက္ခု ခေါ်တော်မူ၏။

အရှင်မောဂ္ဂလာန်သည် ရဟန်းဖြစ်နေသောနေ့မှ ခုနစ်ရက်နေ့ မဂဓရာဇ်တိုင်း ကလ္လဝါလရွာ၌ ထိနမိဒ္ဓနှိပ်စက်၍ နောက်ထိနမိဒ္ဓကို ချေဖျက်ခါ ဓာတ်ကမ္မဋ္ဌာန်းကို ကြားနာရ၍ အထက်မဂ်သုံးပါးကို ရသည်။

အရှင်သာရိပုတ္တရာသည် ရဟန်းဖြစ်၍ လခွဲလွန်ပြီးနောက် ဘုရားရှင်နှင့်အတူ ရာဇဂြိုဟ်ပြည် ဝက်တူးလိုဏ်၌ နေတော်မူစဉ် မိမိ၏တူဖြစ်သော ဒီဃနခပရိဗိုဇ်အား ဝေဒနာပရိဂ္ဂဟာသုတ္တန်ကို ဟောတော်မူသည်ရှိသော် ချူးပြီးသားထမင်းကို စားသကဲ့သို့ သာဝကပါရမီဉာဏ်၏ အထွတ်အထိပ်သို့ ရောက်၏။

အရှင်သာရိပုတ္တရာသည် ပညာအရာ ဧတဒဂ်ရသည်၊ သူများအား အောက်ပါဒေသနာတော်များကိုလည်း ဟောတော်မူခဲ့၏။

ယထာ စာရီ ယထာ သတော သတိမာ၊
ယထာ သင်္ကပ္ပဇ္ဈာယိ အပ္ပမတ္တော၊
အဇ္ဈတ္တရတော သမာဟိတတ္တော၊
ဧကော သန္တုသိတော တမာဟု ဘိက္ခုံ။
(သာရိပုတ္တတ္ထေရဂါထာပါဠိတော်၊ ၃၄၃)

ယထာ–အကြင်အခြင်းအရာဖြင့်၊ စာရီ–ကိုယ်ကျင့်စာရိတ္တရှိ၏၊ ယထာ–အကြင်အခြင်းအရာဖြင့်၊ သတော–အောက်မေ့သည်ဖြစ်၍၊ သတိမာ–သတိတရားရှိ၏၊ ယထာ–အကြင်အခြင်းအရာဖြင့်၊ အပ္ပမတ္တော–မမေ့မလျော့သည်ဖြစ်၍၊ သင်္ကပ္ပဇာယိ–ကောင်းသောအကြံအစည်ရှိသည်ဖြစ်၍ ဈာန်ဝင်စားလေ့ရှိ၏၊ အဇ္ဈတ္တရတော–ဘာဝနာ၌ မွေ့လျော်၏၊ သမာဟိတတ္တော–တည်ကြည်သောစိတ်ရှိ၏၊ ဧကော–တစ်ယောက်ထီး

တည်း၊ သန္တုသိတော–ကောင်းစွာရောင့်ရဲ၏၊ တံ–ထိုပုဂ္ဂိုလ်ကို၊ ဘိက္ခု–ရဟန်းဟူ၍၊ အာဟု–ဆိုကုန်၏။

(ဝေဒနာပရိဂ္ဂဟသုတ္တန်ကို ဒီဃနခသုတ်၌ ရှု) (သာရိပုတ္တသံယုတ်ကား စျာန်တရားကို ဟောထား၏။)

* * * *

## ပစလာမာနသုတ်

ဘုရားရှင်သည် ဘဂ္ဂတိုင်း သုသုမာရဂီရိ ဘေသကဠဟော သားတို့အား ဘေးမဲ့ပေးရာ၌ နေတော်မူစဉ် အရှင်မောဂ္ဂလာန်သည် မဂဓတိုင်း ကလ္လဝါလပုတ္တရွာ၌ ကြံမှိုင်၍ နေတော်မူ၏။ ထိုအခါ ဘုရားရှင်သည် ကွေ့ထားသောလက်ကို ဆန့်ထားသကဲ့သို့လည်းကောင်း၊ ဆန့်တန်းထားသောလက်ကို ကွေ့သကဲ့သို့လည်းကောင်း အရှင်မောဂ္ဂလာန်၏ရှေ့သို့ ရောက်လာတော်မူ၏။

ဘုရားရှင်က ချစ်သားမောဂ္ဂလာန် သင်သည် စေတသိက်၏ မခံခြင်း၊ ကြံမှိုင်၍နေခြင်းတည်းဟူသော မိဒ္ဓတရားရှိ၏၊ စိတ်မကူးလင့်၊ စိတ်မကူးသောသူအား မိဒ္ဓပျောက်သည်၊ မိဒ္ဓကို မကြံစည်လင့်၊ မသုံးသပ်လင့်၊ တတ်နိုင်သလောက် တရားကို သုံးသပ်ပါ။ နား နားခေါင်းတို့ သုံးသပ်ပါ၊ ကိုယ်ကို လက်ဖြင့် သုံးသပ်ပါ။ မျက်နှာသစ်၍ ဟိုဟိုဒီဒီကြည့်ပါ၊ နက္ခတ်တာရာကြယ်တကာတို့ကို ရှုကြည့်ပါ၊ အလင်းရောင်ကို နှလုံးသွင်းပါ၊ နေ့လို မှတ်ပါ၊ စင်္ကြံသွားပါ၊ အတွင်းဣန္ဒြေတို့ကို အပြင်ဣန္ဒြေကဲ့သို့ စိတ်ဖြင့် မှတ်ပါ။ ခြေထောက်တစ်ဖက်ဖြင့် ခြေထောက်တစ်ဖက်ကို သတိပညာထားပါ။ လျင်စွာ ခရီးဦးကြိုဆိုပါ၊ အလွန်အိပ်မနေပါနှင့်၊ လောကီ

စည်းစိမ်ကို ခံစားမနေပါနှင့်၊ မိဒ္ဓတရားကို ခံစားမနေပါနှင့်၊ ဥစ္စာမူးယစ်၍ ဆွေမျိုးတို့နှင့် မနေပါနှင့်၊ လာဘ်မရခြင်းကြောင့် နှလုံးမသာမယာခြင်း မကုံ၊ နှလုံးမသာမယာသူအား ပျံ့လွင့်ခြင်း ဥဒ္ဓစ္စ၊ ပျံ့လွင့်ခြင်းရှိသူအား မစောင့်စည်းခြင်း အသံဝရ၊ မစောင့်စည်းသောသူအား သမာဓိ စိတ်တည်ကြည်ခြင်းမှ ဝေးသည်။

ငြင်းခုံခြင်းကြောင့် သတိပြန့်ပြော၏၊ ပျံ့လွင့်ခြင်း ဥဒ္ဓစ္စဖြစ်၏၊ ဥဒ္ဓစ္စကြောင့် မစောင့်စည်းခြင်း အသံဝရ ဖြစ်၏၊ မစောင့်စည်းခြင်းကြောင့် သမာဓိပျက်၏၊ လူစသည်တို့နှင့် ရောနှော၍ မနေပါလင့်၊ လူတို့၏ အသွားအလာ လေအသံတို့ ကင်းဆိတ်ပါစေဟု ဟောတော်မူ၏။

ထိုအခါ အရှင်မောဂ္ဂလာန်က အရှင်ဘုရား ရဟန်းသည် အကျဉ်းအားဖြင့် တဏှာမှ လွတ်ခြင်း၊ စင်စစ်ယောဂ၏ ကုန်ရာသို့ ရောက်နိုင်ပါသနည်းဟု လျှောက်၏။

ဘုရားရှင်က ချစ်သားမောဂ္ဂလာန် အကြွင်ရဟန်းသည် ဝေဒနာသုံးပါးတို့၌ အနိစ္စဟု အဖန်တလဲလဲရှု၏၊ ရာဂကင်းခြင်းကို အဖန်တလဲလဲရှု၏၊ ချုပ်ခြင်းကို အဖန်တလဲလဲရှု၏၊ စွန့်ခြင်းကို အဖန်တလဲလဲရှု၏၊ ထိုရဟန်းသည် ထိုဝေဒနာတို့၌ တပ်ခြင်းကင်း၏၊ လောက၌ တပ်ခြင်းကင်း၏၊ တပ်ခြင်းကင်းသူအား မပူပန်၊ မပူပန်သောသူအား ပစ္စုပ္ပန်ဘဝ၌ပင်လျှင် ရာဂစသည် ငြိမ်းအေး၏၊ ပဋိသန္ဓေကုန်၏၊ မြတ်သောအကျင့်ကို ကျင့်ပြီးသည်မည်၏၊ မဂ်ဖိုလ်တို့၏ ပြုဖွယ်ကိစ္စကို ပြုပြီးသောသူမည်၏၊ နောက်ဘဝသို့ မသွားတော့ပြီဟု သိ၏ဟု ဟောတော်မူ၏။

(သတ္တင်္ဂုတ္တရပါဠိတော်၊ ပစာလယမာနသုတ်။)

* * * *

## အရှင်မဟာကဿပကိုယ်တော်ကြီး

အရှင်မဟာကဿပအလောင်းတော်သည် ပဒုမုတ္တရဘုရားရှင် လက်ထက်၌ ဟံသာဝတီမြို့ဝယ် ဝေဒေဟမည်သော ကုဋေရှစ်ဆယ်ကြွယ် သူဌေးဖြစ်သည်၊ ရတနာသုံးပါးကို ကြည်ညိုသည်၊ ဥပုသ်စောင့်၍ ဘုရား ရှင်အား ပူဇော်၏။

တစ်နေ့သ၌ ဘုရားရှင်သည် နိသဘထေရ်အား ဓုတင်အရာ ဧတဒဂ် ပေးသည်ကို မြင်၍ နောက်တစ်နေ့ ခြောက်သန်းရှစ်သိန်းသော သံဃာ တော်တို့အား ဆွမ်းကျွေး၏။ နိသဘထေရ်ကဲ့သို့ ဓုတင်အရာ ဧတဒဂ် ဆုကို တောင်း၏၊ ဘုရားရှင်ကလည်း ဂေါတမဘုရားရှင်လက်ထက်၌ ဖြစ်လိမ့်မည်ဟု ဗျာဒိတ်ပေး၏။

လူ့ပြည် နတ်ပြည် ကျင်လည်ပြီး၍ ဤကမ္ဘာမှ ပြန်၍ရေသည်ရှိ သော် ကိုးဆယ့်တစ်ကမ္ဘာအထက်၌ ဝိပဿီဘုရားရှင်လက်ထက် ဗန္ဓုမတီ ပြည်၌ ပုဏ္ဏားသူဆင်းရဲအမျိုးမှာ ဖြစ်၏။ လင်မယားနှစ်ယောက် အပေါ် ရုံတစ်ထည်သာရှိ၏။ ဘုရားရှင်၏ တရားတော်ကို နာရသဖြင့် လှူရန် စိတ်ကူးရာ ပထမယံ၊ ဒုတိယယံပတ်လုံး မစ္ဆေရကို မနိုင်၍ ပစ္ဆိမယံကျမှ လှူနိုင်သဖြင့် 'ဇိတံ မေ-ငါ့အား အောင်ပြီ'ဟု အော်၏။

မင်းသည် အဘယ်ကို အောင်သနည်းဟု မေးရာ မစ္ဆေရကို အောင် ကြောင်းလျှောက်ထား၍ ပုဆိုးအစုံကို လှူ၏၊ ဘုရားရှင်အား လှူ၏၊ ရှင်ဘုရင်သည် တစ်ဆတက်ပြီး ပေးသည်ကိုလည်း လှူ၏၊ နောက်ဆုံး အစုံသုံးဆယ်ကို ပေး၏၊ လင်မယားအတွက် နှစ်စုံကို ယူထား၍ အကျန်ကို ဘုရားရှင်အား လှူဒါန်း၏။

နောက်အဘိုးတစ်သိန်းတန် ကမ္ဗလကို ပေး၏။ "ဣမသ္မိံ ပူတိ ကာယေန ဥပနီတေန-ဤအကောင်ပုပ်မှာ ဘာလုပ်ဖို့လဲ"ဟု ဘုရားရှင်၏

ဂန္ဓကုဋီတိုက်၌ မျက်နှာကြက်လှူ၏၊ မင်းသည် ပုရောဟိတ်ရာထူးကို ပေး၏။

ထိုဘဝမှ စုတေ၍ ကောဏာဂုံ ကဿပ ဘုရားနှစ်ဆူတို့ကြား သူကြွယ်မျိုး၌ ဖြစ်၏။ ပစ္စေကဗုဒ္ဓါတစ်ပါးအား ရေသနုပ်အတွက် အပေါ်ရုံကို လှူ၏၊ အိမ်ကို ရောက်၍ မယားအား ပြောရာ မကြိုက်၍ ရန်ဖြစ်ကြ၏။ ၎င်းပစ္စေကဗုဒ္ဓါသည် ဆွမ်းခံကြွရာ မယားသည် သပိတ်မှ ဆွမ်းကို စွန့်၍ ညွန်ပျောင်းများထည့်၏၊ ပုဏ္ဏားမြင်၍ ရေဆေးပြီး စတုမဓုဖြင့် လောင်းလှူ၏။

ထိုဘဝမှ စုတေ၍ ကဿပဘုရားရှင်လက်ထက်၌ ကုဋေရှစ်ဆယ် ကြွယ် သူဌေးသားဖြစ်၏၊ မယားသည်လည်း တစ်ယောက်သောသူဌေး သမီးဖြစ်၏။ သူတို့ထိမ်းမြားကြ၏၊ သူဌေးသမီးသည် ပစ္စေကဗုဒ္ဓါ အရှင်အား ပြစ်မှားဖူး၍ အဝေးမှ ပုပ်စော်နံသဖြင့် သူဌေးသားနှင့်လွှတ်သည်၊ ထိုမိန်းမသည် ခုနစ်နေရာ နှင်လွှတ်ခံရသည်။

ကဿပဘုရားရှင် ပရိနိဗ္ဗာန်ပြုစဉ် ရွှေအုတ်စေတီတည်မည်ပြုကြ၏၊ ထိုမိန်းမသည် ရွှေငွေတန်ဆာတို့ကို လက်သမားနှင့်ပေါင်း၍ စေတီတည်ရာ၌ လှူ၏၊ ခန္ဓာကိုယ်ပါးစပ်မှ မွှေးပါစေဟု ဆုတောင်း၏။

နောက်တစ်ကြိမ် သူဌေးသားအတွက် ထိုမိန်းမကို ဆောင်ရာ ခန္ဓာကိုယ်ပါးစပ်မှ မွှေးကြိုင်နေ၏၊ အကြောင်းကိုလည်း ပြောပြ၏၊ သူဌေးသားသည် ဘုရားရှင်၏ သာသနာကား ဝဋ်မှ ထုတ်ဆောင်တတ်၏ဟု ကြည်ညို၍ တစ်ယူဇနာရှိ ရွှေစေတီ၌ ရွှေသင်္ကန်းဆက်ကပ်၏။

သူဌေးသားသည် ထိုဘဝမှ စုတေ၍ ဗာရာဏသီပြည်ဝယ် တစ်ယူဇနာဝေးသောအရပ်၌ မင်းဖြစ်၏၊ သူဌေးသမီးသည်လည်း နတ်ပြည်မှ စုတေ၍ မင်းမျိုး၌ သမီးကြီးဖြစ်လာ၏။

သူတို့အရှယ်ရောက်လာစဉ် နက္ခတ်ပွဲကျင်းပ၏၊ ထိုသူသည် မိခင်အား အဝတ်ကောင်းတောင်း၏၊ ပေးသောအဝတ်ကိုလည်း မယူလို၊ မိခင်ကလည်း မပေးနိုင်တော့ချေ၊ သားသည် မိခင်အား ယနေ့ ကျွန်တော် မင်းအဖြစ်ကို အလိုရှိသည်၊ ဗာရာဏသီပြည်မှာ မင်းလုပ်မည်ဟု ဆိုပြီး အိမ်မှ ထွက်ခဲ့၏။ ဗာရာဏသီမင်း၏ဥယျာဉ်ရှိ ကျောက်ဖျာဝယ် ဦးခေါင်းခြုံ၍ အိပ်နေ၏၊ ထိုနေ့ကာ ဗာရာဏသီမင်းသေ၍ ခုနစ်ရက်မြောက်နေ့ တည်း။

အမတ်တို့သည် ငါတို့မှာကား မင်းသမီးရှိ၏၊ မင်းလောင်းမရှိ ဟု တိုင်ပင်ကြ၍ ဖုဿရထားလွှတ်၏၊ ရထားသည် ထိုလူအား ရောက်လာ၏၊ နန်းတော်သို့ ပင့်၍ မင်းမြောက်ရာ ဝတ်လဲတော်တောင်း၊ မပေးနိုင်ကြသဖြင့် ပေးသောဝတ်လဲတော်ကိုလည်း ထူထဲသည်စသည်ဖြင့် မကြိုက်သောကြောင့် သူသည် ရေခရားမှ လက်ဆေးလုပ်၊ ဆေးပြီးသေရေကို အရှေ့အရပ်သို့ ပစ်၏။ ထိုခဏ၌ ပဒေသာပင်ရှစ်ပင် မြေကြီးမှ ပေါက်လာ၏။ နည်းတူ အရပ်လေးမျက်နှာမှ ရှစ်ပင်စီပေါက်၏။ ပဒေသာပင်မှ အဝတ်ကို ဝတ်၍ ဆင်ကျောက်ကုန်းပေါ်တက်ပြီး မြို့ကိုလှည့်လည်ခါ မိန်းမများ ရက်ကန်း မရက်ကြနှင့် ယိုသလို လာယူ၍ သုံးပါဟု ပြောခဲ့လျက် မင်းပြု၏။

ပစ္စေကဗုဒ္ဓါတို့အား ပင့်ဖိတ်၍ အလှူကြီးပေးကြ၏၊ မင်းသည် ပစ္စန္တရာဇ်အရပ်များ ချောက်ချား၍ ငြိမ်းအေးရန် သွားစဉ် ပစ္စေကဗုဒ္ဓါများ ပရိနိဗ္ဗာန်ပြု၍ ကျန်သောဓာတ်တော်တို့ကို စေတီတည်ကြ၏။

နောက်မင်း ရောက်လာ၍ ပစ္စေကဗုဒ္ဓါများ ပရိနိဗ္ဗာန်ပြုကြောင်း သိရသဖြင့် –

ဝေဠုပါနမွိ ပဏ္ဍိတာနံ မရဏံ ဥပ္ပန္နံ၊ အမှာကံ ကုတော မောက္ခော။
(မဟာကဿပထေ္ထရအဋ္ဌကထာပါဠိ၊ ၄၃၀)

ဝေဠုပါနမွိ–ဤသို့သဘောရှိသည်လည်းဖြစ်ကုန်သော၊ ပဏ္ဍိတာနံ–ပညာရှိတို့အား၊ မရဏံ–သေခြင်းသည်၊ ဥပ္ပန္နံ–ဖြစ်၏၊ အမှာကံ–ငါတို့အား၊ ကုတော မောက္ခော–ဘယ်မှာ လွတ်အံ့နည်း။

ဤသို့ နှလုံးပြု၍ နှစ်ယောက်လုံး ဥယျာဉ်သို့ သွားကြ၏၊ ရသေ့ရဟန်းပြုခါ ဈာန်ဝင်စားလျက် သေ၍ ဗြဟ္မာ့ပြည်သို့ ရောက်ကြ၏။

ဂေါတမဘုရားရှင်လက်ထက် ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်သို့ ရောက်လာ၏။ အရှင်မဟာကဿပအလောင်း ပိပ္ပလိလုလင်သည် မဂဓရာဇ်တိုင်း မဟာတိတ္ထပုဏ္ဏားရွာ၌ ကပိလပုဏ္ဏား၏ အဂ္ဂမဟေသီဝမ်းဝယ် ဖြစ်၏၊ ဖနီးမောင်နှံဖြစ်လတ္တံ့သော ဘဒ္ဒါကာပိလာနီသည် မဒ္ဒရာဇ်တိုင်း သာဂလမြို့ ကောသိယပုဏ္ဏားမျိုး၏ အဂ္ဂမဟေသီဝမ်း၌ ဖြစ်၏။

ပိပ္ပလိလုလင်အား မိဘတို့က အိမ်ထောင်ပြုစေရာ ငြင်းပယ်၍ မရ သည့်နောက်ဆုံး ရွှေရုပ်ထု၍ ဤရွှေရုပ်ကဲ့သို့ လှသောသူကို ရမှ ယူမည်ဟု ပြော၏။

မိဘတို့က ဤသူကား ဘုန်းကံရှိသူတည်း၊ ပါရမီဖြည့်ဘက်ရှိဦးမည်ဟု ပုဏ္ဏားရှစ်ယောက်တို့ကို အရှာခိုင်း၏၊ လူများနှင့် တွေ့၍ လာခဲ့ပါ။ ဤရွှေရုပ်နှင့်တူသည်၊ တစ်ဆယ့်နှစ်တောင်တိုက်ခန်း မီးမထွန်းသော မိန်းကလေးတစ်ယောက်ရှိသည်ဟု ခေါ်လာကြ၏။

ပုဏ္ဏားများ သဘောကျ၍ စေ့စပ်ကြရာ နှစ်ယောက်လုံးက သင်သည် နှစ်သက်ရာကို ယူပါ၊ ငါကား ရဟန်းပြုအံ့ဟု အပြန်အလှန် ပဏ္ဏာဆက်ကြသည်ကို ပို့သူများက ပြန်လှန်ရေးသား၍ အိမ်ထောင်ပြုလို

ကြောင်းကို ပြသဖြင့် နောက်ဆုံး သူများ လက်ချက်ကြောင့် အိမ်ထောင် ပြုကြ၏။

ငါတို့နှစ်ယောက် ဤပန်းကုံးညှိုးက တစ်ယောက်ယောက် ရာဂစိတ် ရှိသူတည်းဟု သိရန် အလယ်က ပန်းကုံးခြား၍ အိပ်ကြ၏၊ ပန်းကုံးကား မညှိုးပေ။

ပိပ္ပလိလုလင်သည် ရထားစီး၍ မြို့ပြင်သို့ ထွက်ရာ ထွန်ကျစ်တွင် တီကောင်တို့ကို စားနေသော ကျီးများကို မြင်၍ မေးရာ သူများက သင်၏ လယ်ဖြစ်၍ သင်၏အကုသိုလ်တည်းဟု ပြောကြ၏။

ထိုအခါ ပိပ္ပလိလုလင်သည် ရှစ်ဆယ့်ခုနစ်ကုဋေသောဥစ္စာ၊ တစ် ဆယ့်နှစ်ယူဇနာရှိသောမြေ၊ ရွာပေါင်းတစ်ဆယ့်လေးရွာတို့ကို ဘဒ္ဒါကာ ပိလာနီအား ပေးခဲ့၍ ရဟန်းပြုအံ့ဟု ကြံ၏။

ဘဒ္ဒါကာပိလာနီသည်လည်း မြို့ပြင်သို့ ထွက်ရာ နှမ်းပိုးတို့ကို ကျီးများစားနေသည်ကို မြင်၍ ၎င်းပစ္စည်းများကို ပိပ္ပလိလုလင်အား အပ် နှံ၍ ရဟန်းပြုရန် ကြံ၏။

သူတို့နှစ်ယောက်လုံးပင် ရဟန်းပြုလို၍ လူများငိုစဉ်ပင်လျှင် တော ထွက်ကြ၏၊ လမ်းတစ်ဝက်၌ ငါတို့နှစ်ယောက်ကိုမြင်၍ အသိဉာဏ်မရှိ သူများက ကဲ့ရဲ့ခါ အပါယ်ရောက်ကြမည်၊ သို့အတွက် လမ်းခွဲမှ တော် မည်ဟု လမ်းခွဲကြ၏။

နှစ်ဆယ့်လေးယူဇနာရှိသော ဤကမ္ဘာမြေကြီးသည် ရှစ်သောင်း လေးထောင်အမြင့် အနက်ယူဇနာဆောင်သော မြင်းမိုရ်တောင်ကို ထမ်း ဆောင်နိုင်ပါသော်လည်း သူတို့နှစ်ယောက်တို့၏ဂုဏ်ကို မထမ်းဆောင် နိုင်ဟု ဆိုဘိသည့်အလား

ဝိဝရမာနကမ္ဗိ–မြည်ဟီးလျက် တုန်လှုပ်၏၊ အာကာသေ အသနိ သဒ္ဒေါ ဝိယ ပဝတ္တိ–ကောင်းကင်၌ မိုးကြိုးသံကဲ့သို့ ဖြစ်၏။

စက္ကဝါဠသိနေရုပဗ္ဗတော ဥန္နဒိ–စကြာဝဠာ မြင်းမိုရ်တောင်သည် ပဲ့တင်ထပ်၏။

ဘုရားရှင်သည် သိတော်မူ၍ ရဟန်းတစ်ပါးကိုမျှ အသိမပေးဘဲ သူတို့ရှိရာ သုံးဂါဝုတ်မျှသော ရာဇဂြိုဟ်မြို့ နာလန္ဒမြို့တို့၏ အကြား သားများသော ပြည်ညောင်ပင်၏အရင်း၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူ၏၊ ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးတော်မူ၏။

ပိပ္ပလိလုလင်သည် ဘုရားရှင်နှင့်တွေ့၍ သင်္ကန်းလဲလှယ်ဝတ်ပြီး ဓုတင်တစ်ဆယ့်သုံးပါးကို ဆောင်ခဲ့ ပုထုဇဉ်ဘဝနှင့် ခုနစ်ရက်နေ၏၊ ရှစ်ရက်မြောက် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်တော်မူ၏။

## အရှင်မဟာကဿပထေရ်၏ ဩဝါဒကထာ

ပရိသတ်သည် စိတ်အနှောင့်အယှက်ရှိသည်၊ အမျိုးမျိုးသောသူကို ချီးမြှောက်ရခြင်းသည် စိတ်ဆင်းရဲရ၍ အပေါင်းအသင်းကို အလိုမရှိရာ ဒါယကာသို့ မချဉ်းကပ်ရာ၊ ငါသည် သပိတ်ထဲသို့ နူနာတစ်ယောက်၏ လက်ချောင်းပြတ်ကျသည်ကို ဆွမ်းနှင့်ရော၍ စား၏။

ပစ္ဆိမအရွယ်၌ သတိပညာရှိသည်ဖြစ်၍ တောင်တက်နိုင်၏၊ ဈာန် ဝင်စားနေ၏။ ထိုတောင်၌ ဆင်အော်သံသည် ပျော်မွေ့စရာ၊ ထိုတောင် သည် ပျော်မွေ့စရာ၊ ဥဒေါင်းတွန်သံသည် ပျော်မွေ့စရာ၊ ငှက်တွန်သံတို့ သည် ပျော်မွေ့စရာ၊ သားတိရစ္ဆာန်တို့နှင့် ပျော်မွေ့စရာ၊ ကာမဂုဏ်ခံစား သူတို့၏ ပျော်မွေ့စရာမဟုတ်။

ကိစ္စဝစ္စ ရှောင်ရှားပါ၊ မာနတရားရှောင်ရှားရာ၏၊ တာဒိဂုဏ်နှင့် ပြည့်စုံရာ၏။ သီတင်းသုံးဖော်တို့၌ အရှိအသေမပြုသူသည် မြေကြီးနှင့် ကောင်းကင်းကဲ့သို့ သူတော်ကောင်းတရားမှ ဝေး၏၊ ဟိရိ ဩတ္တပ္ပ ရှိရာ၏။ ပုံသကူသက်န်းကို ဝတ်ရုံလျက် သတိပညာရှိသူသည် တောင်ခေါင်း အောင်းသော ခြင်္သေ့နှင့် တူ၏။

အရှင်သာရိပုတ္တရာကို ပြဟ္မာတို့ ရှိခိုးကုန်၏၊ ငါ့အား တဏှာကုန် ပြီ။

ယာဝတာ ဗုဒ္ဓခေတ္တမှိ၊ ဌပယိတွာ မဟာမုနိံ။
ဓုတဂုဏေ ဝိသေဋ္ဌောဟံ၊ သဒိသော မေ န ဝိဇ္ဇတိ။
(မဟာကဿပတ္ထေရဂါထာပါဠိတော်၊ ၃၅၃)

အဟံ-ကဿပတွင်မည် ငါမထေရ်သည်၊ ယာဝတာ-အကြင်မျှ လောက်၊ မဟာမုနိံ-ဘုရားရှင်ကို၊ ဌပယိတွာန-ချန်ထား၍၊ ဗုဒ္ဓခေတ္တမှိ-စကြဝဠာကုဋေတစ်သိန်း၌၊ ဓုတဂုဏေ-ဓုတင်ကုတ်ကျေးဇူး၌၊ ဝိသေဋ္ဌော-ဂေါတမဘုရားရှင်လက်ထက်၌ ငါသည်သာလျှင် အထွတ်အမြတ်ဖြစ်တော်မူ၏။ မေ-ကဿပတွင်မည် ငါမထေရ်အား၊ သဒိသော-ဓုတင်အရာ၌ တူမျှသောသူသည်၊ န ဝိဇ္ဇတိ-တကယ်မရှိသည်သာတည်း။

(ဘဒ္ဒါကာပိလာနီထေရီဂါထာကား မဟာကဿပတ္ထေရဂါထာ၌ အကျုံးဝင်၏၊ ဂေါတမိထံ ရဟန်းပြု၍ ရဟန္တာဖြစ်ခြင်းမျှသာ ထူး၏)

(ကဿပသံယုတ်ကား သန္တုဋ္ဌိအကြောင်းကို ဟောထား၏)

* * * *

## ကပ္ပထေရ်

ဤကပ္ပထေရ်သည် ရှေးရှေးသော ဘုရားရှင်တို့၏ ဆုတောင်း ပါရမီရှိ၏၊ သိဒ္ဓတ္ထဘုရားရှင်လက်ထက်တော်၌ သူဌေးဖြစ်သည်၊ အဘ ကွယ်လွန်ပြီးသည်နောက် လိမ္မာရေးခြားနှင့် ပြည့်စုံသောအရွယ်သို့ ရောက် လတ်သော် အထူးထူးအပြားပြား ဆန်းကြယ်စွာသော အဝတ်တို့ဖြင့်လည်း ကောင်း၊ များပြားလှစွာသော တန်ဆာတို့ဖြင့်လည်းကောင်း အထူးထူး အပြားပြားကုန်သော ပတ္တမြားရတနာတို့ဖြင့်လည်းကောင်း၊ ဆန်းဆန်း ပြားပြား ပန်းပွင့် ပန်းဆိုင်တို့ဖြင့်လည်းကောင်း ပဒေသာပင်ကို တန်ဆာ ဆင်၍ ဘုရားရှင်၏ စေတီကို ပူဇော်၏။

ထိုမထေရ်သည် ထိုကုသိုလ်ကံကြောင့် လူ့ပြည်နတ်ပြည်တို့၌ ကျင် လည်ပြီးနောက် ဤဂေါတမဘုရားရှင်လက်ထက်တော်၌ မဂဓရာဇ်တိုင်း ဝယ် မဏ္ဍလိကမင်းမျိုးမှာ ဖြစ်၏။ ဘခင်သေလွန်ပြီးနောက် မင်းဖြစ်၏၊ ကာမဂုဏ်စည်းစိမ်ချမ်းသာများဖြင့် လွန်လွန်ကျူးကျူး ပျော်မွေ့၏။

ဘုရားရှင်သည် ထိုကပ္ပထေရ်အလောင်းကို မဟာကရုဏာသမာ ပတ်မှာ ထစဉ် ဉာဏ်ကွန်ယက်ကို ဖြန့်ကြဲသည်ရှိသော် ဤကပ္ပထေရ် အလောင်းသည် အသုဘဒေသနာတော်ကို ကြားနာရ၍ ကာမဂုဏ်တို့၌ တပ်ခြင်းကင်း၍ ရဟန်းပြုခါ ရဟန္တာဖြစ်လတ္တံ့ဟု သိတော်မူ၍ ကောင်း ကင်ခရီးဖြင့် ကြွတော်မူ၍ အောက်ပါဒေသနာတော်ကို ဟောတော်မူ၍

နာနာကုလမလသမ္ပုဏ္ဏော၊ မဟာဥက္ကာရသမ္ဘဝေါ။

စန္ဒနိကံဝ ပရိပက္ကံ၊ မဟာဂဏ္ဍော မဟာဝဏော။

အယံ ကာယော–ဤခန္ဓာကိုယ်သည်၊ နာနာကုလမလသမ္ပုဏ္ဏော– အမျိုးမျိုးရောပြွမ်းသော မစင်ကြယ်သော အရာဝတ္ထုတို့ဖြင့် ပြည့်စုံ၏၏၊

မဟာဥက္ကာရသမ္မဝေါ-ကြီးစွာသော မစင်တွင်းနှင့်တူသော အမိဝမ်းတိုက် လျှင်ဖြစ်ရာရှိ၏၊ ပရိပက္ကံဝ-အပုပ်အစပ်ရေတို့ဖြင့် ပြည့်၍ ကြာမြင့်စွာ ဟောင်းနွမ်းသော၊ စန္ဒနိကံ-တံစည်းတွင်းကဲ့သို့ ဖြစ်၏။ မဟာဂဏ္ဍော-ပြည်မှည့်နေသော အိုအင်အမာဖုကြီးနှင့်လည်းတူ၏၊ မဟာဝဏော-ပြည် တစိုစို ယိုစီးနေသော အနာပျက်ကြီးနှင့်လည်း တူသည်သာတည်း။

ပုဗ္ဗရုဟိရသမ္ပုဏ္ဏော။ ဂူထကူပေန ဂါဠိတော။
အာပေါပဃ္ဃရဏော ကာယော၊ သာဒါ သန္ဒတိ ပူတိကံ။

ကာယော-ခန္ဓာကိုယ်သည်၊ ပုဗ္ဗရုဟိရသမ္ပုဏ္ဏော-ပြည်ပုပ်သွေး ပုပ်တို့ဖြင့် ပြည့်၏၊ ဂူထကူပေန ဂါဠိတော-မစင်တို့ဖြင့်လည်း ပြည့် ကြပ်နေ၏၊ သဒါ-အခါခပ်သိမ်း၊ အာပေါ-စက်ဆုတ်စရာ အရည်သည်၊ ပဃ္ဃရဏော-ယိုစီး၏၊ ပူတိကံ-ပုပ်သောအရာဝတ္ထုသည်၊ သန္ဒတိ-ယိုစီး သည်သာတည်း။

သဋ္ဌိကဏ္ဍရသမ္ဗန္ဓော၊ မံသလေပနလေပိတော။
စမ္မကဉ္စုကသန္နဒ္ဓေါ၊ ပူတိကာယော နိရတ္ထကော။

ကာယော-ကိုယ်သည်၊ သဋ္ဌိကဏ္ဍရသမ္ဗန္ဓော-ခြောက်ဆယ်သော အကြောမတို့ဖြင့် ဖွဲ့ထား၏၊ မံသလေပနလေပိတော-အသားတည်းဟူ သော သရွတ်ဖြင့် လိမ်းကျံထား၏၊ စမ္မကဉ္စုကသန္နဒ္ဓေါ-အရေဟူသော သင်တိုင်းဖြင့် ဖုံးအုပ်ထား၏၊ ပူတိကာယော-ပုပ်သောကိုယ်ဖြစ်၍၊ နိရတ္ထ ကော-အကျိုးမရှိသည်သာတည်း။

အဋ္ဌိသင်္ဃာတဃဋိတော၊ နှာရုသုတ္တနိဗန္ဓနော။
နေကေသံသံဂတီဘာဝါ၊ ကပ္ပေတိ ဣရိယာပထံ။

ကာယော–ကိုယ်သည်၊ အဋ္ဌိသင်္ဃာတဃဋိတော–သုံးရာကျော်သော အရိုးဆက်တို့ဖြင့် ဆက်စပ်ထား၏၊ နှာရုသုတ္တနိဗန္ဓနော–ကိုးရာသော အကြောတည်းဟူသောကြိုးတို့ဖြင့် အမြဲဖွဲ့ထား၏၊ နေကေသံသံဂတိ ဘာဝါ–မဟာဘုတ်လေးပါး ဗီဝိတိန္ဒြေ ထွက်သက်ဝင်သက် ဝိညာဏ် စသော တရားတို့၏၊ အညီအညွတ် ဆက်စပ်သောကြောင့်သာလျှင်၊ ဣရိယာပထံ–ယန္တရားစက်ကဲ့သို့ ဣရိယာပုတ်ကို၊ ကပ္ပေတိ–ပြုပြင်တတ်သည်သာလျှင်တည်း။

ဓုဝပ္ပယာတော မရဏာယ၊ မစ္စုရာဇဿ သန္တိကေ။

ဣရိယေ ဆဗ္ဗယိတွာန၊ ယေန ကာမင်္ဂမော နရော။

အယံ နရော–ဤသတ္တဝါသည်၊ မရဏာယ–သေခြင်းငှာ၊ ဓုဝပ္ပယာတော–အမြဲသွားခြင်းရှိသည်ဖြစ်၍၊ မစ္စုရာဇဿ–သေမင်း၏၊ သန္တိကေ–အနီး၌ တည်၏။ ဣရိယေ–ဤပစ္စုပ္ပန်လောက၌သာလျှင်၊ ဆဗ္ဗယိတွာန–ကိုယ်ကို စွန့်၍၊ ယေန–အကြင်အရပ်ဖြင့်၊ ကာမင်္ဂမော–အလိုရှိတိုင်း သွားတတ်သည်သာလျှင်တည်း။

ဤခန္ဓာသည် သစ္စာလေးပါးကို မသိခြင်း အဝိဇ္ဇာဖြင့် ဖုံးလွှမ်းထား၏၊ အဘိဇ္ဈာကာယဂန္ထတည်းဟူသော လောဘ၊ ဗျာပါဒကာယဂန္ထတည်းဟူသော ဒေါသ၊ သီလဗ္ဗတပရာမာသတည်းဟူသော ဒိဋ္ဌိ၊ ဣဒံသစ္စာဘိနိဝေသကာယဂန္ထတည်းဟူသော ဒိဋ္ဌိ တည်းဟူသော ဂန္ထတရားလေးပါးဖြင့် ထုံးဖွဲ့ထား၏။ ကာမောဃတည်းဟူသော လောဘ၊ ဘဝေါဃတည်းဟူသော လောဘ၊ ဒိဋ္ဌောဃတည်းဟူသော ဒိဋ္ဌိ၊ အဝိဇ္ဇောဃတည်းဟူသော အဝိဇ္ဇာ–တည်းဟူသော ဩဃလေးပါးတို့၌ နစ်မြုပ်၏။ ကာမရာဂါနုသယတည်းဟူသော လောဘ၊ ဘဝရာဂါနုသယတည်းဟူသော လောဘ၊ ပဋိဃာနုသယတည်းဟူသော ဒေါသ၊ မာနာနုသယတည်းဟူ

သော မာန၊ ဒိဋ္ဌာနုသယတည်းဟူသော ဒိဋ္ဌိ၊ ဝိစိကိစ္ဆာနုသယတည်းဟူသော ဝိစိကိစ္ဆာ–တည်း၊ ဤအနုသယခုနစ်ပါးတည်းဟူသော ကွန်ယက်တို့ဖြင့် လွှမ်းမိုးနှိပ်စက်နေ၏။

အဝိဇ္ဇာယ နိဝုတော ကာယော၊ စတုဂန္ထေန ဂန္ထိတော။

ဩဃသံသီဒနော ကာယော၊ အနုသယာ ဇာလမောတ္ထတော။

ကာယော–ကိုယ်ခန္ဓာသည်၊ အဝိဇ္ဇာယ–အဝိဇ္ဇာတည်းဟူသော နီဝရဏဖြင့် ဖုံးလွှမ်းထား၏၊ စတုဂန္ထေန–လေးပါးသော ဂန္ထတရားဖြင့်၊ ဂန္ထိတော–ထုံးဖွဲ့ထား၏၊ ဩဃသံသီဒနော–ဩဃလေးပါး၌ နစ်မြုပ်နေ၏၊ အနုသယာ ဇာလမောတ္ထတော–အနုသယတည်းဟူသော ကွန်ရက်ဖြင့် လွှမ်းမိုးနှိပ်စက်ခံနေရသည်သာတည်း။

ဤခန္ဓာသည် ကာမစ္ဆန္ဒနီဝရဏ ဗျာပါဒနီဝရဏ ထိနမိဒ္ဓနီဝရဏ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ ဝိစိကိစ္ဆာနီဝရဏ အဝိဇ္ဇာနီဝရဏ တည်းဟူသော နီဝရဏငါးပါးတို့ဖြင့် ယှဉ်၏၊ ဝိတက်ဖြင့် ပြည့်လျှံနေ၏၊ တဏှာတည်းဟူသော အမြင်ရင်းဖြင့် အစဉ်ဖွဲ့နေ၏၊ မောဟတည်းဟူသော အမိုးဖြင့် ပိတ်ဖုံးထား၏။

ပဉ္စနီဝရဏေ ယုတ္တော၊ ဝိတက္ကေန သမပ္ပိတော။

တဏှာမူလေနာနုဂတော၊ မောဟစ္ဆာဒနဆာဒိတော။

အယံ ကာယော–ဤခန္ဓာကိုယ်သည်၊ ပဉ္စနီဝရဏေ–ငါးပါးသော နီဝရဏ၌၊ ယုတ္တော–ယှဉ်၏၊ ဝိတက္ကေန–ဝိတက်ဖြင့်၊ သမပ္ပိတော–ပြည့်လျှံ၏၊ တဏှာမူလေန–တဏှာတည်းဟူသော အမြစ်ရင်းဖြင့်၊ အနုဂတော–အစဉ်လိုက်၏၊ မောဟစ္ဆာဒနဆာဒိတော–မောဟတည်းဟူသော အဖုံးဖြင့် ဖုံးလွှမ်းထားသည်သာတည်း။

ဝေါယံ ဝတ္တတေ ကာယော၊ ကမ္မယန္တေန ယန္တိတော။

သမ္ပတ္တိ စ ဝိပတျန္တာ၊ နာနာဘာဝေါ ဝိပစ္စတိ။

ဝေံ–ဤသို့ ဆိုအပ်ပြီးသော အပြားဖြင့်၊ အယံ ကာယော–ဤခန္ဓာကြီးသည်၊ ကမ္မယန္တေန–ကုသိုလ်ကံ အကုသိုလ်ကံတည်းဟူသော ယန္တရားဖြင့်၊ ယန္တိတော–သုဂတိဘဝ ဒုဂ္ဂတိဘဝသို့ လည်လျက်၊ ဝတ္တတေ–ဖြစ်သည်သာတည်း၊ သမ္ပတ္တိ စ–ပြည့်စုံခြင်းသည်လည်း၊ ဝိပတျန္တာ –ပျက်စီးခြင်းအဆုံးရှိလျက်၊ နာနာဘာဝေါ–အသီးသီးဖြစ်ပြီး၊ ဝိပစ္စတိ–အထူးထူးကွဲပြားခြင်းသို့ ရောက်သည်သာတည်း။

ယေမံ ကာယံ မမာယန္တိ၊ အန္ဓဗာလာ ပုထုဇ္ဇနာ။

ဝဍ္ဎေန္တိ ကဋသိံ ဃောရံ၊ အာဒိယန္တိ ပုနဗ္ဘဝံ။

အန္ဓဗာလာ–ပညာမျက်စိ အမြင်ကမ်း၍ မိုက်မဲကုန်သော၊ ယေ ပုထုဇ္ဇနာ–အကြင်ပုထုဇဉ်တို့သည်၊ ဣမံ ကာယံ–ဤခန္ဓာကိုယ်ကို၊ မမာယန္တိ–မြတ်နိုးကုန်၏။ ဃောရံ–ကြောက်မက်ဖွယ်သော၊ ကဋသိံ–သံသရာတည်းဟူသော သုသာန်မြေကို၊ ဝဍ္ဎေန္တိ–ပွားကုန်၏၊ ပုနဗ္ဘဝံ–တစ်ဖန်ဘဝသစ်ကို၊ အာဒိယန္တိ–ယူကုန်သည်သာတည်း။

ယေမံ ကာယံ ဝိဝဇ္ဇန္တိ၊ ဂူထလိတ္တံဝ ပန္နဂံ။

ဘဝမူလံ ဝမိတွာန၊ ပရိနိဗ္ဗိဿန္တိနာသဝါ။

ယေ–အကြင်သူတို့သည်၊ ဂူထလိတ္တံ–မစင်ဖြင့် လိမ်းကျံသော၊ ပန္နဂံ–မြွေကို၊ ဝိဝဇ္ဇန္တိ ဣဝ–ကြဉ်ရှောင်ကုန်သကဲ့သို့၊ ဣမံ ကာယံ–ဤအတ္တ ဘောတည်းဟူသော အကောင်ပုပ်ကြီးကို၊ ဝိဝဇ္ဇန္တိ–ကြဉ်ရှောင်ကုန်၏။ ဘဝမူလံ–ဘဝတဏှာ အမြစ်ရင်းကို၊ ဝမိတွာန–မဂ်ဉာဏ်တို့ဖြင့် သတ်၍၊ အနာသဝါ–ကာမာသဝတည်းဟူသော လောဘ ဘဝါသဝတည်း

ဟူသော လောဘ၊ ဒိဋ္ဌာသဝတည်းဟူသော ဒိဋ္ဌိ၊ အဝိဇ္ဇာသဝတည်းဟူသော အဝိဇ္ဇာ အာသဝလေးဖြာ ကင်းကုန်ပါ၍၊ ပရိနိဗ္ဗိသန္တိ–ပရိနိဗ္ဗာန်ဝင်စံကြ ကုန်သည်သတည်း။

ဤမထေရ်အလောင်းသည် နောက် ဤဒေသနာတော်ကို ကြား နာရ၍ ရှင်ရဟန်းပြုကာ ဓမ္မပဋိသမ္ဘိဒါ အတ္ထပဋိသမ္ဘိဒါ နိရုတ္တိပဋိသမ္ဘိဒါ ပဋိဘာနသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်ကာ ပရိနိဗ္ဗာန်ပြုလေသည်။

(အကျယ်ကို အလိုရှိမူ ထေရဂါထာပါဠိတော်၊ ၃၀၄)

ဂုင်းအဋ္ဌကထာ ၃၊ ၁၉၇၊ ထေရအပဒါန်ပါဠိတော် အဋ္ဌကထာ တို့၌ ရှုပါကုန်။)

* * * *

## တေလကာနိထေရ်

ဤတေလကာနိထေရ်အလောင်းသည် ရှေးရှေးသော ဘုရားရှင် တို့ထံ၌ ဆုတောင်းပါရမီရှိဖူးသည်၊ ဝဋ်ကင်းရာ နိဗ္ဗာန်ကို ရည်ရွယ်ဖူး သည်။ ဂေါတမဘုရားရှင်လက်ထက်၌ ပရိဗိုဇ်ရဟန်းလုပ်နေသည်၊ နိဗ္ဗာန် ရောက်ကြောင်း တရားများကို ပရိဗိုဇ်ရဟန်းတို့အား မေးစမ်းဖူးသည်၊ စိတ်တိုင်းမကျပေ။

ဂေါတမဘုရားရှင်နှင့် တွေ့ပြီးမှ တရားဟောတော်မူ၍ ဝိပဿနာ တရားများကို အားထုတ်လေသောကြောင့် ရဟန္တာဖြစ်လေ၏။ နောက်သူ များတို့အား အောက်ပါဒေသနာကို ဟောတော်မူ၏။

အဒ္ဓောဝတ်ဂတော အာသိ၊ မဇ္ဈောဝ ဃာသမာမိသံ။

ဗဒ္ဓေါ မဟိန္ဒပါသေန၊ ဝေပစိတျသုရော ယထာ။

အာမိသံ–အစာကို၊ ယာသံ–စားသော၊ မစ္ဆော–ငါးကဲ့သို့၊ အန္တော–ကိုယ်တွင်း၌၊ ဝင်္ကဂတော–ကိလေသာတည်းဟူသော ငါးမျှား ချိတ်သည်၊ အာသိ–ဖြစ်ဖူးပြီ၊ မဟိန္ဒပါသေန–သိကြားမင်း၏ ကျော့ကွင်းဖြင့်၊ ဗဒ္ဓေါ–ဖွဲ့အပ်သော၊ ဝေပစိတျာသုရော ယထာ–ဝေပစိတ္တိအသုရာကဲ့သို့ပါပေတည်း။

ငါသည် စိုးရိမ်ခြင်း၊ ငိုကြွေးခြင်းဟူသော ဝဋ္ဋတရားမှ ထိုကိလေသာဟူသော ကျော့ကွင်းကို ဆွဲ၏။

မဆုံးဖြတ်နိုင်သော ဝိစိကိစ္ဆာ၊ ဘုရားစသည်၌ ယုံမှားခြင်း ကခ်ိ၊ အမျက် ဒေါသ၊ တဏှာ၊ သက္ကာယဒိဋ္ဌိ နှစ်ဆယ့်၊ အလှူ၏အကျိုး မရှိစသည် ယူဆတတ်သော ဒသဝတ္ထုကတည်းဟူသော ငြောင့်ပေါင်းသုံးဆယ်ရူးဝင်ခဲ့၏။ သက္ကာယဒိဋ္ဌိ မြားငြောင့်ကို မိစ္ဆာဝိတက်ကို မှီ၍ စိုက်ထူခဲ့၏။ ထို့ကြောင့် ကြွေကျသော သစ်ရွက်ကဲ့သို့ တုန်လှုပ်ခဲ့၏။

ဖဿာယတနခြောက်ပါး အခါခပ်သိမ်းဖြစ်၏၊ မီးကဲ့သို့ မိမိတရားသည် မိမိကို လောင်ကျွမ်း၏။

မိစ္ဆာဒိဋ္ဌိငြောင့်ကိုလည်းကောင်း၊ ဝိစိကိစ္ဆာငြောင့်ကိုလည်းကောင်း စားစသည်ဖြင့် ခွဲ၊ ကြိုးစသည်ဖြင့် စည်းတတ်သော ဆေးဆရာကို ငါ မမြင်ခဲ့။ ငါး၏အဆိပ်နှင့်တူသော လောဘစသော ကိလေသာကို မှောတတ်သူ၊ သြဃလေးပါး ဝဲဂယက်၌ ကျရောက်နေသောငါ့အား နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းကိုလည်းကောင်း၊ မဂ်တည်းဟူသော လက်ကိုလည်းကောင်း ညွှန်းပြနိုင်သူသည် အမြတ်ဆုံးပေတည်း။

ရာဂစသော ညွှန်ရှိသော လှည့်ပတ်မှု မာယာ၊ ပြူစူမှု ဥဿုယ၊ ချုတ်ချယ်မှု သာရမ္ဘ၊ စိတ်မခန့်မှု ထိန၊ စေတသိက်မခန့်မှု မိဒ္ဓ၊ ပျံ့နှံ့သော သံသရာတည်းဟူသော အိုင်၌ ငါသည် နစ်မြုပ်နေခဲ့ရ၏။

ပျံ့လွင့်မှု ဥဒ္ဒစ္စတည်းဟူသော မိုးချုံးသံ၊ လောဘစသော သံယော ဇဉ်တည်းဟူသော မိုးတိမ်၊ ရာဂကိုမှီသော မကောင်းသော အကြံအစည် တည်းဟူသော ရေအယဉ်တို့သည် ငါ့ကို သမုဒ္ဒရာတည်းဟူသော အပါယ် သို့ ဆောင်ယူခဲ့၏။

ဒွါရခြောက်ပါး အာရုံခြောက်ပါး၌ တည်သော တဏှာ တည်းဟူ သော နွယ်ကို အဘယ်သူဖြတ်တော်နိုင်ပါအံ့နည်း၊ တဏှာတည်းဟူသော ရေအယဉ်ကို တားမြစ်တတ်သော ကံသင်းကို ပြုကြပါ၊ ကမ်းနား သစ် ပင်ကို လဲစေသကဲ့သို့ မပျက်စီးပါစေလင့်။

သံသရာကမ်းကို ပို့တတ်သူကား ပညာလက်နက်ရှိသူ ဘုရားသံဃာ တို့တည်း၊ ဘုရားရှင်သည် ငါ့အား ဝိပဿနာလှေခါးကို ပေးတော်မူ၏။

ငါသည် သတိပဋ္ဌာန်တည်းဟူသော ပြာသာဒ်သို့ တက်၍ သစ္စာလေး ပါးကို မင်္ဂညာဏ်တို့ဖြင့် သိပြီ၊ တိတ္ထိတို့သည်ကား သက္ကာယတည်းဟူသော အတ္တ၌ အနှစ်သာရအားဖြင့် မှတ်ထင်ခဲ့၏။

ငါသည် အရိယာမဂ်တည်းဟူသော လှေသို့ တက်စီးကြောင်း၊ ဝိပဿနာလမ်းကြောင်းကို မြင်ပြီ၊ ထိုအခါမှ အတ္တပျောက်ခဲ့၏၊ ဆိပ် ကမ်းသဖွယ် အရိယာမဂ်ကို မြင်ပြီ၊ အလုံးစုံသောတရားတို့ထက် မြတ်၏။

ဒိဋ္ဌိ မာန စသော တရားတို့ကို ပယ်ဖျောက်နိုင်ရန် ဘုရားရှင် သည် တရားဟောတော်မူသည်သာတည်း။

သလ္လံ အတ္တသမုဋ္ဌာနံ၊ ဘဝနေတ္တိပ္ပဘာဝိတံ။

ဧတေသံ အပ္ပဝတ္တာယ၊ ဒေသေသိ မဂ္ဂမုတ္တမံ။

သလ္လံ–ဒိဋ္ဌိ မာနစသော ငြောင့်သည်၊ အတ္တသမုဋ္ဌာနံ–အတ္တဘော ၌ ဖြစ်၏။ ဘဝနေတ္တိပ္ပဘာဝိတံ–ဘဝတဏှာကြောင့်ဖြစ်၏၊ ဧတေသံ–

ထိုအကုသိုလ်တရားတို့ကို၊ အပ္ပဝတ္တာယ–မဖြစ်ခြင်းငှာ၊ ဥတ္တမံ–မြတ်သော၊ မဂ္ဂ–မဂ္ဂင်ရှစ်ပါးကို၊ ဒေသေသိ–ဟောတော်မူသည်သာတည်း။

(အကျယ်လိုမူ ထေရဂါထာပါဠိတော်၊ ၃၂၃၊ ၎င်းအဋ္ဌကထာ၊ ဒု၊ ၂၈၀–တို့၌ ရှုပါကုန်။)

* * * *

## ရဋ္ဌပါလထေရ်

ဤရဋ္ဌပါလထေရ်အလောင်းတော်သည် ပဒုမုတ္တရဘုရားရှင်လက်ထက်၌ ဟံသာဝတီမြို့ဝယ် သူကြွယ်မျိုးမှာ ဖြစ်၏။ သူသည် ဘဏ္ဍာတိုက်များကို ဖွင့်ကြည့်ကာ မိဘတို့သည် ဤမျှလောက်များပြားသော ပစ္စည်းဘဏ္ဍာများကို ယူ၍ မသွားနိုင်ကြ။ ငါသည် ယူသွားအံ့ဟု အလှူကြီးပေး၏၊ ဈာန်အဘိညာဉ်ရသော ရသေ့တစ်ပါးကို လုပ်ကျွေး၏၊ သူသည် ထိုကောင်းမှုကြောင့် နတ်ပြည်၌ ဖြစ်၏။

ထိုနောက် လူ့ပြည်၌ ကွဲပြားသောသူတို့ကို စေ့စပ်တတ်သောသူ ဖြစ်၏။ နောက် ပဒုမုတ္တရဘုရားရှင်၏ တရားတော်ကို နာစဉ် သဒ္ဓါပဗ္ဗဇိတ ရဟန်းတစ်ပါးကို တေဒဂ်ပေးသည်ကို မြင်၍ ရဟန်းတစ်သိန်းအခြံအရံရှိသော ဘုရားရှင်ကို အလှူကြီးပေး၏။ ၎င်းဆုကိုလည်း တောင်း၏၊ ဘုရားရှင်က ဂေါတမဘုရားရှင်လက်ထက်တော်၌ ဖြစ်လိမ့်မည်ဟု ဗျာဒိတ်ပေးတော်မူ၏။ လူ့ပြည်နတ်ပြည် ကျင်လည်၍ ဖုဿဘုရားရှင်လက်ထက်၌လည်း ကုသိုလ်ပြု၏၊ ၎င်းဘုရားရှင်ကား ဤကမ္ဘာမြေမှ ပြန်၍ ရေသည်ရှိသော် ကိုးဆယ့်နှစ်ကမ္ဘာအထက်၌ ပွင့်ပေါ်တော်မူ၏။

နောက် ကောင်းသောဘဝတို့၌သာ ကျင်လည်ရ၍ ဂေါတမဘုရားရှင်လက်ထက် ကုရုတိုင်း ထုလ္လကောဋ္ဌိကနိဂုံး၌ ရဋ္ဌပါလသူဌေးအိမ်၌

ဖြစ်၏၊ တိုင်းပြည်မြို့ရွာလူများ ကွဲကွဲပြားပြားရှိသည်တို့ကို စေ့စပ်တတ်၍ ရဋ္ဌပါလအမည်တွင်၏။ ကြီးပွားချမ်းသာ၏၊ အခြံအရံများ၏၊ မိဘတို့က နည်းတူ အထက်တန်းကျကျ မိန်းကလေးနှင့်အိမ်ရာတည်ထောင်ပေး၏၊ နတ်တို့၏ စည်းစိမ်ကဲ့သို့ ခံစားစံစားရ၏။

ဂေါတမဘုရားရှင်သည် ထုလ္လနိဂုံးသို့ ကြွလာ၍ တရားဟောတော်မူသည်ကို ကြားနာရသဖြင့် ရှေးရှေးသော ပါရမီကလည်း ထောက်ပံ့ ကူညီရသောကြောင့် ရဟန်းပြုရန် တောင်းပန်ရာ မိဘတို့က ခွင့်မပြု၍ အစာမစားဘဲ ခုနစ်ရက်နေ၏၊ နောက် မိဘတို့ ခွင့်ပြု၍ ရဟန်းပြုရာ မကြာမီ ရဟန္တာဖြစ်သည်။

နောက် ရဋ္ဌပါလမထေရ်သည် ဘုရားရှင်အား လျှောက်ထား၍ မိခင်ဘခင်တို့နေရာသို့ သွား၏။ ဆွမ်းခံသွားရာ မိဘအိမ်မှ သိုးလေပြီးသော မုယောဆွမ်းကို ရ၍ စိတ်မပျက်ဘဲ အမြိုက်သုဓာဘုတ်ကဲ့သို့ ဘုဉ်းပေးသုံးဆောင်၏။

နောက်တစ်နေ့ မိဘများအိမ်၌ ဆွမ်းကပ်၏၊ မိန်းမများတို့သည် တန်ဆာဆင်၍ အနားကပ်ခါ လူထွက်ခိုင်း၏၊ နတ်သမီးများကို လိုချင်၍ ရဟန်းပြုသလားဟု မေးကြ၏။

ရဋ္ဌပါလမထေရ် ရဟန္တာသည် သိ၍ အောက်ပါဒေသနာတော်ကို ဟောတော်မူလေသည်။

ပဿ စိတ္တကတံ ဗိမ္ဗံ၊ အရုကာယံ သမုဿိတံ။

အာတုရံ ဗဟုသင်္ကပ္ပံ၊ ယဿ နတ္ထိ ဓုဝံ ဌိတိ။

စိတ္တကတံ–ဆန်းကြယ်စွာပြုအပ်သော၊ ဗိမ္ဗံ–ရွှေရုပ်ပမာလည်းဖြစ်ထသော၊ အရုကာယံ–ကိုးပေါက်ဒွါရ အမာဝတို့မှ ယိုစီးသည်ဖြစ်၍ စက်ဆုတ်ဖွယ်ရှိသော၊ သမုဿိတံ–သုံးရာသော အရိုးတို့ဖြင့် စိုက်ထူ၍ထား

အပ်သော၊ အာတုရံ-အမြဲကျင်နာသော၊ ဗဟုသက်ပွံ-လူမိုက်တို့သည် ထူးထူးထွေထွေ ကြံစည်အပ်သော အတ္တဘောတည်းဟူသော ခန္ဓာကိုယ်ကို၊ ပဿ-စေ့စေ့ငုငု ဉာဏ်ဖြင့်ပြု၍ ကြည့်ရှုပါလော၊ ယဿ-မည်သူမဆို အကြင်ပုဂ္ဂိုလ်အား၊ ဓုဝံ-အမြဲနိစ္စ ထာဝရ၊ ဌိတိ-လောကအလယ် ရပ်တည်နေနိုင်ခြင်းသည်၊ နတ္ထိ-မုချမသွေ ရှိသည်သာတည်း။

ဩဒဟိ မိဂဝေါ ပါသံ၊ နာသဒါ ဝါဂုရံ မိဂေါ။

ဘုတွာ နိဝါပံ ဂစ္ဆာမ၊ ကန္ဒန္တေ မိဂဗန္ဓကေ။

မိဂဝေါ-မုဆိုးသည်။ ပါသံ-ကျော့ကွင်းကို၊ ဩဒဟိ-ထောင်ထား၏။ မိဂေါ-သားသမင်သည်၊ ဝါကုရံ-ကျော့ကွင်းကို၊ နာသဒါ-မတိုးမူ၍၊ မိဂဗန္ဓကေ-မုဆိုးသည်၊ ကန္ဒန္တေ-မြည်တမ်းစဉ်၊ နိဝါပံ-အစာကို၊ ဘုတွာ-စား၍၊ ဂစ္ဆာမ-သွားကြကုန်၏။

နောက် ရဋ္ဌပါလထေရ်သည် ကောင်းကင်သို့ ပျံတက်၍ ကောရဗျမင်း၏ မိဂါဇိနဥယျာဉ်ဝယ် မင်္ဂလာကျောက်ဖျာပေါ်၌ ထိုင်နေ၏။

အရှင်ရဋ္ဌပါလထေရ်၏ ဘခင်သည် သားရဋ္ဌပါလထေရ် ပြန်မသွားစေရန် တံခါးခုနစ်ပေါက်ကို ပိတ်၍ လက်ဖွေ့သမားများကို ဖမ်းဆီးစေရန် ရဋ္ဌပါလထေရ်သည် ကောင်းကင်ခရီးဖြင့် ကြွသွားခြင်းဖြစ်သည်။

ထိုအခါ ကောရဗျမင်းက အရှင်ဘုရား အရှင်ဘုရားအား ရောဂါနှိပ်စက်၍လော၊ သို့မဟုတ် အိုမင်းရင့်ရော်၍လား၊ ပစ္စည်းဥစ္စာ ဆုတ်ယုတ်လာ၍လော၊ ဆွေမျိုးမရှိ၍ အားကိုးရာမရှိသောကြောင့် ရဟန်းပြုသလောဟု မေး၏။

အရှင်ရဋ္ဌပါလက ကောရဗျမင်းကြီး ရောဂါနှိပ်စက်၍လည်း မဟုတ်၊ အိုမင်းရင့်ရော်၍လည်း မဟုတ်၊ ပစ္စည်းဥစ္စာ ဆုတ်ယုတ်လာ၍လည်း မဟုတ်၊ ဆွေမျိုးအားကိုးရာ မရှိ၍လည်း မဟုတ်၊ လောကသည် ဆုတ်

ယုတ်လာ၏၊ စောင့်ရှောက်ရာကင်း၏၊ အစိုးမရ အလုံးစုံကို စွန့်၍ သွားရ၏။

လောက၌ အလိုသည် ပြည့်သည့်မရှိ၊ ရောင့်ရဲခြင်းမရှိ၊ တဏှာ၏ ကျွန်တည်းစသည်ဖြင့် အောက်ပါဒေသနာတော်ကို ဟောတော်မူလေသည်။

အရှင်မင်းကြီး သမုဒ္ဒရာ ဤမှာဖက်ကမ်းကို ပိုင်စိုးနိုင်သောမင်း ဖြစ်သော်လည်း မရောင့်ရဲနိုင်၊ ဟိုမှာဖက်ကမ်းကို တောင်းတရာ၏။

အားလုံးသောသူတို့သည် တဏှာမကင်းဘဲ သေကြရ၏၊ ရောင့်ရဲမှုမရှိ၊ ဆွေမျိုးတို့သည် ငိုကြွေးမြည်တမ်းလျက် သူသေကို ထင်းပုံမှာ တင်၍ မီးရှို့ကြကုန်၏၊ ဘယ်ဆွေမျိုးမှ လိုက်၍မသေကြ၊ အဝတ်တစ်ထည်တည်းဖြင့်သာ သုသာန်၌ မြှုပ်ကြ၏။

အသက်ရှည်ခြင်းကို ပစ္စည်းဥစ္စာဖြင့် မရနိုင်၊ အိုခြင်းကို ပစ္စည်းဥစ္စာဖြင့် မတားမြစ်နိုင်၊ အသက်သည် နည်း၏၊ အမြဲမရှိ၊ ဖောက်ပြန်တတ်၏။

ဆင်းရဲချမ်းသာမရွေး ကောင်းမကောင်းအာရုံကို တွေ့ကြရ၏။ နည်းတူ လူမိုက်ပညာရှိလည်း တွေ့ကြရ၏။ လူမိုက်သည် ကောင်းမကောင်း အာရုံနှင့် တွေ့လျှင် ကောင်းစွာမအိပ်ရ။ ပညာရှိကား မတုန်လှုပ်ချေ။ ထို့ကြောင့် ပညာရှိသည် ဥစ္စာထက် မြတ်၏၊ ပညာဖြင့် နိဗ္ဗာန်ကို ရ၏။ လူမိုက်ကား နိဗ္ဗာန်မရ၍ သံသရာ၌ ဒုစရိုက်များကို ပြု၏။ လူမိုက်သည် အဖန်ဖန်ပဋိသန္ဓေနေရတတ်၏။

သူခိုးသည် အိမ်ရှင်နှိပ်စက်ခံရသကဲ့သို့ လူမိုက်သည် အပါယ်ရောက်ရ၏။ ကောရဗျမင်း လောကီအာရုံ ကာမဂုဏ်တို့သည် စိတ်ကို ချောက်ခြားစေတတ်၏။ ထို့ကြောင့် ငါရဟန်းပြု၏၊ သစ်သီးသည် ငယ်

ငယ်ကြီးကြီး သစ်ပင်မှ ကြွေကျသကဲ့သို့ သတ္တဝါများ ငယ်ငယ်ကြီးကြီး ပျက်စီးရ၏။ ထို့ကြောင့် ငါရဟန်းပြု၏။

သဒ္ဓါတရားဖြင့် ရဟန်းပြု၍ ငါ့အား အရဟတ္တဖိုလ်ကား အချည်းအနှီးမရှိရာ၊ ငါသည် ကိလေသာကြွေးမြီမရှိသည်ဖြစ်၍ လူတို့၏ ပစ္စည်းကို သုံးဆောင်၏။

ကောကိအာရုံတို့သည် မီးဆယ့်တစ်ပါး ညီးညီးပြောင်ပြောင် တောက်လောင်၏၊ ဓားလက်နက်နှင့်တူ၏။ ပဋိသန္ဓေနေခြင်းစသည် ဒုက္ခကို မြင်၏။ ငရဲဘေးတို့ကို မြင်၍ ရဟန်းပြု၏။ ဤအပြစ်မျိုးကိုမြင်၍ ဘုရားရှင်၏ တရားကို ကြားနာရစဉ် သံဝေဂဉာဏ်ဖြစ်ခဲ့၏။ ယခုကား ရာဂစသည် ပြောင့်တံသင်းကင်း၍ အာသဝတရားကုန်ပြီ။

ငါသည် ဘုရားရှင်ကို ဆည်းကပ်ပြီးပြီ၊ ဘုရားရှင်၏ အဆုံးအမကို လိုက်နာပြီးပြီ၊ လေးလံစွာသော ခန္ဓာဝန်ကို ချပြီးပြီ၊ ဘဝသုံးပါးကို ဆောင်တတ်သောတဏှာကို နုတ်ပြီးပြီ၊ ငါသည် အရဟတ္တဖိုလ်ကို ရည်ရွယ်၍ ရဟန်းပြုခဲ့၏။ သံယောဇဉ်တရားတို့၏ကုန်ရာ ရဟန္တာအဖြစ်ကိုလည်း ငါရပြီဟု ရွတ်ဆိုလေသည်။

ယဿတ္ထာယ ပဗ္ဗဇိတော၊ အဂါရသ္မာနဂါရိယံ။

သော မေ အတ္ထော အနုပ္ပတ္တော၊ သဗ္ဗသံယောဇနက္ခယော။

ယဿ–အကြင်အရဟတ္တဖိုလ်၏၊ အတ္ထာယ–အကျိုးငှာ၊ အဂါရသ္မာ–အိမ်ရာတည်ထောင် လူတို့ဘောင်မှ၊ အနဂါရိယံ–အိမ်ရာမထောင် ရဟန်းဘောင်သို့၊ ပဗ္ဗဇိတော–ရဟန်းပြု၏။ မေ–ငါ့အား၊ သဗ္ဗသံယောဇနက္ခယော–အလုံးစုံသော သံယောဇဉ်တရားတို့၏ကုန်ရာဖြစ်သော၊ သော အတ္ထော–ထိုအရဟတ္တဖိုလ်ဟူသော အကျိုးသည်၊ အနုပ္ပတ္တော–အစဉ်ရောက်သည်သာတည်း။

နောက် ဤရဋ္ဌပါလထေရ်သည် သဒ္ဓါပဗ္ဗဇိတအရာ ဧတဒဂ်ရလေသည်။

(အကျယ်လိုမူ ထေရဂါထာပါဠိတော်၊ ၃၂၅၊ ၎င်းအဋ္ဌကထာ၊ ၂၈၈၊ ထေရအပဒါန်ပါဠိတော် အဋ္ဌကထာတို့၌ ရှုအပ်၏။ ပဋ္ဌမပါရာဇိကလာ အရှင်သုဒိန်ဝတ္ထုလည်း ဤဝတ္ထုနှင့် တစ်စိတ်တစ်ဒေသတူ၏။)

* * * *

## အရှင်သာရိပုတ္တရာ၏ညီ ခဒိရဝနိယရေဝတထေရ်

ဤမထေရ်အလောင်းသည် ပဒုမုတ္တရာဘုရားရှင်လက်ထက်၌ ဟံသာဝတီမြို့ဝယ် မဟာဂင်္ဂါ၏ ပယာဂလှေသဘော်ဆိပ်၌ လှေသူကြီးဖြစ်၏။ နောက်ပါ သံဃာတစ်သိန်းနှင့်တကွ ဘုရားရှင်ကို လှေဖြင့် ဟိုဘက်ကမ်းကို ပို့၏။

ထိုဘုရားရှင်လက်ထက်၌ ရဟန်းတစ်ပါး အရညကင်ဓုတင် ဆောက်တည်သည်ကို မြင်၍ ၎င်းဧတဒဂ်ရာထူးကို တောင်း၏။ ဘုရားရှင်ကလည်း ဂေါတမဘုရားရှင်လက်ထက်၌ ဖြစ်လိမ့်မည်ဟု ဗျာဒိတ်ကြား၏။

ဂေါတမဘုရားရှင်လက်ထက်၌ မဂဓခေတ် နာလကပုဏ္ဏားရွာဝယ် သာရိပုဏ္ဏေးမ၏ဝမ်း၌ ပဋိသန္ဓေနေ၏၊ အစ်ကိုသုံးယောက် အစ်မသုံးယောက်တို့၏အငယ်ဆုံးဖြစ်၏၊ ရေဝတဟု ခေါ်ကြ၏။

မိဘတို့က သားသမီးကြီးတိုင်းကြီးတိုင်း ရဟန်းတော်တို့က ခေါ်၍ ရဟန်းပြုကြ၏။ ဤအငယ်ဆုံး ရေဝတကိုကား ရှင်ရဟန်းမပြုစေရန် စိတ်ကူးနှင့် ငယ်ရွယ်စဉ်ကပင် ဂုဏ်ရည်တူ အမျိုးသမီးနှင့် အိမ်ထောင်ပြုထား၏။ အဘိုး အဘွားတို့အား ကန်တော့ရာ ဘိုးဘွားတို့က အို

အောင် မင်းအောင် ပေါင်းရပါစေဟု ဆုပေးသည်ကို ကြား၍ ငါတို့လည်း ဤအဘိုးအဘွားတို့ကဲ့သို့ အိုရမှာပါတကားဟု ဖိတ်လန့်၍ ရဟန်းပြုလို စိတ်သာ ရှိလာ၏။

မိဘတို့က ချစ်သား မင်္ဂလာနေ့၌ အပြင်ကို မထွက်နှင့်ဟု ပြော ကြ၏။ ရေဝတသည် ကစားသကဲ့သို့ နည်းနည်းနည်းနည်း အဝေးသို့ သွား၏၊ ပြန်၍လာ၏၊ နောက်လူများ မမြင်စဉ် ကျောင်းသို့ ပြေး၍ ရဟန်း ပြုရန် ခွင့်တောင်း၏၊ အဝတ်တန်ဆာပြည့်ပြည့်စုံစုံပါလာ၍ ရဟန်းတော် များ ရဟန်းပြု၍ မပေးဝံ့ကြပေ။ နောက်အရှင်သာရိပုတ္တရာ၏ ညီငယ် ဖြစ်ကြောင်းကိုလည်း လျှောက်ထား၏။

ရှေးအခါ အရှင်သာရိပုတ္တရာကလည်း ငါတို့အမျိုးသည် မိစ္ဆာဒိဋ္ဌိ အမျိုးတည်း၊ ဘယ်သူလာလာ ရှင်ရဟန်းပြုပေးကြပါဟု ရဟန်းတော် တို့အား ပြောထားဖူး၍ ရှင်ရဟန်းပြုပေးကြ၏။

နောက်ရှားတောသို့ သွား၍ ရဟန္တာမဖြစ်မီ ဘုရားရှင်ကိုလည်း၊ အစ်ကို ကြီးကိုလည်း မမြင်ရပါစေနှင့်ဟု အားထုတ်ရာ သုံးလလွန်ပြီး အကြောင်း မထူး အစားအသောက် အနေအထိုင် ဆင်းရဲ၍ စိတ်က တွန့်၏၊ နောက်မှ ရဟန္တာဖြစ်သည်။

ဘုရားရှင်နှင့်အရှင်သာရိပုတ္တရာသည် အရှင်ရေဝတ၏အကြောင်းကို သိလို၍ ကြွလာတော်မူကြ၏။ ဘုရားရှင်သည် သံဃာအချို့နှင့် လမ်းတို လမ်းကောင်းမှ ကြွတော်မူ၏။ အရှင်သီဝလိ၏ ဘုန်းလာဘ်သပ္ပာကို သိ စေလို၍ ဘုရားရှင်သည် သံဃာအချို့နှင့် လမ်းရှည်လမ်းမကောင်းရာသို့ လွှတ်၏။ ရောက်လေရာနေရာတို့၌ လူတိုင်းလူတိုင်းက ရှင်သီဝလိ ဘယ် မှာလဲ၊ ရှင်သီဝလိ ဘယ်မှာလဲဟု မေးကြ၏ မဏ္ဍပ်ကန္နားကြီး ထိုး၍ အလှူကြီး အတန်းကြီးပေးကြ၏။

ဘုရားရှင်သည် ယူဇနာသုံးဆယ်ရှိ ခဒိရဝနိယရေဝတထံသို့ ရောက်လာတော်မူ၏။ ။ ရေဝတထေရ်သည် ရဟန်းသံဃာတော်များ နေလောက်အောင် ကျောင်းကန်များ ကြီးကြီးကျယ်ကျယ် ဖန်ဆင်းထား၏၊ နတ်များလာ၍ အဖျော်ရည်ကပ်ကြ၏။

တချို့ရဟန်းတော်များက ဤပုဂ္ဂိုလ်ကား ကျောင်းကန်ချည်းဆောက်လုပ်နေမှာပဲ၊ တရားလည်း အားထုတ်မှာ မဟုတ်ပေ။ ကျောင်းကြီးက ဇေတဝန်ကျောင်း၊ ဝေဠုဝန်ကျောင်းထက် သာသေး၏ဟု ကဲ့ရဲကြ၏။

ဘုရားရှင်သည် နည်းနည်းဝေးသောနေရာသို့ သွား၍ ရဟန်းတို့အား ထီး ဖိနပ်များ ရေဝတ၏ကျောင်းမှာ မေ့နေခဲ့သလို အယူခိုင်း၍ သွားရာလမ်းစ ရှာ၍မရပေ။ ခြုံတောထဲသို့ ထိုးဖောက်ခါ သွားကြရသည်။ နောက်မှ ထီး ဖိနပ်ကို တွေ့ကြ၏၊

ထိုအခါမှ နောက်ပါရဟန်းတို့က တန်ခိုးဣဒ္ဓိပါဒ်ဖြင့် ပြုလုပ်ထားသည်ကို သိကြ၏။

ဝိသာခါကျောင်းအမသည် ရဟန်းတော်တို့အား အရှင်ရေဝတ၏ကျောင်းကို မေးကြ၍ တချို့ရဟန်းတော်များက နန္ဒဝန်ဥယျာဉ် စိတ္တလတာဥယျာဉ် အရှုံးပေးရမှာပဲ၊ တချို့ရဟန်းတော်တို့က ရှားတောပဲဟု ပြောကြ၏။ ထိုအကြောင်းကို ဘုရားရှင်အား ဝိသာခါလျှောက်၍ နေရာကောင်းကောင်း၊ မကောင်းကောင်း လိုရင်းမဟုတ်၊ အရိယာတို့၏ စိတ်မွေ့လျော်က ကောင်းသောနေရာတည်းဟု ဟောတော်မူ၏။

ယတ္ထ ဍာနေ အရိယာနံ စိတ္တံ ရမတိ၊ တဒေဝ ဍာနံ ရမဏီယံ နာမ။ (အင်္ဂုတ္တရတောဒဂ္ဂဝဂ္ဂအဋ္ဌကထာပါဠိ၊ ၁၈၀)

ယသ္မိံ ဌာနေ–အကြင်အရပ်၌၊ အရိယာနံ–အရိယာတို့၏၊ စိတ္တံ–စိတ်သည်၊ ရမတိ–မွေ့လျော်၏၊ တဒေဝ ဌာနံ–ထိုအရပ်သည်သာလျှင်၊ ရမဏီယံ နာမ–မွေ့လျော်ဖွယ်အရပ်မည်သည်သာတည်း။

* * * *

## မဟာသီဝထေရ်

မဟာသီဝထေရ်သည် တစ်ဆယ့်ရှစ်ဂိုဏ်းတို့ကို စာပေပို့ချ၏။ ဤမထေရ်၏ ဩဝါဒကြောင့် ရဟန်းသုံးသောင်း ရဟန္တာအဖြစ်သို့ ရောက်ကုန်၏။

တပည့်ရဟန်းတစ်ပါးသည် ငါ၏ဆရာဩဝါဒကြောင့် ငါ၏ကိုယ်တွင်း၌ ဂုဏ်အပေါင်းကား မရေတွက်နိုင်၊ ငါ၏ဆရာ၌ ငါ၏ဂုဏ်ကဲ့သို့ ဂုဏ်များရှိလေသလားဟု စဉ်းစားရာ ပုထုဇဉ်သာ ရှိသေးသည်ကို သိ၍ ဆရာအား သတိပေးအံ့ဟု ကောင်းကင်မှ သွားပြီး ဆရာအနားမှာ သွားထိုင်၏။

ဆရာက အဘယ့်ကြောင့် လာသနည်းဟု မေး၏၊ တစ်ခုသော အနုမောဒနာတရားကို နာခံလို၍ လာပါသည်ဟု လျှောက်လေလျှင် အခွင့်အခါမရှိ၊ မအားလုပ်ဟု ဆရာက ဖြေ၏။ ဆွမ်းခံသွားရာ ခြေဆေးရာစသည့် အချိန်အခါ၌ နာခံလိုပါသည်ဟု လျှောက်သော်လည်း သူများအား ဩဝါဒ ပေးရ၍ မအားလုပ်ဟု ဖြေ၏။

ထိုအခါ တပည့်က အရှင်ဘုရား မျက်နှာသစ်ပြီးခါစသော်လည်း တရားအားထုတ်ချိန် နည်းနည်းရှိပါသည် မဟုတ်ပါလော၊ သေခြင်းခဏကိုကား မအားသူမရှိပါဘုရား၊ အရှင်ဘုရားသည် သူတစ်ပါး၏ မှီရာ

တကဲပျည့်ချပ်နှင့် တူပါသည်၊ မိမိ၏ မှီရာကား မရှိပါ၊ အရှင်ဘုရား တရားကို မနာလိုတော့ပါဟု ကောင်းကင်မှ ကြွသွား၏။

သီဝထေရ်သည် ဤရဟန်းကား ပရိယတ်သင်ယူဖို့ လာသည် မဟုတ်၊ ငါ၏ဆင်ထိန်းချွန်းတောင်းအဖြစ် လာသည်ဟု သိ၍ ယနေ့ကား အချိန်မရှိတော့ပေ။ မနက်မှ သွားအံ့ဟု ပထမယံ မဇ္ဈိမယံပတ်လုံး စာပေပို့ချပြီး၍ ပစ္ဆိမယံ၌ ပါငြိသင်ပြီးသော ရဟန်းတစ်ပါး ပြန်၍အသွား သပိတ်သင်္ကန်းယူ၍ နောက်ကထွက်၏။

တပည့်တို့က ဆရာထသွားသည်မှာ ကြာပြီ၊ ဆရာဘူ တပည့်နှင့် သွားသည် ထင်ကြ၏။

မဟာသီဝထေရ်သည် ငါလို ပုဂ္ဂိုလ်မျိုး ရဟန္တာဖြစ်ဖို့ မခဲယဉ်းပေ၊ တစ်ရက် နှစ်ရက် ကြာလျှင် ပြန်လာမည်ဟု တပည့်များကို မပြောဘဲ ဝါဆိုလဆန်းတစ်ဆယ့်သုံးရက်နေ့၌ ရွာ၏အနီးတောင်ချိုင့်တစ်ခုမှာ တရား အားထုတ်သည်၊ နောက်နှစ်ရက်ကြာ လပြည့်နေ့ဖြစ်လိမ့်မည်ဟု အားထုတ် သော်လည်း မဖြစ်၊ တစ်လမှာ ဖြစ်လိမ့်မည်၊ နှစ်ကြာဖြစ်လိမ့်မည်ဟု အား ထုတ်သော်လည်း မဖြစ်ပေ။ သီတင်းသုံးဖော်တို့နှင့် ကိလေသာ စင်ကြယ်သော ဝိသုဒ္ဓိပဝါရဏာကို ပြုရအောင်ဟု အားထုတ်ပါငြားသော် လည်း မဖြစ်ပေ။ ထို့ကြောင့် ထိုသီဝထေရ်သည် မျက်ရည်ကျသည်။

တသောဝံ စိန္တယတော အဿုဓာရာ ပဝတ္တန္တိ။

(သုတ်မဟာဝါ၊ သက္ကပဉ္စသုတ်အဋ္ဌကထာပါဠိ၊ ၃၂၁)

ဝံ-ဤသို့၊ စိန္တယတော-သီတင်းသုံးဖော်တို့နှင့်သီတင်းကျွတ် လပြည့် မဟာပဝါရဏာနေ့၌ ကိလေသာကင်းစင် ရဟန္တာ၏ အသွင်ဖြင့် ပဝါရဏာပြုနိုင်အောင်ဟု ကြံစည်သော၊ တဿ-ထိုမဟာသီဝထေရ်အား၊

အသုတာရာ–မိုးပေါက်ပမာ မျက်ရေယဉ်အဖြာဖြာတို့သည်၊ ပဝတ္တန္တိ–တရားမရဘဲ ဖြစ်ကုန်သည်သာတည်း။

ရဟန္တာမဖြစ်လျှင် ငါမအိပ်၊ ခြေမဆေးဟု နေ၏။ နည်းတူ ပဝါရဏာနေ့တိုင်း နှစ်ဆယ့်ကိုးနှစ်တိုင်အောင် မျက်ရည်ကျရ၏။ ရွာသူ သားငယ်တို့သည် ထိုမထေရ်၏ ခြေဖဝါး အကွဲတို့ကို ဆူးနှင့် ချုပ်ကြ၏။ တစ်ယောက်နှင့်တစ်ယောက် ကစားစဉ်လည်း အရှင်သီဝထေရ်၏ခြေကဲ့သို့ ဖြစ်ပါစေဟု ပြောဆိုကြ၏။

မထေရ်သည် အနှစ်သုံးဆယ်မြောက် မဟာပဝါရဏာနေ့၌ ငါသည် ယခုနှစ် သီတင်းသုံးဖော်တို့နှင့် ကိလေသာကင်းစင် ရဟန္တာ၏အသွင်ဖြင့် ပဝါရဏာလည်း ပြုရမည် မဟုတ်ပေ။ ငါသည် မဂ်ဖိုလ်ကိုလည်း ရမှာ မဟုတ်တော့ပေဟု ဒေါမနဿ နှလုံးမသာမယာခြင်းဖြစ်၏၊ မျက်ရည် ကျကုန်၏။

ထိုအခါ အနီးအနား၌ နတ်သမီးတစ်ယောက်သည် ငိုနေ၍ မေးရာ ငို၍သာလျှင် မဂ်ဖိုလ်ရမည်ဆိုပါမူ နှစ်ပါးသော မဂ်ဖိုလ်ကို ရလို၍ ငိုပါ သည်ဟု လျှောက်၏။ ထိုအခါမှ သတိရ၍ ဝိပဿနာပွားခါ ပဋိသမ္ဘိဒါ လေးပါးနှင့် ရဟန္တာဖြစ်သည်။

ဝိပဿနံ ဝဍ္ဎေတွာ သဟ ပဋိသမ္ဘိဒါဟိ အရဟတ္တံ အဂ္ဂဟေသိ။

(သုတ်မဟာဝါ၊ သက္ကပဉှသုတ်အဋ္ဌကထာပါဠိ၊ ၃၂၁)

ဝိပဿနံ–ဝိပဿနာကို၊ ဝဍ္ဎေတွာ–ပွား၍၊ ပဋိသမ္ဘိဒါဟိ–အတ္ထ ဓမ္မ နိရုတ္တိ ပဋိဘာနခေါ် ပဋိသမ္ဘိဒါတရားလေးပါးတို့နှင့်၊ သဟ–တကွ၊ အရဟတ္တံ–အရဟတ္တဖိုလ်ခေါ် ရဟန္တာ၏အဖြစ်ကို၊ အဂ္ဂဟေသိ–ဆွတ်ခူး ပန်ဆင်တော်မူလေသည်သာတည်း။

မဟာသီဝထေရ်ကြီးသည် ယခုအခါ အိပ်တော့မည်ဟု ညောင်စောင်းကို ပြင်၊ ခြေဆေးရန် ပြင်စဉ် တပည့်သည် သိ၍ ရောက်လာခါ ခြေဆေးမည်ပြုစဉ် မဆေးပါနှင့် ငါသာ ဆေးမည်ဟု ဆို၏။

သိကြားမင်းနှင့်မယား သုဇာတာကလည်း ခြေဆေးရန် ရောက်လာ၏။ မဟာသီဝထေရ်က သင်နတ်တို့သည် ယူဇနာတစ်ရာလောက်က လူတို့၏အနံ့သည် ခွေးကောင်ပုပ်သို့ နံသည် မဟုတ်လောဟု မေး၏။ သိကြားမင်းက အရှင်ဘုရား၏ ကိုယ်အနံ့က အရေးမကြီးပါ၊ အရှင်ဘုရား၏ သီလအနံ့သည် နတ်ပြည်ခြောက်ထပ်သို့ပင်လျှင် မွှေးပါသည်ဟု ခြေဆေးခါ ပြန်သွား၏။

သီလဂန္ဓတော အညော ဥတ္တရိတရော ဂန္ဓော နာမ နတ္ထိ ဘန္တေ။

(သုတ်မဟာဝါ သက္ကပဉ္စသုတ်အဋ္ဌကထာပါဠိ၊ ၃၂၂)

ဘန္တေ–အရှင်ဘုရား၊ သီလဂန္ဓတော–သီလအနံ့ထက်၊ အညော–တစ်ပါးသော၊ ဥတ္တရိတရော–လွန်သော၊ ဂန္ဓော နာမ–အနံ့မည်သည်၊ နတ္ထိ–မရှိပါဘုရား။

* * * *

## အင်္ဂုလိမာလခိုးသူကြီး

ဤအင်္ဂုလိမာလထေရ်အလောင်းသည် ရှေးရှေးဘုရားရှင်တို့၌ ဆုတောင်းပါရမီရှိဖူးသည်၊ ဤဂေါတမဘုရားရှင်လက်ထက်တော်၌ အဂ္ဂဝမည်သော ပုရောဟိတ်၏သားဖြစ်သည်။ မွေးဖွားသောနေ့၌ တစ်မြို့လုံး လက်နက်များ အရောင်တလက်လက် တောက်သည်၊ မင်း၏ မင်္ဂလာလက်နက်လည်း တောက်သည်၊ မင်းသည် ကြောက်၍ တစ်ညဉ့်လုံး

မအိပ်ဝံ့ပေ။ ပုရောဟိတ်ကား ကောင်းကင်ကို မျှော်ကြည့်သည့်ရှိသော် စောရနက္ခတ်၏အဖြစ်ကို သိပေသည်။ မနက်ရောက်သော် မင်းအား အကြောင်းကို လျှောက်တင်ရသည်။ ကျွန်ုပ်၏သားကား တစ်ယောက်သာ၊ သူခိုးကြီးဖြစ်လိမ့်မည်ကို လျှောက်တင်လေသည်။ ထို့ကြောင့် သူ့ကို ညှဉ်းဆဲတတ်သူဖြစ်၍ ဟိံသကခေါ်လိုသော်လည်း နောက်၌ကား မညှဉ်းဆဲတတ်သူဖြစ်လတ္တံ့သည်ကို သိ၍ အဟိံသကခေါ်တွင်လေသည်။

အရွယ်ရောက်လတ်သော် ဆင်ပြောင် ခုနစ်စီးအားကို ဆောင်သည်၊ သူသည် လယ်သမားဖြစ်စဉ် ပစ္စေကဗုဒ္ဓါတစ်ပါးအား မိုးစွတ်၍ ချမ်းအေးနေသည်ကို မြင်သဖြင့် မီးမွှေးခါ လှုံစေဖူးသော ကောင်းမှုတည်း၊ သူသည် ဒိသာပါမောက္ခဆရာကြီးထံ ပညာသင်ကြားစဉ် တပည့်ဝတ်ကျေပွန်၍ ဆရာကတော်က ခင်မင်သည်၊ စားစရာ သောက်စရာ ပေးသည်ကို နောက်တပည့်များက မနာလို၍ ဂုံးတိုက်သည်၊ ဆရာက သူအား သေစေအံ့ဟု ပညာသင်ပြီး၏အဆုံး၌ ဆရာအား လက်ညှိုးတစ်ထောင်ပူဇော်ရမည်ဟု ပြောလေသည်။

အဟိံသကသည် လက်နက်ငါးပါးကိုင်ဆောင်လျက် လာလာသမျှသော လူတို့အား လက်ညှိုးကို ဖြတ်ခါ နွယ်ဖြင့် သစ်ပင်မှာ ဆွဲထားသည်။ သို့သော်လည်း ကျီးငှက်များထိုးသုတ်သွား၍ တစ်ထောင်မပြည့်ပဲ ကြာမြင့်နေသဖြင့် နောက်ဆုံး ကြိုးနှင့်သီခါ လည်မှာ ဆွဲထားသည်။ ထို့ကြောင့် သူ့ကို အင်္ဂုလိမာလခေါ်ကြလေသည်။ သူ့ကြောင့် တော၌ လမ်းသွားလမ်းလာများ ပြတ်သည့်တော၌ မရနိုင်၍ တောရွာများကို ဝင်၍ ပြတ်သဖြင့် တောရွာများ ပြောင်းပြေးကြရသည်။

နောက် ကောသလမင်း သိလာ၍ အင်္ဂုလိမာလအား စစ်တပ်များ ဝန်းရံခါ ဖမ်းဆီးစေသည်ကို မိခင်မန္တာဏီပုဏ္ဏေးမ သိ၍ သားအား

တင်ကြို၍ အသိပေးရန် သွားသည်။ ဂေါတမဘုရားရှင်သည် ငါသည် မကာယ်တင်က ဤအင်္ဂုလိမာလကား ပစ္စိမဘဝိက နောက်ဆုံးဘဝဖြစ်သည်၊ သူကား မိခင်ပင် ဖြစ်ပါစေ၊ လက်ညှိုးကို ဖြတ်မည်၊ ဖြတ်ကလည်း နိဗ္ဗာန်မှ လွဲတော့မည်ဟု အင်္ဂုလိမာလနေရာ ယူဇနာသုံးဆယ်ဝေးသော ဇာလိယတောသို့ အဖော်မပါ တစ်ကိုယ်တည်း သပိတ်သင်္ကန်းများ ယူခါ ခြေကျင်ကြွတော်မူသည်။ လမ်းခရီး၌ နွားကျောင်းသားများ ထားကြသည်။

အင်္ဂုလိမာလသည် မိခင်အား ချန်ထားခဲ့၍ ဘုရားရှင်ကို လက်ညှိုး ဖြတ်ရန် လိုက်သည်။ ဘုရားရှင်အား မမိပဲ ခန္ဓာကိုယ်မှ ချွေးကျသည်၊ အင်္ဂုလိမာလသည် ဘုရားရှင်အား ရဟန်းရပ်လောဟု ဆို၏။ ဘုရားရှင်က ငါသည် ရပ်နေ၏၊ သင်သည်သာ ရပ်လော့ဟု မိန့်တော်မူရာ အင်္ဂုလိ မာလက ရဟန်းတို့သည် မှန်သောစကားကို ဆိုတတ်၏။ ဤရဟန်းသည် သွားနေလျက် ရပ်နေသည်ဟု ဆို၏။ ငါရပ်နေသည်ကို သွားနေသည်ဟု ဆို၏။ ထို့ကြောင့် အကြောင်းကို လျှောက်၏။ အင်္ဂုလိမာလ ငါသည် သတ္တဝါတို့အား သနားခြင်းစသည်တို့ဖြင့် အမြဲတမ်း ရပ်တည်နေသူ ဖြစ်၏။ သင်သည်သာလျှင် သူတစ်ပါးအား မေတ္တာ ကရုဏာစသည်မရှိ၍ အမြဲတမ်းသွားနေသူမည်၏ဟု မိန့်တော်မူ၏။ ထိုအခါ အင်္ဂုလိမာလသည် ရေပေါ် ဆီပေါက်များ ကျသကဲ့သို့ သတ္တဝါတို့အား မေတ္တာတရားပျံ့နှံ့ သွားလေသည်။

နောက် အင်္ဂုလိမာလသည် ဧဟိဘိက္ခု ရဟန္တာဖြစ်သွား၍ မိမိနည်းတူ သူတကာတို့အားလည်း သိစေလို၍ တရားဟောသည်။

ငါသည် ရှေးအခါက မေ့မေ့လျော့လျော့နေ၏၊ ယခုအခါ၌ကား တိမ်တိုက်မှ လွတ်သော လမင်းကဲ့သို့ လောကမှာ လွတ်ပြီ။ ငါသည် အကုသိုလ်ကို ကုသိုလ်ဖြင့် ပိတ်ပြီးပြီ၊ ယခုငါအား လောကမှ လွတ်ပြီ။

သူသည် ဆွမ်းခံသွားရာ ဒုတ်တို့ဖြင့် ခဲပေါက်ကြ၏ သပိတ်ကွဲဖြင့် ဘုရားရှင်ထံသို့ ရောက်လာ၏။ ဘုရားရှင်ကလည်း သည်းခံစေ၏။ သင်သည် ရှေးအခါက နှစ်ပေါင်းများစွာ ငရဲမှာ ခံစားခဲ့ရ၏။ ယခုကား ပစ္စုပ္ပန်၌ပင် များစွာအကျိုးရှိ၏ဟု မိန့်တော်မူပြီးနောက် အင်္ဂုလိမာလထေရ်သည် အောက်ပါတရားဒေသနာများကို ဟောတော်မူလေသည်။

ရေကို အလိုရှိသလို မြောင်းနှင့်သွယ်၍ ရသည်။ လေးသမားသည် ကောက်သောမြားကို ဖြောင့်၍ရသည်။ သစ်ရွေသမားသည် အလိုရှိသလို သစ်ကို ရွေယူသည်။ ပညာရှိတို့သည် မိမိခန္ဓာကို ဆုံးမသည်။

ဒုတ် ချွန်း ကြိမ်လုံးတို့ဖြင့် သတ္တဝါတို့ကို ဆုံးမကြသည်။ ငါကား ဒုတ်မပါဘဲ မိမိကိုယ်ကို ဆုံးမပြီးပြီ။ ငါကား ရှေးအခါ အဟိံသမည်၏၊ ယခုအခါကား သစ္စာမည်၏။ ငါကား ရှေးအခါက သူခိုးကြီး၊ ယခုအခါ ဂုဏ်တို့ကို မြစ်၌ မျောပြီး၍ သရဏဂုံသုံးပါးကမ်းသို့ ကပ်ရောက်ပြီးပြီ၊ ဘဝနှောင်ကြိုးကို ဖြတ်ပြီးပြီ၊ အကုသိုလ်ကံတည်းဟူသော မြီကြောင့် အပါယ်ရောက်ခဲ့ပြီ။

ယခုကား ကြွေးမြီမရှိဘဲ စားပေတော့အံ့။ လူမိုက်တို့သည် မေ့လျော့ ကုန်၏။ ပညာရှိတို့သည် ကုသိုလ်တည်းဟူသော ဥစ္စာကို စောင့်ရှောက် ကုန်၏။ မေ့လျော့သောသူတို့သည် ကာမဂုဏ်နှင့် ဆက်ဆံကုန်၏။ မမေ့မလျော့သောသူတို့သည် ကာမဂုဏ်တရားကို မီးရှို့ပြီး၍ ချမ်းသာသုခ ရောက်ရသည်။

နောက် အင်္ဂုလိမာလထေရ်သည် အာရညိကဓုတင်စသည် ဆောက် တည်သည်။ နောက် အင်္ဂုလိမာလထေရ်သည် ဆွမ်းခံကြွရာ ကိုယ်ဝန် မဖွားနိုင်သော မိန်းမတစ်ယောက်အား –

ယတောဟံ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော၊ နာဘိဇာနာမိ သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ။ တေန သစ္စေန သောတ္ထိ တေ ဟောတု သောတ္ထိ ဂဗ္ဘဿ။ (မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ၃၀၆)

ဘဂိနိ–နှမ၊ အဟံ–ငါအင်္ဂုလိမာလထေရ်သည်၊ ယတော–အကြင် အခါမှ၊ အရိယာယ ဇာတိယာ–အရိယာဇာတ်ဖြင့်၊ ဇာတော–ရဟန္တာဖြစ်၏။ သဉ္စိစ္စ–သတ်လိုသော စေတနာရှိသည်ဖြစ်၍၊ ပါဏံ–သတ္တဝါကို၊ ဇီဝိတာ–ဇီဝိတိန္ဒြေမှ၊ ဝေါရောပေတာ–ချဖူးသည်၏အဖြစ်ကို၊ နာဘိ ဇာနာမိ–မသိစဖူး။ တေန သစ္စေန–ထိုသစ္စာစကားကြောင့်၊ တေ–သင့် အား၊ သောတ္ထိ–ချမ်းသာခြင်းသည်၊ ဟောတု–ဖြစ်စေသတည်း။ ဂဗ္ဘဿ– ကိုယ်ဝန်၏၊ သောတ္ထိ–ချမ်းသာခြင်းသည်၊ ဟောတု–ဖြစ်ပါစေသတည်း။

ဤသို့ စသည်ဖြင့် ချမ်းသာစေဖူးပါသည်။

* * * *

## အရှင်ဥပါလိ

ဤကမ္ဘာမှ ပြန်၍ရေသည်ရှိသော် ကမ္ဘာတစ်သိန်းအထက်၌ ပဒုမုတ္တရဘုရားရှင် ပွင့်တော်မမူမီ ဟံသာဝတီပြည်၌ ကုဋေရှစ်ဆယ်ကြွယ်ဝသော ဥပါလိထေရ်အလောင်းတော်သည် ဗေဒင်သုံးပုံ လက္ခဏာကျမ်း ပုရာဏ်ကျမ်းစသည်တို့၌ တစ်ဖက်ကမ်းခတ် တတ်မြောက်၏။ များစွာ ကုန်သော ရသေ့ပရိဗိုဇ်စသည်တို့သည် ပူဇော်ဆည်းကပ်ကုန်၏။ သူ့ထက် သာလွန်သူ မရှိ၍ မာနလည်းကြီး၏။ ဤသို့ ရသေ့ဆရာကြီး ပြုလုပ် နေစဉ် သုံးလောကအတွင်း ပဒုမုတ္တရဘုရားရှင် ပွင့်ပေါ်တော်မူလာ၍ ဟံသာ ဝတီပြည်သို့ ကြွတော်မူလာပြီး ခမည်းတော်မင်းမြတ်အား တရားဟော

တော်မူရာ ငယ်မည်သုဇာတ၊ ရသေ့အမည် သုနန္ဒ ဆရာကြီးဖြစ်၍ ပန်းမဏ္ဍပ်တို့ဖြင့် ပူဇော်၏။ ဘုရားရှင်သည် တစ်သိန်းမျှလောက်သော သတ္တဝါတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူ၏။

ဘုရားရှင်သည် ရှစ်ရက်မြောက်နေ့၌ ဤသုနန္ဒရသေ့သည် လူ့ပြည်နတ်ပြည် သုဂတိဘဝတို့၌သာ ကျင်လည်၍ ကမ္ဘာတစ်သိန်းလွန်သည့်အခါ မန္တာနီမည်သော ဆတ္တာသည်မသား ဥပါလိမည်သော လုလင်ဖြစ်၍ ဂေါတမဘုရားရှင်လက်ထက် ဝိနည်းအရာ တေဒဂ်ရလိမ့်မည်ဟု ဗျာဒိတ်ကြားတော်မူ၏။

သူသည် သောဘဏမည်သောအရပ်ကို အသပြာတစ်သိန်းဖြင့်ဝယ်၍ အုံ့ဖွယ်ဘနန်း တံတိုင်းစသည် ပြည့်ပြည့်စုံစုံ ဆောက်လုပ်လှူဒါန်းသည်။ သူသည် ဤကောင်းမှုကြောင့် အလိုရှိသည်ကို ရလိုပါ၏ဟု ဆုတောင်းသည်။

ဘုရားရှင်က ဤရသေ့သည် ဤကောင်းမှုကြောင့် ဖြစ်လေရာဘဝတို့၌ ဆင် မြင်း ရထား ခြေသည် တည်းဟူသော စစ်အင်္ဂါလေးပါးခြံရံကုန်လတ္တံ့၊ တူရိယာအပေါင်းတို့ဖြင့် တီးမှုတ်လျက် ခြံရံကုန်လတ္တံ့၊ ပတ္တမြားနားဒောင်းစသည် တန်ဆာဆင်ကုန်သော မိန်းမရတနာအပေါင်းခြံရံကုန်လတ္တံ့၊ ကမ္ဘာသုံးသောင်းပတ်လုံး နတ်ပြည်၌ နေရကုန်လတ္တံ့၊ သိကြားမင်းအကြိမ်တစ်ထောင်၊ စကြာမင်းအကြိမ်တစ်ထောင်၊ ပဒေသရာဇ် ကေရာဇ်မင်းအဖြစ်ကား မရေတွက်နိုင် ခံစားရလတ္တံ့ဟု ဗျာဒိတ်ကြားတော်မူသည်။

နောက် ဒုတိယဘဝ၌ အဥ္စသမင်း၏သားတော်ဖြစ်သည်။ သိရိကဆင်ကို စီးလျက် အခြံအရံအပေါင်းတို့နှင့်တကွ ဥယျာဉ် ကစားထွက်လေရာ ဒေဝလမည်သော ပစ္စေကဗုဒ္ဓါအား ရိုက်နှက်စဉ် ဦးခေါင်းမီး

လောင်သည့်အလား ငါးမျှားချိတ်မိသော ငါးပမာ ပူလောင်လှ၍ ဝန်ချ တောင်းပန်ရလေသည်။

ပစ္စေကဗုဒ္ဓါက ရေကို မီးမလောင်၊ ကျောက်တောင်၌ မျိုးစေ့ မပေါက်၊ ပိုးလောက် ဆေး၌ မတည်သကဲ့သို့ ပစ္စေကဗုဒ္ဓါ၌ အမျက်ဒေါသ မဖြစ်၊ မြေသည် မလှုပ်၊ သမုဒ္ဒရာသည် မနှိုင်းယှဉ်နိုင်၊ ကောင်းကင် သည် အဆုံးမရှိသကဲ့သို့ဟု မိန့်တော်မူလေသည်။

ဤမကောင်းမှုကြောင့် ဆင္ဂာသည်သားဖြစ်ရသည်၊ အနုရုဒ္ဓါမင်း သား ခြောက်ယောက်တို့နှင့်တူ ရဟန်းပြု၍ တောရဆောက်တည်ပြီး ရဟန္တာဖြစ်လေသည်။ ဝိနည်းပိဋကတ်ကိုလည်း ဘုရားရှင်ထံတော်၌ သင် ကြား၍ ဘာရုကစ္ဆက အဖွဲ့က ကုမာရကဿပဝတ္ထု သုံးခုကို အကြောင်း ပြု၍ ဂေါတမဘုရားရှင်သည် အရှင်ဥပါလိအား ဝိနည်းအရာ တေဒဂ်ထား တော်မူသည်။

နောက် အရှင်ဥပါလိသည် ဘုရားရှင်အား အောက်ပါ စကားများ ကို လျှောက်ထားလေသည်။

အရှင်ဘုရား တပည့်တော်သည် ကမ္ဘာတစ်သိန်းအထက်၌ ပဒုမုတ္တရ ဘုရားရှင်လက်ထက်ကို အစပြု၍ အရှင်ဘုရား၏ အဆုံးအမကို တောင်း တပါ၏။ အလုံးစုံသော သံယောဇဉ်တို့၏ကုန်ခြင်းသို့ ရောက်ပါပြီ၊ ကား စင်တင်ခံရသောသူသည် သက်သာရာ မရသည်ဖြစ်၍ လွတ်လိုခြင်းကို တောင်းတသကဲ့သို့ တပည့်တော်သည် ဘဝတည်းဟူသော အပြစ်ဒဏ်ဖြင့် ငြိမ်းခြောက်အပ်သည်၊ အကုသိုလ်တံကျင်လျှိုအပ်သည်၊ တဏှာဆာ လောင်ခြင်းနှိပ်စက်သည်ဖြစ်၍ မီးသုံးပါးတို့သည် လောင်အပ်သည်ဖြစ်၍ ဘဝသုံးပါး၌ သက်သာရာကို မရနိုင်ပါ၊ မင်းဒဏ်သင့်သော ယောက်ျား ကဲ့သို့ သက်သာရာကို ရှာခဲ့ပါသည်ဘုရား။

အဆိပ်သင့်သောသူသည် ဆေးသောက်၍ သက်သာရာရသကဲ့သို့ အဝိဇ္ဇာမောဟနှိပ်စက်အပ်သည်ဖြစ်၍ သူတော်ကောင်းတရားဆေးကို ရှာမှီးခဲ့ပါပြီ၊ အဆိပ်ပျောက်ဆေးသောက်၍ အေးငြိမ်းခြင်းနိဗ္ဗာန်ကို ရောက်နေပါပြီ။

ဘီလူးဖမ်းစားသောသူသည် ပယောဂဆရာ၏ ဆေးကို သောက်၍ ရောဂါပျောက်ကင်းသကဲ့သို့ တရားတော်တည်းဟူသော ဆေးကို သောက်၍ ကိလေသာဘီလူးဖမ်းစားခြင်းမှ လွတ်ခဲ့ပါပြီ။

နဂါးကို ဂဠုန်ဖမ်း၍ စားမျိုပြီးခါ ဆာလောင်ခြင်းမှ အေးငြိမ်းသကဲ့သို့ နိဗ္ဗာန်၏အရသာကို မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် ခံစားရပါပြီ။

နှစ်ပေါင်းတစ်ထောင်ကြာမှ တာဝတိံသာ စိတ္တလတာဥယျာဉ်၌ တစ်ကြိမ်သာပွင့်တတ်သော အာသာဝတီနွယ်နီနတ်ပန်းကို နတ်တို့သည် ရယူဘိသကဲ့သို့ တပည့်တော်သည် အရှင်ဘုရားကို ဆည်းကပ်ရပါ၏။

အရှင်ဘုရားကို ဆည်းကပ်ခြင်း၊ ရှိခိုးခြင်းသည် မမြဲပါ၊ အချည်းအနှီး မဖြစ်ပါ။ ကမ္ဘာတစ်သိန်းဝေးခဲ့ရပါသော်လည်း အရှင်ဘုရား၏ ပွင့်တော်မူရာ နဝမက္ခဏာသည် ဝါလဝေဓိလေးသမားကဲ့သို့ မချွတ်ယွင်းပါ၊ ဘဝသုံးပါး၌ ပဋိသန္ဓေနေခြင်းကို မမြင်ပါ။ ဥပမိလေးပါးကင်း၍ ကိလေသာနှင့် မယှဉ်သည်ဖြစ်၍ သွားလာနေထိုင်ရပါ၏။

အထပ်တစ်ရာ ပဒုမာ ကြာပန်းသည် နေရောင်ကြောင့် ပွင့်သကဲ့သို့ အရှင်ဘုရား၏ တရားရောင်ခြည်ဖြင့် မဂ်ပန်းဖိုလ်ပန်းပွင့်ခဲ့ပါပြီ။

ဗျိုင်းအောက် ဗျိုင်းနွမ်းမျိုးမှာ အဖိုမရှိ၊ မိုးချုန်းသံကြောင့် ကိုယ်ဝန်ကို ယူကြကုန်၏။ မိုးရွာမှ ဖွားမြင်ရသကဲ့သို့ တပည့်တော်သည် ပဒုမုတ္တရဘုရားရှင်၏ တရားတည်းဟူသော မိုးဖြင့် ရွာသွန်းဖြိုးသည်ရှိသော် ဝိဝဋ္ဋ

နိဿိတ ဒါန သီလစသည် ကိုယ်ဝန်ဆောင်ခဲ့ပါပြီ၊ ကမ္ဘာတစ်သိန်းမှစ၍ ပါရမီကိုယ်ဝန်ဆောင်ခဲ့ရပါ၏။

တရားတည်းဟူသော မိုးမရွာက တရားကိုယ်ဝန်မှ မလွတ်ရပါ။ အရှင်ဘုရားသည် ကပိလဝတ်ပြည်၌ တရားမိုးရွာသဖြင့် တရားကိုယ်ဝန်မှ လွတ်ခဲ့ပါပြီ။

သုညတမဂ်၊ အနိမိတ္တမဂ်၊ အပ္ပဏိဟိတမဂ်၊ မဂ်လေးပါး ဖိုလ်လေးပါးတို့ကို ဖွားမြင်ရပါပြီဘုရား၊ ဝိနည်းအရာ တေဒဂ်ရဖြစ်ပါပြီဘုရား။

မိုလ်ပါရဲမက်စသည်နှင့် ပြည့်စုံသော မြို့ကို ဖန်ဆင်းပြီးလျှင် ရန်သူတို့ကို တားမြစ်ခြင်း၊ ရာထူးဌာနန္တရပေးခြင်း၊ မင်းဆရာစသည် ခန့်ထား၍ မင်း၏အဖြစ်ဖြင့် ခံစားစံစား၍နေသကဲ့သို့ အရှင်ဘုရားသည် ကိလေသာရန်သူကို ပယ်လှန်၍ တရားမြို့ကို ဖန်ဆင်းခါ စံစားနေသော တရားမင်းဖြစ်ပါသည်ဘုရား။ ထိုမြို့၌ စာတုပါရိသုဒ္ဓိသီလတည်းဟူသော တံတိုင်းမြို့ရိုးရှိပါ၏။ သဗ္ဗညုတဉာဏ်တော်တည်းဟူသော တံခါးမှခ်လည်းရှိပါ၏၊ သံသရသီလပြည့်စုံခြင်းသည် တံခါးစောင့်ခြောက်ယောက်ပါပေတည်း။ သတိပဋ္ဌာန်လေးပါးကား ပြအိုးပြည့်စင်၊ ပါဋိဟာရိကစသော ပညာတော်သည် ခရီးဆုံးပြလမ်း၊ ဣဒ္ဓိပါဒ်လေးပါးသည် ခရီလေးဆုံ ဗောဓိပက္ခိယတရားသုံးဆယ့်ခုနစ်ပါးသည် လမ်းသေးလမ်းမြွာ၊ သုတ္တန် ဝိနည်း အဘိဓမ္မာတရားတော်သည် လွှတ်ရုံးသဘင်၊ လောကုတ္တရာတရားကိုးပါးသည် နန်းတော်ကြီးတည်း။

အရှင်သာရိပုတ္တရာသည် တရားစစ်သူကြီး၊ အရှင်မောဂ္ဂလာန်သည် ပုရောဟိတ်ပညာရှိ၊ ဓုတင်အရာ တေဒဂ်ရ အရှင်မဟာကဿပကား တရားသူကြီး၊ အရှင်အာနန္ဒာကား တရားဘဏ္ဍာစိုး။ ယခုအခါ တပည့်တော်သည် ဝိနည်းအရာ တေဒဂ်ရ စန္ဒနမည်သောမင်းဖြစ်စဉ် မာနတရား

ကြောင့် ပစ္စေကဗုဒ္ဓါတစ်ပါးအား ပြစ်မှားမိခဲ့၍ ဆတ္တာသည်သားဖြစ်ခဲ့ရပါသည်ဘုရား။

သုမေဓလမင်း၊ ကောသိယမင်း၊ သိဂ္ဂဝမင်း၊ သတ္တကမင်းတို့ ရသေ့ရဟန်းတို့ကို ပြစ်မှားမိခဲ့၍ တိုင်းပြည်ရှာပါ ပျက်စီးခဲ့ပါ၏။ သာသနာတော်သည် တချို့အား ပျို့အန်ဆေး၊ တချို့အား ဝမ်းလျှောဆေး၊ တချို့အား လတ်တလော သေစေတတ်သောအဆိပ်၊ တချို့အား နတ်ဆေးဖြစ်၏၊ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်အား အန်ဆေး၊ ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်အား ဝမ်းလျှောဆေး၊ ကောင်းမှုကို လိုလားသူတို့အား နိဗ္ဗာန်ဆေးဖြစ်၏။

သာသနာတော်နှင့် ဆန့်ကျင်သူတို့အား အဆိပ် မြွေပွေး မြွေဟောက်တည်း၊ အဆိပ်ကား တစ်ကြိမ်သာ သေတတ်၏၊ သာသနာတော်နှင့် ဆန့်ကျင်သူတို့အား ကမ္ဘာကုဋေပေတ်လုံး လောင်မြိုက်တတ်၏၊ ဘုရားရှင်ကို သည်းခံခြင်းစသော ဂုဏ်တို့ကြောင့် ဆန့်ကျင်ဘက်မပြုအပ်ကုန်၊ လောကဓံတရားရှစ်ပါးတို့၌ မြေကြီးအထုနှင့်တူ၏၊ ဒေဝဒတ်၊ အင်္ဂုလိမာလ၊ ရာဟုလာ၊ နာဠာဂိရိဆင်တို့၌ သနားမေတ္တာ ကရုဏာ တူမျှပါ၏။

မစင်လိမ်းကျံသော အရိယာတို့၏ တံခွန်အောင်လံသဖွယ်ဖြစ်သော သင်္ကန်းကို လမ်းခရီး၌ စွန့်ပစ်အပ်သည်ကိုမြင်၍ ရှိခိုးအပ်၏။ ပွင့်ပြီး ပွင့်ဆဲပွင့်လတ္တံ့သော ဘုရားရှင်တို့သည် ဤအရဟတ္တဓိုလ်တံခွန်သင်္ကန်းဖြင့် စင်ကြယ်ကုန်၏။ ထို့ကြောင့် ဘုရားရှင်ကို ရှိခိုးအပ်၏။

တပည့်တော်သည် ဝိနည်းတရားတော်ကို အမြဲတမ်း ဆောင်ထား၏၊ ဝိနည်းတရားတော်ကို အခါခပ်သိမ်း ရှိခိုး၏၊ ဝိနည်းတရားတော်သည် ငါ၏ တည်နေရာ ရပ်ရာ သွားရာ နေခြင်း ကျက်စားရာတည်း။

တပည့်တော်သည် အရှင်ဘုရားအား ရှိခိုးလျက် တရားတော်၏ ကောင်းသောအဖြစ်ကိုလည်း ရှိခိုးလျက် တစ်ရွာမှ တစ်ရွာ တစ်ပြည်မှ တစ်ပြည်သို့ လှည့်လည်ပါအံ့။

တပည့်တော်သည် ကိလေသာတို့ကို မီးမြိုက်အပ်ကုန်ပါပြီ၊ ခပ်သိမ်းသောဘဝတို့ကို နုတ်ပယ်အပ်ကုန်ပါပြီ။ ခပ်သိမ်းသော အာသဝတို့ ကုန်ခန်းပါပြီ၊ အရှင်ဘုရား၏ အဆုံးအမတော်ကို လိုက်နာအပ်ကုန်ပါပြီ၊ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးတို့ကို မျက်မှောက်ပြုကုန်ပါပြီ။ အရှင်ဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။

မာ ဝေါ ခဏံ ဝိရာဓေထ၊ ခဏာတီတာ ဟိ သောစရေ။
သဒတ္ထေ ဝါယမေယျာထ၊ ခဏော ဝေါ ပဋိပါဒိတော။
(ထေရအပဒါန်ပါဠိတော်၊ ပ၊ ၅၁)

ဝေါ–လောကီအကျိုး လောကုတ္တရာအကျိုး အမျိုးမျိုးကို လိုချင်တောင်းတသော သင်တို့သည်၊ ခဏံ–ဘုရားရှင်တို့ပွင့်ရာ အခွင့်ကောင်း အခါကောင်း ဗုဒ္ဓုပ္ပါဒနဝမက္ခဏကို၊ မာ ဝိရာဓေထ–သတိတရား လက်ကိုင်ထားခါ မချွတ်ယွင်းကြပါစေကုန်လင့်။ ဟိ သစ္စံ–မှန်၏၊ ခဏာတီတာ–ဘုရားရှင်တို့ ပွင့်ရာခဏကို လွန်စေကုန်သောသူတို့သည်၊ သောစရေ–သံသရာမှ မလွတ်ရ၍ ပူပန်ကြရပါကုန်၏။ သဒတ္ထေ–မိမိ၏ ပစ္စုပ္ပန် သံသရာ အကျိုးအဖြာဖြာ၌၊ ဝါယမေယျာထ–သမ္မပ္ပဓာန် ဝီရိယဓာတ် အမှန်ဖြင့် အားထုတ်ကြပါကုန်လော့၊ ဝေါ–သံသရာမှ လွတ်ရေး မျှော်ခေါ်တွေးကြသော သင်တို့သည်။ ခဏော–ဘုရားရှင်တို့ပွင့်ရာ အခွင့် ကောင်း အခါကောင်းကို၊ ပဋိပါဒိတော–ကောင်းသောအကျိုးများ ပြီးပြည့်စေရာသတည်း။

## သားတော်ရာဟုလာ

သားတော်ရာဟုလာသည် ဘုရားအလောင်းတော်ကား သမင်မျိုး၌ ဖြစ်စဉ် တူသမင်ဖြစ်၏၊ နှမသမင်မက ဦးရီးထံ၌ သားသမင်အား သမင်တို့၏ မာယာကို သင်စေ၏။

တစ်နေ့သ၌ အရှင်ရာဟုလာအလောင်းသမင်သည် မုဆိုး၏ ကျော့ကွင်း၌ မိစဉ် သေဟန်ကို ပြုနေ၏။ မုဆိုးသည် သေနေပြီထင်၍ ကြိုးကို ဖြေပြီး သမင်သားထည့်ရန် သစ်ရွက်သွားခူးနေခိုက် ထွက်ပြေးခါ လွတ်လာဖူးသည်။

ဤသို့ အရှင်ရာဟုလာသည် သူတစ်ပါးအထံမှ သင်ခြင်း ကျင့်ခြင်း သိက္ခာကို ယခုဘဝ၌သာ အလိုရှိသည်မဟုတ်၊ ရှေးသမင်းဘဝ၌လည်း အလိုရှိသည်သာတည်း။

ရှေးအခါက အရှင်ရာဟုလာအလောင်းတော်သည် တည်ခါမျိုးဖြစ်ဖူးသည်။ မုဆိုးသည် ချိုင့်မှာ ထည့်၍ ခေါင်းကို တုတ်နှင့် ခေါက်ခါ တွန်စေ၏၊ ဤနည်းဖြင့် တခြားခါများကို ဖမ်းယူခါ အသက်မွေးသည်။

အရှင်ရာဟုလာအလောင်းခါသည် ၎င်းမုဆိုးကား ဘုရားအလောင်းရသေ့ကျောင်းနားမှာ ခဏရေသောက်ရန် ချထားစဉ် တပည့်တော်၏ အပြစ်ရှိပါသလားဟု မေး၏၊ ရသေ့က စိတ်မပါ၍ အပြစ်မရှိဟု ပြောလေသည်။

ရသေ့နှင့်ခါတို့၏ စကားကို မုဆိုးသည် ရေသောက်ပြီး၍ အိပ်ပျော်ရာမှ နိုးစဉ် ကြား၏၊ မုဆိုးသည် ဘုရားအလောင်းရသေ့ကို ရှိခိုးလျက် သွားလေသည်။

ရှင်ရာဟုလာအလောင်းတော်သည် ရှေးဘဝ၌ ဒါနစသော ပါရမီကို ဖြည့်ဆည်းဖူးသည်၊ ဝဋ်ကင်းရာနိဗ္ဗာန်ကို တောင်းတသည်။ ပဒုမုတ္တရ

ဘုရားရှင်လက်ထက်၌ ဘုရားရှင်၏ တရားတော်ကို နာစဉ် ဘုရားရှင်သည် သိက္ခာသီလကို မြတ်နိုးသော ရဟန်းတို့တွင် ရဟန်းတစ်ပါးအား အတော်ဆုံး အမြတ်ဆုံးဟု တေဒဂ်ပေးသည်ကို မြင်၍ လိုချင်သောကြောင့် ဆုတောင်းဖူးသည်၊ ကျောင်းအိပ်ရာ နေရာကို သုတ်သင်ရာ၌ အလွန်မြတ်နိုးစွာ ကုသိုလ်ပြု၏။

သူသည် ၎င်းကောင်းမှုရှိန်စော် အာနုဘော်ကြောင့် အပါယ်ရွာ မရောက်ဘဲ လူ့ပြည် နတ်ပြည်၌သာ ကျင်လည်၍ လူမင်း နတ်မင်း စကြာမင်း ဖြစ်ဖူးသည်။

ဤကမ္ဘာ၌ ဂေါတမဘုရားအတော်၏ တောင်ညာစံဒေဝီ ဗိမ္ဗာရွှေရော် မယ်ယသော်၏ဝမ်းဝယ် ပဋိသန္ဓေနေလာသည်၊ ဖွားခါစ၌ အလောင်းမင်းတရားအား မှူးမတ်များက သားတော်တစ်ပါး ဖွားမြင်ကြောင်း သံတော်ဦးတင်ကြရာ အလောင်းတော်က လောက၌ လနေများကို ရာဟု အသူရိန် ဖမ်းသကဲ့သို့ ငါလည်း လောကသံသရာ၌ သံယောဇဉ်ကြိုး တစ်မျှင်တိုးသည်ဟု ပြောဖူးသည်ကို စွဲ၍ ရာဟုလာဟု အမည်ပေးကြသည်။

နောက် ရှင်ပြု၍ ရဟန်းပြုခါ ရဟန္တာဖြစ်လေသည်။

(ရှင်ရာဟုလာအမွေတောင်းခဏ်းကို ဝိနည်းမဟာဝါပါဠိတော်၊ ၁၁၅- ၌ ရှုပါလေ။)

သူသည် ရဟန္တာဘဝ၌ မိမိ၏ ဖြစ်စဉ်ကို အောက်မေ့ခါ ငါသည် ပဋိသမ္ဘိဒါဉာဏ် ဒိဗ္ဗစက္ခုဉာဏ် အာသဝက္ခယအဘိညာဉ်ကို ရပြီ၊ လောဘစသော ကိလေသာကင်း၏၊ ပစ္စည်းလေးပါး ပူဇော်အထူးကို ခံထိုက်၏၊ နောင်ပဋိသန္ဓေမနေရတော့ပြီဟု လူများတို့အား တရားဟောတော်မူသည်။

* * * *

## အရှင်ရာဟုလာနှင့်အရှင်ရဋ္ဌပါလ

သူတို့နှစ်ဦးသည် ပဒုမုတ္တရဘုရားရှင်လက်ထက်၌ ဟံသာဝတီပြည်ဝယ် သူကြွယ်မျိုး၌ ဖြစ်ကြသည်၊ တစ်ယောက်နှင့်တစ်ယောက် အမျိုးအမည်ကိုပင် မသိနိုက်ကြ၊ အရွယ်ရောက်လာသောအခါ နှစ်ယောက်လုံးမင်းဖြစ်ကြသည်။ သူတို့သည် မိဘဘိုးဘွားများ သေသွားပြီးသည်နောက်ပစ္စည်းဥစ္စာများကို ကြည့်၍ ငါတို့မိဘဘိုးဘွားများကား ဤပစ္စည်းဥစ္စာများကို ယူ၍ မသွားနိုင်ကြ။ ငါတို့သည် စုပုံထားကလည်း အကြောင်းမထူးဟု မလျှော့ပ်ထိုးခါ တစ်ယောက်ကား အလှူပေး၏၊ နောက်တစ်ယောက်ကား အလှူပေး၏၊ နောက်တစ်ယောက်ကား အလှူတွေ့သူများ လိုလေသေးမရှိအောင် ဖြည့်ခါ ပေးသည်။

သူတို့သည် တစ်နေ့သ၌ မြို့ပြင်ကို ထွက်ရာ တန်ခိုးကြွဒ္ဓိပါဒ်နှင့်ပြည့်စုံသော ရသေ့နှစ်ဦးကို တွေ့၍ ပင့်ဖိတ်ခါ ကုသိုလ်ပြုကြသည်၊ အမြဲပင့်ဖိတ်ထားသည်။

ရသေ့တစ်ယောက်ကား သူများထက် ချွေးထွက်များ၏၊ နေ့အခါ၌ သမုဒ္ဒရာကို နှစ်ခြမ်းခွဲခါ နဂါးဘုံမှာ သွား၍နေ၏။ နောက် ၎င်းသူကြွယ်တစ်ယောက်သည် ၎င်းရသေ့ပြော၍ နဂါးဘုံသို့ စိတ်ညွှတ်ဖူး၏။

နောက်ရသေ့တစ်ယောက်ကား တာဝတိံသာနတ်ပြည်သို့ နေ့လည်ခင်းသွားနေ၏။ ၎င်းသူကြွယ်တစ်ယောက်သည် ၎င်းရသေ့ပြော၍ တာဝတိံသာနတ်ပြည်ကို စိတ်ညွှတ်ဖူး၏။

ထို့ကြောင့် တစ်ယောက်ကား နဂါးဘုံ၊ တစ်ယောက်ကား တာဝတိံသာနတ်ပြည်မှာ ဖြစ်ကြ၏။ သူတို့သည် ရှေ့ဖြစ်သနစ် ဇာတိဿရဉာဏ်ကို ရကြသည်။ တစ်ယောက်နှင့်တစ်ယောက် အကြောင်းအကျိုးကိုပြောပြခါ ပဒုမုတ္တရဘုရားရှင်ကို ပင့်၍ ကုသိုလ်ပြုကြသည်၊ ဆုတောင်း

ကြသည်။ ဘုရားရှင်က နဂါးမင်းအား အရှင်ရာဟုလာဖြစ်လိမ့်မည်။ သိကြားမင်းအား သဒ္ဒါပဗ္ဗဇိတအရာ တေဒဂ်ရဟန်းဖြစ်လိမ့်မည်ဟု ဗျာဒိတ်ပေးတော်မူသည်။

သူတို့သည် သံသရာမှာ ကျင်လည်ကြ၍ ဖုဿဘုရားရှင်လက်ထက်တော်ဝယ် မဟိန္ဒမင်း၏သားများ သုံးယောက်တို့သည် ရန်သူသူပုန်များကို နှိပ်နင်း၍ ပြန်လာကြစဉ် ဘခင်အား ဘုရားကို လုပ်ကျွေးရန်ဆုကိုသာ တောင်းကြ၍ ဒါနစသည်ပြုကြသည်၊ တစ်ယောက်ကား ပစ္စည်းရှာပေးသူ တစ်ယောက်ကား ချိန်ဆဝယ် ယူတတ်သူ၊ တစ်ယောက်ကား အလှူကို စီမံတတ်သူတို့တည်း။

ထိုသုံးယောက်တို့တွင် ဥစ္စာရှာပေးသူကား ဗိမ္ဗိသာရမင်းကြီး၊ ချိန်ဆတတ်သူကား ဝိသာခဥပါသကာ၊ အလှူကို စီမံတတ်သူကား ရဋ္ဌပါလထေရ် ဖြစ်လာသည်၊ အလှူကို ပြုပြီးနောက် တာဝတိံသာနတ်ပြည်မှာဖြစ်ကြသည်။

၎င်းရာဟုလာထေရ်သည်ကား ကဿပဘုရားရှင်လက်ထက်တော်၌ ကိကီမင်းကြီး၏ သားတော်ဖြစ်လာသည်။ နှမခုနစ်ယောက်ရှိသည်၊ အလှူကြီးပြုကြပြီးနောက် နတ်ပြည်ရောက်ကြသည်။

ရာဟုလာသည် အဂ္ဂမဟေသီ ယသောဓရာဝမ်း၌ ပဋိသန္ဓေနေစဉ် မိတ်ဆွေရဋ္ဌပါလအလောင်းသည် ကုရုတိုင်း၌ သူဌေးမျိုးမှာ ဖြစ်သည်၊ နောက်ဘုရားရှင်သည် ရှင်ပြုလေသည်။

## ရာဟုလသုတ်

ချစ်သားရာဟုလာ သင်သည် မပြတ်ပေါင်းသင်းဆက်ဆံမှုကြောင့် ပညာကို မထီမဲ့မြင်ရှိပါ၏တကား၊ လူတို့အား ဉာဏ်ဆီမီးကို ထွန်းပေးတတ်သော ပညာရှိပုဂ္ဂိုလ်ကို သင်သည် ပူဇော်ပါ၏လော့။

မြတ်စွာဘုရား တပည့်တော်သည် မပြတ်ပေါင်းသင်းဆက်ဆံမှုကြောင့် ပညာကို မထီမဲ့မြင်မပြုပါ၊ လူတို့အား ဉာဏ်ဆီမီးကို ထွန်းပေးတတ်သော ပညာရှိပုဂ္ဂိုလ်ကို တပည့်တော်သည် အမြဲပူဇော်ပါ၏။

ရာဟုလာ သင်သည် ချစ်အပ်သာယာအပ်သော သဘောရှိကုန်သော နှလုံးမွေ့လျော်ဖွယ်ရှိကုန်သော ကာမဂုဏ်ငါးပါးတို့ကို စွန့်ပယ်၍ သဒ္ဓါတရားဖြင့် အိမ်မှ ထွက်ပြီးလျှင် ဆင်းရဲခြင်း၏အဆုံးကို ပြုသူဖြစ်ပါ၏လော့။

ရာဟုလာ သင်သည် အဆွေခင်ပွန်းကောင်းတို့ကို ဆည်းကပ်ပါလေ၏လော့။ ဝေးသော ဆိတ်ငြိမ်သော ကြွေးကြော်သံကင်းသော ကျောင်းအိပ်ရာနေရာသို့လည်း ချဉ်းကပ်လေလော့၊ စားဖွယ်ဘောဇဉ်အတိုင်းအရှည်ကို သိသောသူ ဖြစ်ပါလေ၏လော့။

ရာဟုလာ သင်သည် သင်္ကန်း၌လည်းကောင်း၊ ဆွမ်း၌လည်းကောင်း၊ ကျောင်းအိပ်ရာနေရာ၌လည်းကောင်း၊ ဆေးပစ္စည်း၌လည်းကောင်း ဤလေးပါးတို့၌ တပ်မက်မှု တဏှာကို မပြုပါလေလင့်၊ ဤလောကကို တစ်ဖန်ပြန်၍ မလာပါလိုလင့်။

ရာဟုလာ သင်သည် ပါတိမောက္ခသီလ၌လည်းကောင်း၊ ဣန္ဒြေငါးပါးတို့၌လည်းကောင်း၊ စောင့်စည်းသူဖြစ်ပါလေ၏လော့၊ သင့်အား ကာယဂတာသတိ ဖြစ်ပါစေလော၊ သံသရာ၌ ငြီးငွေ့ဆန့်ကျင်မှုများသူ ဖြစ်ပါလေ၏လော့။

ရာဂနှင့်စပ်ယှဉ်သော လှပတင့်တယ်၏ဟူသော အမှတ်နိမိတ်ကို ရှောင်ကြဉ်ပါလေ၏လော့၊ အသုဘဘာဝနာအကျိုးငှာ အာရုံတစ်ခုတည်း ရှိသော ကောင်းစွာတည်ကြည်သောစိတ်ကို ပွားများပါလေ၏လော့။

နိစ္စနိမိတ်မှကင်းသော အနိမိတ္တဝိပဿနာကိုလည်း ပွားများပါလေလော၊ မာနာနုသယကိုလည်း ပယ်စွန့်ပါလေလော၊ ထိုမာနာနုသယကို ပယ်စွန့်နိုင်ခြင်းကြောင့် ငြိမ်းအေးလျက် နေရလတ္တံ့။

ဤသို့ ဘုရားရှင်သည် အရှင်ရာဟုလာကို ဂါထာတို့ဖြင့် မပြတ် ဆုံးမတော်မူသည်။

အနိမိတ္တဉ္စ ဘာဝေဟိ၊ မာနာနုသယမုဇ္ဇဟ။

တတော မာနာဘိသမယာ၊ ဥပသန္တော စရိဿသိ။

(သုတ္တနိပါတ်ပါဠိတော်၊ ၃၂၉)

အနိမိတ္တဉ္စ–နိစ္စနိမိတ်မှကင်းသော အနိမိတ္တဝိဿနာကိုလည်း၊ ဘာဝေဟိ–ဇာတိစသည်လွှတ်ရေး မျှော်ခါထွေးခါ အားထုတ်ပါလေလော့၊ မာနာနုသယံ–မျိုးစေ့ပမာ မာနာနုသယကိုလည်း၊ ဉဇ္ဇဟ–မဂ်ဉာဏ်တို့ ဖြင့် ပယ်စွန့်ပါလေလော့၊ တတော မာနာဘိသမယာ–ထိုမာနာနုသယ ငြိမ်းအေးရခြင်းကြောင့်၊ ဥပသန္တော–ကိလေသာဓာတ် ငြိမ်းအေးလတ် သည်ဖြစ်၍၊ စရိဿသိ–မဂ္ဂင်ယာဉ်စခန်းဖြင့် ဖြောင့်ဖြောင့်တန်းတန်း နိဗ္ဗာန် နန်းသို့ စံမြန်းရလတ္တံ့သည်သာတည်း။

အရှင်ရာဟုလာသည် စူဠရာဟုလောဝါဒသုတ်၏အဆုံး၌ ရဟန္တာ ဖြစ်လေသည်။

* * * *

## အမ္ဗလဋ္ဌိကရာဟုလောဝါဒသုတ်

ဗုဒ္ဓရှင်တော်သည် အရှင်ရာဟုလာအား အင်တုံ၌ အနည်းငယ် ရေကျန်နှင့်လည်းကောင်း၊ ၎င်းရေကျန်ကို စွန့်ခြင်းနှင့်လည်းကောင်း၊ အင်တုံကို မှောက်ခြင်းနှင့်လည်းကောင်း၊ အင်တုံ၌ တစ်ခုမျှမကျန်သည် နှင့်လည်းကောင်း၊ သိလျက် ချွတ်ယွင်းသောစကားကို ပြောဆိုရာ၌ အရှက် မရှိသော ရဟန်းအား ရဟန်းတရားသည် ဤအတူ နည်းပါးခြင်း၊ စွန့် ထားခြင်း၊ မှောက်ထားခြင်း၊ တစ်ခုမှမကျန်သည်နှင့်တူသည်ဟု ဟော တော်မူ၏။

မင်းစီးဆင်သည် ရှေ့ခြေနောက်ခြေ ရှေ့ကိုယ်နောက်ကိုယ် ဦးခေါင်း နားရွက် အစွယ်အမြီးတို့ဖြင့် စစ်မြေပြင်၌ အမှုကိစ္စကို ပြု၏၊ နှာမောင်း ကိုကား စောင့်ရှောက်၏။

ထိုအခါ ဆင်စီးသူရဲအား နှာမောင်းကို စောင့်ရှောက်သည်ကို မြင်၍ အသက်ကို မစွန့်နိုင်သေးချေဟု အကြံဖြစ်၏။ နောင်နှာမောင်းဖြင့်လည်း အမှုကိစ္စကို ပြု၏၊ ထိုအခါ ဆင်စီးသူရဲအား အသက်ကို စွန့်ထားပြီးပြီ၊ မပြုလုပ်သောအမှုမည်သည် မရှိဟု အကြံဖြစ်၏။

ရာဟုလာ ဤဥပမာအတူသာလျှင် သိလျက် ချွတ်ယွင်းသောစကား ကို ပြောဆိုရာ၌ အရှက်မရှိသောမည်သည် ရဟန်းအား မဆို မပြုလုပ်သော အကုသိုလ် မကောင်းမှုသည်လည်း တစ်စုံတစ်ခုမျှ မရှိပြီဟူ၍ ငါဟော တော်မူ၏၊ ရာဟုလ ထို့ကြောင့် ဤမှသာဝါဒ၌ ရယ်မြူးလို၍မျှလည်း ချွတ်ယွင်းသော စကားကို မဆိုအံ့၊ ဤသို့လျှင် သင်သည် ကျင့်ရမည်။

ရာဟုလာ ထိုငါဆိုမည့်စကားကို အဘယ်သို့ မှတ်ထင်သနည်း၊ ကြေးမုံမှန်သည် အဘယ်အကျိုးရှိသနည်းဟု မေးတော်မူ၏။ အရှင်ဘုရား

ကြေးမုံမှန်သည် ကြည့်ရှုရခြင်းအကျိုးရှိပါသည်ဟု လျှောက်၏။ ရာဟုလာ ဤဥပမာ အတူသာလျှင် ကြည့်ရှုဆင်ခြင်၍ ကိုယ်နှုတ်စိတ်အမှုကို ပြုရမည်။

တံ ကိံ မညတိ ရာဟုလ၊ ကိမတ္ထိယော အာဒါသောတိ၊ ပစ္စဝေက္ခဏတ္ထော ဘန္တေတိ။ ဝေမေဝ ခေါ ရာဟုလ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ ကာယေန ကမ္မံ ကာတဗ္ဗံ၊ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ ဝါစာယ ကမ္မံ ကာတဗ္ဗံ၊ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ မနသာ ကမ္မံ ကာတဗ္ဗံ။ (မဇ္ဈိမ ပဏ္ဏာသပါဠိတော်၊ ၇၈)

ရာဟုလ–ချစ်သားရာဟုလ၊ တံ–ထိုငါဟောတော်မူလတ္တံ့သော စကားကို၊ ကိံ မညသိ–အဘယ်သို့မှတ်ထင်လတ္တံ့နည်း၊ အာဒါသော–ကြေးမုံပြင်သည်၊ ကိမတ္ထိယော–အဘယ်အကျိုးရှိအံ့နည်း၊ ဣတိ–ဤသို့၊ အဝေါစ–မိန့်တော်မူ၏။ ဘန္တေ–အရှင်ဘုရား၊ ပစ္စဝေက္ခဏတ္ထော–ရှုဆင်ခြင်ခြင်းအကျိုးရှိ၏။ ဣတိ–ဤသို့၊ အဝေါစ–လျှောက်လေသည်။ ရာဟုလ–ချစ်သားရာဟုလာ၊ ဝေမေဝ ခေါ–ဤအတူသာလျှင်၊ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ–ဆင်ခြင်၍ ဆင်ခြင်၍၊ ကာယေန–ကိုယ်ဖြင့်၊ ကမ္မံ–အမှုကို၊ ကာတဗ္ဗံ–ပြုအပ်၏။ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ–ဆင်ခြင်၍ ဆင်ခြင်၍၊ ဝါစာယ–စကားဖြင့်၊ ကမ္မံ–အမှုကို၊ ကာတဗ္ဗံ–ပြုအပ်၏။ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ–ဆင်ခြင်၍ ဆင်ခြင်၍၊ မနသာ–စိတ်ဖြင့်၊ ကမ္မံ–အမှုကို၊ ကာတဗ္ဗံ–ပြုလုပ်အားထုတ်အပ်သည်သာတည်း။

ရာဟုလာ သင်သည် ကြည့်ရှုဆင်ခြင်သော် အကြင်အမှုကို ကိုယ်ဖြင့် ပြုလို၏၊ ငါ၏ ကိုယ်အမှုသည် မိမိကိုယ်ကို ဆင်းရဲခြင်းငှာလည်း မဖြစ်ရာ၊ သူတစ်ပါးကို ဆင်းရဲခြင်းငှာလည်း မဖြစ်ရာ၊ မိမိသူတစ်ပါး နှစ်ပါးစုံကို ဆင်းရဲခြင်းငှာလည်း မဖြစ်ရာ၊ ဤကိုယ်အမှုသည်

ကသိုလ်တည်း၊ ချမ်း သာမှုကို ဖြစ်ပွားစေ၏၊ ချမ်းသာသောအကျိုးရှိ၏ဟု အကယ်၍သိငြားအံ့၊ ရာဟုလာ ဤသို့သဘောရှိသောအမှုကို သင်သည် ပြုသင့်၏။

ဤနည်းကိုမှီ၍ ပြုဆဲပြုပြီးရာ၌လည်းကောင်း၊ နှုတ် စိတ်အမှု၌ ပြုလို ပြုဆဲ ပြုပြီးရာ၌လည်းကောင်း အဆိုပါနည်းအတိုင်း သိအပ်၏။

ရှေးအခါက ရဟန်းပုဏ္ဏားတို့သည် ဤကဲ့သို့ ကိုယ်နှုတ်စိတ်အမှုကို သုတ်သင်ခဲ့ကြကုန်သည်ဟု ဟောတော်မူလေသည်။

## မဟာရာဟုလောဝါဒသုတ်

ဆံပင် အမွေး ခြေသည်း လက်သည်း သွား အရေ အသား အကြော အရိုး ရိုးတွင်းခြင်ဆီ အညှို့ နှလုံး အသည်း အမြှေး အဖျဉ်း အဆုတ် အူ အူသိမ် အစာသစ် အစာဟောင်း ဦးနှောက် ဤကား အဇ္ဈတ္တိကပထဝီဓာတ် နှစ်ဆယ်တည်း။

ဤသို့ အဇ္ဈတ္တိကပထဝီဓာတ် ဗဟိဒ္ဓပထဝီဓာတ်သည် ငါ၏ဥစ္စာ မဟုတ်၊ ငါမဟုတ်၊ ငါ၏ ကိုယ်မဟုတ်ဟု ဟုတ်မှန်တိုင်း ရှုဆင်ခြင်အပ်၏၊ ဤသို့ ရှုဆင်ခြင်သည်ရှိသော် ပထဝီဓာတ်၌ ငြီးငွေ့၏၊ ပထဝီဓာတ်၌ တပ်ခြင်းကင်း၏။

တံ နေတံ မမ၊ နေသောဟမသ္မိ၊ န မေ သော အတ္တာတိ ဝေမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ၊ ဝေမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒိသွာ ပထဝီဓာတုယာ နိဗ္ဗိန္ဒတိ၊ ပထဝီဓာတုယာ စိတ္တံ ဝိရာဇေတိ။

(မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ၈၄)

တံ တေ–ထိုအဇ္ဈတ္တ ဗဟိဒ္ဓ ကြမ်းတမ်းခက်မာခြင်းလက္ခဏာရှိသော ပထဝီဓာတ်သည်။ မမ–ငါ၏၊ သန္တကံ–ကိုယ်ပိုင်ပစ္စည်းဥစ္စာမဟုတ်။

သော–ဤပထဝီဓာတ်သည်၊ အဟံ–ငါသည်၊ န အသ္မိ–မဖြစ်၊ သော–ဤပထဝီဓာတ်သည် န အတ္တာ–ကိုယ်မဟုတ်၊ ဣတိ–ဤသို့၊ ဧတံ–ဤပထဝီဓာတ်တရားကို၊ ယထာဘူတံ–ဟုတ်မှန်သည်အတိုင်း၊ သမ္မာ–ကောင်းစွာ။ ပညာယ–ဝိပဿနာပညာဖြင့်၊ ဒဋ္ဌဗ္ဗံ–ရှုအပ်၏။ ဧဝံ–ဤသို့၊ သမ္မာ–ကောင်းစွာ၊ ပညာယ–ဝိပဿနာပညာဖြင့်၊ ဒိသွာ–ရှုမြင်၍၊ ပထဝီဓာတုယာ–ပထဝီဓာတ်၌၊ နိဗ္ဗိန္ဒတိ–ငြီးငွေ့၏၊ ပထဝီဓာတုယာ–ပထဝီဓာတ်၌၊ စိတ္တံ–စိတ်ကို၊ ဝိရာဇေတိ–တပ်ခြင်းတဏှာကင်းသည်သာတည်း။

နောက် ဓာတ်တရားတို့၌လည်း ဤနည်းတူ ရှုအပ်၏။

သွေးခြေ သလိပ် ပြည် သွေး ချွေး အဆီခဲ မျက်ရည် ဆီကြည် တံတွေး နှပ် အစေး ကျင်ငယ် ဤတစ်ဆယ့်နှစ်ပါးသော တရားတို့သည် ဖွဲ့စီးယိုစီးတတ်သည်ဖြစ်၍ အာပေါဓာတ်မည်၏။

တစ်ရက်ချန်ဖျားခြင်း သန္တပ္ပနတေဇော၊ ဆံဖြူသွားကျိုးခြင်း ဇီရဏတေဇော၊ ကိုယ်ပူလောင်ခြင်း ဍဟနတေဇော၊ အစာကြေခြင်း, ရင့်ကျက်ခြင်း ပါစကတေဇော ဤလေးပါးတို့သည် တေဇောဓာတ်မည်ကုန်၏။

အထက်သို့ ဆန်သောလေ၊ အောက်သို့ စုန်သောလ၊ ဝမ်း၌တည်သောလေ၊ အူ၌အစဉ်လျှောက်တက်သောလေ၊ အင်္ဂါကြီးငယ်၌ အစဉ်လျှောက်သောလေ၊ လေသင်းတုံး၊ ဓားလက်နက်ဖြင့် ဖြတ်သကဲ့သို့သောလေ၊ ထွက်သက်ဝင်သက်လေ၊ ဤကား ဝါယောဓာတ်ခြောက်ပါးတည်း။

နားပေါက် နှာခေါင်းပေါက် ပါးစပ်ပေါက် ကျင်ကြီးပေါက် ကျင်ငယ်ပေါက်စသည်သည် အာကာသဓာတ်မည်၏။

ချစ်သားရာဟုလာ ပထဝီဓာတ်ကဲ့သို့ ကျင့်ပါ၊ ပထဝီဓာတ်ကဲ့သို့ ကျင့်သောသူအား အာရုံကို တွေ့ထိခြင်း ဖဿမဖြစ်၊ ပထဝီဓာတ်တည်းဟူသော မြေကြီး၌ စင်ကြယ်သောဝတ္ထု၊ မစင်ကြယ်သောဝတ္ထု၊ ကျင်ကြီး

ကျင်ငယ် တံတွေး သွေး ပြည် စသည်ချသော်လည်း ၎င်းပထဝီဓာတ်မြေကြီးသည် မငြီးငွေ့ မရှက် မစက်ဆုတ်ပေ။

အာပေါဓာတ်၌လည်း ၎င်းအရာဝတ္ထုများကျသော်လည်း ၎င်းအာပေါရေဓာတ်သည် ဆေးကြောသုတ်သင်ပစ်၏၊ မငြီးငွေ့မရှက် မစက်ဆုတ်။

တေဇောမီးဓာတ်သည် ၎င်းအရာဝတ္ထုများ ကျသော်လည်း လောင်ကျွမ်းစေ၏၊ မငြီးငွေ့ မရှက် မစက်ဆုတ်။

ဝါယောလေဓာတ်သည် ၎င်းအရာဝတ္ထုတို့ ကျသော်လည်း လွှင့်ပစ်စေ၏၊ မငြီးငွေ့ မရှက် မစက်ဆုတ်။

အာကာသဓာတ်ကား အဘယ်အရာဝတ္ထုမှု မတည်။

ချစ်သားရာဟုလာ မေတ္တာကို ပွားပါ၊ ဒေါသကို ပယ်နိုင်၏၊ ကရုဏာကို ပွားပါ၊ ညှဉ်းဆဲခြင်းကို ပယ်နိုင်၏။ မုဒိတာကို ပွားပါ၊ မမွေ့လျော်ခြင်းကို ပယ်နိုင်၏၊ ဥပေက္ခာကို ပွားပါ၊ အမျက်ထွက်ခြင်းကို ပယ်နိုင်၏၊ အသုဘကို ပွားပါ၊ ရာဂကို ပယ်နိုင်၏၊ အနိစ္စသညာကို ပွားပါ၊ ငါဟူသော မာနပျောက်၏။

အာနာပါနဿတိကို ပွားပါ၊ များသောအကျိုး မင်္ဂဖိုလ်နိဗ္ဗာန်ရှိ၏။

ရှည်သော ထွက်သက်ဝင်သက်၊ တိုသော ထွက်သက်ဝင်သက် စသည်ကို ဖြစ်စေရာ၌ ဖြစ်တိုင်းကို သိပါလေ၊ နည်းတူ အနိစ္စ ဝိရာဂ ချုပ်ခြင်း နိရောဓ၊ စွန့်ခြင်း ပဋိနိဿဂ္ဂကို ဖြစ်စေ၍ ထွက်သက်ဝင်သက် ဖြစ်တိုင်း ရှုပါလေ။

* ဓာတ်ကြီးလေးဝ၊ အာကာသ၊ ပြဟ္မဝိဟာရာ။
အသုဘက၊ အနိစ္စ၊ ရှုပ အာနာပါနာ။

## စူဠရာဟုလောဝါဒသုတ်

ချစ်သားရာဟုလာ စက္ခုပသာဒရုပ်သည် နိစ္စလော, အနိစ္စလော၊ အနိစ္စပါဘုရား။ ထိုအနိစ္စဖြစ်သော စက္ခုပသာဒရုပ်သည် သုခလော, ဒုက္ခလော၊ ဒုက္ခပါဘုရား။ အကြင်စက္ခုပသာဒရုပ်သည်ကား အနိစ္စ ဒုက္ခ၊ ဖောက်ပြန်တတ်သော ဝိပရိဏာမဓမ္မတည်း။ ထိုအနိစ္စ ဒုက္ခ ဝိပရိဏာမဓမ္မ စက္ခုပသာဒရုပ်ကို ဤစက္ခုပသာဒရုပ်သည် ငါ၏ဥစ္စာတည်း။ ဤစက္ခုပသာဒရုပ်သည် ငါတည်း၊ ဤစက္ခုပသာဒရုပ်သည် ငါ၏ ကိုယ်အတ္တတည်းဟု ရှုခြင်းငှာ သင့်ပါ့မလား၊ မသင့်ပါဘုရား။

နည်းတူ ရူပါရုံ စက္ခုဝိညာဏ် စက္ခုသမ္ဖဿ စက္ခုသမ္ဖဿဇာ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန၊ ဓမ္မ၊ မနောဝိညာဏ်၊ မနောသမ္ဖဿ၊ မနောသမ္ဖဿဇာ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ကို ရှုအပ်၏။

ချစ်သား ရာဟုလာ ပရိယတ် ပဋိပတ် ပဋိဝေဓ အကြားအမြင်ရှိသော အရိယာပုဂ္ဂိုလ်သည် စက္ခုပသာဒရုပ်၌ ငြီးငွေ့၏၊ ရူပါရုံ စက္ခုဝိညာဏ် စက္ခုသမ္ဖဿ စက္ခုသမ္ဖဿဇာ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်၊ သောတ ဃာန ဇိဝှါ ကာယ ဖောဋ္ဌဗ္ဗ မန ဓမ္မ မနောဝိညာဏ်၊ မနောသမ္ဖဿ မနောသမ္ဖဿဇာ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်၌ ငြီးငွေ့၏၊ ငြီးငွေ့က တပ်ခြင်းကင်း၏၊ တပ်ခြင်းကင်းက ကိလေသာမှ လွတ်၏၊ လွတ်က မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြစ်၏၊ ပဋိသန္ဓေနေခြင်းကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်ပြီးပြီ၊ မဂ်ကိစ္စအတွက် ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ နောက်ဘဝအတွက် မဖြစ်တော့ပြီဟု သိ၏။

ဤဒေသနာတော်၏အဆုံး၌ အရှင်ရာဟုလာသည် ရဟန္တာဖြစ်လေသည်။

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မတော ရာဟုလဿ အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စိ။ (ဥပရိပဏ္ဏာသ ပါဠိတော်၊ ၃၂၇)

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ-ဤစူဠရာဟုလောဝါဒသုတ် ဒေသနာတော်ကို၊ ဘညမာနေ-ဟောတော်မူသည်ရှိသော်၊ အာယသ္မတော ရာဟုလဿ-အရှင်ရာဟုလာအား၊ အာသဝေဟိ-အာသဝတရားတို့ဖြင့်၊ စိတ္တံ-စိတ်သည်၊ ဝိမုစ္စိ-ကိလေသာမှ လွတ်ပြီးသည်သာတည်း။

## ရာဟုလသုတ်

အရှင်ရာဟုလာသည် ဘုရားရှင်အား အဘယ်ကဲ့သို့ ရှုသောသူအား အလုံးစုံသော နိမိတ်တို့၌ ငါဟူသော မာနသည် မဖြစ်ပါသနည်းဟု လျှောက်၏။

ကထံ နု ခေါ ဘန္တေ ဇာနတော ကထံ ပဿတော ဣမသ္မိံ စ သဝိညာဏကေ ကာယေ ဗဟိဒ္ဓါ စ သဗ္ဗနိမိတ္တေသု အဟံကာရမမံကာရ မာနာနုသယာ န ဟောန္တီတိ။ (နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ ၄၄၄)

ဘန္တေ-အရှင်ဘုရား၊ ကထံ နု ခေါ-အသို့သာလျှင်၊ ဇာနတော-သိသောသူအား၊ ကထံ-အသို့သာလျှင်၊ ပဿတော-ရှုသောသူအား၊ သဝိညာဏကေ-ဝိညာဏ်ရှိသော၊ ဣမသ္မိံ စ ကာယေ-ဤအဇ္ဈတ္တကာယ၌လည်းကောင်း၊ ဗဟိဒ္ဓါ စ-အပ၌လည်း၊ သဗ္ဗနိမိတ္တေသု-အလုံးစုံသော အကြောင်းတရားတို့၌၊ အဟံကာရမမံကာရမာနာနုသယာ-ငါ ငါ၏ဥစ္စာ ဟူသော မာနတရား၊ ကိုယ်တွင်း၌ ကိန်းခြင်းတရားတို့သည်၊ န ဟောန္တိ-မဖြစ်ကုန်သနည်း၊ ဣတိ-ဤသို့၊ အဝေါစ-လျှောက်ထားသည်သာ တည်း။

ထိုအခါ ဘုရားရှင်သည် ချစ်သားရာဟုလာ အတိတ် အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓ ဩဠာရိက သုခုမ ဟီန ပဏီတ ဒူရ သန္တိက ဖြစ်သော ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏ က္ခန္ဓာ ဤခန္ဓာငါးပါးတို့သည် ငါ၏ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ကိုယ်မဟုတ် ဟု ရှုသူအား မာနပျောက်သည်ဟု ဟောတော်မူလေသည်။

(ဒုတိယရာဟုလသုတ်ကား ဤပထမသုတ်နှင့်မထူးပေ၊ သဠာ ယတနသံယုတ်ရာဟုလောဝါဒသုတ်ကား ဥပရိပဏ္ဏာသပါဠိတော်၊ စူဠ ရာဟုလောဝါဒသုတ်နှင့် တူ၏၊ ရာဟုလသံယုတ်ပါဠိတော်လည်း နည်း တူ၏။ စတုက္ကင်္ဂုတ္တရပါဠိတော်လာ ရာဟုလသုတ်လည်း ဤသုတ်တို့ အကျုံးဝင်၏။)

* * * *

## အရှင်ကုမာရကဿပထေရ်

ဤမထေရ်အလောင်းသည် ရှေးရှေးဘုရားရှင်တို့၌ ဆုတောင်း ပါရမီရှိဖူးသည်။ ပဒုမုတ္တရဘုရားရှင်လက်ထက်၌ ပုဏ္ဏားမျိုးမှာ ဖြစ်၏။ အရွယ်ရောက်၍ ဘုရားရှင်၏ တရားတော်ကို နာစဉ် တရားဟောကောင်း သော ရဟန်းတစ်ပါးအား ဘုရားရှင်သည် တေဒဂ်ပေးသည်ကို မြင်၍ ဆုတောင်းပါရမီပြုဖူးသည်။

ကဿပဘုရားရှင်လက်ထက်၌ ရဟန်းတရားကို အားထုတ်ဖူး၏။ ဂေါတမဘုရားရှင်လက်ထက်၌ သူဌေးသမီးဝမ်းမှာ ပဋိသန္ဓေနေ၏။ သူမ သည် ငယ်ငယ်ရွယ်ရွယ်နှင့် ရဟန်းပြုချင်ပါသော်လည်း မိဘတို့က ခွင့် မပြု၊ လင်အား တောင်းပန်ပြီး ကိုယ်ဝန်ရှိသည်ကိုလည်း မသိ၍ ရဟန်း မိန်းမပြု၏။

ကိုယ်ဝန်ရှိသည်ကို သိလာကြ၍ ရဟန်းမိန်းမဖြစ်နိုင် မဖြစ်နိုင် ဒေဝဒတ်ရဟန်းက မဖြစ်နိုင်ဟု ဆုံးဖြတ်၏။ ဥပါလိထေရ်က လူ့ဘဝက ပါလာသဖြင့် ဖြစ်နိုင်သည်ဟု ဆုံးဖြတ်၍ ဥပါလိထေရ်ကို ကောင်းချီး ပေးကြသည်။

သာ ဘိက္ခုနီ သုဝဏ္ဏာဗိမ္ဗသဒိသံ ပုတ္တံ ဝိဇာယိ။

ထိုဘိက္ခုနီမသည် ရွှေရုပ်နှင့်တူသောသားကို ဖွားမြင်၏။ ကောသလ မင်းမွေးစားထားသည်၊ ကဿပဟု နာမည်မှည့်ကြ၏။ ရှင်ရဟန်းပြု၏။ သာသနာ၌ ကဿပနာမည်များနေ၍ ကုမာရကဿပခေါ်ကြ၏။

သူသည် ရှင်ရဟန်းဖြစ်သည့်နေ့ကစ၍ ဝိပဿနာကိုသာလျှင် အား ထုတ်၏၊ ပိဋကတ်ကိုလည်း သင်ယူ၏။ ကဿပဘုရားရှင်လက်ထက် တော်၌ တောင်ထိပ်တက်ခါ သူအပါအဝင် ရဟန်းခုနစ်ပါး လှေခါးကို ကန်ချ၍ တရားအားထုတ်စဉ် ခုနစ်ရက်နှင့် အနာဂါမ်ဖြစ်သွားသော ရဟန်း သည် သုဒ္ဓါဝါသဘုံမှာ ဖြဟ္မာဖြစ်နေသည်။ မဂ်ဖိုလ်ရောက်အောင် ဝိပဿနာ ပေးမည်ဟု ဝမ္မိကသုတ်ဒေသနာကို ဘုရားရှင်အား မေးပါလေဟု အန္ဓတောမှ နေစဉ် ပုစ္ဆာလာ၍မေး၍ ဘုရားရှင်သည် ဝမ္မိကသုတ်ကို ဟော တော်မူ၍ သူသည် ရဟန္တာဖြစ်သည်။

ဓမ္မကထိကအရာ တေဒဂ်ရသည်။

အောက်ပါ ဒေသနာတော်ကိုလည်း ဟောတော်မူဖူးသည်။

အဟော ဗုဒ္ဓါ အဟော ဓမ္မာ၊ အဟော နော သတ္ထု သမ္ပဒါ။
ယတ္ထ ဧတာဒိသံ ဓမ္မံ၊ သာဝကော သစ္ဆိကာဟိတိ။
အသင်္ချေယျေသု ကပ္ပေသု၊ သက္ကာယာဓိဂတာ အဟူ။
တေသမယံ ပစ္ဆိမကော၊ စရိမောယံ သမုဿယော။

ဇာတိမရဏသံသာရော၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ။

(ကုမာရကဿပတ္ထေရဂါထာပါဠိတော်။ ၂၀၉)

ဗုဒ္ဓေါ–ဘုရားသည်၊ အဟော–အံ့ဩဖွယ်ရှိပေစွ၊ ဓမ္မော–တရားတော်သည်၊ အဟော–အံ့ဩဖွယ်ရှိပေစွ၊ နော–ငါတို့၏၊ သတ္ထု–ဘုရားရှင်၏၊ သမ္ပဒါ–ပြည့်စုံခြင်းသည်၊ အဟော–အံ့ဩဖွယ်ရှိပေစွ။ ယတ္ထ–အကြင်မြတ်စွာဘုရား၌၊ တောဒိသံ–ဤသို့သဘောရှိသော၊ ဓမ္မံ–တရားတော်ကို၊ သာဝကော–တပည့်သားသည်၊ သစ္ဆိကာဟိတိ–မျက်မှောက်ပြုလတ္တံ့။

အသင်္ချေယျေသု–မရေတွက်နိုင်ကုန်သော၊ ကပ္ပေသု–ကမ္ဘာတို့၌၊ သက္ကာယာဓိဂတာ–ခန္ဓာငါးပါးတို့၌ စွဲလမ်းခြင်းတို့ကို ရကုန်သည်၊ အဟု–ဖြစ်ကုန်၏။ တေသံ–ထိုခန္ဓာတို့တွင်၊ အယံ–ဤခန္ဓာသည်၊ ပစ္ဆိမကော–အယုတ်ဆုံးတည်း။ အယံ–ဤခန္ဓာသည်၊ စရိမော–နောက်ဆုံးဖြစ်သော၊ သမုဿယော–ခန္ဓာတည်း။ ဒါနိ–ယခုအခါ၊ ဇာတိမရဏသံသ ရော–ဇာတိမရဏဖြစ်ခြင်းရှိသော၊ ပုနဗ္ဘဝေါ–တစ်ဖန်ဘဝသစ်သည်၊ နတ္ထိ–မရှိသည်သာတည်း။

(ဋင်းမထေရ်သည် နောက်ကာလ၌ တမလွန်လောကမရှိစသည် ယူဆသော ပါယာသိမြို့စားကိုလည်း မိစ္ဆာဒိဋ္ဌိအယူမှ ကင်းပျောက်စေသည်။ (ပါယာသိရာဇညသုတ်ကို သုတ်မဟာဝါပါဠိတော်မှလည်းကောင်း၊ ဝမ္မိကသုတ်ကို မူလပဏ္ဏာသပါဠိတော်မှလည်းကောင်း ယူအပ်၏။)

တောင်ထိပ်သို့ တက်၍ ကျင့်သူခုနစ်ဦးကား ကုမာရကဿပထေရ်၊ ဗာဟိယဒါရုစီရိကထေရ်၊ ဒဗ္ဗထေရ်၊ ပုက္ကုသာတိမင်း၊ သဘိယပရိဗိုဇ်၊ တစ်ရက်နှစ်ရက်နှင့် ရဟန္တာဖြစ်သူ၊ နှစ်ရက် သုံးရက်နှင့် အနာဂါမ်ဖြစ်သူ တို့တည်း။ ပုက္ကုသာတိမင်းကြီးဝတ္ထုကို ဒါနအကြောင်း သိကောင်းစရာ

စာအုပ်၌လည်းကောင်း၊ ဗာဟိယဒါရုစိရိကဝတ္ထုကို မဟာသတိပဋ္ဌာန်အကြောင်း သိကောင်းစရာစာအုပ်၌လည်းကောင်း ရှုကြပါ။)

## အရှင်ကုမာရကဿပနှင့်ပါယာသိရာဇညမြို့စား

ကောသလတိုင်း၌ သေတဗျမြို့စား ပါယာသိမင်းကား တမလွန်လောကမရှိ၊ အသက်တစ်ဆယ့်ငါးနှစ်ခြောက်နှစ်ရှိ ကမ္ဘာဦးသူ နတ်ပြဟ္မာကဲ့သို့သော ဩပပါတိကပုဂ္ဂိုလ်မရှိ၊ ကုသိုလ် အကုသိုလ်ကံ၏အကျိုးမရှိဟု ယူဆသည်။

ဣတိပိ နတ္ထိ ပရော လောကော၊ နတ္ထိ သတ္တာ ဩပပါတိကာ၊ နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကောတိ။ (သုတ်မဟာဝါပါဠိ)

ဣတိပိ–ဤသို့လည်း၊ ပရော လောကော–နောင်တမလွန်လောကသည်၊ နတ္ထိ–မရှိ၊ ဩပပါတိကာ–တစ်ဆယ့်ငါးနှစ် တစ်ဆယ့်ခြောက်နှစ် ကိုယ်ထင်ရှားရှိခြင်း ဥပပါတ်ပဋိသန္ဓေရှိကုန်သော၊ သတ္တာ–ကမ္ဘာဦးသူ နတ်ပြဟ္မာကဲ့သို့သော သတ္တဝါတို့သည်၊ နတ္ထိ–မရှိကုန်။ သုကတဒုက္ကဋာနံ– ကောင်းစွာပြုအပ် မကောင်းသဖြင့် ပြုအပ်ကုန်သော၊ ကမ္မာနံ–ကုသိုလ်ကံစေတနာ အကုသိုလ်ကံစေတနာတို့၏၊ ဖလံ ဝိပါကော–အပါယ် လေးရပ် လူနတ်နိဗ္ဗာန်အကျိုးသည်၊ နတ္ထိ–မရှိ၊ ဣတိ–ဤသို့၊ အဝေါစ–ပါယာသိမင်းသည် အရှင်ကုမာရမထေရ်အား လျှောက်ထားလေသတည်း။

မေး အသင်မင်းကြီး ဤလနေတို့သည် ဤလောကလော၊ သို့တည်းမဟုတ် တမလွန်လောကလော၊ ထိုလနေတို့သည် လူလော၊ သို့တည်းမဟုတ် နတ်လော။

ဖြေ အရှင်ဘုရား ဤလနေတို့သည် ဤလောကမဟုတ်၊ တမလွန်လောကပါ၊ ဤလနေတို့သည် လူမဟုတ်၊ နတ်တို့ပါ။

မေး တပည့်တော်သည် ကုသိုလ်ပြုသူတို့အား ငရဲသို့ ရောက်က လာ၍ ပြောပါ၊ မှာသော်လည်း ဝန်ခံသောသူတို့သည် လာ၍ မပြောပါ သောကြောင့် အထက်ပါအယူရှိသည်။

ဖြေ အသတ်ခံရသော ခိုးသားက ခဏဆိုင်းပါ၊ အဆွေအမျိုးစသည်တို့ အား ဤကဲ့သို့ ခိုး၍ အသတ်ခံရကြောင်းကို ပြောကြားလိုပါသည်၊ သို့သော်လည်း ခွင့်မပြုသကဲ့သို့ ငရဲက ခွင့်မပြုပါ။

မေး ကောင်းမှုပြုသူတို့အား နတ်ပြည်သို့ ရောက်က လာ၍ ပြောပါ မှာသော်လည်း ဝန်ခံသောသူတို့က လာ၍ မပြောသောကြောင့် အထက်ပါအယူရှိပါသည်။

ဖြေ မစင်တွင်းမှ တက်လာသောသူသည် ချမ်းသာစွာ ပြာသာဒ်ပေါ်၌ ခဏနေရ၍ မစင်တွင်းသို့ ပြန်ပြီး မဆင်းချင်သကဲ့သို့ နတ်ပြည်သို့ ရောက်နေသူသည် လူ့ပြည်သို့ မလာချင်ပေ။

မေး ငါးပါးသီလမြဲသူတို့အား နတ်ပြည်သို့ ရောက်က လာ၍ပြောပါ မည်ဟု ဝန်ခံသော်လည်း လာ၍ မပြောသောကြောင့် အထက်ပါ အယူရှိသည်။

ဖြေ နတ်ပြည်မှာ တစ်ရက်နှစ်ရက်စသည် နေပြီးမှ သတိရ၍ လာပြောမှု နတ်သက်က ကြာလွန်း၍ သင်မရှိတော့ပါ။ တစ်နည်းကား မျက်စိ အမြင်မရှိသောသူသည် နေလစသည်တို့၏အရောင်ကို မမြင်ဖူး၍ နေလစသည်တို့မှာ အရောင်အလင်းမရှိပါဟု ပြောသော်လည်း မယုံထိုက်ပါ။ ထို့ကြောင့် သင်သည် သူကန်းနှင့်တူပါသည်၊ တရား အားထုတ်၍ ဒိဗ္ဗစက္ခုအဘိညာဉ်ရသူတို့သာ နတ်ပြည်ကို မြင်နိုင် သည်။

မေး ကုသိုလ်ပြု၍ သေလျှင် နတ်ပြည်သို့ ရောက်မည်ဆိုပါက သတ်၍ သေကြမည်၊ ယခုကား မသေကြပါတကား။

ဖြေ ပထမမယား၏သားသည် ဒုတိယမယားကိုယ်ဝန်အရင့်အမာရှိစဉ် ပွဲတျာားသေပြီဖြစ်၍ အမွေလာတောင်းရာ သားမွေးက အမွေခွဲပေးရမည်၊ သမီးမွေးက သင်၏အလုပ်အကျွေးဖြစ်ရမည်ဟု ဆိုပြီး ဗိုက်ကို ဓားနှင့် ခွဲသကဲ့သို့ သင်သည် ပျက်စီးနစ်နာနေသည်။

မေး အသက်တကယ်ရှိက သတ္တဝါကို ခွဲ၍ကြည့်လျှင် မြင်ရမည်ဖြစ်၍ ယခုကား မမြင်မတွေ့ပါတကား။

ဖြေ သင်သည် အိပ်မက်မှာ တွေ့သည့်အာရုံသို့ လိပ်ပြာ ဇီဝ ဝိညာဉ်သွားသည်၊ ပြန်၍ဝင်လာသည်ဟု အယူရှိသည့်အတိုင်း တစ်စုံတစ်ယောက်သောသူမျှ မမြင်လျှင် သတ်သေသူ၌ အဘယ်မှာ မြင်ရအံ့နည်း။

မေး သတ္တဝါတို့သည် အသက်ရှင်စဉ် ပေါ့ပါးသည်၊ ပျော့ပျောင်းသည်၊ အပြုပြင်လည်း ခံသည်၊ သေလျှင် ခက်မာသည်၊ အပြုပြင်လည်း မခံသည်မဟုတ်ပါလော။

ဖြေ အပူဓာတ် လေဓာတ် ပေါင်းဆုံမိ၍ ပူသောသံတွေခဲသည် ပို၍ ပေါ့သည်၊ ပျော့သည်၊ ပြုပြင်ခံသည်၊ အပူဓာတ်လေဓာတ် ကင်း၍ အေးသောသံတွေခဲသည် လေးသည်၊ မာသည်၊ အပြုပြင်မခံသကဲ့သို့၊ နည်းတူ အသက်ရှင်သောကိုယ်သည် ကိုယ်အငွေ့နှင့် ဝိညာဉ်ပေါင်းစပ်၍ ပေါ့သည်၊ ပျော့ပျောင်းသည်၊ အပြုပြင်ခံသည်။

မေး လူကို သတ်၍ ပက်လက်မှောက်ခုံထားက အသက်ထွက်သည်ကို မမြင်ရသည် မဟုတ်ပါလော။

ဖြေ လူကို သတ်၍ အသက်ရှာသောသူသည် ခရုသင်းထဲမှ အသံကို ရှာသောသူသည်နှင့် တူသည်။ အသံဟူသည် မှုတ်သူ မှုတ်သူ၏ လုံ့လပယောဂ၊ လေ ပေါင်းဆုံမိမှ အသံမြည်သည်။

မေး နိုးသူခြားပြတစ်ယောက်သည် အရေကို ဖြတ်၍ အသက်ကို ရှာကြည့်ရာ မတွေ့ပါလား။

ဖြေ ရသေ့တစ်ယောက်သည် သွားစရာကိစ္စရှိ၍ နောက်တစ်ယောက်အား မီးမွေးရန် ပေးထားခဲ့သည်ကို မလုပ်တတ်သဖြင့် မရသကဲ့သို့ သင်သည် အသင့်မတင့် နှလုံးမသွင်းဘဲ တမလွန်လောကကို ရှာသည်။

မေး တပည့်တော်၏အယူကို ပဿေနဒီကောသလမင်းစသည် သိ၍ ကဲ့ရဲ့မှာ ကြောက်သဖြင့် အယူကို မစွန့်နိုင်ပါ။

ဖြေ ရေမိုးပြည့်စုံစွာနှင့် လာသောလှည်းသမားတို့ကို ဘီလူးသည် ရေမိုးစသည် ဖန်ဆင်း၍ ပါလာသည်ကို ပစ်ချစေကာ ဖမ်း၍ စားဘိသကဲ့သို့ အန်ကစားသော လူနှစ်ယောက်တို့တွင် ရှုံးမည်ထင်သောသူသည် အန်ကို မျိုချသည်ကို တစ်ယောက်သိ၍ ပြန်ပေးပါဦး၊ နတ်တင်ဦးမည်ဟု တောင်းကာ အဆိပ်လူး၍ ပေးသည်ကို နောက်ထပ်မျိုချသည်နှင့် တူ၏။

ဝက်မွေးသူသည် မစင်ကို တောင်းနှင့် ခေါင်းပေါ်မှာ တင်၍ သယ်ပိုးလာစဉ် မိုးရွာသဖြင့် ခေါင်းပေါ်မှာ မစင်များ ပျော်၍ ခန္ဓာကိုယ်မှာ ကျသော်လည်း မစွန့်နိုင်သည်နှင့် တူ၏။

မိတ်ဆွေနှစ်ယောက် ခရီးသွားကြရာ ပထမပိုက်ဆံလျှော်ကို ယူဆောင်လာပြီးနောက် ရွှေငွေကျောက်သံပတ္တမြားတွေ့ငြားသော်

လည်း မယူသူနှင့် တူသည်ဟု မိန့်တော်မူရာ အရှင်ဘုရားသည် မှောက်၍ထားသောအိုးကို လှန်ပြသည်နှင့်တူ၏၊ ဖုံးလွှမ်းထားသော အရာဝတ္ထုကို ဖွင့်လှစ်ပြသည်နှင့်လည်း တူ၏။ လမ်းမှားသူအား ခရီးညွှန်ပြသည်နှင့်လည်း တူ၏။ အမှောင်ခန်း၌ မီးထွန်းပြသည် နှင့်လည်း တူ၏။ မျက်စိအမြင်ရှိသောသူသည် အဆင်းမျိုးစုံ ရူပါရုံကို မြင်ရသည်နှင့်လည်း တူ၏ဟု လျှောက်လေသည်။

## ယဇ်ပူဇော်ခြင်းစသည်ကို ပယ်ပြီ

ဆိတ် ဝက် ကြက် ငှက်ကို သတ်၍ ယဇ်ပူဇော်ခြင်းကို ပယ်ခြင်းသည် လယ်ထွန်ယောက်ျားကား ထွန်တုံးထွန်သွားများကို ယူ၍ တောသို့ သွားသည်။ စပါးစသည် စိုက်ပျိုးရန် မြေကောင်းကို ရွေး၍ မြက်သစ်ပင် အပေါင်းတို့ကိုလည်း ရှင်းလင်းသည်။ ထိုနောက် လယ်ထွန်ပြီး မျိုးစေ့ ကောင်းကို စိုက်ပျိုးသည်။ ၎င်းနှစ်၌ မိုးကောင်းသည်၊ ဆန်ရေစပါး ကောင်းသည်။ ထို့ကြောင့် လယ်သမားများ ချမ်းသာသည်နှင့် တူ၏ဟု ဟောတော်မူ၏။ အကြောင်းကား မိစ္ဆာအယူကို ပယ်လျှင် သမ္မာအယူ ဖြစ်သည်၊ ဒါန သီလ ဘာဝနာကို အားထုတ်၍ လူနတ်နိဗ္ဗာန် သုံးတန် သော အကျိုးကို ခံစားရသောကြောင့်ပေတည်း။

## ပါယာသိမင်းနှင့်ဥတ္တရကျွန်

မင်းသည် ဒါနစသည်ကိုကား ပြု၏၊ သို့သော် ယုတ်ညံ့သော ဟီန ဒါနကိုသာ ပြုသည်။ ဥတ္တရကျွန်ကိုသာ အလှူခိုင်းသည်။ မိမိကိုယ် တိုင်ကား သာဟတ္ထိကဖြစ်အောင် မပြုပေ။ ထို့ကြောင့် ဥတ္တရကျွန်သည် ဤကဲ့သို့ ပုဂ္ဂိုလ်များနှင့် နောက်နောင်ဘဝ၌ မတွေ့ရပါလို၏ဟု ဆု

တောင်းသည်၊ ကျွန်ုပ်၏စကားကို ကြား၍ မွန်မြတ်သောဘောဇဉ်စသည်ကို လှူစေသည်။

သူတို့နှစ်ဦးသေလျှင် ပါယာသိမင်းသည် စာတုမဟာရာဇ်နတ်ဘုံ၌ ကုက္ကိုပြင် ဗိမာန်ဝယ် တစ်ယောက်တည်းဖြစ်သည်။ ကျွန်ုဥတ္တရလုလင်ကား သာဟတ္ထိကဒါနဖြစ်၍ တာဝတိံသာနတ်ဘုံမှာ စံမြန်းရသည်။

နတ်ဘုံသို့ ဂဝံပတိထေရ် ကြွလာတော်မူ၍ သူတို့သည် အကြောင်းမျိုးစုံကို လျှောက်သည်။ ၎င်းမထေရ်ကလည်း လူများအား သံဝေ ရစေရန် တစ်ဆင့် သူတို့အကြောင်းကို ဟောပြသည်။ ထိုစကားကို ကြားရ၍ လူတို့သည် ရိုရိုသေသေ သက္ကစ္စဒါန ကိုယ်တိုင်လှူခြင်း သာဟတ္ထိကဒါန စသည်ကို ပြုကြသည်။

မြို့စား၏ မယားစသည်တို့သည် မြို့စား၏ ဘုံဌာနမှာ နတ်သမီးစသည် ဖြစ်ကြသည်။ နောက် ၎င်းနတ်သားကိုယ်တိုင် လူ့ပြည်သို့ ဆင်းသက်လာ၍ မိမိတို့ကဲ့သို့ ဖြစ်လေရာရာ ဘုံဘဝတို့၌ အောက်ကျနောက်ကျ မဖြစ်စေကြရန် တရားဟောလေသည်။

* * * *

## ဝမ္မိကသုတ်

အရှင်ကုမာရကဿပသည် အန္ဓတော၌ နေစဉ် မထင်ရှားသောနတ်သားတစ်ယောက်သည် ရောက်လာ၍ အရှင်ဘုရား တောင်ပို့တစ်ခုသည် ညဉ့်အခါ အခိုးလွှတ်၏၊ ညအခါ အလျှံလွှတ်၏၊ ပုဏ္ဏားတစ်ယောက်သည် ပညာရှိလူတစ်ယောက်အား ပေါက်တူးဓားလက်နက်တို့ဖြင့် ဝီရိယထား၍ တူးပါဟု ပြော၏။ တူးသည်ရှိသော် တံခါးမင်းတုံး

တွေ့၏။ နောက်ဆက်လက် တူးရာ ပွကာပွကာ တက်လာသော ဖား လမ်းနှစ်ခွ ဆပ်ပြာ ရေစစ် လိပ် စဉ်းတီးတုံး သားတစ် နဂါးကို တွေ့ရ၏။ ၎င်းနဂါးကို မထိခိုက်မူ၍ ရှိခိုးပါဟူသော ဤပြဿနာကို ဘုရားရှင်အား လျှောက်ပါလေ မှာသွား၏။

အရှင်ကုမာရကဿပသည် ဘုရားရှင်အား လျှောက်၍ ဘုရားရှင် သည် အောက်ပါအတိုင်း ဟောတော်မူလေသည်။

(၁) တောင်ပို့ ဟူသည် ဤခန္ဓာ၊

(၂) ညဉ့်အခါ အခိုးလွှတ်၍ နေ့အခါ အလျှံလွှတ်သည် ဟူသည် ရှုပ်ရုံ စသည် ကြံစည်၍ ရသမျှသော ဒုက္ခတရားတည်း။

(၃) ပုဏ္ဏားတစ်ယောက်ဟူသည် ဘုရားရှင်တည်း။

(၄) ပညာရှိပုဂ္ဂိုလ်ဟူသည် ဝိပဿနာပညာရှိသောသူတည်း။

(၅) ဓားလက်နက်ဟူသည် ဝိပဿနာတည်း။

(၆) သိုက်တူးခြင်းဟူသည် ဝီရိယတရား။

(၇) တံခါးမင်းကုံးဟူသည် အဝိဇ္ဇာ။

(၈) ဖူးဖူးယောင်သောဖားဟူသည် ကောဓ ဥပါယာသ။

(၉) လမ်းနှစ်ခွဟူသည် ဝိစိကိစ္ဆာ။

(၁၀) ဆားငံရေဟူသည် နီဝရဏတရား။

(၁၁) လိပ်ဟူသည် ခေါင်း ခြေနှစ်ချောင်း လက်နှစ်ချောင်းနှင့်တူသော ခန္ဓာငါးပါး။

(၁၂) စဉ်းတီးတုံးဟူသည် ကာမဂုဏ်ငါးပါး။

(၁၃) သားတစ်ဟူသည် နန္ဒီရာဂ။

(၁၄) နဂါးကြီးဟူသည် ရဟန္တာတည်း။

**တစ်သုတ်လုံးဆောင်ပုဒ်**

တောင်ပို့ဓာတ်ကြီး၊ အခိုးမှိုးညှိ၊ နေပြီးအလျှံ၊ ပုဏ္ဏားသမုဒ္ဒ၊ သိကွဲပုဂ္ဂိုလ်၊ ပညာမိုရ်တည်း၊ ဉာဏ်သိုလက်နက်၊ လုံ့လဖက်၍၊ မှတ်လျက်အဝိဇ္ဇာ၊ မင်းတုံးမှာ၏၊ ရောင်ရာကောဓ၊ လမ်းနှစ်ဝဟူ၊ ယူပ ဝိစိ၊ ဆားငံရှိရောက်၊ သိဘိနိဝရဏ၊ လိပ်ကြီးကသူ၊ ခန္ဓာ ဟူပြ၊ ကာမှူဥတုံး၊ သားစုနန္ဒီ၊ နဂါးမှိ၊ ယူပြီရဟန္တာ။

(အကျယ်ကို မူလပဏ္ဏာသပါဠိတော်၊ ဝမ္မိကသုတ်ပါဠိတော်၊ အဋ္ဌကထာကို ရှုပါလေ။)

* * * *

**အရှင်ဒဗ္ဗထေရ်**

အရှင်ဒဗ္ဗထေရ်သည် ပဒုမုတ္တရဘုရားရှင်လက်ထက်၌ ဟံသာဝတီမြို့မှာ အမျိုးသားဖြစ်သည်။ ဘုရားရှင်၏ ဓာရားကို နာစဉ် အိပ်ရာနေရာ ခင်းတတ်သော ရဟန်းတစ်ပါးကို မြင်၍ သူသည်လည်း ၎င်းရာထူးကို လိုချင်သည်။ ဆုတောင်းပါရမီပြုသည်။ ဘုရားရှင်ကလည်း ဂေါတမ ဘုရားလက်ထက် ဖြစ်လိမ့်မည်ဟု ဗျာဒိတ်ပေး၏။

လူ့ပြည် နတ်ပြည် ကျင်လည်ပြီး၍ ကဿပဘုရားရှင်၏လက်ထက်၌ ရဟန်းပြုသည်။ စိတ်တူ ကိုယ်တူ ရဟန်းခုနစ်ပါးတို့သည် သာသနာတော်၌ အချင်းချင်း ဂါရဝကင်းသည်တို့ကို မြင်၍ သံသရာ ပြတ်အောင် လှေခါးထစ်ဖြင့် တောင်ထိပ်သို့ တက်၍ တရားမရက အာဟာရပြတ်၍ သေချင်သေပါစေဟု လှေခါးကို ကန်ချခါ တရားအား ထုတ်ကြသည်။

ငါးရက်မြောက်၌ တစ်ပါးသည် ရဟန္တာဖြစ်သည်။ မြောက်ကျွန်းမှ ဆွမ်းခံ၍ကျွေးသည်။ ကထိကဝတ်ရှိသည့်အတိုင်း မဘုဉ်းပေးကြ။

နောက်တစ်ပါးလည်း ခုနစ်ရက်မြောက် အနာဂါမ်ဖြစ်သည်၊ သုဒ္ဓါဝါသဘုံ၌ သွား၍ဖြစ်သည်။

နောက်သူတို့တွင် တစ်ယောက်သည် တက္ကသိုလ်ပြည်၌ မင်းဖြစ်သည်။ တစ်ယောက်ကား မဇ္ဈန္တိကတိုင်း၌ ပရိဗိုဇ်မဝမ်း၌ ဖြစ်သည်။ တစ်ယောက်သည် ဗာဟိယတိုင်း၌ သူကြွယ်မျိုး၌ ဖြစ်သည်။ တစ်ယောက်မှာ ဘိက္ခုနီမကျောင်း၌ ဖြစ်သည်။

ဤဒဗ္ဗထေရ်သည် မလ္လတိုင်း အနုပိယမြို့၌ တစ်ယောက်သော မလ္လာမင်း၏အိမ်၌ ဖြစ်သည်။ သူ၏အမိသည် သူ့ကို ဝမ်းတွင်း၌ ရှိစဉ် သေ၏။ သူမကို မီးဖုတ်စဉ် ဗိုက်ကိုခွဲခါ ကလေးသည် လွင့်စင်ခါ တိုင်တစ်ခုနားမှ ကျ၏၊ ၎င်းကလေးကို အဖွားကြီးတစ်ယောက်အား မွေးစေ၏။ ထို့ကြောင့် သူ့ကို ဒဗ္ဗဟု နာမည်ပေး၏။

သူသည် ခုနစ်နှစ်သားရှိစဉ် ဘုရားရှင်သည် ရဟန်းသံဃာခြံရံလျက် မလ္လတိုင်း အနုပိယသရက်ဥယျာဉ်၌ နေတော်မူ၏။ ဘုရားရှင်ကို ဖူးမျှော်ရ၍ ရှင်ရဟန်းပြုလိုသဖြင့် ဘုရားရှင်သည် ရဟန်းတစ်ပါးအား ရှင်ပြုစေ၏။ ရဟန်းသည် တစပဥ္စကကမ္မဋ္ဌာန်းကို ပေး၍ ရှင်ပြု၏။ ဘုန်းကံပါရမီပါလာ၍ ပထမဆံချစဉ် သောတာပန်၊ ဒုတိယဆံချစဉ် သကဒါဂါမ်၊ တတိယအဖို့ ဆံချစဉ် အနာဂါမ်၊ တစ်ခေါင်းလုံးရိတ်ပြီးလျှင် ရဟန္တာဖြစ်သည်။ နောက်ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူ၏။

သူသည် ဘုရားအမှူးရှိသော သံဃာတော်တို့အား လျှောက်၍ ရဟန်းတော်တို့အား အိပ်ရာနေရာချပေးခြင်း၊ ဆွမ်းညွှန်းခြင်း၊ ဝေယျာ

ဝစ္စကို ပြု၏။ (သတ္တဝသိကကာလေယော) ခုနစ်နှစ်သားရှိသေး၏။ တချို့တလေ ကိစ္စမျိုး၌ တန်ခိုးဖြင့် ဆောင်ရွက်၏။

မလ္လာမင်း၏သား ဒဗ္ဗထေရ်သည် ရှေးအခါက ရဟန္တာတစ်ပါးကို စွပ်စွဲဖူးသော အကုသိုလ်ကံကြောင့် နှစ်ပေါင်းများစွာ ငရဲ၌ ခံရသည်။ မေတ္တိယဘူမဇကာတို့သည် ပါရာဇိကဖြင့် စွပ်စွဲခံရသည်။ သံဃာသည် သတိဝိနည်းဖြင့် ငြိမ်းစေပြီးသည့်နောက် လောကကို သနား၍ မိမိဂုဏ်ကို အောက်ပါအတိုင်း ဟောတော်မူသည်။

ယော ဒုဒ္ဒမိယော ဒမေ နဒန္တော၊
ဒဗ္ဗော သန္တုသိတော ဝိတိဏ္ဏကင်္ခေါ။
ဝိဇိတာဝီ အပေတဘေရဝေါ ဟိ၊
ဒဗ္ဗော သော ပရိနိဗ္ဗုတော ဌိတတ္တော။ (ဒဗ္ဗထေရဂါထာ၊ ၂၂၀)

ယော ဒဗ္ဗော–အကြင်ဒဗ္ဗသည်၊ ဒုဒ္ဒမိယော–ရှေးအခါက အဆုံးမခက်၏၊ ဒမေန–ယခုအခါ မြတ်သော ဆုံးမခြင်းဖြင့်၊ ဒန္တော–ယဉ်ကျေး၏၊ သန္တုသိတော–ပစ္စည်းလေးပါး၌ ရောင့်ရဲ၏၊ ဝိတိဏ္ဏကင်္ခေါ–ယုံမှားမှုကို လွန်မြောက်၏၊ ဝိဇိတာဝီ–ကိလေသာအသင်းအပင်းကို အောင်ပြီးဖြစ်၏။ အပေတဘေရဝေါ–ဘေးဘျမ်းတို့မှ ကင်းပြီးဖြစ်၏။ သော ဒဗ္ဗော–ထိုဒဗ္ဗသည်။ ပရိနိဗ္ဗုတော–ကိလေသာငြိမ်းအေးပြီးသည်ဖြစ်၍၊ ဌိတတ္တော–မတုန်မလှုပ် တည်တံ့သောသဘောရှိသည်သာတည်း။

(ဤမထေရ်များဟောတော်မူသော ပါဠိတော်များသည် နေရာတိုင်း၌ ကျက်မှတ်၍ ဟောဖွယ်ကောင်း၏။)

* * * *

## သဘိယထေရ်

ဤမထေရ်သည် ရှေးရှေးဘုရားရှင်တို့ထံ၌ ဆုတောင်းပါရမီ ရှိဖူးသည်။ ကဿပသန်ဘုရားရှင်အား ဖိနပ်လှူဖူးသည်၊ ဤသို့စသော ကုသိုလ်တို့ကြောင့် လူ့ပြည် နတ်ပြည်၌ ကျင်လည်ပြီး၍ ကဿပဘုရား ရှင်လက်ထက်တော်၌ အမျိုးသားခြောက်ယောက်ဖြစ်သော ရဟန်းခြောက် ပါးတို့နှင့် လှေခါးဖြင့် တောင်ထိပ်တက်ခါ တရားမရက ဆွမ်းမစားဟု တရားကျင့်ကြသည်။

တစ်ပါးကား ထိုနေ့၌ပင်လျှင် ခြောက်ပါးသော အဘိညာဉ်နှင့် ပြည့်စုံ သော ရဟန္တာဖြစ်သည်။ မြောက်ကျွန်းမှ ဆွမ်းခံ၍ ကျွေးသည်။ ကထိက ဝတ်ရှိသည့်အတိုင်း မဘုဉ်းပေးကြပေ။

နောက်ပါးကား နှစ်ရက် သုံးရက်၌ အဘိညာဉ်ရ အနာဂါမ်ဖြစ်သည်၊ နည်းတူ မြောက်ကျွန်းမှ ဆွမ်းခံ၍ ကျွေးသည်၊ ကတိကဝတ်အတိုင်း မဘုဉ်းပေးကြပေ။ ထိုအနာဂါမ်ပုဂ္ဂိုလ်ကား သုဒ္ဓါဝါသဘုံ၌ ဖြစ်လေ၏။ ကျန်ပုဂ္ဂိုလ်တို့သည် နတ်ပြည်၌ ဖြစ်ကြသည်။ ထိုဘဝမှ စုတေ၍ တစ်ပါး ကား မလ္လာမင်းမျိုး၌ ဖြစ်သည်။ တစ်ပါးကား ဂန္ဓာရမင်းမျိုး၌ တစ်ပါးကား ဗာဟိရတိုင်း၌၊ တစ်ပါးကား ရာဇဂြိုဟ်ပြည် အမျိုးသမီးဝမ်း၌ ဖြစ်သည်။ နောက်တစ်ယောက်သည် ပရိဗိုဇ်မဝမ်း၌ ဖြစ်သည်။ ထိုပရိဗိုဇ်မသည် မင်းသမီးတည်း၊ ထိုပရိဗိုဇ်မကို မိဖတို့က နောက်ပရိဗိုဇတစ်ယောက်နှင့် ပြောပြီး ဆိုပြီးသားဖြစ်၏။ ထိုပရိဗိုဇ်မသည် တခြားသော ပရိဗိုဇ်တစ် ယောက်နှင့်မှား၍ ကိုယ်ဝန်တည်၏၊ ထို့ကြောင့် သူမကို ပရိဗိုဇ်များက နှင်ထုတ်ကြသည်။

ထိုပရိဗိုဇ်မသည် ထွက်သွားရာ လမ်းခရီးပွဲလမ်းသဘင်၌ မွေး ဖွားသည်။ ထို့ကြောင့် ထိုကလေးကို သဘိယခေါ်ကြသည်။ သူသည်

အရွယ်ရောက်လာ၍ ပရိုဗိုဖ်လုပ်သည်၊ ဝါဒအမျိုးမျိုးကို သင်ကြားသည်။ သူကား သူများနှင့်မတူ တတ်မြောက်သည်။ မြို့တံခါးနား၌ သင်ခမ်းကျောင်း ဆောက်ခါ လူများအား ပညာသင်ပေးသည်။ မိခင်၏ မိန်းမအဖြစ်ကိုလည်း စက်ဆုတ်သည်၊ ပြဟ္မာပြည်ရောက်ရန် ကြိုးစားအားထုတ်သည်၊ နှစ်ဆယ်သောပုစ္ဆာပြဿနာတို့ကို ထိုထိုရဟန်းပုဏ္ဏားတို့အား မေးသည်၊ မဖြေနိုင်ကြ။

(သဘိယသုတ် အဋ္ဌကထာ၌ကား သုဒ္ဓါဝါသပြဟ္မာများ လာ၍ပေးသော ပုစ္ဆာဟု လာ၏။)

ဂေါတမဘုရားရှင်သည် ဓမ္မစကြာတရားတော်ကို ဟောတော်မူပြီးနောက် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ နေတော်မူခိုက် ၎င်းပုစ္ဆာများကို လာ၍မေးသည်။ ဘုရားရှင်ဖြေတော်မူသည်ကို သတိဘယသုတ်၌ ရှုအပ်၏။ နောက်ရဟန်းပြု၍ ရဟန္တာဖြစ်လေသည်။ ရဟန္တာဘဝ၌ ဒေဝဒတ်ရဟန်းသည် သံဃဘေဒကကံကို ပြုရာ၌ သူ၏ အသင်းအပင်းတို့အား အကုသိုလ်တရားကို မပြုသင့်ကြောင်းကို ဟောတော်မူဖူးသည်၊ အကုသိုလ်တရားနှင့်ကုသိုလ်တရားဟူသည် ကောင်းကင်၌ မြေကြီးသမုဒ္ဒရာဟိုဖက်ကမ်းနှင့် ဤဖက်ကမ်းဝေးသည်နှင့် တူကြောင်းကို ဟောတော်မူ၏။

ယဿ သဗြဟ္မစာရိသု၊ ဂါရဝေါနုပလဗ္ဘတိ။
အာရကာ ဟောတိ သဒ္ဓမ္မာ၊ နဘံ ပုထဝိယာ ယထာ။

(ထေရအဋ္ဌကထာ၊ ၃၊ ၈)

ယဿ-အကြင်ပုဂ္ဂိုလ်အား၊ သဗြဟ္မစာရိသု-သူတော်ကောင်းတရားတို့၌၊ ဂါရဝေါ-ရိုသေလေးစားခြင်းကို၊ နုပလဒ္ဓတိ-မရအပ်၊ နံဘံ-ကောင်းကင်သည်၊ ပုထုဝိယာ-မြေကြီးမှ၊ အာရကာ ယထာ-ဝေးသကဲ့သို့၊

သဒ္ဓမ္မာ–သူတော်ကောင်းတရားမှ၊ အာရကာ–ဝေးသည်၊ ဟောတိ–ဖြစ်သည်သာတည်း။

## သုတ္တနိပါတပါဠိတော်၊ သဘိယသုတ်

မေး ဘိက္ခု၊ သောရတ ဒန္တ ဗုဒ္ဓဟူသည် အဘယ်နည်း။

ဖြေ ကိလေသာငြိမ်းအေးရာ နိဗ္ဗာန်သို့ ရောက်သူ၊ ယုံမှားခြင်းကို လွန်မြောက်သူ၊ ဆုတ်ယုတ် ကြီးပွားခြင်းကို စွန့်၍ မဂ်ဖြင့် ကျင့်သူ၊ တစ်ဖန် ပဋိသန္ဓေမရှိသူသည် ဘိက္ခု၊ အလုံးစုံသော အာရုံတို့၌ လျစ်လျူရှုသူ၊ သတိရှိသူ ဩဃလေးပါးမှ ကူးမြောက်သူ၊ မကောင်းမှုမှ ငြိမ်းသူ၊ မိစ္ဆာဝိတက်ကင်းသူ၊ ရာဂထူးပြောမှု မရှိသူသည် လွန်စွာငြိမ်းအေးသော သောရတ။ ဣန္ဒြေကို ပွားများပြီးသူ၊ ဤလောက တမလွန်လောကို ထိုးထွင်း၍သိသဖြင့် သေရမည့်အချိန်ကို ငံ့လင့်သူသည် ဒန္တ။ သံသရာကို သိ၍ ရာဂမြူကင်းသောသူသည် ဗုဒ္ဓမည်။

မေး ဗြာဟ္မဏ သမဏ နှာတက နာဂဟူသည် အဘယ်နည်း။

ဖြေ မကောင်းမှုကို အပပြုသူ၊ အညစ်အကြေးကင်းသူ၊ အရဟတ္တဖိုလ်သမာဓိ၌ တည်သူ၊ သံသရာကို လွန်၍ ပြုဖွယ်ကိစ္စပြီးဆုံးသူ၊ တာဒိဂုဏ်နှင့် ပြည့်စုံသူသည် ဗြာဟ္မဏ သမဏ။ အတွင်းအပသန္တာန်၌လည်းကောင်း၊ လောကအားလုံး၌ တဏှာ ဒိဋ္ဌိ ကင်းသူသည် ဆေးကျော်ပြီးသူ နှာတက။ ကိလေသာလွတ်၍ တာဒိဂုဏ်နှင့် ပြည့်စုံသူသည် နာဂမည်၏။

အာယတနမှလွတ်သောသူသည် ခေတ္တအာယတန၊ ကုသိုလ်အကုသိုလ်ကံကို သိမြင်ပြီးသောသူသည် ကုသလ ပဏ္ဍိတ မုနိ။ ဝေဒနာ

တို့၌ တပ်ခြင်းကင်းသူ ဝေဒဂူ၊ တာဒိဂုဏ်နှင့်ပြည့်စုံသောသူသည် အနုဗုဒ္ဓ။ ကုသိုလ်တို့၌ ကြိုးစားသူသည် ဝီရိယ၊ အာဇာနီယ။ အကြားအမြင်များသူ သောတ္တိယ။ တဏှာဒိဋ္ဌိတို့ဖြင့် မကြံစည်သူ အရိယ၊ စရဏတရားတို့၌ လိမ္မာသူသည် စရဏ၊ နာမ်ရုပ်အဆုံးကို ပြုခဲ့သူသည် ပရိဗ္ဗာဇက စသည်ဖြင့် ဖြေတော်မူသည်။

နောက် ဘုရားရှင်ကို မြေကြီးကဲ့သို့ ကြီးကျယ်သော ပညာရှိသော မြတ်စွာဘုရား အရှင်ဘုရားသည် ရေဆိပ်သဖွယ်ဖြစ်သော သက္ကာယဒိဋ္ဌိ စသည်တို့ကို ပယ်ဖျောက်၍ ဩဃတည်းဟူသော အမိုက်တိုက်ကို လွန်မြောက်တော်မူပါပေ၏ စသည် ချီးကျူးတော်မူလေသည်။

ဧဟိ, သရဏ၊ ဩဝါဒ၊ အဋ္ဌဝါစိကူ။

ဉတ္တိ ပဉှာ၊ ဂရုပါ၊ ရှစ်ဖြာ ဒူတေန။

ဘုရားရှင်လက်ထက်တော်၌ ဘုရားရှင်က ဘိက္ခု–ရဟန်း၊ ဧဟိ–လာလော့ဟု ခေါ်တော်မူလျှင် လူ၏အသွင်အပြင် ပျောက်၍ ပရိက္ခရာရှစ်ပါးစုံလင်စွာနှင့် ဝါတော်ခြောက်ဆယ်ရ မထေရ်ပမာ ဖြစ်ခြင်းသည် ဧဟိဘိက္ခုမည်၏။ သရဏဂုံသုံးပါးဖြင့် ရဟန်းဖြစ်ခြင်းသည် သရဏဂမန ရဟန်းဖြစ်၏။ ဩဝါဒခံယူ၍ ရဟန်းဖြစ်ခြင်းသည် ဩဝါဒခံရဟန်းမည်၏။ ပဇာပတိမိထွေးတော်ကဲ့သို့ ဂရုဓံရှစ်ပါးဖြင့် ရဟန်းဖြစ်ခြင်းသည် ဂရုဓမ္မခံ ရဟန်းမည်၏။ ဉတ္တိစတုတ္ထကံဖြင့် ရဟန်းဖြစ်ခြင်းသည် ဉတ္တိစတုတ္ထရဟန်း မည်၏။ အမေးအဖြေဖြင့် ရဟန်းဖြစ်သူသည် ပဉှာဗျာကရဏရဟန်း မည်၏။ ရဟန်းမိန်းမသည် ရဟန်းမိန်းမဖက် ဉတ္တိစတုတ္ထကံ၊ ရဟန်းယောကျ်ားဖက်မှ ဉတ္တိစတုတ္ထကံဟူ၍ ရှစ်ကြိမ်ဖြင့် ရဟန်းဖြစ်ခြင်းသည် အဋ္ဌဝါစိကူကရဟန်းမည်၏။ ဤသို့ ရှစ်မျိုးရှိသည်။ ယခုခေတ်ကား ဉတ္တိစတုတ္ထကံဖြင့် ရဟန်းပြုခြင်းတစ်မျိုးသာရှိသည်။

## (၂) ရဟန်းမိန်းမများအကြောင်း သိကောင်းစရာ

### ခေမာထေရီ

ခေမာထေရီဘိက္ခုနီမအလောင်းသည် ပဒုမုတ္တရဘုရားရှင်လက်ထက်၌ ဟံသာဝတီမြို့မှာ သူတစ်ပါး၏ အခိုင်းအစေဖြစ်၏။ တစ်နေ့သ၌ ပဒုမုတ္တရဘုရားရှင်၏တပည့် သုဇာတထေရ် ဆွမ်းခံကြွသည်ကို မြင်၍ ငှက်ပျောသီးသုံးလုံးကို လှူပြီး ထိုနေ့၌ပင်လျှင် မိမိဆံပင်ကို ရောင်း၍ အလှူပေး၏။ နောင်အခါ ကြီးသောပညာရှိသော ဘုရားရှင်၏တပည့်မ ဖြစ်ရပါလို၏ဟု ဆုတောင်း၏။ အသက်ထက်ဆုံးကုသိုလ်ကို ပြု၏၊ လူ့ပြည် နတ်ပြည်တို့၌ ကျင်လည်၍ နတ်ပြည်ခြောက်ထပ်၌ နတ်မိဖုရားဖြစ်၏၊ လူ့ပြည်၌ စကြာမင်း၏ မိဖုရားဖြစ်၏။

ဝိပဿီဘုရား ရှင်လက်ထက်၌ လူဖြစ်ကာ ဘုရားရှင်၏ တရားတော်ကို နာရသောကြောင့် သံဝေဂရခါ ရဟန်းပြု၍ အနှစ်တစ်သောင်းကျင့်၏၊ ဗဟုသုတရှိ၏၊ ဓမ္မကထိကဖြစ်၏၊ ထိုဘဝမှ စုတေ၍ သုဂတိဘဝတို့၌သာလျှင် ကျင်လည်ရ၍ ကက္ကုသန်၊ ကောဏာဂုံဘုရားရှင်ထက်ထက်၌ သူဌေးမျိုးမှာ ဖြစ်၏။ ကျောင်းဆောက်ပြီး ဘုရားအမှူးရှိသော သံဃာတော်တို့အား ပေးလှူ၏။

ကဿပဘုရားရှင်လက်ထက်တော်၌ ကာသိတိုင်း ကိကီမင်း၏ သာမဏေမည်သော သမီးကြီးဖြစ်၏။ ဘုရားရှင်၏ တရားကို ကြားနာရ၍ သံဝေဂဖြစ်ကာ လူ့ဘဝဖြင့် အနှစ်နှစ်သောင်းပတ်လုံး ကျင့်ကြံကြိုးစား၍ သမဏဂုတ္တာ အစရှိကုန်သော မိမိ၏ ညီမတို့နှင့်တကွ မွေ့လျော်ဖွယ်

သော အဆောက်အဦးများကို ဆောက်၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား လှူဒါန်း၏၊ ထိုထိုသို့သောဘဝတို့၌ ထိုကဲ့သို့သောအလှူမျိုးကို လှူဒါန်း၍ ကောင်းသောဘဝတို့၌ ဖြစ်၏။

ဂေါတမဘုရားရှင်လက်ထက်၌ မဒ္ဒရာဇ်တိုင်း သာဂလမြို့ဝယ် မင်းမျိုး၌ ဖြစ်၏။ ခေမာအမည်ရှိ၏၊ ရွှေအဆင်းရှိ၏၊ အရွယ်သို့ ရောက်လတ်သော် ဗိမ္ဗိသာရမင်းကြီးနှင့် ထိမ်းမြား၏။ ဘုရားရှင်သည် ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ် အဆင်းလှသည်ဟု မာန်မာနတက်ကာ ဘုရားရှင်ကား ရုပ်ရည်လှပခြင်းကို အပြစ်ပြ၏ဟု ဘုရားသွားကျောင်းတက်ခြင်းကို မပြုပေ။

မင်းသည် မိဖုရားကား ကျောင်းသို့ သွားချင်အောင် လူအပေါင်းတို့အား ဝေဠုဝန်ဥယျာဉ်အကြောင်းကို ကဗျာလင်္ကာတို့ဖြင့် ဖွဲ့နွဲ့သီဆိုစေ၏။ ခေမာမိဖုရားသည် ကျောင်းသို့ သွားရန် ပြော၏။ မင်းက ကျောင်းကို ရောက်က ဘုရားရှင်နှင့်မတွေ့ဘဲ မပြန်ရဟု ပြော၏။ လူတို့အားလည်း မိဖုရားကို ဘုရားရှင်သို့ မရောက်ရောက်အောင် ပို့ကြဟုလည်း မှာလိုက်၏။

မိဖုရားသည် တစ်နေ့ပတ်လုံး ကျောင်းသို့ ရောက်နေသော်လည်း ဘုရားရှင်ထံသို့ မရောက်ဘဲ ပြန်လို၏။ လူများအတင်းဆွဲ၍ပို့၏။ ဘုရားရှင်သည် မိဖုရားလာသည်ကို သိ၍ တန်ခိုးဖြင့် နတ်သမီးနှင့်တူသော မိန်းကလေးတစ်ယောက်ကို ဖန်ဆင်း၍ ယပ်ခတ်စေ၏။ မိဖုရားသည် မြင်၍ နတ်သမီးနှင့်တူသော မိန်းကလေးများယင်လျှင် ဘုရားရှင်အား နေ၏။ ငါကား သူတို့၏ ကျွန်မလောက် မလှပေ။ ငါ့ကို မကောင်းသော စိတ်သည် ဖျက်ဆီး၏ဟု ထိုမိန်းကလေးကို ကြည့်၍ နေ၏။ ဘုရားရှင်သည် ထိုမိန်းကလေးကို ပဌမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ် သွား

ကျိုး ဆံမြှု ရေတွန့်ပြီး လဲပြိုကာ ကျစေ၏။ ခေမာမိဖုရားသည် ဆုတောင်း ပါရမီရှိသည်ဖြစ်၍ ဤကဲ့သို့ လှပသော သူသည်ပင် ဤကဲ့သို့ ပျက်စီး ရ၏၊ ငါလည်း ဤနည်းအတိုင်း ဖြစ်မှာပဲဟု စိတ်ကူးနေ၏။

နောက် မိဖုရားသည် ရဟန်းပြုကာ ရဟန္တာမဖြစ်လေသည်၊ ပညာ ကြီးကြောင်း ထင်ရှား၏။ နောက်ပညာအရာတေဒဂ်ရ၏။ နောက်မာရ် နတ်နှင့်တွေ့၍ ချစ်ရေးဆို၏၊ မိဖုရားသည် မာရ်နတ်အား အောက်ပါစကား များကို ပြန်ပြောလေသည်။

မာရ်နတ်ယုတ် ငါသည် တဏှာကို မဂ်ဖြင့် ပယ်ပြီးပြီ၊ ကျင်နာ နှိပ်စက်ပျက်စီးတတ်သော ဤခန္ဓာကိုယ်ကို ငြီးငွေ့စက်ဆုတ်ပါ၏၊ ကာမ ဂုဏ်တို့သည် ဓားလှံသံတံကျင်နှင့် တူ၏။ ဥပါဒါနက္ခန္ဓာငါးပါးတို့သည် ဓားလှံတို့ဖြင့် ထိုးခုတ်ရာ စဉ်းတီးတုံးနှင့် တူကုန်၏။ ငါကား ကာမဂုဏ်၌ မပျော်မွေ့ကတော့ပေ။ မောဟအစု အမိုက်ထုကို ဖောက်ခွဲအပ်ပြီးပြီ။ ထို့ ကြောင့် သင်ရှုံးပြီး လူမိုက်တို့သည် ဟုတ်မှန်စွာ မသိကြ၍ ဂြိုဟ်နက္ခတ် တို့ကို ရှိခိုးကုန်လျက် မီးကို လုပ်ကျွေးက ကိလေသာစင်ကြယ်ကုန်၏၊ ထင်မှတ်ကြကုန်၏။ ငါသည် ယောကျ်ားမြတ်ဖြစ်သော ဘုရားကို ရှိခိုး လျက် ဘုရားရှင်ဆုံးမတိုင်း လိုက်နာ၍ကျင့်၏။ ထို့ကြောင့် ဆင်းရဲအား လုံးတို့မှ လွတ်မြောက်ခဲ့လေပြီ။

အဟဉ္စခေါ နမဿန္တီ၊ သမ္ဗုဒ္ဓံ ပုရိသုတ္တမံ။

ပမုတ္တာ သဗ္ဗဒုက္ခေဟိ၊ သတ္ထုသာသနကာရိကာ။

အဟဉ္စခေါ–ငါသည်သာလျှင်၊ ပုရိသုတ္တမံ–ယောကျ်ားမြတ်ဖြစ် သော၊ သမ္ဗုဒ္ဓံ–ဘုရားရှင်ကို၊ နမဿန္တီ–ရှိခိုးကုန်၏။ သတ္ထုသာသန ကာရိကာ–ဘုရားရှင်ဆုံးမတိုင်း လိုက်နာကျင့်ကြကုန်သည်ဖြစ်၍၊ သဗ္ဗ

ဒုက္ခေဟိ–အလုံးစုံသော ဇာတိဒုက္ခစသည်တို့မှ၊ ပမုတ္တာ–လွတ်မြောက်လေပြီးသည်သာတည်း။

နမတော် ဇနပဒကလျာဏီလည်း ဤနည်းအတိုင်း ရှိ၏။

(အကျယ်ကို လိုမူ ထေရီပါဠိတော်၊ ၃၅၉၊ ၎င်းအဋ္ဌကထာ ၁၃၀၊ ထေရီအပဒါန်ပါဠိတော်၊ အဋ္ဌကထာကို ရှုလေ။)

* * * *

## ရွှေပန်းထိမ်သည်သမီး သုဘာထေရီ

ဤသုဘာထေရီအလောင်းသည်လည်း ရှေးရှေးဘုရားရှင်တို့၌ ဝဋ်ကင်းရာ နိဗ္ဗာန်ကို ရည်ရွယ်၍ ဆုတောင်းပါရမီရှိဖူးသည်၊ သုဂတိဘဝတို့၌သာ ကျင်လည်ပြီး ဉာဏ်ရင့်သန်ခါ ဤဂေါတမဘုရားရှင်လက်ထက်၌ ရာဇဂြိုဟ်ပြည်ဝယ် ရွှေပန်းထိမ်သည်၏သမီး ဖြစ်လာ၏၊ ရုပ်ဆင်းအင်္ဂါနှင့် ပြည့်စုံ၍ သုဘာဟု ခေါ်ကြ၏။

တစ်နေ့သ၌ ဘုရားရှင်ကို ရှိခိုး၍တည်၏၊ ဘုရားရှင်သည် သူ၏ဉာဏ်ရင့်ကျက်ခြင်းကို သိ၍ တရားဟောတော်မူရာ သောတာပန်ဖြစ်သည်။ သူမသည် ဃရာဝါသကိစ္စများကို စက်ဆုတ်ခါ ဂေါတမီထံ၌ ရဟန်းမိန်းမပြုသည်။ မိဘများတို့သည် ပစ္စည်းဥစ္စာများကို ပြလျက် လူထွက်စေ၏၊ လူတို့အား ဃရာဝါသကိစ္စကို ဟောလျက် နောက်ရဟန္တာမ ဖြစ်လေသည်။

ငါသည် သစ္စာလေးပါးကို ထိုးထွင်း၍သိခဲ့ပြီ။ ထို့ကြောင့် ငါသည် ကာမဂုဏ်တို့၌ မမွေ့လျော်တော့ပေ။ ဥပါဒါနက္ခန္ဓာငါးပါးတည်းဟူသော သက္ကာယကို မြင်၍ နိဗ္ဗာန်ကို တောင်းတခဲ့၏။ ငါသည် လောကီစည်း

စိမ်များကို စွန့်၍ ရဟန်းပြုခဲ့၏။ ကာမဂုဏ်တို့၏ ပြန်လည်ခြင်းသည် မလျော်ကပ်။ ပစ္စည်းမရှိသောရဟန်းအဖြစ်ကိုသာလျှင် ငါတောင်းတ၏၊ ၎င်းပစ္စည်းများကို တစ်ဖန်ယူခြားအံ့၊ ပညာရှိတို့အလယ်၌ ဘယ်ကဲ့သို့ ခေါင်းထောင်ဝံ့ပါအံ့နည်း။

ပစ္စည်းများသည် မင်္ဂလာအကျိုးမဖြစ်၊ မာနကို ဆောင်တတ်၏၊ ပြင်းစွာတွေဝေခြင်းကို ဖြစ်စေတတ်၏၊ ရာဂစသော ကိလေသာမြူကို ပွားစေတတ်၏၊ ရွံရှာဖွယ်ဘေးနှင့်တကွဖြစ်၏၊ ရှာမှုစောင့်ရှောက်မှု ပင်ပန်းခြင်းရှိ၊ ရွှေငွေတို့သည် မြဲမြံတည်တံ့ခြင်းမရှိ။

ပစ္စည်း၌ တပ်မက်သူ ကုသိုလ်၌ သတိကင်းသူတို့သည် ညစ်ညူးသောစိတ်ရှိကုန်၏၊ တစ်ယောက်နှင့်တစ်ယောက် ရန်သူဖြစ်ကုန်၏။ ကာမဂုဏ်လိုက်စားသူတို့သည် သတ်ပုတ်ခြင်း၊ နှောင်ဖွဲ့ခြင်း၊ ဥစ္စာဆုတ်ယုတ်ခြင်း၊ စိတ်ဆင်းရဲခြင်းဖြစ်တတ်၏။ ကာမဂုဏ်၌ တပ်မက်ခြင်းကင်းသော ငါ့အား ဆွေမျိုးတို့ဖြစ်ပါလျက် အဘယ်ကြောင့် တိုက်တွန်းကြကုန်သတည်း၊ ထိုထိုဘေးကို မြင်၍ ရဟန်းပြုသည်ဟု မှတ်ကြကုန်လော့။

ရွှေငွေသည် အာသဝတရားမကုန်နိုင်၊ ကာမဂုဏ်သည် မိတ်ဆွေမဟုတ်၊ သူသတ်ယောက်ျားနှင့်တူ၏၊ ရန်သူနှင့်တူ၏၊ ရာဂစသော ကြောင့်တံသင်း ငါးစင်းကို ဖွဲ့တတ်၏။

ငါသည် ဆွမ်းခံစားခြင်း၊ ပံ့သကူသင်္ကန်းကို ဝတ်ခြင်းသည် လျောက်ပတ်၏။ ရဟန်းတို့ မှီရာဖြစ်၍ အသက်၏ အရံအတားဖြစ်၏။ လူနတ်ကာမဂုဏ်တို့ကို အရိယာတို့ စက်ဆုတ်ကုန်၏၊ ကိလေသာဘေးမရှိရာ နိဗ္ဗာန်ကို ရကြကုန်၏။ ကာမဂုဏ်တို့သည် အကျိုးစီးပွားကို မဖြစ်စေတတ်၊ အဆွေခင်ပွန်းမဟုတ်၊ သူသတ်ယောက်ျား၊ မီးပုံကြီးနှင့်တူကုန်၏၊ ကာမဂုဏ်သည် ဘေးရန် စိတ်ပင်ပန်းခြင်း ဆူးငြောင့် ဖြစ်၏။ တပ်မက်

မောခြင်းအကြောင်းဖြစ်၏၊ ကြောင့်ကြမှုဖြစ်၏၊ ကျယ်ဝန်းများပြား၏၊ တွေဝေခြင်းအကြောင်းဖြစ်၏၊ ကြောက်မက်ဖွယ်ကောင်း၏၊ မြွေဦးခေါင်းနှင့်တူ၏၊ သူမိုက်တို့ နှိပ်စက်ကုန်၏၊ ကာမဂုဏ်ညွှန်ပျောင်းကပ်ငြိ၍ နိဗ္ဗာန်ကို မရောက်နိုင်ကြ၊ အနာနှင့်တူ၏၊ အပါယ်ရောက်စေတတ်ကြောင်း ဒုစရိုက်ကို ပြုတတ်၏၊ သံယောဇဉ်ဖြစ်၏၊ သေခြင်းနှင့်စပ်၏၊ ရှုံးသွပ်ခြင်းကို ပြုတတ်၏၊ ပလွှားတတ်၏၊ စိတ်ကို နှိပ်စက်လေ့ရှိ၏၊ မာရ်နတ်ထောင်အပ်သောမြှုးနှင့်တူ၏။

အဆိပ်နှင့်တူ၏၊ ပျားရည်သုတ် သင်းတုံးဓားပမာ သာယာဖွယ်နည်း၏၊ ကုသိုလ်တရားကို ခြောက်ကပ်စေတတ်၏၊ ငါသည် မဂ္ဂင်ရှစ်ပါး ခရီးလမ်းကို လိုက်ပေအံ့။ ဘုရားရှင်က သတ္တဝါတို့၏ အရှင်သိကြားနတ်မင်းသည် နတ်အပေါင်းနှင့်တကွ သုဘာကို ရှိခိုး၏ဟု မိန့်တော်မူ၏။

တံ သက္ကော ဒေဝသံဃေန၊ ဥပသင်္ကမ္မ ဣဒ္ဓိယာ။

နမဿတိ ဘူတပတိ၊ သုဘံ ကမ္မာရဓီတရံ။

ဘူတပတိ–သတ္တဝါတို့၏ အကြီးအမှူးဖြစ်သော၊ သက္ကော–သိကြားမင်းသည်၊ ဒေဝသံဃေန–နတ်အပေါင်းဖြင့်၊ ကမ္မာရဓီတရံ–ပန်းထိမ်သည်၏ သမီးဖြစ်သော၊ တံ သုဘံ–ထိုသုဘာထေရီ ဘိက္ခုနီမကို၊ ဣဒ္ဓိယာ–တန်ခိုးဖြင့်၊ ဥပသင်္ကမ္မ–ကပ်၍၊ နမဿတိ–ရှိခိုးသည်သာတည်း။

(အကျယ်ကို လိုမူ ထေရီဂါထာပါဠိတော်၊ ၄၁၆။ ၎င်းအဋ္ဌကထာ ၄၁၆–၌ ရှုပါကုန်)

* * * *

## ဆရာဇီဝကဏ်သရက်ဥယျာဉ် နှင့် သုဘာထေရီ

ဤသုဘာထေရီ ဘိက္ခုနီမအလောင်းသည် ရှေးရှေးသော ဘုရားရှင်တို့၌ ဝဋ်ကင်းရာနိဗ္ဗာန်ကို ရည်ရွယ်၍ ဆုတောင်းပါရမီဖြည့်ဆည်းဖူးသည်။ သူသည် ဂေါတမဘုရားရှင်လက်ထက် ရာဇဂြိုဟ်ပြည်ဝယ် ပုဏ္ဏားသူဌေးမျိုး၌ ဖြစ်သည်။ သူ့မကို သုဘာဟူ၍ ခေါ်ကြသည်။ တင့်တယ်လှသောကြောင့် ခေါ်ကြ၏။ သူမသည် မိထွေးတော်ဂေါတမီထံ၌ ရဟန်းမိန်းမပြု၍ တရားအားထုတ်ရာ တစ်ရက် နှစ်ရက်ဖြင့် အနာဂါမ်တည်လေသည်။

တစ်နေ့သ၌ သူမသည် ဆရာဇီဝကဏ်ဥယျာဉ်၌ နေဆာလှုံနေစဉ် အရက်သမားလူပျိုတစ်ယောက်သည် ကလေးသဘာဝပုထုဇဉ်ပုဂ္ဂိုလ်ဖြစ်သည့်အားလျော်စွာ ချစ်ရေးဆို၏။ သူမသည် တရားဟော၏၊ မရပေ။ ထိုယောကျ်ားသည် သင်မကား တခြားအင်္ဂါကြီးငယ်ထက် မျက်စိသည် ပို၍လှသည်ဟု ဆို၏။

သူမသည် သူမ၏မျက်လုံးကို လက်ဖြင့် နှုတ်ဖြင့် ပေး၏။ နောက်မှ ၎င်းသေသောက်ကြူးသည် ကြောက်လန့်သံဝေဂဖြစ်ခါ ကန်တော့သည်းခံစေပြီး ပြန်၍သွား၏။ သုဘာသည် ဘုရားရှင်ထံသို့ ရောက်စဉ်ပင်လျှင် မျက်စိသည် ပကတိအတိုင်းဖြစ်၏။ ဘုရားရှင် တရားဟောတော်မူရာ ရဟန္တာမ ဖြစ်လေသည်။

နောက် သုဘာသည် အောက်ပါဒေသနာတော်ကို ဟောတော်မူလေသည်။

သေသောက်ကြူးသည် ချစ်ရေးဆိုရာ သုဘာထေရီက အမောင်ဤဆံပင်စသော သုံးဆယ့်နှစ်ပါးသည် စက်ဆုတ်ဖွယ်ရှိ၏၊ မုချပျက်စီး

တတ်သောသဘောရှိ၏၊ သုသာန်မြေကို ပွားစေတတ်၏၊ သင်ကား ရာဂ စိတ်ဖြင့်သာ လှသည်ဟု ပြောဆို၏။

သင်သည် ဆူးငြောင့်ရှိသော လမ်းခရီးကို သွားလို၏၊ လဗိမာန်ကို စကားဖွယ်ရာ ရှာသည်မည်၏။ မြင်းမိုရ်တောင်ကို ခုန်ကျော်ခြင်းငှာ အလို ရှိသည်မည်၏။ ငါကား ရာဂတည်းဟူသော အမြစ်ရင်းကို အရိယာမဂ် ဖြင့် ပယ်သတ်ပြီးပြီ။

သင်ကား ဖြစ်ပျက်ခြင်းကို သိသော ငါ့အား ဖြားယောင်းက ပင်ပန်း ရုံရှိလိမ့်မည်။ ငါသည် လောကဓံတရားကို သိသည်၊ ဘဝသုံးပါးမြှ၌ ငါမကပ်လိမ်းတော့ပေ။ ငါကား နိဗ္ဗာန်ရွှေပြည်သို့ သွားနေသူ၊ ရာဂ ငြောင့်ကို နုတ်ပြီးသူ၊ အာသဝကင်းသူဖြစ်၏၊ စက်ယန္တရားရုပ် ရုပ်သေး ကသည်ကို ငါမြင်ဖူးပြီ၊ ရုပ်သေးကြိုးပြတ်က အသုံးမကျချေ။ ဆံပင်စသော တရားများကို ပေါင်း၍ လူခေါ်၏၊ ထိုပထဝီဓာတ်စသော အစိတ်အပိုင်း သည် ယောကျ်ား မိန်းမ မဟုတ်။

ပန်းချီ ဆေးရေ မိန်းမရုပ်၌ လူစသည် ထင်နေသည်နှင့် တူ၏။ ခန္ဓာငါးပါးကို ငါသူတစ်ပါး ထင်နေခြင်းသည် အချည်းအနှီးသာ၊ ဤခန္ဓာ ကိုယ်သည် မျက်လှည့် အိပ်မက်နှင့် တူ၏၊ မျက်စိစသည်၌ မျက်ချေး စသည်ရှိသည်။

မုတ္တာ စ တတော သာ ဘိက္ခုနီ၊ အဂမိ ဗုဒ္ဓဝရဿ သန္တိကံ။
ပသိယ ဝရပုညလက္ခဏံ၊ စက္ခုအာဒိ ယထာပုရာဏကံ။

သာ ဘိက္ခုနီ–ထိုသုဘာထေရီ ဘိက္ခုနီမသည်၊ တတော–ထိုသေ သောက်ကြူးလက်မှ၊ မုတ္တာ စ–လွတ်သည်ဖြစ်၍လည်း၊ ဗုဒ္ဓဝရဿ– ဘုရားမြတ်စွာ၏၊ သန္တိကံ–အထံသို့၊ အဂမိ–သွားပြီ၊ ဝရပုညလက္ခဏံ– မြတ်သော ကုသိုလ်ကောင်းမှုကြောင့် ဖြစ်သော လက္ခဏာတော်ကြီးရှစ်

ဆယ် လက္ခဏာတော်ငယ် သုံးဆယ်နှစ်ပါး တရာ့ရှစ်ကွက်သော စက်
လက္ခဏာကို၊ ပဿိယ–ရှုမြင်ရ၍၊ စက္ခု–မျက်စိသည်၊ ယထာပုရာဏက်–
ရှေးအတိုင်း၊ အသာသိ–ဖြစ်လေသည်သာတည်း။

(အကျယ်ကို လိုမူ ထေရီဂါထာပါဠိတော်၊ ၄၂၀၊ ၎င်းအဋ္ဌကထာ
၂၆၃–တို့၌ ရှုပါကုန်)

* * * *

## သုမေဓာထေရီ

ဤသုမေဓာထေရီ ဘိက္ခုနီမအလောင်းသည်လည်း ရှေးရှေးဘုရား
ရှင်တို့၌ ဝဋ်ကင်းရာ နိဗ္ဗာန်ကို မျှော်မှန်း၍ ဆုတောင်းပါရမီပြုဖူးသည်။
ကောဏာဂုံဘုရားရှင်လက်ထက်၌ အမျိုးကောင်းသမီးဖြစ်၍ အဆွေခင်
ပွန်း မိန်းမများတို့နှင့် ကျောင်းကန်များကို ဆောက်လုပ်ကာ ဘုရားအမှူး
ရှိသော သံဃာတော်များအား ပေးလှူဒါန်းသည်။

ထိုကောင်းမှုကြောင့် တာဝတိံသာ၌ ဖြစ်သည်။ နောက်ယာမာဘုံ၌
ဖြစ်သည်။ နောက် တုသိတာ၊ နိမ္မာနရတိ ပရနိမ္မိတဝသဝတ္တီနတ်ပြည်၌
ဖြစ်သည်။ နတ်မင်း၏မိဖုရားဖြစ်၏။

ကဿပဘုရားရှင်လက်ထက်တော်၌ သူဌေးသမီးဖြစ်၏။ မွန်မြတ်
သော အလှူကို ပေးသည်။ သေ၍ တာဝတိံသာနတ်ပြည်စသည်၌ ဖြစ်
သည်။ ဂေါတမဘုရားရှင်လက်ထက်တော် မန္တာဝတီမြို့ဝယ် ကောဉ္စမင်း၏
သမီးဖြစ်သည်။ သုမေဓာမည်၏။ မိဘများ ဝါရဏဝတီမြို့၌ အနိကရတ္တ
မင်းနှင့် ထိမ်းမြားပေးရန် တိုင်ပင်ကြသည်။ သဘောမတူပေ၊ ရဟန်းပြု
ရန်သာ ပြောဆိုလေသည်။ သူမသည် သံလျက်ဖြင့် ဆံပင်ကို ဖြတ်၍၎င်း၊

ဆံပင်များနှင့် ပတ်သက်၍ စက်ဆုတ်ရွံရှာဖွယ်စသည် ရှုကာ ပဌမဈာန်ကို ရလေသည်။ နောက် ဘိက္ခုနီမကျောင်းသို့ သွား၍ ရဟန်းမိန်းမပြုလေသည်။ နောက် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာမဖြစ်၍ အောက်ပါ ဒေသနာတော်ကို ဟောတော်မူလေသည်။

သမီးသုမေဓာသည် သာသနာတော်၌ ကြည်ညိုသူဖြစ်ပါ၏။ အကျင့်သီလနှင့် ပြည့်စုံ၏၊ ဆန်းကြယ်သော တရားစကားကို ပြောဟောတတ်၏၊ များသော ပရိယတ်အကြားအမြင်ရှိ၏၊ စောင့်စည်းသော ကိုယ်နှုတ်စိတ်ရှိ၏၊ နိဗ္ဗာန်ချမ်းသာကို အလိုရှိ၏၊ နတ်ပြည်၌ ဖြစ်သော တေဘုမ္မကသင်္ခါရလည်း မမြဲပါ၊ အနှစ်မရှိ၊ အချည်းအနှီးဖြစ်၏၊ လုံ့သွားထက် ဖျားရည် စက်သဖွယ်ရှိ၏၊ သာယာဖွယ်မရှိ၊ ပစ္စုပ္ပန်တမလွန်၌ ပင်ပန်း၏။

ကာမဂုဏ်တို့သည် အလိုမရှိအပ်၊ ခါးစပ်ကုန်၏၊ ဘေးနှင့်တကွဖြစ်၏၊ မြွေဦးခေါင်းနှင့် တူ၏၊ ထိုအာရုံ၌ လူမိုက်များကို တွေဝေစေ၏၊ ငရဲ၌ ခံရတတ်၏၊ ကိုယ်နှုတ်စိတ် မစောင့်စည်းကုန်သော သူတို့သည် အပါယ်ရောက်၏၊ သမုဒယတရားရှိသူသည် အရိယသစ္စာတို့ကို ထိုးထွင်း၍မသိကုန်။

လူမိုက်တို့သည် ဝဋ်ဆင်းရဲကို နှစ်သက်ကုန်၏၊ နတ်ပြည်ကို တောင်းတကုန်၊ ပညာမရှိသူ များကုန်၏။ အားလုံးသော ဘုံများ မမြဲ၊ လူမိုက်တို့ အဖန်တလဲလဲဖြစ်ခြင်းကို မထိတ်လန့်၊ အပါယ်ရောက်နေသူတို့အား ရဟန်းပြု၍ မဖြစ်။ အကျွန်ုပ်သည် ပဋိသန္ဓေစသည် ကင်းရာတရားကို အားထုတ်ပေအံ့။ ဝဋ်ဆင်းရဲကို နှစ်သက်သဖြင့် အကျိုးမရှိ။

ယခုဘုရားရှင်ခေတ်ကို ရောက်ပြီး ရပ်ပြစ်ရှစ်ပါးမှ ကြဉ်အပ်ပါပြီ၊ ဗုဒ္ဓုပ္ပါဒနဝမက္ခဏကို ရအပ်ပါပြီ၊ သာသနာတော်အကျင့်ကိုလည်းကောင်း၊ စတုပါရိသုဒ္ဓိသီလကိုလည်းကောင်း မဖျက်ဆီးအပ်ပါ၊ လူ့ဘဝ၌ နေရလျှင်

အစာမစားတော့ပါ၊ သေချင်သေပါစေ၊ မိဖုရားအဖြစ်ကိုလည်း အလိုမရှိ တော့ပါဟု ပြောဆို၏။

ဤခန္ဓာသည် ပိုးလောက်ကဲ့သို့ အနံ့ထွက်၏။ မြွေကောင်ပုပ် ခွေးကောင်ပုပ်တို့ဖြင့် ဖြည့်သော သားရေအိပ်နှင့် တူ၏။ အခါခပ်သိမ်း ယိုစီး၏၊ ပိုးမျိုးရှစ်ဆယ်တို့၏တည်ရာ အိမ်နှင့်တူ၏၊ ကျီးလင်းတအစာ ဖြစ်၏။ သေက အဆွေအမျိုးများလည်း မနှစ်သက်၊ ထင်းတုံးကဲ့သို့ စွန့်ပစ်ရ၏၊ သုသာန်မှ ပြန်လာက ရွံရှာ၍ ရေချိုးကြ။ ဆွေမျိုးများပင် ဤသို့ ပြုကြ၏၊ တခြားသူများကား ဆိုဖွယ်မရှိ။

လူမိုက်များ ဤအပုပ်ကောင်ကို တဏှာဖြင့် မက်မောကြ၏။ အပြင် ကို အတွင်း၊ အတွင်းကို အပြင်ပြု၍ ကြည့်က အမိသော်လည်း စက်ဆုတ် ရာ၏။ ခန္ဓာ အာယတန ဓာတ်တရားတို့သည် ကံ စိတ် ဥတု အာဟာရတို့ ပြုပြင်အပ်သော သခ်တတရားတည်း၊ ထိုတရားသည် ပဋိသန္ဓေနေခြင်း လျှင် အကြောင်းရှိ၏၊ ဤသို့ရှုသူအား အဘယ်မှာလျှင် အိမ်ထောင်ပြုချင် ပါအံ့နည်း။

တစ်နေ့လျှင် လုံဖြင့် အချက်ပေါင်း သုံးရာအထိုးခံက သံသရာက လွတ်လျှင် အနှစ်တစ်ရာ လုံထိုးခံရခြင်းက မြတ်သေး၏။ ပဋိသန္ဓေနေမှု စသော သံသရာသည် ရှည်လျားလှ၏၊ သုံးဆယ့်တစ်ဘုံတို့၌ ဒုက္ခသာ ရှိ၏၊ ဤတရားများကို ကမ္မဋ္ဌာန်းစီးဖြန်းခြင်းဖြင့်သာ လွတ်နိုင်၏၊ ကာမ ဂုဏ်တရားကား အနှစ်သာရမရှိ၊ ခွေးအန်ဖက်ကဲ့သို့ ထင်ပါ၏၊ ထန်းပင် ရာကဲ့သို့ ပြုအပ်ကုန်ပြီ။

လေးကျွန်းစကြာမင်းဖြစ်ဖူးပါ၏၊ သို့သော်လည်း အလိုမပြည့်ဘဲ သေရ၏၊ ရတနာခုနစ်ပါးမိုး အရပ်ဆယ်မျက်နှာမှ ရွာသော်လည်း ရောင့်ရဲ ခြင်းမရှိ၊ ကာမဂုဏ်တို့သည် သံလျက်သွား မြွေဦးခေါင်း မြက်မီးရှူးနှင့်

တူ၏။ ခွေးအရိုးမက်သည်နှင့် တူ၏၊ အဆိပ်နှင့်တူ၏၊ သံတွေခဲလုံး ပူလောင်၏၊ ဆင်းရဲခြင်း၏အကြောင်းအကျိုးတည်း။

သစ်သီး သားတစ် အိပ်မက် မျက်လှည့် ငါးရမ်းဥစ္စာနှင့် တူ၏၊ လုံသွား အနာရောဂါ အိုင်အမာ သေမင်း မီးကျီးတွင်း လူသတ်သမားနှင့် တူကုန်၏။ မဂ်ဖိုလ်၏အန္တရာယ်ကို ပြုတတ်၏၊ ကျွန်ုပ်ကား ဘုံသုံးပါး၌ အကျွမ်းဝင်သူမရှိဟု ဆို၏၊ ကျွန်ုပ်၏ မီးကို ဘယ်သူမှ တားမြစ်ခြင်း မရှိပါ၊ မိဘဘိုးလွှားစသည် သေခြင်းကြောင့် သံသရာရှည်လျားလှ၏။

သံသရာအဆက်ဆက်က ငိုကြွေးရသောမျက်ရည်၊ စို့ခဲ့ရသော နို့ရည်ထွက်ခဲ့ရသောသွေး၊၊ သေခဲ့ရသော အရိုးပုံကို သိကြပါ၏လော၊ သမုဒ္ဒရာ လေးစင်း ဝေပုလ္လ ဝေဘာလတောင် မကတော့ပေ။

ဇမ္ဗူဒီပါမှာရှိသော မြက်သစ်ပင်အပေါင်းကို လက်လေးသစ်စီ ဖြတ်၍ တစ်ခုကို ငါ၏အမေ၊ နောက်တစ်ခုကို ငါ၏အဖေ၏အဖေစသည် ရေ တွက်က မြတ်သစ်ပင်အပေါင်းသာ ကုန်ဖွယ်ရာရှိ၏၊ အဖေအဆက်ဆက်ကို ရေတွက်၍ မကုန်နိုင်ရာ။

ယူဇနာပေါင်း နှစ်သိန်းလေးသောင်း အထုရှိသောမြေ၌ ဂေါ်လီလုံး လောက်လုံး၍ တစ်လုံးကို ငါ၏အမေ၊ နောက်တစ်လုံးကို ငါ၏အမေ၏ အမေစသည်ဖြင့် ရေတွက်သော် ယူဇနာပေါင်း နှစ်သိန်းလေးသောင်း အထုရှိသော ကမ္ဘာမြေကြီးသာ ကုန်ဖွယ်ရာရှိ၏၊ အမေအဆက်ဆက်ကို ရေတွက်၍ မကုန်နိုင်ရာ။

အရှေ့ အနောက် တောင် မြောက် လေတိုက်ခတ်၍ မျောနေသော ထမ်းပိုးပေါက်၌ အနှစ်တစ်ရာမှ တစ်ခါပေါ်သော လိပ်ကန်းသည် ၎င်း အပေါက်၌ စွပ်မိဖို့ ခဲယဉ်းသကဲ့သို့ လူ့ဘဝကို ရခဲကြောင်းကို သိပါလော့။

ခန္ဓာသည် ရေမြုပ်စိုင်နှင့်တူ၏၊ ခန္ဓာမမြဲသည်ကိုလည်းကောင်း၊ ငရဲများကိုလည်းကောင်း အောက်မေ့ပါလော့၊ ထပ်ခါထပ်ခါ သေ၍ သုသာန်မြေကို ပွားစေသောသူတို့အား အောက်မေ့ပါလော့။ မိကျောင်း ဘေးတည်းဟူသော ဝမ်းစာရှာမှီရခြင်းကိုလည်းကောင်း၊ သစ္စာလေးပါးကို လည်းကောင်း အောက်မေ့ပါလော့။

ဘုရားရှင်၏ တရားရေကို မသောက်ဘဲ ကာမဂုဏ်ငါးပါးအရသာ ကို သောက်သဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ကာမဂုဏ်ငါးပါး အရသာ ကား ခါးစပ်၏၊ ပစ္စုပ္ပန် တမလွန် ပူပန်ရ၏၊ ကာမဂုဏ်ငါးပါးကား မီး တောက်လောင်၏၊ ကျိုက်ကျိုက်ဆူ၏၊ ပူပန်စေတတ်၏၊ ရန်သူမျိုးငါးပါး နှင့် ဆက်ဆံ၍ သတ်ပုတ်နှောင်ဖွဲ့ခြင်းရှိ၏၊ ယုတ်မာကုန်၏။ ကာမဂုဏ် ငါးပါးချမ်းသာကြောင့် လောကုတ္တရာချမ်းသာကို မစွန့်ပါလင့်။ ကာမဂုဏ် ငါးပါးကား ငါးမျှားချိတ်နှင့်တူ၏။ တိုင်ချည်ခွေးကိုလည်း ပတ်ရ၏။ ဒွန်း စဏ္ဍာလမှတ်သိပ်၍ ခွေးဒုက္ခရောက်သည်နှင့် တူ၏။ ကာမဂုဏ်ငါးပါးကာ ပဋိသန္ဓေနေခြင်းစသည်မှ မလွတ်နိုင်၊ တရားအားထုတ်သောသူအား နိဗ္ဗာန်ကို မရစကောင်း။

ဧဝံ ကရောန္တိ ယေ သဒ္ဒဟန္တိ၊ ဝစနံ အနောမပညဿ။

နိဗ္ဗိန္ဒန္တိ ဘဝဂတေ၊ နိဗ္ဗိန္ဒိတွာ ဝိရဇ္ဇန္တိ။

ယေ–အကြင်သူတို့သည်၊ အနောမပညဿ–ပြည့်စုံသောပညာရှိ သော မြတ်စွာဘုရား၏၊ ဝစနံ–စကားကို၊ သဒ္ဒဟန္တိ–ယုံကြည်ကြကုန်၏၊ ဧဝံ–ဤသို့ဘုရားရှင်ဟောတော်မူတိုင်း၊ ကရောန္တိ–ကျင့်ကြံကြိုးစားကုန်၏၊ ဘဝဂတေ–ဘဝသုံးပါး၌၊ နိဗ္ဗိန္ဒန္တိ–ငြီးငွေ့ကုန်၏၊ နိဗ္ဗိန္ဒိတွာ–ငြီးငွေ့၍၊ ဝိရဇ္ဇန္တိ–တပ်ခြင်းကင်းကြကုန်သည်သာတည်း။

(အကျယ်လိုမူ ထေရဂါထာပါဠိ၊ ၄၂၈၊ ဂုဏ်း၃၊ ၂၇၈–၌ ရှုပါကုန်)။

## ကုဏ္ဍလကေသီ

ရာဇဂြိုဟ်ပြည်၌ အသက်တစ်ဆယ့်ခြောက်နှစ်အရွယ်ရှိ၍ အဆင်းလှသော သူဌေးသမီးတစ်ယောက်ရှိသည်။ အစောင့်ကျွန်မတစ်ယောက်နှင့် ဘုံခုနစ်ဆင့်ရှိ ပြာသာဒ်ပေါ်မှာ ထားသည်။

တစ်နေ့သ၌ ခိုးသူတစ်ယောက်ကို သတ်ရန် သုသာန်သို့ ထုတ်ဆောင်လာသည်ကို မြင်၍ တပ်နှစ်သက်သောစိတ်ရှိ၏၊ တမှိုင်မှိုင်တဝေဝေနှင့် မစားမသောက်ဘဲ ညောင်စောင်း၌ ပက်လက်လန်နေ၏။

မိခင်ဘခင်တို့က ဇာတ်တူသူဌေးသားရှိသည်၊ ထိမ်းမြားပေးမည်ဟု ပြောသော်လည်း သူများကို မလို သူခိုးကို မရလျှင် သေမှာပဲဟု ပြော၍ မင်းချင်းယောကျ်ားတို့အား ငွေတစ်ထောင်နှင့် ရွေး၍ ပေးလိုက်၏၊ ဝမ်းမြောက်ဝမ်းသာ တန်ဆာဆင်ကာ ချက်ပြုတ်စားသောက်နေ၏။

သူခိုးကား သူ့ကို သတ်၍ ပစ္စည်းများကို ရောင်းချခါ အရက်သောက်ရန်သာ စိတ်ကူးနေ၏။

စိတ်ကူးအကြံနှင့် မစားမသောက်ဘဲနေ၍ သူဌေးသမီးက မေးရာ ငါ့ကို သတ်ရန် ထုတ်ဆောင်လာစဉ်က အရှင်နတ်မင်း ကယ်ပါ၊ ကျွန်တော်ကို မင်းချင်းတို့ မသတ်က ပူဇော်ပါမည်ဟု ဝန်ခံလာ၍ သင်နှင့်ပေါင်းဖော်ရသည်ဟု ပြော၏။ သူဌေးသမီးကလည်း ဝမ်းသာစွာ တာဝန်ယူ၍ ဗလိနတ်အကျွေးရန် ဝတ်စားဆင်ယင်ပြီး ချက်ပြုတ်ခါ တောထဲသို့ လာကြ၏။ ပါလာသောသူများကို လမ်းတစ်ဝက်မှ ပြန်၍ လွှတ်လိုက်၏။

တောင်ထိပ်ကို ရောက်သောအခါ သူခိုးကင်းသည်၊ သင့်ကို သတ်၍ ပစ္စည်းများယူရန် လှည့်လည်ခေါ်လာ၏။ ဗလိနတ်စာကျွေးရန် မဟုတ်ဟု ပြော၏။ မသတ်ရန် အမျိုးမျိုးတောင်းပန်ပြောသော်လည်း မရပေ။

ဣမေ သုဝဏ္ဏကေယူရာ၊ သဗ္ဗေ ဝေဠုရိယာမယာ။
သဗ္ဗဥ ဂဏှ ဘဒ္ဒန္တေ၊ မမံ ဒါသိဥ္စ သာဝယာတိ။
(ဓမ္မပဒအဋ္ဌကထာပါဠိ၊ ဣန္ဒ္ဓာသယမူ၊ ၅၀၀)

သဗ္ဗေ–အလုံးစုံကုန်သော၊ ဝေဠုရိယမယာ–ကျောက်မြတ်ရွှေဖြင့် ပြီးကုန်သော၊ ဣမေ သုဝဏ္ဏကေယူရာ–ဤရွှေလက်ကောက်တို့ကိုရင်း၊ ဘဒ္ဒန္တေ–သခင်၊ သဗ္ဗဥ–အလုံးစုံသောပစ္စည်းတို့ကိုရင်း၊ ဂဏှ–ယူပါလော့၊ မမံ–ငါ့ကို၊ ဒါသိဥ္စ–ကျွန်မကိုလည်း၊ သာဝယ–ပြီးစေပါလော့။

ပစ္စည်းကို ယူ၍ သင့်ကို လွှတ်လိုက်အံ့၊ အမိအဖတို့အား သွား၍ ပြောမည်၊ မငိုနှင့် သတ်မည်ဟု ပြော၏။

မာ ဗာဠ္ဟံ ပရိဒေဝေသိ၊ ခိပ္ပံ ဗန္ဓာဟိ ဘဏ္ဍိကံ။
န တုယှံ ဇီဝိတံ အတ္ထိ၊ သဗ္ဗံ ဂဏှာမိ ဘဏ္ဍိကံ။
(ဓမ္မပဒအဋ္ဌကထာပါဠိ၊ ဣန္ဒ္ဓာသယမူ၊ ၅၀၁)

ဗာဠ္ဟံ–ပြင်းစွာ၊ မာ ပရိဒေဝေသိ–မငိုပါလင့်၊ ခိပ္ပံ–လျင်စွာ၊ ဘဏ္ဍိကံ–ဥစ္စာကို၊ ဗန္ဓာဟိ–ထုတ်ပါလော့၊ တုယှံ–သင်၏၊ ဇီဝိတံ–အသက် သည်၊ န အတ္ထိ–မရှိ၊ သဗ္ဗံ–အလုံးစုံသော၊ ဘဏ္ဍိကံ–ဥစ္စာထုပ်ကို၊ ဂဏှာမိ–ယူပေအံ့သည်သာတည်း။

သူဌေးသမီးသည် ပညာဟူသည် ချက်စား၍မရ၊ ဦးစားဖို့ လို၏ဟု သခင် ကျွန်မသည် ကန်တော့ပါရစေဟု ပြော၍ ရှင်နှင့် ကျွန်မနှင့်ကား ဤအချိန်သည် နောက်ဆုံးမြင်ရခြင်းတည်းဟု ပြောဆိုပြီး တောင်စောင်းမှ တွန်းချလိုက်သည်။

ခိုးသူကြီးသည် အပိုင်းပိုင်းပြဲ၍ သေလေ၏။ တောင်စောင့်နတ်သည် ယောကျ်ားသည်သာလျှင် ပညာရှိသည် မဟုတ်၊ မိန်းမသည်လည်း ပညာရှိသည်သာတည်းဟု ကောင်းချီးပေး၏။

န သော သဗ္ဗေသု ဌာနေသု၊ ပုရိသော ဟောတိ ပဏ္ဍိတော။
ဣတ္ထီပိ ပဏ္ဍိတာ ဟောတိ၊ တတ္ထ တတ္ထ ဝိစက္ခဏာ။
(ဓမ္မပဒအဋ္ဌကထာပါဠိ၊ ဣန္ထာသယမူ၊ ၅၀၁)

သဗ္ဗေသု–အလုံးစုံကုန်သော၊ ဌာနေသု–နေရာတို့၌၊ ပုရိသော–ယောကျ်ားသည်၊ ပဏ္ဍိတော–ပညာရှိသည်၊ န–မဟုတ်၊ ဣတ္ထီပိ–မိန်းမသည်လည်း၊ ပဏ္ဍိတာ–ပညာရှိသည်၊ ဟောတိ–ဖြစ်၏၊ တတ္ထ တတ္ထ–ထိုထိုသို့သောအရာတို့၌၊ ဝိစက္ခဏာ–ပညာရှိတို့သည်၊ ဟောန္တိ–ဖြစ်ကုန်သည်သာတည်း။

သူဌေးသမီးသည် အိမ်ကိုပြန်သွားက အကြောင်းကို သိမည်ကြောက်၍ ပရိဗိုဇ်မကျောင်းတစ်ခုသို့ ဝင်၍ ပရိဗိုဇ်မပြု၏၊ ကိုယ်ကျင့်တရားကို မေးရာ ကသိဏ်းဆယ်ပါးကို ပွား၍ ဈာန်ကို ရနိုင်၏၊ သို့မဟုတ်ပါမူ ဝါဒတစ်ထောင်သူယူနိုင်၏ဟု ပြောကြ၏။

ကျွန်ုပ်မသည် ဈာန်ကို ရစေရန် မတတ်နိုင်တော့ပါ၊ ဝါဒတစ်ထောင်ကို သင်ယူအံ့ဟု သင်၍ ဤဇမ္ဗူဒီပါမှာ ဤဝါဒတစ်ထောင်ကို ဖြေစွမ်းနိုင်သူကို လိုက်ရှာကြည့်ပါဟု ဇမ္ဗုသပြေခက်တစ်ခုကို ပေး၍ လွှတ်လိုက်ကြ၏၊ ဖြေနိုင်သူရှိက လုပ်ကျွေးပါလေဟုလည်း မှာလိုက်ကြ၏၊ တတ်နိုင်က သူ့ထံမှာ ရဟန်းပြုပါလေဟုလည်း မှာလိုက်ကြ၏။

သူ့ကို ဇမ္ဗုပရိဗိုဇ်မခေါ်ကြ၏။ တွေ့တိုင်း ပုစ္ဆာမေး၏။ သူမလာလျှင် သူများထွက်ပြေးကြ၏၊ သဲပုံမှာ ဇမ္ဗူသပြေခက်ကို စိုက်၍ ငါ၏ပုစ္ဆာကို ဖြေနိုင်သူ နင်းချေသွားပါဟု မှာ၏။

တစ်နေ့သ၌ အရှင်သာရိပုတ္တရာ ဆွမ်းခံကြွလာရာ ကလေးများလျှောက်၍ သိရသဖြင့် နင်းချေစေ၏၊ ဇမ္ဗုပရိဗိုဇ်မလာ၍ သိသဖြင့် ညနေ

ပြဿနာမေးရန် အရှင်သာရိပုတ္တရာထံသို့ သွား၏၊ တစ်မြို့လုံး အုတ်အုတ်ကျက်ကျက် ဖြစ်နေ၏။

ဝါဒတစ်ထောင်ကို မေး၍ အရှင်သာရိပုတ္တရာ ဖြေနိုင်၏၊ အရှင်သာရိပုတ္တရာက ကေမည်သည်ကာ အဘယ်နည်းဟု မေး၏၊ ပရိဗိုဇ်မသည် ဤသည်ကား ဤအမည်ရှိ၏ဟု ဖြေခြင်းငှာ မစွမ်းနိုင်သည်ဖြစ်၍ ဤသည်ကား အဘယ်နည်းဟု မေး၏။ ဘုရားရှင်၏ပုစ္ဆာဟု ပြော၏၊ တပည့်တော်အား ပေးပါဟု လျှောက်၏။ ရဟန်းပြုက ပေးမည်ဟု မိန့်တော်မူ၍ ရဟန်းပြု၏။ ကုဏ္ဍလကေသီတွင်၍ တစ်ရက် နှစ်ရက်ဖြင့်သာလျှင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာမဖြစ်၏။

ရဟန်းတို့သည် တရားလည်းများများ မနာရဘဲ ရဟန္တာမဖြစ်၏၊ ခိုးသူတစ်ယောက်နှင့် ကြီးစွာသော စစ်ထိုးခြင်းကို အောင်၍ ရောက်လာ၏စသည်ဖြင့် ပြောကြ၏။

ဘုရားရှင်က ငါ၏တရားတော်သည် အနည်းအများ လိုရင်းမဟုတ်၊ ပုဒ်များတိုင်းလည်း အကျိုးမရှိ၊ တစ်ခုသောပုဒ်သည်လည်း အကျိုးရှိ၏။

အပြင်ခိုးသူကို နိုင်ခြင်းသည် နိုင်ခြင်းမမည်၊ အတွင်းခိုးသူကို နိုင်မှသာ နိုင်သည်မည်၏ဟု အောက်ပါဒေသနာတော်ကို ဟောတော်မူ၏။

ယော စ ဂါထာသတံ ဘာသေ၊ အနတ္ထပဒသဉ္ဟိတံ။
ဧကံ ဓမ္မပဒံ သေယျော၊ ယံ သုတွာ ဥပသမ္မတိ။
ယော သဟဿံ သဟဿေန၊ သင်္ဂါမေ မာနုသေ ဇိနေ။
ဧကဉ္စ ဇေယျမတ္တာနံ၊ သ ဝေ သင်္ဂါမဇုတ္တမော။ (ဓမ္မပဒ၊ ၂၈)

ယော-အကြင်ပုဂ္ဂိုလ်သည်လည်း၊ အနတ္ထပဒသဉ္ဟိတံ-ကောင်းကင်ကို ချီးမွမ်းခြင်းစသည်အားဖြင့် အကျိုးမဲ့ကို ပြတတ်သောပုဒ်နှင့်ယှဉ်သော၊

ဂါထာသတံ–များသောဂါထာကို၊ ဘာသေ–ဆိုရာ၏၊ တဿ–ထိုသူ၏၊ သာ–ထိုဂါထာသည်၊ န သေယျော–မမြတ်။ ယံ ဓမ္မပဒံ–အကြင်အကျိုးကို ပြီးစေတတ်သောပုဒ်ကို၊ သုတွာန–နာရ၍၊ ဥပသမ္မတိ–ရာဂစသည် ငြိမ်း၏၊ တေံ ဓမ္မပဒံ–ထိုအကျိုးကို ပြီးစေတတ်သော ခန္ဓာစသည်နှင့်ယှဉ်သော ဓမ္မဟူသော အကြောင်းသည်၊ သေယျော–မြတ်၏။

ယော စ–အကြင်စစ်သူရဲသည်၊ သဟဿေန–တစ်ထောင်ဖြင့်၊ ဂုဏိတံ–မြှောက်အပ်သော၊ သဟဿံ–တစ်ထောင်သော၊ မနုဿေ–လူတို့၏၊ သင်္ဂါမေ–စစ်ထိုးရာမြေ၌၊ ဇိနေ–အောင်ရာ၏၊ အယံ–ဤစစ်အောင်သောသူသည်၊ ဥတ္တမော–စစ်မြေ၌ အောင်သည်၊ ဟောတိ–ဖြစ်၏။ ယော ပန–အကြင်ယောဂါဝစရပုဂ္ဂိုလ်သည်ကား၊ ရတ္တိဋ္ဌာနာဒိသု–ညဉ့်သန့်ဝင်ရာ အရပ်စသည်တို့၌၊ ကမ္မဋ္ဌာနံ–ကမ္မဋ္ဌာန်းကို၊ သမ္မသန္တော–သုံးသပ်သည်ဖြစ်၍၊ ဇေယျံ–အောင်အပ်သော၊ ဧကဉ္စ အတ္တာနံ–မိမိကိုယ်တစ်ခုကိုသာလျှင်၊ ဇိနေ–အောင်ရာ၏။ သော–ထိုပုဂ္ဂိုလ်သည်၊ ဝေ–စင်စစ်၊ သင်္ဂါမဇုတ္တမော–စစ်ထိုးရာ၌ အောင်ကုန်သောသူရဲတို့တွင် သူရဲတို့ထက် အထူးသဖြင့် မြတ်သည်၊ ဟောတိ–ဖြစ်သည်သာတည်း။။

(ထေရီဂါထာ၌ကား အထူးမရှိ)

* * * *

## အညတရာထေရီ

ကောဏာဂုံဘုရားရှင်လက်ထက်၌ အမျိုးအမည်အားဖြင့် မထင်ရှားသော အမျိုးသမီးတစ်ယောက်သည် သစ်ခက်မဏ္ဍပ်ဆောက်ခါ ဆွမ်းပန်းစသည် လှူဒါန်း၍ နတ်ပြည်ရောက်သည်။

ကဿပဘုရားရှင်လက်ထက်၌လည်း အနှစ်နှစ်သောင်းတို့ ပတ်လုံး ရဟန်းတရားကို အားထုတ်သည်၊ နတ်ပြည်ရောက်သည်။

ဂေါတမဘုရားရှင်လက်ထက်၌ ဝေသာလီပြည်မှာ ခတ္တိယမဟာသာလအမျိုးမှာ ဖြစ်သည်။ ခန္ဓာကိုယ်လက်သန်မာ၍ ထေရိကာခေါ်ကြလေသည်။ အရွယ်တူရောက်လတ်သော် အဆင့်အတန်းတူသူ မင်းသားတစ်ယောက်နှင့် အိမ်ထောင်ပြု၏။ ဘုရားရှင်၏ တရားတော်ကိုဋ်း၊ မဟာပဇာပတီဂေါတမီ၏ တရားတော်ကိုဋ်း နာရ၍ ရဟန်းမိန်းမ ပြုလိုသောကြောင့် လင်အား ခွင့်တောင်းရာ မရပေ။ သို့သော် ရုပ်နာမ်တရားကို သိမ်းဆည်း၍သာ နေ၏။

တစ်နေ့သ၌ ထမင်းချက်နေစဉ် မီးများ၍ အိုးကို မီးလောင်၏၊ ထိုမီးလောင်သည်နှင့် ပတ်သက်၍ လက္ခဏာရေးသုံးပါး ထင်ကာ အနာဂါမ်ဖြစ်သည်။ ထိုနေ့မှစ၍ တန်ဆာဆင်ခြင်းစသည် မပြုတော့ပေ။ လင်သည် သိ၍ ရဟန်းပြုရန် ခွင့်ပြုသဖြင့် မိထွေးတော်ဂေါတမီထံ၌ ရဟန်းပြုခါ နောက်ဘုရားရှင်ထံ ရောက်၍ အောက်ပါဒေသနာတော်ကို ဟောတော်မူလေသည်။

သုခံ သုပါဟိ ထေရိကေ၊ ကတွာန စောဠေန ပါရုတာ။

ဥပသန္တော ဟိ တေ ရာဂေါ၊ သုက္ခဍာကံဝ ကုမ္ဘိယံ။

ထေရိကေ–ချစ်သမီးထေရိကာ၊ ကုမ္ဘိယံ–အိုး၌၊ သုက္ခဍာကံဝ–ခြောက်သွေ့သော ဟင်းရွက်ကဲ့သို့၊ တေ–သင့်အား၊ ရာဂေါ–တပ်စွန်းမှု

ရာဂသည်၊ ဥပသန္တော ဟိ–ငြိမ်းသည်သာလျှင်တည်း။ စောဋ္ဌေနေ–ပုံသကူ သက်န်းဖြင့်၊ ပါရုတာ–ဝတ်ရုံလျက်၊ ကတ္တာ–ပြု၍၊ သုခံ–ချမ်းသာစွာ၊ သုပါဟိ–နေပါလေလော့။

ထိုအခါ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်လေသည်။ တဒင် ပဟာန်ဖြင့် သီလ၊ ဝိက္ခမ္ဘနပဟာန်ဖြင့် သမာဓိ၊ ကျန်သော ပဟာန်သုံးပါး ဖြင့် ပညာပြည့်စုံသည်။

* * * *

## အဘယမာတုထေရီ

သူမသည် ရှေးရှေးဘုရားရှင်တို့၌ ဆုတောင်းပါရမီရှိဖူးသည်၊ တိဿဘုရားရှင်လက်ထက်၌ အမျိုးကောင်းမှာ ဖြစ်၍ ဆွမ်းတစ်ယောက် မလောက် လှူဖူးသည်။

ထိုကောင်းမှုကြောင့် နတ်ပြည်မှာ ဖြစ်၍ ဂေါတမဘုရားရှင်လက် ထက် ဥဇ္ဇေနီပြည်၌ ပဒုမဝတီဟူသော ပြည်တန်ဆာမဖြစ်သည်။

ဗိမ္ဗိသာရမင်းသည် သူမသတင်းကို ကြားတွေ့လိုကြောင်း ပုရော ဟိတ်အား ပြော၏။ ပုရောဟိတ်၏ခိုင်းစေချက်အရ ကုမ္ဘီရမည်သော ဘီလူး၏တန်ခိုးကြောင့် ၎င်းမိန်းမအား ဆောင်ယူပေး၏။ ဗိမ္ဗိသာရမင်း သည် ထိုပဒုမဝတီနှင့်တစ်ညမျှ ပေါင်းဖော်၍ ပဒုမဝတီက ကိုယ်ဝန်ရှိကြောင်း ပြောရာ မိန်းကလေးမွေးက ဤလက်စွပ်ကို ထုခွဲ၍ အသက်မွေးပါလေ၊ ယောကျ်ားလေးမွေးက လာခဲ့ပါဟု မှာလိုက်သည်။

ပဒုမဝတီသည် သားယောကျ်ားမွေး၍ ခုနစ်နှစ်သားအရွယ်ကို မင်း အား လာ၍ပြ၏။ မင်းသည် ကျွေးမွေးထား၏။ နောက် အရွယ်ရောက်၍

ရှင်ရဟန်းပြုခါ ရဟန္တာဖြစ်၏၊ မိခင်လည်း သား၏ တရားကို နာရ၍ ရဟန္တာမိန်းမဖြစ်သည်။

ထိုပဒုမဝတီသည် အောက်ပါ ဒေသနာတော်များကို ဟောတော်မူခဲ့၏။

ဥဒ္ဓံ ပါဒတလာ အမ္မ၊ အဓော ဝေ ကေသမတ္ထကာ။

ပစ္စဝေက္ခဿုမံ ကာယံ၊ အသုစိံ ပူတိဂန္ဓိကံ။

(အဘယမာတုထေရီဂါထာပါဠိတော်၊ ၃၈၂)

အမ္မ–မယ်တော်ကြီး ပဒုမဝတီ၊ ပါဒတလာ–ခြေဘဝါးအပြင်မှ၊ ဥဒ္ဓံ–အထက်၌၊ ကေသမတ္ထကာ–ဆံဖျားမှ၊ အဓော–အောက်၌၊ အသုစိံ–မစင်ကြယ်သော၊ ပူတိဂန္ဓိကံ–ပုပ်သောအနံ့ရှိသော၊ ဣမံ ကာယံ–ဤခန္ဓာကိုယ်ကို၊ ပစ္စဝေက္ခဿု–ရှုပါလေလော့။

* * * *

# (၃) လူများအကြောင်း သိကောင်းစရာ

## သောဏကဇာတ်

ရဟန်းတို့သည် ဘုရားရှင်၏ နိက္ခမပါရမီကို ချီးမွမ်းနေကြ၍ ဘုရားရှင်သည် ယခုအခါသာ တောထွက်တော်မူသည် မဟုတ်သေး။ ရှေးကလည်း ထွက်ဖူးကြောင်းကို ဤသောဏကဇာတ်ကို ဟောတော်မူသည်။

ရှေးအခါက ရာဇဂြိုဟ်ပြည်၌ မဂဓမင်း မင်းပြု၏၊ ဘုရားလောင်းသည် ၎င်းမိဖုရားဝမ်း၌ ပဋိသန္ဓေနေ၏၊ အရိန္ဒမမှည့်ကြ၏။ ဖွားဖက်တော် ပုရောဟိတ်၏သားကို သောဏက ခေါ်ကြ၏။

ထိုသူနှစ်ယောက်တို့သည် တက္ကသိုလ်ပြည်မှ ပညာသင် ပြီး၍ ပြန်လာကြ၏၊ ဗာရာဏသီပြည်သို့ ရောက်စဉ် မင်းသား အား ပုဆိုးဖြူ ပုရောဟိတ်သားအား ပုဆိုးနီ ခင်းပေးသည်ကို မြင်၍ သောဏကသည် ငါကား စစ်သူကြီး၊ အရိန္ဒမကား မင်းဖြစ်လတ္တံ့ဟု သိ၏။

သူတို့သည် ဥယျာဉ်၌ နေကြ၏၊ မင်းပြုရန် တိုင်းသူပြည်သား တို့လွှတ်သော ဖုဿရထားရောက်လာ၏၊ သောဏကသည် တောထွက် လို၍ ပုန်းနေ၏၊ အရိန္ဒမကား ရထားဖြင့် လိုက်သွား၍ မင်းပြု၏။

သောဏကသည် ကြွေကျသော ဖက်ရွက်လျှော်ကို မြင်၍ ဝိပဿနာ စီးဖြန်းခါ ပစ္စေကဗုဒ္ဓါ ဖြစ်လေပြီ။

အထသာ ပုရတော ဗန္ဓနာ ပဝုတ္တံ သာလရုက္ခတော ပဏ္ဍု ပလာသံ ပတိ၊ သော တံ ဒိသွာဝ ယထေဝေတံ၊ တထာ မမပိ သရီရံ ဇရံ ပတ္တာ ပတိဿတီတိ။ (သဋ္ဌိနိပါတ်၊ ၎င်းဇာတ်အဋ္ဌ ကထာပါဠိ၊ ၂၆၂)

အထ–ထိုအခါ၌၊ အဿ–ထိုသောဏကက၏၊ ပုရတော–ရှေးမှ၊ ပဝုတ္တံ–ကြွေကျလေပြီးသော၊ သာလရုက္ခတော–အင်ကြင်းပင်မှ၊ ပဏ္ဍု ပလာသံ–ဖက်ရွက်လျှော်သည်၊ ပတိ–ကြွေကျ၏။ သော–ထိုသောဏက သတို့သားသည်၊ တံ–ထိုဖက်ရွက်လျှော်ကို၊ ဒိသွာ–မြင်၍သာလျှင်၊ တေံ–ဤဖက်ရွက်လျှော်သည်၊ ဟောတိ ယထေဝ–ကြွေကျဖြုန်းတီး ပျက်စီးရ သကဲ့သို့၊ တထာ–ထို့အတူ၊ မမပိ–ငါ၏လည်း၊ သရီရံ–ကိုယ်ခန္ဓာသည်၊ ဇရံ–အိုခြင်းသို့၊ ပတ္တာ–ရောက်၍၊ ပတိဿတိ–ဖြုန်းတီးပျက်စီးရလတ္တံ့ သည်သာ တည်း။

ပစ္စေကဗုဒ္ဓါသည် နန္ဒမူလိုဏ်သို့ ကြွသွားလေသည်၊

အရိန္ဒမမင်းသည် နောက်သူငယ်ချင်းသောဏကအား သတိရ၍ ပြောကြားနိုင်သူကို ရွှေတစ်ထောင်ပေးအံ့ဟု ဥဒါန်းကျူး၏၊ မောင်းမတို့ သည် ငါတို့မင်းကြီး ကြိုက်နှစ်သက်သော သီချင်းတည်းဟု အမြဲသီ ဆိုကြ၏။

သောဏကပစ္စေကဗုဒ္ဓါလည်း မိတ်ဆွေအရိန္ဒမမင်းအား တရားပြ၍ တောထွက်စေရန် ဥယျာဉ်သို့ ရောက်လာ၍ သတို့သား တစ်ယောက်အား သူရောက်လာကြောင်းကို သီချင်းဆိုစေ၏။

အစ၌ မင်းသည် သောဏကပစ္စေကဗုဒ္ဓါအား မိဖမရှိ၊ ပစ္စည်းဥစ္စာ ရတနာမရှိ၊ အထီးကျန်သူဟု ဆိုမိ၏။

ပစ္စေကဗုဒ္ဓါသည် ဒုစရိုက်တရားကို ကျင့်သူသာ အထီးကျန်သူမည် ကြောင်း ပြောလေသည်။

ယော စ ဓမ္မံ နိရံ ကတွာ၊ အဓမ္မမနုဝတ္တတိ။
သ ရာဇာ ကပဏော ဟောတိ၊ ပါပေါ ပါပပရာယနော။
(သင်္ဂြိုဟ်ပါဠိ၊ သောဏကဇာတ်)

ယော စ ရာဇာ–အကြင်မင်းသည်ကား၊ ဓမ္မံ–သုစရိုက်တရားကို၊ နိရံ ကတွာ–စွန့်၍၊ အဓမ္မံ–ဒုစရိုက်တရားကို၊ အနုဝတ္တတိ–ကျင့်၏။ သ သော ရာဇာ–ထိုမင်းသည်၊ ကပဏော–အထီးကျန်သည်၊ ဟောတိ–ဖြစ်၏၊ ပါပေါ–ယုတ်မာစွာသောမင်းတည်း၊ ပါပပရာယနော–ယုတ်မာသောအရပ်သို့ သွားရအံ့သောမင်းတည်း။

အိမ်မရှိ၊ ဥစ္စာစပါးလည်းမရှိ၊ ကျီမရှိ၊ အိုးမရှိ၊ ခြင်းတောင်းမရှိ၊ သူတစ်ပါးထံမှာ ရှာမှီး၍ စား၏၊ အပြစ်မရှိသောဆွမ်းကို စား၏၊ ကိလေသာ မနှိပ်စက်သူအား ကောင်း၏။

လူမှာ အိမ်စသည် မီးလောင်စရာရှိ၏၊ ရဟန်းမှာ မရှိ။ မင်းလူတို့မှာ မြို့ရွာအိမ် အလုခံရ၏၊ ရဟန်းတို့မှာ မရှိ။ ရဟန်းတို့ကား သွားလိုရာသွားနိုင်၏။ ထို့ကြောင့် ရဟန်းတို့အား ကောင်း၏ဟု ဟောတော်မူ၏။

မင်းကား ကာမဂုဏ်တို့၌ ပျော်မွေ့ကြောင်းကို ဆို၏။

ကာမဂုဏ်ငါးပါး၌ မွေ့လျော်သောသူသည် အပါယ်ရောက်တတ်၏၊ တံထွေးပေါက်ကဲ့သို့ စွန့်သူအား ချမ်းသာ၏၊ ဘေးကင်း၏၊ အပါယ်မှ လွတ်၏။

ကာမဂုဏ်ငါးပါး၌ မွေ့လျော်သောသူသည် သမုဒ္ဒရာထဲ၌ ဆင်သေကောင်ကို မက်မောသောကျီးနှင့် တူ၏၊ နောက်ဆုံး ပျံသန်း၍ ကမ်းကို မရောက်ဘဲ သမုဒ္ဒရာထဲ၌ ကျသောခါ လိပ်ငါးအစာဖြစ်ရသည်နှင့် တူ၏ဟု ဟောတော်မူ၏။

ထိုနောက် ပစ္စေကဗုဒ္ဓါသည် ပြန်၍ ကြွသွား၏။

မြစ်ကဲ့သို့ သံသရာ၊ ဆင်သေကောင်ကဲ့သို့ ကာမဂုဏ်ငါးပါး၊ ကျီးကဲ့သို့ ပုထုဇဉ်ပုဂ္ဂိုလ်၊ ကျီးသည် ဆင်သေကို စားသကဲ့သို့ ကာမဂုဏ်ကို မှီဝဲခြင်း၊ ကျီးသည် ဆင်သေကို စွဲလမ်းသကဲ့သို့ ကာမဂုဏ်ကို စွဲလမ်းခြင်း၊ ကျီးသေရသကဲ့သို့ ပုထုဇဉ်၏ သံသရာ၌ ကျင်လည်ခြင်း။

ထို့နောက် အရိန္ဒမမင်းသည် သားဒီဃာဝုမင်းသားအား ခြောက်သောင်းသောရွာ၊ ရွှေကြိုးစသည် တန်ဆာဆင်ထားသော ခြောက်သောင်းသောဆင်၊ ခြောက်သောင်းသောမြင်း၊ ခြောက်သောင်းသောရထား၊ ခြောက်သောင်းသော နို့ညှစ်နွားမ၊ ပုတီးနားဆောင်းဝတ်ဆင်ကုန်သော ခြောက်သောင်းသော မောင်းမစသည်တို့ကို စွန့်၍ တောထွက်လေ၏။

ဗောမိသတ္တောပိ ဈာနာဘိညာ နိဗ္ဗတ္တေတွာ အာယုပရိယောသာနေ ဗြဟ္မလောကူပဂေါ အဟောသိ။ (သဋ္ဌိနိပါတ် သောဏကဇာတ်အဋ္ဌကထာ ပါဠိ၊ ၂၇၇)

ဗောမိသတ္တောပိ–ဘုရားလောင်းအရိန္ဒမမင်းသည်လည်း၊ ဈာနာဘိညာ–ဈာန်အဘိညာဉ်တို့ကို၊ နိဗ္ဗတ္တေတွာ–ဖြစ်စေ၍၊ အာယုပရိယောသာနေ–အသက်ရှင်သည်၏အဆုံး၌၊ ဗြဟ္မလောကူပဂေါ–ဗြဟ္မာ့ပြည်သို့ ရောက်သည်၊ အဟောသိ–ဖြစ်သည်သာတည်း။

* * * *

## ဟတ္ထိပါလဇာတ်

ရှေးအခါက ဗာရာဏသီပြည်မှာ သေုကာရီမင်းသည် မင်းပြု၏၊ ငယ်ရွယ်သည်ကစ၍ ပုရောဟိတ်နှင့် အဆွေခင်ပွန်းဖြစ်၏၊ သားသမီး

မရှိကြ၍ မိဖုရားက သင်၏သားလည်း ငါ့သား၊ ငါ၏သားလည်း သင့်သားဟု ဆို၏။

တစ်နေ့သ၌ ပုရောဟိတ်သည် သားခုနစ်ယောက်ရှိသော မိန်းမတစ်ယောက်ကို တွေ့၏၊ မြဲသောအဘမရှိ၍ သင့်မှာ သားများ ဘယ်ကရသနည်းဟု မေးရာ ပညောင်ပင်မှ ရသည်ဟု ပြော၏။

ပုရောဟိတ်သည် ခြောက်ရက်ပတ်လုံး ငါတို့မင်းက တစ်နှစ်တစ်ထောင်အကုန်ခံ၍ ပူဇော်ထားပါလျက် သားဆုကို မပေး၊ ဆင်းရဲသူမကို ပေး၏၊ ခုနစ်ရက်မြောက်၌ မပေးက သင်၏သစ်ပင်ကို နုတ်ပစ်မည်ဟု ပြော၏။

ပညောင်ပင်စောင့်နတ်သည် ဒုက္ခဖြစ်မည်သိ၍ သားဆုပေးနိုင်အောင် စာတုမဟာရာဇ်နတ်မင်းကြီးလေးယောက်စသည်သို့ ကပ်၏၊ မတတ်နိုင်၊ သိကြားမင်းက ဗာရာဏသီပြည်သား ရက်ကန်းသည်တို့အလှူပေး၍ နတ်ပြည်သို့ ရောက်နေသူတို့အား သေ့ကာရီမိဖုရားဝမ်း၌ ပဋိသန္ဓေနေစေ၏။

နတ်သားလေးယောက်တို့က မင်းအိမ်၌ မဖြစ်လို့ ပုရောဟိတ်အိမ်၌ ဖြစ်မည်။ ငယ်ရွယ်စဉ်က ရဟန်းပြုမည်ပြောကြ၏။

ပုရောဟိတ်သည် ပညောင်ပင်ကို ဖျက်ဆီးရန် ဓားပေါက်ဆိန်တို့ဖြင့်လာကြ၍ သင့်အား သားလေးယောက်ကို ပေးမည်ဟု ပြော၏။

ကလေးလေးယောက်တို့သည် အခါအားလျော်စွာ မွေးဖွား၍ ဟတ္ထိပါလ၊ အဿပါလ ဂေါပါလ အဇပါလ အမည်မှည့်ကြ၏။

ထိုသူတို့ ရဟန်းပြုမည်ကြောက်၍ နိုင်ငံတွင်းရှိသမျှ ရဟန်းတို့ကို နှင်ထုတ်၏၊ ထိုသားတို့သည် ကြမ်းကြုတ်ကုန်၏။

မင်းပုဏ္ဏားနှစ်ယောက်တို့သည် ရသေ့အသွင်ကို ဆောင်ကုန်ပြီး ဟတ္ထိပါလသတို့သားစသည်တို့အား စူးစမ်းလို၍ လာ၏၊ ဘုရားလောင်း ဟတ္ထိပါလသတို့သားတို့သည် ရသေ့စစ်မှတ်ခါ အလျှုခံရန် လျှောက် ကြလေ၏။

ထိုအခါ ရသေ့နှစ်ယောက်တို့ ငါတို့ ရသေ့မဟုတ်ကုန်၊ သေ့ကာရိ မင်းနှင့်ပုရောဟိတ်တို့တည်း၊ သင်တို့သည် ငါတို့ကို မြင်၍ ရဟန်းမပြု ပါမူ အဘိသိက်သွန်းလတ္တံ့ဟု ပြော၏။ သားတို့က ရဟန်းပြုအံ့ဟု ပြော၍ ဗေဒင်သင်ပါ၊ ဥစ္စာရှိမှီးပါ၊ ကာမဂုဏ်တို့ကို ခံစားပါး၊ နောက်မှ ရဟန်း ပြုပါဟု ပြောကြ၏ ဘခင် ဗေဒင်သည် နတ်ရွာမဂ်ဖိုလ်ကို မပေးတတ်၊ ဥစ္စာပစ္စည်းကိုလည်း မရနိုင်၊ အိုခြင်း၊ နာခြင်း သေခြင်းကိုလည်း မတား မြစ်နိုင်၊ အာရုံငါးပါးမှ ကင်းလွတ်သူကိုသာလျှင် ကင်းလွတ်သူခေါ်၏၊ သတ္တဝါတို့မှာ မိမိပြုသောကံသည်သာလျှင် အကျိုးဖြစ်၏ဟု ဆို၏။

ချစ်သား အမိအဖတို့လည်း အိုကုန်၏၊ သင်နှင့်အတူ အသက်တစ် ရာ ရှည်လို၍ မွေးမြူပါဟု ပြော၏။

မင်းမြတ် အကြင်သူအား သေမင်းနှင့် အဆွေခင်ပွန်းဖြစ်စေအံ့၊ အိုခြင်းနှင့်မိတ်ဆွေဖြစ်ငြားအံ့၊ မသေလတ္တံ့၊ ထိုသူတို့သည် အနှစ်တစ် ရာပတ်လုံး အနာမရှိခြင်းကို မြင်ချင်ကုန်ရာ၏။

လှေသူကြီးသည် လှေဖြင့် လူအပေါင်းကို ဟိုဖက်ကမ်းကို ရောက် စေသကဲ့သို့ နာခြင်းဗျာဓိ အိုခြင်းဇရာ၊ သေမင်းနိုင်ငံသို့ ပို့စေတတ်၏ဟု ပြော၏။

ဟတ္ထိပါလသတို့သားသည် လူအပေါင်းအား ယခုပင် အိုခြင်း နာခြင်း သေခြင်းသို့ ကပ်ရောက်လာ၏၊ မင်းအဖြစ်ကို မလို၊ ရဟန်းပြုအံ့ဟု ဗာရာဏသီမြို့မှ ထွက်ခဲ့၏။ ဂင်္ဂါမြစ်၌ အာပေါကသိုဏ်းရှု၍ ဈာန်ကို

ဖြစ်စေ၏၊ မင်း ပုရောဟိတ်စသော လူအပေါင်း ပရိသတ်တို့ တစ်ယူဇနာ ရှိ၏။

နောက် အဿပါလစသည့်တို့အား မင်းပြုရန် ပြော၍ အောက်ပါ အတိုင်း ပြန်ပြောကြသည်။

ကာမဂုဏ်တရားတို့သည် ငြိကပ်တတ်၍ ညွှန်ပျောင်းနှင့်တူ၏၊ နစ်စေတတ်၍ ညွှန်ပေါင်းငယ်မည်၏၊ သတ္တဝါတို့၏ စိတ်နှလုံးကို ဆောင်တတ်၏၊ လွန်နိုင်ခဲကုန်၏၊ သေမင်း၏တည်ရာဖြစ်ကုန်၏၊ နိဗ္ဗာန်သို့ မရောက်နိုင်ကုန်။

အကျွန်ုပ်သည် ရှေးက ကြမ်းကြုတ်၏၊ ယခုတော မပြုတော့ပြီဟု ဆို၏။ ထိုအခါ အဿပါလသတို့သားသလည်း တစ်ယူဇနာရှိ ပရိသတ်ကို ယူ၍ အစ်ကိုဟတ္ထိပါလထံသို့ သွား၏။

လူများတို့သည် ထိုနောက် ဂေါပါလသတို့သားအား မင်းအဖြစ်ကို အပ်နှံကြ၏။

ဂေါပါလသတို့သားက အကျွန်ုပ်သည် နွားခြေရာကို လျှောက်၍ လိုက်သကဲ့သို့ အစ်ကိုများသို့ လိုက်အံ့ဟု ပြော၏။

ယနေ့ပြုအံ့သောအလုပ်ကို နက်ဖြန်မှ လုပ်မည်၊ နတ်ဖြန်လုပ်မည့် အလုပ်ကို သန်ဘက်မှ လုပ်မည်ဟု ပြော၍ မလုပ်ဘဲ နေသောသူသည် ထိုအမှုမှ ဆုတ်ယုတ်၏၊ မလုပ်သောအမှုသည် အကျိုးမရှိ၊ ကုသိုလ် ဆန္ဒကို မပယ်နိုင်ပြော၏။

နည်းတူ တစ်ယူဇနာရှိသော ပရိသတ်ကို ယူ၍သွား၏။

နောက်အဇပါလသတို့သားအား မင်းအဖြစ်ကို အပ်နှင်း၏၊ ထိုအခါ အဇပါလသတို့သားက အစ်ကိုများ စွန့်ပစ်ထားသော တံထွေးများကို

မမျိုလိုပါဟု ပြော၏။ လူများက ကြီးမှ ရဟန်းလုပ်ပါပြောကြရာ ယယ်လည်း သေသည်၊ ကြီးလည်း သေသည်၊ ငယ် မသေ၊ ကြီးမှ သေမည်ဟု တစ်စုံတစ်ယောက်သောသူ၏ လက်ခြေတို့၌ သေနိမိတ်မရှိ၊ ကျွန်ုပ် လည်း သေရအံ့ဟု ဆို၏။

နည်းတူ တစ်ယူဇနာရှိသောပရိသတ်ကို ယူ၍သွား၏။

နောက် ခမည်းတော် ပုရောဟိတ်လည်း ငါတစ်ယောက်တည်း သစ်ငုတ်လိုမနေလို၊ ရဟန်းပြုအံ့ဟု တစ်ယူဇနာမျှသော ပရိသတ်ကို ယူ၍ သွား၏။

သေုကာရီမင်းသည် ကြိုးကြာငှက်တို့သည် ကောင်းကင်၌ မငြိကပ်၊ ပင့်ကူအိမ်ကို ဟသ်ာငှက်တို့ ဖျက်ဆီးသွားသည်၊ နည်းတူ ငါလည်း သွားအံ့ဟု နန်းတော်ကို စွန့်၍ သွားလေ၏။

အစာဝသောလင်းတငှက်သည် မပျံနိုင်၊ အစာမပြီးသော လင်းတ ငှက်သည်သာ ပျံနိုင်သည်ဟု တရားပြ၏။

ညွှန်နစ်သောသူကို ခွန်အားရှိသူ တကယ်တင်သည်နှင့် တူသည်ဟု ဆို၏။

အားလုံးသောသူတို့သည် အနှောင်အဖွဲ့မှ လွတ်သောဆင်နှင့် တူသည်ဟု ဘုရားရှင် ဟောတော်မူ၏။

နောက်မိဖုရားကြီးသည်လည်း လူများတို့အား မင်းသည် တိုင်း ပြည်ကို စွန့်၍ ရဟန်းပြုသည်။ ငါသည်လည်း ကာမဂုဏ်တို့ကို စွန့်၍ တစ်ယောက်တည်းကျင့်အံ့၊ နံနက်စသော ကာလလွန်ကုန်၏၊ ညဥ့်တို့သည် အသက်ကို စားကုန်၏၊ အရွယ်တို့သည် စွန့်ကုန်၏၊ နည်းတူ ကာမဂုဏ်ကို စွန့်အံ့ဟု ဆို၏။

သုံးယူဇနာရှိသောပရိသတ်တို့ ဟတ္ထိပါလသတို့သားတို့ ဟိမဝန္တာသို့ သွားကြကုန်၏၊ နောက်ယူဇနာသုံးဆယ် ပရိသတ်ရှိ၏၊ သိကြားမင်းက ကျောင်းကန်စသည် ပြုပြင်ပေး၏။

အားလုံး အပါယ်လေးပါးမှ လွတ်၍ ကောင်းရာသုဂတိရောက်ကြသည်။

ဘုရားရှင်သည် အောက်ပါဒေသနာတော်ကို ဟောတော်မူ၏။

အဘိတ္ထရေထ ကလျာဏေ၊ ပါပါ စိတ္တံ နိဝါရယေ။

ဒန္ဓံ ဟိ ကရောတော ပုညံ၊ ပါပသ္မိံ ရမတေ မနော။

(ဓမ္မပဒပါဠိ၊ ဟတ္ထိပါလဇာတ်အဋ္ဌကထာ၊ ၄၉၅)

ကလျာဏေ–ကောင်းမှုတို့ကို၊ အဘိတ္ထရေထ–အဆောင်လျင်စွာပြုရာ၏။ ပါပါ–မကောင်းမှုမှ၊ စိတ္တံ–စိတ်ကို၊ နိဝါရယေ–တားမြစ်ရာ၏။ ဟိ သစ္စံ–မှန်၏၊ ဒန္ဓံ–နှေးစွာ၊ ပုညံ–ကောင်းမှုကို၊ ကရောတော–ပြုသောသူအား၊ မနော–စိတ်သည်၊ ပါပသ္မိံ–မကောင်းမှု၌၊ ရမတေ–မွေ့လျော်သည်သာတည်း။

* ပရိသတ်ကြီးငယ်၊ သုံးဆယ်ယူဇနာ၊ ထိုမှနောက်ပါ၊ ခြွေရံကာနှင့်၊ ဆောင်းခါနှင်းဝ၊ နွေလနှင်းအန်၊ မိုးဝှန်နှင်းသောက်၊ မြစ်လျှောက်သေန်၊ ဟိမဝန်သို့၊ ရဲမာန်ဝန့်တင်၊ ဝင်လေလျှင်သည်၊ လုံးရင်းပြည့်နှက်ဖြိုးသတည်း။

(အရှင်မဟာရဿရ၏ ဟတ္ထိပါလပျို့၊ ၂၇၈)

* * * *

## အယောဃရဇာတ်

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏ မိဖုရားမှာ ကလေး မွေးလျှင် ရှေးလူ့ဘဝက ရန်သူဖြစ်ဖူးသော ဘီလူးမသည် ယူ၍ပြေး၏။ သုံးကြိမ်မြောက်၌ ဘုရားလောင်းကို မွေးဖွား၏၊ သံအိမ်၌ ထား၍ အယော ဃရခေါ်ကြ၏။

တစ်ဆယ့်ခြောက်နှစ်မြောက်၌ သံအိမ်မှ ထုတ်၍ မင်္ဂလာဆင်တော် ဖြင့် တိုင်းခန်းလှည့်လည်၏။ ထိုအခါ ဘုရားလောင်းက ရှေးအခါက တစ်ခါမှ မလှည့်လည်ရ၊ ယခုမှသာ တိုင်းပြည်မြို့ရွာ ဥယျာဉ်စသည် မြင်ရ၏။ အကြောင်းကား အဘယ်သို့နည်း မေးရာ ဘီလူးမကိစ္စကို ပြောကြ၏။

သူသည် အမိဝမ်းတွင်းကို လောဟကုမ္ဘီငရဲ သံအိမ်၌ နေရသည် ကို ဥဿဒငရဲစသည် ထင်၏။ တိုင်းသူပြည်သားတို့သည် မင်းမြှောက် ကြ၏၊ တောထွက်၍ ရဟန်းပြုရန်သာ ပြော၏။

သတ္တဝါတို့သည် တိမ်တိုက်ပမာ ရှေ့သို့သာ သွားရ၏၊ စစ်မြေပြင်၌ စစ်တိုက်သောသူတို့သည်လည်း အိုရ နာရ သေရ၏။ တို့သည်လည်း သေမင်းကို မနိုင်၊ ဆင် မြင်း ရထားရှိသောသူတို့သည် ရန်သူလက်မှ လွတ်ကုန်၏၊ သေမင်းလက်မှ မလွတ်ကုန်။

စစ်အင်္ဂါလေးပါးရှိသော မင်းတို့သည်လည်း ရန်သူမင်းကို နိုင်၏၊ သေမင်းကို မနိုင်၊ အမုန်ယစ်သောဆင်တို့သည် မြို့ရွာအိမ်တို့ကို ဖျက် ဆီးနိုင်၏၊ သေမင်းကို မဖျက်ဆီးနိုင်၊ အက္ခဏဝေဒီစသော လေးသမား တို့သည် သေမင်းကို မပစ်နိုင်။ မြစ်ကြီးငါးသွယ် မြစ်ငယ်ရာ အနောတတ် အိုင်စသည်တို့သည် တစ်နေ့ကျ ခန်းခြောက်ရတတ်၏။ (သတ္တသူရိယ သုတ်ကို ရှု)

မိန်းမတို့၏အသက်တုန်လှုပ်သည်၊ သေသောက်ကြူးတို့၏ ပုဆိုးသည် တုန်လှုပ်သည်။ ကမ်းနားသစ်ပင် တုန်လှုပ်သည်။ နည်းတူ သတ္တဝါတို့၏ အသက်တုန်လှုပ်သည်၊ သစ်ရွက်များ ကြွေကျသကဲ့သို့ သတ္တဝါများ သေရသည်။ သတ္တဝါတို့၏အသက်လည်း လနေတက်၍ ကွယ်ရသည်နှင့် တူ၏။

မြေဖုတ် ပြိတ္တာ ဘီလူးတို့သည် ပါးစပ်လေးဖြင့် လူတို့ကို လွင့်စေနိုင်သော်လည်း သေမင်းကို မလွင့်စေနိုင်၊ မြေဖုတ် ပြိတ္တာ ဘီလူးတို့က ပူဇော်က သည်းခံ၏၊ သေမင်းက ပူဇော်၍မရပေ။ မင်းသည် အပြစ်ရှိသူတို့ကို ဒဏ်ပေးနိုင်၏၊ သေမင်းကို ဒဏ်မပေးနိုင်၊ အပြစ်ရှိသူတို့က မင်းကို တောင်းပန်၍ရ၏၊ သေမင်းကို မရနိုင်။

သေမင်းသည် သူဌေး သူကြွယ် မင်းတည်းဟု ငဲ့ကွက်ခြင်း မရှိ၊ သတ္တဝါတို့ကို စားသော ခြင်္သေ့ ကျားသည် သေမင်းကို မစားနိုင်၊ မျက်လှည့်သည်တို့သည် လူများကို လှည့်ပတ်နိုင်၏၊ သေမင်းကို မလှည့်ပတ်နိုင်။ မြွေပွေး မြွေဟောက်သည် လူများကို ပေါက်သတ် နိုင်၏၊ သေမင်းကို မပေါက်သတ်နိုင်၊ မြွေဆိပ်ကို ဆေးသမား ပျောက်စေနိုင်၏၊ သေမင်း မြွေဆိပ်ကို မပျောက်စေနိုင်။

ဂန္ဓာရီအတတ်ဖြင့် သူများက မမြင်အောင် သွားလာနိုင်၏၊ သေမင်း မမြင်အောင် မသွားလာနိုင်၊ ကုသိုလ် အကုသိုလ်သာ၊ ကောင်းရာ မကောင်းရာသို့ ရောက်စေတတ်၏ဟု ဟောလေသည်။

န ဟိ ဓမ္မော အဓမ္မော စ၊ ဥဘော သမဝိပါကိနော။
အဓမ္မော နိရယံ နေတိ၊ ဓမ္မော ပါပေတိ သုဂတိံ။
(ဝိသတိနိပါတ်၊ အယောဃရဇာတ်၊ ၃၅၇)

ဓမ္မော စ–သုစရိုက်ဆယ်ပါး တရားသည်၎င်း၊ အဓမ္မော စ–ဒုစရိုက်ဆယ်ပါး တရားသည်၎င်း၊ ဥဘော–နှစ်ပါးကုန်သော တရားတို့သည်၊ သမဝိပါကိနော–တူမျှသောသဘောရှိကုန်သည်၊ န ဟိ ဟောန္တိ–မဖြစ်ကုန်သည်သာတည်း၊ အဓမ္မော–ဒုစရိုက်ဆယ်ပါး အကုသိုလ်တရားတို့သည်၊ နိရယံ–သိဋ္ဌံ ကာလသုတ်စသော ငရဲသို့၊ နေတိ–ဆောင်နိုင်၏၊ ဓမ္မော–သုစရိုက်ဆယ်ပါး ကုသိုလ်တရားသည်၊ သုဂတိံ–စာတုမဟာရာဇ်စသော ကောင်းသောဘဝသို့၊ ပါပေတိ–မုချကေန် အမှန်စင်စစ်ဖြစ်နိုင်သည်သာတည်း။

ထိုနောက် ဘုရားအလောင်းတော် အယောဃရမင်းသားနှင့် တကွမင်းမိဖုရား တိုင်းသူပြည်သားတို့သည် ဟိမဝန္တာသို့ တောထွက်ကြသည်။ သိကြားမင်းသည် ဝိသကြုံနတ်သားအား ကျောင်းသခ်မ်းစသည် ပြုစေသည်၊ ထိုသူတို့သည် သေ၍ နတ်ပြဟ္မာပြည်တို့သို့ ရောက်ကြလေသည်။

မင်းပျိုလွင်သည်၊ ဗုဒ္ဓင်လော်းကုမာ၊ ဘုရားရင်နှစ်၊ သားတော်ချစ်သည်၊ မင်းဖြစ်မလိုပါတည့်။ မိတောင်ညာနှင့်၊ ရာဇ–ဖ–ဘုရား၊ ကျေးဇူးသင်ခင်၊ ဂုဏ်ထူးတင်သည်၊ နတ်ရှင်မင်းနှစ်ပါး၏၊ လွန်ညွန့်ထွားသည်၊ ရွှေဖွားနသိဂ်ီ၊ ပဒုံသတဖတ်၊ ငုံကြာချပ်သည်၊ စုံမြတ်စက်နှစ်လီကို၊ လက်မုံချီမည်၊ ထိပ်ဆီတင်ရွက်ကာ၊ ရှိသေညွှတ်ကျိုး၊ လွန်မြတ်နိုးသည်၊ ရှိခိုးပူဇော်ပါ၍၊ သူတော်လျာတို့၊ ကျင့်ရာထုံးအညီ၊ ယနေ့ပင်ဖက်၊ စုံမြိုင်နက်ကို၊ တောထွက်ပါတော့မည်ဟု။ (မန်လည်ဆရာတော်ရတုမှ)

* * * *

## မဃဒေဝဇာတ

ဤဇာတ်တော်ကို ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မြတ်သော တောထွက်ခြင်းကို အကြောင်းပြု၍ ဟောတော်မူသည်။

ထိုအခါ၌ ရဟန်းတို့သည် ဘုရားရှင်၏ မြတ်သော တောထွက်ခြင်းကို ချီးမွမ်းလျက်နေကြ၏။ ထိုအခါ ဘုရားရှင်သည် တရားသဘင်သို့ ကြွလာတော်မူစဉ် ရဟန်းတို့ သင်တို့သည် အဘယ်စကားဖြင့် စည်းဝေးနေကြပါသနည်းဟု မိန့်တော်မူရာ အရှင်ဘုရား တခြားသော စကားမဟုတ်ပါ၊ အရှင်ဘုရား၏ မြတ်သော တောထွက်ခြင်းကို ချီးမွမ်း၍ နေကြပါသည်ဟု လျှောက်ကြ၏။

ထိုအခါ ဘုရားရှင်သည် ငါကာ ယခုအခါသာ တောထွက်သည် မဟုတ်၊ ရှေး၌လည်း တောထွက်ဖူးသည်ဟု မိန့်တော်မူ၏။ ရဟန်းတို့သည် ထိုအကြောင်းကို ထင်စွာပြုခြင်းငှာ ဘုရားရှင်ကို တောင်းပန်ကြ၏။ ဘုရားရှင်သည် ဘဝတစ်ပါး ဖုံးလွှမ်းအပ်သော အကြောင်းကို ထင်ရှားစွာ ပြုပြီ။

ရှေးအခါ ဝိဒေဟရာဇ်တိုင်း မိတ္ထိလာပြည်၌ မဃဒေဝမင်းသည် မင်းပြုသည်၊ တရားရှိသည်၊ တရားသဖြင့် မင်းပြုသည်။

နေသည် နေ့အခါ၌ ထွန်းလင်းတောက်ပသည်၊ လသည် ညဉ့်အခါ၌ ထွန်းလင်းတောက်ပသည်။ မင်းသည် ထီးဖြူ သင်းကျစ် သားမြီးယပ် ခြေနင်း သံလျက်တည်းဟူသော မင်းမြောက်တန်ဆာငါးပါးဖြင့် ဦးကင်ဖွင့်မှ တင့်တယ်သည်။ ရဟန္တာသည် ဈာန်ဝင်စားမှ တင့်တယ်သည်။ ဘုရားရှင်သည် တန်ခိုးတော်ဖြင့် တင့်တယ်သည်။

ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိမာဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ။ (ဓမ္မပဒ၊၆၉)

အာဒိစ္စော–နေမင်းသည်၊ ဒိဝါ–နေ့အခါ၌၊ တပတိ–ထွန်းလင်းတောက်ပ၏။ စန္ဒိမာ–လသည်၊ ရတ္တိံ–ညဥ့်အခါ၌၊ ဘာတိ–ထွန်းလင်းတောက်ပ၏။ ခတ္တိယော–မင်းသည်၊ သန္နဒ္ဓေါ–မင်းမြောက်တန်ဆာ ငါးပါးဆင်ဝတ်သော်၊ တပတိ–တင့်တယ်၏။ အထ–ထိုမှတစ်ပါး၊ ဗုဒ္ဓေါ–ဘုရားရှင်သည်၊ သဗ္ဗမဟောရတ္တိံ–အလုံးစုံသော နေ့ညဥ့်ပတ်လုံး၊ တေဇသာ–တန်ခိုးတော်ဖြင့်၊ တပတိ–ထွန်းလင်းတောက်ပသည်သာတည်း။

ဓမ္မိကဟူသည်နှင့်အညီ မဃဒေဝမင်းသည် 'ရဟန်းသိက္ခာ မင်းမှာဘိသိက်၊ သူတော်စိတ်'ဟူသည်နှင့်အညီ သတိ ပညာ သမာဓိတရား၊ ကျောက်ထီးတန္တု အလေးအမြတ်ပြုအပ်သည်။ တိုင်းပြည်ရွာစည်ကားအောင် ပြုသည်။ စစ်အင်္ဂါ အစားအစာဖြည့်တင်းသည်၊ အဂတိတရားလိုက်စားခြင်းမရှိ၊ သင်္ဂဟတရားလေးပါးရှိသည်။ ကုသလကမ္မပထတရား ဆယ်ပါး၊ မင်းကျင့်တရားဆယ်ပါး၊ နာယကဂုဏ်ခြောက်ပါး၊ စကြာမင်းကျင့်ဝတ္တရားရှိသည်၊ အပရိဟာနိယတရား လက်ကိုင်ထားသည်။

ရှစ်သောင်းလေးထောင်သော နှစ်တို့ပတ်လုံး မင်းသားယ်ဘဝဖြင့် ပျော်ပါးသည်၊ နည်းတူ အိမ်ရှေ့မင်း မင်း၏အဖြစ်ကို ပြု၍ ခံစားစံစားသည်။

တစ်နေ့သ၌ ဆတ္တာသည်အား ငါ၏ ခေါင်းပေါ်၌ ဆံပင်ဖြူတို့ကို တွေ့က ပြပါဟု ပြော၍ ဆတ္တာသည်သည် ဆံပင်ဖြူတစ်ချောင်းကို ရွှေညှပ်ဖြင့် နုတ်၍ မင်း၏လက်၌ ထည့်သည်။ ထိုအခါ မင်းအား ရှစ်သောင်းလေးထောင် နှစ်ပေါင်းကြွင်းသေးသည်။ သို့သော်လည်း ဆံပင်ဖြူကို

မြင်၍ သေမင်း၏ အနားသို့ သွား၍ရပ်သကဲ့သို့ငှင်း၊ ရဲရဲပြောင်ပြောင် တောက်လောင်သောအိမ်ထဲသို့ ဝင်သကဲ့သို့ငှင်း၊ သံဝေဂကို ဖြစ်စေ၍ မိုက်သော မဃဒေဝမင်း၊ ဆံပင်ဖြူသည်တိုင်အောင် ဤကိလေသာတို့ကို စွန့်ခြင်းငှာ မတတ်နိုင်သလားဟု ကြံစည်အောက်မေ့၏။

ဗာလမဃဒေဝ ယာဝ ပလိတသ္သါဒါဝ ဣမေ ကိလေသေ ဇဟိတုံ နာသက္ခိတိ စိန္တေသိ။ (ကေနိပါတ်ဇာတ်အဋ္ဌကထာပါဠိ၊ ၁၅၄)

ဗာလမဃဒေဝ–မိုက်သော မဃဒေဝမင်း၊ ယာဝ ပလိတသ္သပ္ပါဒါဝ– ဆံပင်ဖြူသည်တိုင်အောင်၊ ဣမေ ကိလေသေ–ဤကိလေသာတို့ကို၊ ဇဟိတုံ–စွန့်ခြင်းငှာ၊ နာသက္ခိ–မစွန့်နိုင်သလော၊ ဣတိ–ဤသို့၊ စိန္တေသိ –ကြံစည်အောက်မေ့လေပြီ။

ထိုသို့စဉ်းစားဆင်ခြင်သော မဃဒေဝမင်းအား အန္တောဒါဟော ဥပ္ပဇ္ဇိ–ကိုယ်တွင်းပူလောင်သည်၊ သရီရာ သေဒါ မုစ္စိံသု–ခန္ဓာကိုယ်မှ ချွေးထွက်ကုန်သည်၊ သာဋကာ ပီဠေတွာ အပနေတဗ္ဗာကာရပတ္တာ အဟေသုံ–ပုဆိုးကို ညှစ်က အရည်များ စီးထွက်နိုင်သည်။

ထိုမဃဒေဝမင်းသည် ငါကား ယနေ့ တောထွက်၍ ရဟန်းပြု ခြင်းငှာ သင့်၏ဟု ဆတ္တာသည်အား အခွန်တစ်သိန်းထွက်သော ရွာဆုကို ပေး၍ သားကြီးကို ခေါ်ပြီး ချစ်သား ငါ၏ဦးခေါင်း၌ ဆံပင်ဖြူပေါက် ရောက်ပြီ၊ အသက်က ကြီးပြီ၊ ငါ့အား လောကီအာရုံ ကာမဂုဏ်တို့ကို ခံစားပြီးပြီ။ ယခုအခါ၌ ငါသည် နတ်တို့၏ ကာမဂုဏ်ကို ရှာမှီးအံ့။ ငါ့အား တောထွက်ချိန်တန်ပြီ။ သင်သည် တိုင်းပြည်ကို အုပ်ချုပ်နေရစ်ပါ၊ ငါသည် ရဟန်းပြု၍ မဃဒေဝသရက်ဥယျာဉ်၌ နေလျက် ရဟန်းတို့၏ တရားကို ပြုပေအံ့ဟု ဆို၏။

ထိုရဟန်းပြုလိုသော မဃဒေဝမင်းကို အမတ်တို့သည် ကပ်၍ အရှင်မင်းကြီး အရှင်မင်းကြီးသည် အဘယ်ကြောင့် ရဟန်းပြုအံ့နည်းဟု မေးကြကုန်၏။

မင်းသည် ဆံဖြူကို လက်ဖြင့် ကိုင်၍ အမတ်တို့အား အောက်ပါ အတိုင်း ပြောလေသည်။

ဥတ္တမင်္ဂရုဟာ မယှံ၊ ဣမေ ဇာတာ ဝယောဟရာ။

ပါတုဘူတာ ဒေဝဒူတာ၊ ပဗ္ဗဇ္ဇာ သမယော မမ။

(ကေနိပါတ်ဇာတ်အဋ္ဌကထာပါဠိ၊ ၁၅၅)

မယှံ–ငါမင်း၏၊ ဣမေ ဥတ္တမင်္ဂရုဟာ–ဤဆံပင်တို့သည်၊ ဝယော ဟရာ–အရွယ်သုံးပါးကို ဆောင်ကုန်သည်၊ ဇာတာ–ဖြစ်ကုန်၏။ ဒေဝ ဒူတာ–သေမင်း၏တမန်တို့သည်၊ ဒေဝဒူတာ–နတ်တို့က သင်၏ ဆံပင် တို့သည် ဖြူကုန်ပြီဟု ပြောကြားသည့်တမန်နှင့် တူကုန်သည်၊ ဒေဝဒူတာ– ဘုရားရဟန္တာတို့၏တမန်တို့သည်။

အလုံးစုံသော ဘုရားလောင်းတို့သည် သူအို သူနာ သူသေ ရဟန်း တို့ကို မြင်၍သာလျှင် သံဝေဂဉာဏ်ကို ဖြစ်စေ၍ တောထွက်ခါ ရဟန်း ပြုကြသည်၊ ပါတုဘူတာ–ထင်ရှားဖြစ်ကုန်ပြီ၊ မမ–ငါ၏၊ ပဗ္ဗဇ္ဇသမယော– ရဟန်းပြုရန် အချိန်တန်ပြီ။

ထိုမဃဒေဝမင်းသည် ထိုနေ့၌သာလျှင် တိုင်းပြည်၏ စည်းစိမ် ကို ပယ်စွန့်၍ ရသေ့ရဟန်းပြုခါ ထိုမဃဒေဝဥယျာဉ်၌သာလျှင် နေ၍ ရှစ်သောင်းလေးထောင်သောနှစ်တို့ပတ်လုံး မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာတည်းဟူသော ဗြဟ္မဝိဟာရတရားများကို ပွား၍ မယုတ်လျော့ သော ဈာန်၌ တည်ခါ သေ၍ ဗြဟ္မာ့ဘုံ၌ ဖြစ်သည်။

တစ်ဖန် ထိုဘဝမှ စုတေ၍ မိတ္ထိလာပြည်၌သာလျှင် နေမိမင်းကြီး ဖြစ်၍ ထိုမဃဒေဝဉယျာဉ်၌သာလျှင်၊ ဗြဟ္မဝိဟာရတရားကို ပွား၍ ဗြဟ္မာ ပြည်သို့ ရောက်လေသည်။

ဘုရားရှင်သည် ရဟန်းတို့အား ဤသို့ ယခုအခါ၌သာလျှင် ငါဘုရား ရှင်သည် တောထွက်သည် မဟုတ်သေး။ ရှေးအခါ၌လည်း တောထွက်ဖူးသည်သာတည်းဟု ဤဒေသနာတော်ကို ဟောတော်မူပြီး၍ သစ္စာလေးပါးတို့ကို ပြတော်မူသည်။

တရားတော်၏အဆုံး၌ တချို့သောတာပန်၊ တချို့သကဒါဂါမ်၊ တချို့ အနာဂါမ်ဖြစ်ကြသည်။

ဤသို့ ဘုရားရှင်သည် နှစ်ခုသောဝတ္ထုတို့ကို ဟောတော်မူပြီး၍ အနုသန္ဓေစပ်၍ ဇာတ်ပေါင်းတော်မူ၏။

ထိုအခါ ဆတ္တာသည်သည် အရှင်အာနန္ဒာ၊ သားသည် ရာဟုလာ၊ မဃဒေဝမင်းသည်ကား ငါဘုရားဖြစ်ဖူးသည်သာတည်းဟု ဇာတ်ပေါင်း တော်မူ၏။

> ငါးမည်ကာမာ၊ ကျင့်ယုတ်မာသား၊ တဏှာအကြိုက်၊ လူ့စရိုက် ကို၊ မလိုက်ကင်းအောင်၊ ရှားကြရှောင်၏၊ မင်းခေါင်မာဃ၊ လောင်း ဒေဝလည်း၊ ရှေးကထုံးရှိ၊ အန္တုံးသိ၍၊ ဣသိပဗ္ဗဇ္ဇ၊ ပြုထရကား၊ ရှေးများပယ်ရိတ်၊ ဆံမှတ်ဆိတ်ဖြင့်၊ သပိတ်သင်္ကန်း၊ ဖန်ရည် စွန်းနှင့်၊ ရဟန်းအသွင်၊ ကိုယ်တော်ဆင်သည်၊ ဖူးမြင်မရောင့်မရဲ တည်း။ (မာဃဒေဝလင်္ကာ ၁၇-မှ)

* * * *

## ဇူဠသုတသောမဇာတ်

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ဤဇူဠသုတ သောမဇာတ်ကို နိက္ခမပါရမီကို အကြောင်းပြု၍ ဟောတော်မူ၏။

ရှေးအခါက ဗာရာဏသီပြည်သည် သုဒဿနမြို့မည်၏၊ ဗြဟ္မဒတ် မင်း မင်းပြုသော် ဘုရားအလောင်းသည် မိဖုရားဝမ်း၌ ပဋိသန္ဓေနေ၏၊ တင့်တယ်သော မျက်နှာရှိ၍ သောမမည်၏။ အရွယ်ရောက်လာက အကြား အမြင်ကို အလိုရှိ၍ သုတသောမမည်၏။ တက္ကသိုလ်ပြည်မှ ပညာများ ပြည့်စုံလာသဖြင့် မင်းဖြစ်၏။ စန္ဒာဒေဝီစသော မိဖုရားပေါင်းတစ်သောင်း ခြောက်ထောင်ရှိ၏။ နောက်လူ့ဘဝကို စက်ဆုတ်ခါ တောထွက်လိုစိတ် ရှိ၍ ဆတ္တာသည်အား ခေါင်းပေါ်မှ ဆံပင်ဖြူတွေ့က ပြောလော့ဟု အမိန့် ရှိ၍ တစ်နေ့သ၌ ဆံပင်ဖြူတစ်ပင် တွေ့၍ ယူပြ၏။ မင်းသည် သံဝေ ရခါ တောထွက်လိုရကား ရာဇပလ္လင်မှနေ၍ အမတ်ရှစ်သောင်း၊ ပုရော ဟိတ်ပုဏ္ဏားခြောက်သောင်း တိုင်းတစ်ပါး၌ နေသောသူ ဇနပုဒ် နိဂုံး၌ နေသောသူတို့ကို ခေါ်၍ ငါ၏ဦးခေါင်း၌ ဆံပင်ဖြူရောက်၍ တောထွက် အံ့ဟု အောက်ပါအတိုင်း မိန့်တော်မူ၏။

နောက် လူတစ်ယောက်က အရှင်ဘုရား အရှင်ဘုရား၏ စကားတော် သည် ကျွန်တော်မျိုးတို့၏ ရင်ဝ၌ လှံစူးဝင်သကဲ့သို့ရှိပါ၏၊ အရှင်သခင်၏ မိဖုရားခုနစ်ရာတို့သည် မည်ကဲ့သို့ နေရပါအံ့နည်းဟု လျှောက်၏။

မင်းက ထိုမိဖုရားတို့သည် ငယ်ကြကုန်၏။ မင်းတစ်ပါးပါးသို့ ကပ်လျှင်လည်းဖြစ်သည်။ ငါကား နတ်ပြည်ကို တောင်းတ၍ ရဟန်းပြု ပေအံ့ဟု ဆို၏။

မယ်တော်မိဖုရားကလည်း ချစ်သား ငါကား သင်၏ အမိပါ၊ ငါ့မှ သင့်ကို ရခြင်းသည် အလကားဖြစ်၏ဟု ပြောကာ ငိုကြွေးမြည်တမ်း၏။

ဘခင်မင်းကြီးကလည်း ချစ်သား ငါကား အိုမင်းရင့်ရော်ပြီ၊ စဉ်းစားပါဟု ဆို၏။ ငါတို့အား မချစ်မြတ်နိုးလျှင် နေပါစေ၊ သင်၏ သားသမီးများကား ဘယ်လိုနေထိုင်ရအံ့နည်းဟု ဆို၏။ ကလေးများ စိတ်ဆင်းရဲမှာ ကိုလည်း ငဲ့ကွက်စေချင်သည်ဟု ဆို၏ ဘုရားလောင်းက အတူနေချင်ပါသော်လည်း သေကွဲ ရှင်ကွဲ ကွဲရတတ်သည် ပြောလေ၏။

မိဖုရားခုနစ်ရာတို့ကလည်း အကျွန်ုပ်မတို့အား မေတ္တာ ကရုဏာကင်းလေပြီလောဟု ငိုကြွေးခါ လျှောက်ကြ၏။ ဘုရားလောင်းက ငါကား သင်တို့ကို မေတ္တာ ကရုဏာ ပြတ်၍ မဟုတ်၊ နတ်ပြည်အလို့ငှာ ရဟန်းပြုအံ့ဟု ဆို၏။

မိဖုရားကြီးလည်း ကိုယ်ဝန်အရင့်အမာဖြင့် လာလတ်၍ အရှင်သခင် အကျွန်ုပ်မသည် အရှင်သခင်၏ မိဖုရားကြီးပါ၊ အကျွန်ုပ်မအား ငဲ့ကွက်စေချင်ပါ၏ဟု လျှောက်၏။ အကျွန်ုပ်မ၏ မိဖုရားဘဝသည် မကောင်းသဖြင့် ရအပ်၏၊ ကိုယ်ဝန်ဖွားမြင်ပြီးသည်ထိ စောင့်ဆိုင်းဖို့ ကောင်းပါ၏ဟု လျှောက်၏။ မဆိုးမဒုက္ခကို မခံစားပါရစေနှင့်ဟုလည်း လျှောက်၏။

ဘုရားလောင်းက သင်သည် သားယောကျ်ားကို ဖွားမြင်၍ နေရစ်လော့ဟု ဆို၏။ မိဖုရားကြီးသည် ငိုမြည်တမ်းနေ၍ သင်ငိုနေသော်လည်း ငါသွားအံ့ဟု ဆို၏။

ထိုအခါ မိဖုရားကြီးသည် ပြာသာဒ်ပေါ်သို့ တက်၍ ငိုနေ၏။ ဘုရားလောင်း၏ သားတော်ကြီးမြင်၍ အဘယ်ကြောင့် ငိုသနည်း၊ ဘယ်သူက အားမနာ ကျင့်သနည်း၊ ဆွေမျိုးများ မြင်စဉ် အကျွန်ုပ်သတ်ပစ်မည်ဟု ဆို၏။

မိဖုရားက တခြားကိစ္စမဟုတ်၊ သင်၏ဘခင် ရဟန်းပြုမည်ဟု ပြော၍ ငိုသည်ဟု ဆို၏။ သားတော်ကြီးကလည်း မယ်တော် အကျွန်ုပ်

သည် ယခင်က အာဇာနည်းမြင်းလေးစီး ကၡ် တန်ဆာဆင်ထားသော ရထားဖြင့် ဥယျာဉ်သို့ ထွက်၏။ အမူးယစ်သော ဆင်ပြောင်တို့ကိုလည်း တိုက်ထိုး၏။ ယခုအခါ အဘယ်သို့ပြုရအံ့နည်း ဟု ဆို၏။

ဘုရားလောင်းက စိတ်ကူးရသည့်အတိုင်း အထိန်းတော်တို့အား ပတ္တမြားတန်ဆာကို တံစိုးပေး၍ သားအား တခြားအရပ်သို့ ခေါ်ဆောင်သွားပါဟု ဆို၏။ ပတ္တမြားတန်ဆာရသော အထိန်းတော်မသည် သုတသောမမင်း တောထွက်သွားက ဤပတ္တမြားတန်ဆာသည် အဘယ်အကျိုးရှိအံ့နည်းဟု ငိုကြွေးမြည်တမ်း၏။

စစ်သူကြီးကလည်း အရှင်မင်းမြတ် အရှင်မင်းမြတ်ပိုင်ဆိုင်သော တိုင်းပြည်မြို့ရွာ၏ ဘဏ်တိုက်မှာ ပစ္စည်းဥစ္စာ ပေါများပါ၏။ ထို့ကြောင့် တောမထွက်သင့်ပါဟု လျှောက်၏။ ဘုရားအလောင်းက ဘယ်လောက်ပင်ချမ်းသာချမ်းသာ၊ ငါရဟန်းပြုအံ့ဟု ဆို၏။

ကုလဝနုနသူဌေးကလည်း အရှင်မင်းမြတ် အကျွန်ုပ်မှာ မရေတွက်နိုင်သော ပစ္စည်းဥစ္စာရှိပါ၏။ ထိုပစ္စည်းဥစ္စာတို့ကို အရှင်အား လှူပါ၏၊ ရဟန်းမပြုပါနှင့်ဟု လျှောက်၏။ ထိုအခါ ဘုရားလောင်းက သင်၏ချမ်းသာခြင်းကို ငါသိသည်၊ သင် ငါ့ကို ပူဇော်ထိုက်သူဖြစ်သည်၊ ငါကားရဟန်းပြုပေအံ့ဟု ဆို၏။

ထိုနောက် ညီတော်သောမဒတ်ကို ခေါ်၍ ငါကား လောက၌ ချိုင့်လှောင်သော တောကြက်ပမာရှိ၏၊ ငါတောထွက်အံ့ဟု ဆို၏။ သောမဒတ်ကလည်း သင်ရဟန်းပြုပါတော့၊ သင်မရှိကလည်း ကျွန်ုပ်သည် အလကားပဲ၊ ကျွန်ုပ်လည်း ရဟန်းပြုပေတော့ဟု ဆို၏။ ညီတော် ငါရဟန်းပြုမည်ဟု ကြား၍ တစ်တိုင်းပြည်လုံး ထမင်းမချက်၊ ထို့ကြောင့် သင်မပြုသင့်ဟု ဆို၏။

လူများငိုကြွေးနေကြသည်ကို မြင်၍ ဘုရားအလောင်းတော်သည် အောက်ပါတရားစကားကို မိန့်တော်မူလေသည်။

ခဝါသည်တို့၏ ပေါင်းအိုးရေသည် တစ်ခဏဖြင့် ကုန်ခန်းသကဲ့သို့ သတ္တဝါတို့၏ အသက်စသည် တစ်ခဏဖြင့် ပျက်စီးတတ်၏၊ တဏှာ နှောင်ဖွဲ့သောသူတို့သည် အပါယ်လေးဘုံကို ပွားစေကုန်၏။

ထို့နောက် ဘုရားလောင်းသည် ပြာသာဒ်ပေါ်တက်၍ ဥသျှောင်တော်ကို သံလျက်ဖြင့် ဖြတ်၍ အောက်သို့ ပစ်ချ၏။ အောက်က လူများ မြင်၍ ငိုကြွေး၏။ မင်းသည် အစေခံတစ်ယောက်အား ရဟန်းပရိက္ခရာ ဝယ်ယူစေ၍ ဝတ်ဆင်ပြီးလျှင် တောထွက်သွား၏။ လူများပြာသာဒ်ပေါ် တက်၍ ကြည့်၍ မတွေ့သဖြင့် ငိုကြွေးကြ၏။

ဤသုတသောမမင်းသည် ဤဆန်းကြယ်သော ပြာသာဒ်၌ မောင်းမ မိဿံ ခြွေရံပရိသတ်တို့နှင့် နေ၏။ ဆွေမျိုးအပေါင်းဝန်းရံ၍ နေတော် မူ၏။ မိဖုရားအပေါင်းတို့ဖြင့် ဝိုင်းရံ၍ နေတော်မူ၏။ ဤတစ်ဆယ့်နှစ် ရာသီ၌ ပွင့်လျက်ရှိသော ဥယျာဉ်သည် အရှင်သုတသောမ၏ ဥယျာဉ် တည်း၊ ဤပန်းဥယျာဉ်၌ ဆွေမျိုးပေါင်းခြံရံ၍လည်း နေ၏၊ မောင်းမ အပေါင်းတို့ဖြင့် ဝန်းရံ၍လည်း နေ၏။ မဟာလေ့ခါးပန်း သခွတ်ပန်းတို့ ဖြင့်လည်း လုပတင့်တယ်၏။ သရက်ပင်စသည်တို့ဖြင့်လည်း မြိုင်မြိုင် ဆိုင်ဆိုင်ရှိလှ၏။ ကျေးငှက်သာလိကာတို့ဖြင့် တင့်တယ်သော ရေကန် လည်းရှိ၏။

နောက် တစ်ဆယ့်နှစ်ယူဇနာရှိသောအရပ်မှ လူများအပေါင်းတို့ သည် ဘုရားလောင်းနောက်သို့ လိုက်ကြ၏။ သိကြားမင်းသည် ဂင်္ဂါ မြစ်နားမှာ သစ်မ်းကျောင်းစသည် ဖန်ဆင်းပေး၏။ နောက် ဘုရားလောင်း

သည့် ကာမဝိတက်စသည် မဖြစ်စေရန် မေတ္တာဘာဝနာပွားကြရန် တရားဟောတော်မူ၏၊ နောက် နတ်ပြဟ္မာရောက်ကြကုန်၏။

မေတ္တစိတ္တဉ္စ ဘာဝေထ၊ အပ္ပမာဏံ ဒိဝါ စ ရတ္တော စ။
အထာဂစ္ဆိတ္ထ ဒေဝပုရံ၊ အာဝါသံ ပုညကမ္မိနံ။
(ပါဠိဇာတ်ပါဠိတော်၊ ဒု၊ ၃၀)

ဘောန္တော သဖ္ဗနာ–အိုသူတော်ကောင်း အပေါင်းတို့၊ တုမှေ–သင်တို့သည်၊ ဒိဝါ စ–နေ့၌လည်းကောင်း၊ ရတ္တော စ–ညဉ့်၌လည်းကောင်း၊ အပ္ပမာဏံ–အတိုင်းအရှည်မရှိသော၊ မေတ္တစိတ္တဉ္စ–မေတ္တာကရုဏာ မုဒိတာ ဥပေက္ခာနှင့်ယှဉ်သောစိတ်ကိုလည်းကောင်း၊ ဘာဝေထ–ပွားစေကြပါကုန်လော့။ အထ–ထိုသို့ပွားစေသည်ရှိသော်၊ တုမှေ–သင်တို့သည်၊ ပုညကမ္မိနံ–ဘုဉ်းကံရှိကုန်သောသူတို့၏၊ အာဝါသံ–နေရာဖြစ်သော၊ ဒေဝပုရံ–ပြဟ္မာပြည်သို့၊ အာဂစ္ဆိတ္ထ–ရောက်ကြကုန်လတ္တံ့သည်သာတည်း။

* * * *

## သရဘင်္ဂဇာတ်

ဘုရားရှင်သည် ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ် အရှင်သာရိပုတ္တရာသည် ဘုရားရှင်၏အနီးအနားမှာ ပရိနိဗ္ဗာန်မပြု၍ ဘုရားရှင်ထံတော်မှ များစွာသော ပူဇော်သက္ကာရကို မရ၊ အရှင်မောဂ္ဂလာန်ကား ဘုရားရှင်၏ အနီးအနားမှာ ပရိနိဗ္ဗာန်ပြု၍ ဘုရားရှင်ထံတော်မှ များစွာသော ပူဇော်သက္ကာရကို ရကြောင်းနှင့် ပတ်သက်၍ ဤဇာတ်တော်ကို ဟောတော်မူသည်။

ဘုရားအလောင်းတော်သည် ဗာရာဏသီပြည်ဝယ် ပုရောဟိတ်ပုဏ္ဏားဏ် ပုဏ္ဏေးမဝမ်းမှ မွေးဖွားဏ်။ တစ်ဆယ့်နှစ်ယူနောရှိသော ဗာရာဏသီမြို့ရှိ လက်နက်များ တောက်ပကုန်ဏ်။ ထိုသို့လက်နက်များ တောက်ပသည်ဏ်အဖြစ်ကြောင့် ဇောတိပါလမည့်ကြဏ်။ ပုရောဟိတ်သည် ရှင်ဘုရင်အား မိမိဏ်သားသည် ဇမ္ဗူဒီပါ၌ အထက်မြက်ဆုံးသော လေးသမားဖြစ်မည်ကိုလည်း တင်လျှောက်ဏ်။ အရွယ်သို့ ရောက်လတ်သော တက္ကသိုလ်ပြည်ဝယ် ပညာသွားသင်ရာ ခုနစ်ရက်တည်းဖြင့် တတ်မြောက်ဏ်။ ဆရာက ကြိုက်နှစ်သက်၍ လက်နက်များစွာနှင့် တပည့်များကို အပ်နှံလိုက်ဏ်။

မိမိတိုင်းပြည်သို့ ရောက်၍ မင်းကလေးအတတ်ကို ပြစေဏ်။ ဇောတိပါလလုလင်သည် ခြောက်သောင်းလေးသော လေးသမားတို့အထဲမှ အက္ခဏဝေဓိ ဝါလဝေဓိ သရဝေဓိ သဒ္ဒဝေဓိ လေးသမားလေးယောက်တို့ ပစ်အပ်သောမြား၊ မိမိမြားဖြင့် တား၍ ကျလိုရာ ကျစေဏ်။ လူများကို ပေးအပ်သောဆုသည် တစ်ဆယ့်ရှစ်ကုဋေအရေအတွက်ရှိဏ်။

နောက်မင်းသည် ဇောတိပါလအား စစ်သူကြီးရာထူးကို ပေးဏ်။ လေးအတတ်ကို တစ်ဖက်ကမ်းခတ်၍ သရဘင်္ဂဟု ခေါ်ကြဏ်။ သူသည် မိမိအတတ်ကို ဆင်ခြင်သည့်ရှိသော် လေးအတတ်ဟူသည် အစ၌ သူတစ်ပါးဏ်အသက်ကို သတ်ရခြင်း၊ အလယ်၌ ကိလေသာအာရုံကို သုံးဆောင်ခြင်း၊ အဆုံး၌ ပဋိသန္ဓေအကျိုးကို ပေးလတ္တံ့ဟု တစ်ယောက်တည်း တောထွက်၍ ဂေါဒါဝရီမြစ်နားမှာ သိကြားမင်းကျောင်းဆောက်ပေးဏ်။ ခုနစ်ရက်မြောက်၌ ရင်းရသေးသည့် ဈာန်အဘိညာဉ်ကို ရဏ်။

မှဆိုးတစ်ယောက်နှင့်ပတ်သက်၍ မိဘများ သိသွားလေ၍ လူများတပည့်ရသေးများ ရောက်လာကြသည်။ နောက်ဘုရားအလောင်းတော်

သည် တပည့်သာလိသာရရသေ့အား ရသေ့များကို ခေါ်၍ စုလ္လကနိဂုံးသို့ သွား၍အနေခိုင်း၏။ မဏ္ဍိသရရသေ့ကို သာတောဒကမြစ်နား၌ နေစေ၏။ ပဗ္ဗတရသေ့ကို အဥ္စနတောင်၌ နေစေ၏။ ကာလဒေဝိလရသေ့ကို ဃန သေလတောင်၌ နေစေ၏၊ ကိသဝစ္ဆရသေ့ကို ကုမ္ဘဝတီမြို့ဥယျာဉ်၌ နေ စေ၏၊ နာရဒရသေ့ကို အဥ္စနဂိရိတောင်၌ နေစေ၏၊ အနုသိဿရသေ့ ကို ဘုရားလောင်းထံ၌ နေစေ၏။

ဒဏ္ဍကီမင်း၏ ရာထူးချခံရသော ပြည့်တန်ဆာမတစ်ယောက်သည် ကိသဝစ္ဆရသေ့ကို ဒဏ်ပူများစားပြီး တံတွေး သလိပ်တို့ဖြင့် ပစ်ချ၏။ နောက် မင်းသည် ၎င်းပြည့်တန်ဆာမကို ၎င်းရထား၌ ပြန်ထား၏။ နည်းတူ ပုရောဟိတ်လည်း ပြုကျင့်၏။ သူတို့ကား ၎င်းရာထူးကို ပြန်ရခြင်း သည် ထိုရသေ့ကို ပြစ်မှား၍ ရသည်ထင်၏။

တစ်နေ့သ၌ ဒဏ္ဍကီမင်းစစ်တိုက်ထွက်ရာ ပုရောဟိတ်က အသင် မင်းကြီးသည် စစ်အောင်လိုပါမူ ထိုရသေ့အား အညစ်အကြေးစွန့်ပါဟု ပြော၍ မင်းနှင့်တကွ လူများတို့သည် အညစ်အကြေးစွန့်ကြကုန်၏။

ဒဏ္ဍကီမင်းသည် တိုင်းပြည်သို့ ရောက်လာက နတ်တို့သည် မိုးရွာ စေ၏၊ နောက် ရွှေမိုးငွေမိုးရွာစေ၏၊ လူများယူရန် အားထုတ်ကြ၏။ ထိုအခါ နတ်တို့က လက်နက်မိုး မီးကျီးမိုးရွာ၍ ယူဇနာခြောက်ဆယ်ရှိ သော အရပ်သည် ပျက်စီး၏။

ထိုအခြင်းအရာကို သိ၍ ကလိင်္ဂမင်း အဋ္ဌကမင်း ဘိမ္မရမင်းတို့ သည် ရှေးအခါက ဗာရာဏသီပြည်ဝယ် ကလာဗုမင်းသည် ခန္တီဝါဒီ ရှင် ရသေ့ကို ပြစ်မှား၍ မြေမျိုခံရသည်။ ထိုအတူ နာဠိကေရမင်းသည် ရသေ့ တို့အား ခွေးကို ကိုက်စေ၍ အဇ္ဈုနမင်းသည် အင်္ဂီရသရသေ့ကို ပြစ် မှား၍ မြေမျိုခံရသည်။ ယခုလည်း ဒဏ္ဍကီမင်းသည် ကိသဝစ္ဆရသေ့ကို

ဖြစ်မှား၍ ပျက်စီးရသည်ဟု အကြောင်းကို သရဘင်္ဂဆရာရသေ့အား မေးလျှောက်ရန် လာကြ၏။ သိကြားမင်းလည်း ရောက်လာ၏။

**သိကြားမင်းအမေး**

မစိုဒရိမ်ရသော တရားတော်ကား အဘယ်နည်း၊ အဘယ်တရားကို ပယ်က ချီးမွမ်းကြသနည်း၊ အဘယ်သူ၏ ကြမ်းကြုတ်သောစကားကို သည်းခံရသနည်း။

**သရဘင်္ဂဆရာရသေ့အဖြေ**

မစိုးရိမ်ရသော တရားကား အမျက်ဒေါသတည်း၊ ကျေးဖူးမဲ့ကို ပယ်သူကို ချီးမွမ်းကြသည်၊ အယုတ်အလတ်အမြတ်ဖြစ်သောသူတို့၏ ကြမ်းကြုတ်သောစကားကို သည်းခံရသည်။

**သိကြားမင်းအမေး**

ကိုယ်နှင့်တူသောသူ မြတ်သောသူ ကိုယ့်ထက်မြတ်သောသူတို့၏ စကားကို သည်းခံခြင်းငှာ တတ်ကောင်း၏၊ ယုတ်သောသူတို့၏စကားကို အသို့သာလျှင် သည်းခံနိုင်အံ့နည်း။

**သရဘင်္ဂဆရာရသေ့အဖြေ**

ကိုယ့်ထက်မြတ်သောသူတို့၏စကားကို ကြောက်ခြင်းကြောင့် သည်းခံရာ၏။ တူသောသူတို့၏ စကားကို ချုတ်ချယ်ခြင်း၌ အပြစ်ကို မြင်ခြင်းကြောင့် သည်းခံရာ၏။ ယုတ်သောသူတို့၏စကားကို အမှတ်မရှိသောသူသည်လည်း ခံရာ၏။ ထိုသည်းခံခြင်းကို မြတ်သောသည်းခံခြင်းဟူ၍ ပညာရှိတို့ ဆိုကုန်၏။

ကိုယ်နှင့်တူသူ၊ မြတ်သူ၊ ယုတ်သူကို အသို့သိနိုင်ရာအံ့နည်း၊ ယုတ်မာသောသူတို့၏အသွင်ဖြင့် သူတော်ကောင်းတို့သည်လည်း သွားတတ်

ကုန်၏။ ထို့ကြောင့် ခပ်သိမ်းသောသူတို့၏စကားကို သည်းခံရာ၏။ သည်းခံခြင်းသည် ရန်ငြိမ်း၏၊ သူတော်ကောင်းတို့သာလျှင် သည်းခံတတ်သည်၊ စစ်တိုက်ကုန်သော မင်းစစ်သူကြီးတို့သည် သည်းမခံတတ်ဟု ဟောတော်မူ၏။

ထိုနောက် သိကြားမင်းသည် လူမင်းသုံးယောက်တို့၏ မေးလိုသော ဒဏ္ဍကီမင်းသည်တို့၏အကြောင်းကို မေး၍ အောက်ပါအတိုင်းဖြေလေသည်။

ဒဏ္ဍကီမင်းသည် ဝစ္ဆရသေ့ကို အညစ်အကြေးဖြင့် သွန်လောင်း၍ တိုင်းပြည်ပျက်ခါ ပြာပုံရေဲ၌ ခံရသည်။ နာဠိကေရမင်းသည် သူတော်ကောင်းရဟန်းတို့ကို ညှဉ်းဆဲ၍ ခွေးငရဲမှာ ခံရသည်။ အဇ္ဇုနမင်းသည် အင်္ဂီရသေ့ကို ညှဉ်းဆည်းပူး၍ လုံစူးငရဲ၌ ခံရသည်။ ကလာဗုမင်းသည် ခန္တိဝါဒီရသေ့ကို သတ်ဖူး၍ အဝီစိငရဲ၌ ခံရသည်ဟု ဖြေတော်မူ၏။

**သိကြားမင်းအမေး**

သီလရှိသူဟူသည် အဘယ်သူနည်း၊ ပညာရှိသူဟူသည် အဘယ်သူနည်း၊ သူတော်ကောင်းဟူသည် အဘယ်သူနည်း၊ အဘယ်သူကို အသရေမစွန့်သနည်း။

**သရဘင်္ဂဆရာ ရသေ့အဖြေ**

ကိုယ်နှုတ်နှလုံးဖြင့် စောင့်စည်းသည်ဖြစ်၍ မကောင်းသောအမှုကို မပြု၊ မုသားမဆိုသောသူသည် သီလရှိသူတည်း။

နက်နဲသော ပြဿနာကို ဖြေခြင်းငှာ စွမ်းနိုင်၏၊ ကြမ်းကြုတ်သော အမှုကို မပြု၊ စီးပွားခြင်း၏အကြောင်းကို မယိုယွင်းစေတတ်၊ ထိုသူသည် ပညာရှိမည်၏။

သူ့ကျေးဇူးကို သိတတ်သူ၊ သူ့ကျေးဇူးကို ဆပ်တတ်၏၊ အဆွေခင်ပွန်းကောင်းဖြစ်၏။ ဆင်းရဲသူအဆွေခင်ပွန်းမှုကို ဆောင်တတ်၏၊ ဤသူကား သူတော်ကောင်းမည်၏။

ဆိုခဲ့ပြီးသော ကျေးဇူးတို့နှင့် ပြည့်စုံသောသူ သဒ္ဓါတရားရှိ၏၊ ချစ်ဖွယ်သောစကားကို ဆိုတတ်၏။ ဒါန သီလစသည်ကို ဝေဖန်တတ်၏။ သူတစ်ပါးကို ချီးမြှောက်တတ်၏၊ နူးညံ့သောစကားရှိ၏၊ ထိုသူကို ဘုန်းကျက်သရေသည် မစွန့်ဟု ဖြေတော်မူ၏။

သိကြားမင်းက ရှင်ရသေ့ သီလ အသရေ သူတော်ကောင်းတို့၏ တရား၊ ပညာတရား ဤလေးပါးတို့တွင် အဘယ်တရားသည် အမြတ်ဆုံးနည်းဟု လျှောက်ထားလေရာ သီလ အသရေ သူတော်ကောင်းတို့၏ တရားသည် ပညာရှိသူသို့ အစဉ်လိုက်ကုန်၏၊ နက္ခတ်တာရာကြယ်တကာတို့၏ မင်းဖြစ်သော လမင်းနှင့်တူသောကြောင့် ပညာသည်သာလျှင် မြတ်၏ဟု ဖြေတော်မူ၏။

အဘယ်မည်သောအမှုကို ပြုသောသူ၊ အဘယ်သို့ပြုသောသူ၊ အဘယ်ကိုကျင့်သောသူ၊ အဘယ်ကို မှီဝဲသောသူသည် ပညာကို ရသနည်းဟု လျှောက်ထားလေရာ နူးညံ့သိမ်မွေ့သော အကြောင်းကို သိခြင်းဌာ စွမ်းနိုင်သော များသောအကြားအမြင်ရှိသောသူတို့ကို မှီဝဲရာ၏၊ ပါဠိသင်ကြြ်း၊ မေးခြင်း၊ တရားနာခြင်းရှိသောသူသည် ပညာရှိမည်၏။ ပညာရှိသည် ကာမဂုဏ်တို့ကို အနိစ္စ ဒုက္ခ ရောဂါအားဖြင့် ရှု၏။ ထိုသူသည်ကား ကာမဂုဏ်၌ တပ်ခြင်းကင်း၏၊ ထိုတပ်ခြင်းကင်းသူသည် ဒေါသကို ဖျောက်၍ မေတ္တာကို ပွား၏၊ သူတစ်ပါးကို မညှဉ်းဆဲတတ်၍ မကဲ့ရဲ့အပ်၊ ဗြဟ္မာ့ပြည်သို့ ရောက်၏ဟု ဟောတော်မူရာ မင်းစသည်တို့သည် ကာမဂုဏ်၌ တပ်ခြင်းကင်းကာ ပြန်သွားကြလေသည်။

ဂါထာ ဣမာ အတ္ထဝတီ သုဗျဉ္ဇနာ။
သုဘာသိတာ ဣသိနာ ပဏ္ဍိတေန။
ယော ကောစိ မာ အဋ္ဌိ ကတွာ သုဏေယျ၊
လဘေထ ပုဗ္ဗာပရိယံ ဝိသေသံ၊
လဒ္ဓါန ပုဗ္ဗာပရိယံ ဝိသေသံ၊
အဒဿနံ မစ္စုရာဇဿ ဂစ္ဆေ။

(စတ္တာလီသနိပါတဇာတ်ပါဠိတော်၊ ၁၂)

ဘိက္ခဝေ-ရဟန်းတို့၊ ပဏ္ဍိတေန-ပညာရှိသော၊ ဣသိနာ-သရဘင်္ဂရသေ့သည်၊ သုဘာသိတာ-ကောင်းစွာဟောအပ်ကုန်သော၊ အတ္ထဝတီ-မြတ်သောအနက်ရှိကုန်ထသော၊ သုဗျဉ္ဇနာ-သန့်ရှင်းစင်ကြယ်သောသဒ္ဒါရှိကုန်ထသော၊ ဣမာ ဂါထာ-ဤဂါထာတို့ကို၊ ယောကောစိ-အမှတ်မရှိတစ်စုံတစ်ယောက်သောသူသည်၊ အဋ္ဌိ ကတွာ-အရိုအသေပြု၍၊ သုဏေယျ-နာရာ၏။ သော-ထိုသူသည်၊ ပုဗ္ဗာပရိယံ-ရှေ့နောက်ဖြစ်သော၊ ဝိသေသံ-ထူးခြားအစရှိသော တရားအထူးကို၊ လဘေထ-လဘေယျ-ရရာ၏။ ပုဗ္ဗာစရိယံ ဝိသေသံ-ရှေ့နောက်ဖြစ်သောထူးခြားအစရှိသော တရားအထူးကို၊ လဒ္ဓါန-ရ၍၊ မစ္စုရာဇဿ-သေမင်း၏၊ အဒဿနံ-မမြင်ရာသို့၊ ဂစ္ဆေ-ရောက်ရလတ္တံ့သည်သာတည်း။

* * * *

## လင်မုဆိုး မယား သောတာပန်

ရာဇဂြိုဟ်ပြည်၌ သူဌေးသမီးတစ်ယောက်ကို မိဘတို့က အလုပ်အကျွေးတစ်ယောက်နှင့် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ပေါ်၌ ထား၏။

တစ်နေ့သ၌ သူမသည် တံခါးဖွင့်၍ ညနေလမ်းခရီးကို ကြည့်နေစဉ် ကျော့ကွင်းငါးရာ လှံငါးရာတို့ဖြင့် သားသမင်ငါးရာတို့ကို သတ်၍ လှည်းပေါ်မှာ တင်ပြီး ရောင်းရန် မြို့ထဲသို့ ဝင်လာသည်ကို မြင်၍ တပ်နှစ်သက်သောစိတ်သည် ပြင်းပြ၏။

သူမသည် အလုပ်အကျွေးနှင့် တိုင်ပင်၍ ထိုမုဆိုးအား အစာပေးခါ အချိန်းအချက်ပြုပြီး မထင်မရှား ညစ်ပေနေသော အဝတ်များကို ဝတ်၍ ရေချိုးရန် မြစ်ဆိပ်သို့ သွားသကဲ့သို့ မုဆိုးလာမည့်လမ်းမှ စောင့်နေ၏။

အတန်ကြာ မုဆိုးလှည်းနှင့် တွေ့၍ တင်ဆောင်သွား၏။ မိဘတို့သည် ဟိုဟိုဒီဒီ လိုက်ရှာပါသော်လည်း မရ၍ မတကာဘတ္တံ ကရိသု သပိတ်သွတ်ကြ၏။

သူမသည် ၎င်းမုဆိုးနှင့် သားခုနစ်ယောက်မွေးဖွား၏၊

ဘုရားရှင်သည် အမိ သားခုနစ်ယောက် ချွေးမခုနစ်ယောက်တို့ သောတာပန်ဖြစ်အံ့သည်ကို မြင်တော်မူ၏၊ သားသမင်များကို ထောင်ထားရာသို့ ကြွတော်မူ၏။ ထိုနေ့ ထိုမုဆိုးအား သားသမင်တစ်ကောင်မျှ မရပေ။ ဘုရားရှင်သည် ကျော့ကွင်းနား၌ ခြေရာပြ၍ အနီးအနားသစ်ပင်ရိပ်မှာ ထိုင်နေတော်မူ၏။

မုဆိုးသည် ထောင်ထားသော ကျော့ကွင်းများကို စောစောစီးစီး လာ၍ ကြည့်ရာ သားသမင်တစ်ကောင်မျှ မမိဘဲ ဘုရားရှင်၏ ခြေရာသာ တွေ့၏။

သားခုနစ်ယောက်တို့သည် မိခင်အား သွား၍ ပြောပြီး ဤပုဂ္ဂိုလ်သည် ငါတို့ဖခင်ကို ဒုက္ခရောက်အောင် ပြုလုပ်ထားသောသူဖြစ်လိမ့်မည်ဟု လေးကိုယ်စီနှင့် ပစ်ရာ မြားမသွားဘဲ ဖခင်မှာ ပင်ပန်းလျက်သာ နေကြ၏။

သူဌေးသမီးသည် လာလတ်၍ ထိုအကြောင်းအရာကို မြင်သဖြင့် ငါ၏ ဖခင်အား မဖျက်ဆီးကြပါလင့်ဟု အော်၏။ ထိုအော်သံကို ကြား၍ မုဆိုးသည် ငါ၏ယောက္ခမအား ဝန်လေးသောကံကို ပြု၏၊ သားတို့ကလည်း ငါ၏အဘိုးအား ဝန်လေးသောကံကို ပြု၏ဟု မေတ္တာစိတ်ဖြစ်လာကြ၏။ ဘုရားရှင်ကိုလည်း တောင်းပန်၏။ သူဌေးသမီးသည် သူတို့၏ လေးမြားတို့ကိုလည်း ဖယ်ရှားပစ်၏။

ဘုရားရှင်သည် သူတို့၏ နူးညံ့သောစိတ်ကို သိ၍ တရားဟောတော်မူ၏၊ ဒေသနာတော်၏အဆုံး၌ မုဆိုးသည် သားခုနစ်ယောက် ချွေးမခုနစ်ယောက်တို့နှင့် သောတာပန်ဖြစ်သည်။

ဘုရားရှင်သည် ရဟန်းတို့အား ယခုအခါ မုဆိုးနှင့်တကွ သားခုနစ်ယောက်၊ ချွေးမခုနစ်ယောက် သောတာပန်ဖြစ်ပြီး မယားသည်ကား အမိအဖအိမ်မှာ နေစဉ်ကပင် သောတာပန်ဖြစ်ပြီးပြီ။

ရဟန်းတို့က ၎င်းအမျိုးသမီးသည် သောတာပန်ဘဝနှင့် သားခုနစ်ယောက်ရသည်၊ လင်ကို လေးမြားစသည် ပြုပြင်ပေးသည်၊ ပါဏာတိပါတကံကို ပြုသည်ဟု ဘုရားရှင်ကို လျှောက်ကြ၏။

ဘုရားရှင်က အနာမရှိ လက်ကို ဆားရေမှာ နှစ်စေသော်လည်း မနာသကဲ့သို့ အကုသိုလ်စေတနာမရှိ၍ ပါဏာတိပါတ မဖြစ်ဟု ဟောတော်မူ၏။

ပါဏိမှိ စေ ဝဏော နဿ၊ ဟရေယျ ပါဏိနာ ဝိသံ။

နာဗ္ဗဏံ ဝိသမန္ဝေတိ၊ နတ္ထိ ပါပမကုဗ္ဗတော။ (ဓမ္မပဒပါဠိ၊ ၃၁)

ပါဏိမှိ–လက်ဝါးပြင်၌၊ ဝဏော–အမာသည်၊ စေ နာဿ–အကယ်၍ မရှိသည်ဖြစ်အံ့၊ ပါဏိနာ–လက်ဖြင့်၊ ဝိသံ–အဆိပ်ကို၊ ဟရေယျ–ကိုင်နိုင်၏။ ဝိသံ–အဆိပ်သည်၊ အဗ္ဗဏံ–အဆိပ်မရှိသော လက်ကို၊ န အန္ဝေတိ–အစဉ်မလိုက်၊ ဧဝံ တထာ–ထို့အတူ၊ အကုဗ္ဗတော–သေစေလိုသော စေတနာဖြင့် မပြုသောသူအား၊ ပါပံ–မကောင်းမှုသည်၊ နတ္ထိ–မရှိ။

နောက် ဘုရားရှင်အား ရဟန်းတို့သည် သူတို့၏ သောတာပန် ဖြစ်အံ့သောအကြောင်း၊ သောတာပန်မသည် မုဆိုးအိမ်သို့ ရောက်လာ ရကြောင်းကို မေးကြ၍ အတိတ်ကို ဆောင်တော်မူ၏။

ကဿပဘုရားရှင်၏ ဓာတ်တော်များကို စေတီတည်ကြစဉ် မြေတို့၊ ရေတို့ ဘယ်က ရမလဲဟု ပြောဆိုကြ၏။ သူတို့အား ဆေးဒန်းမြင်း သီလာသည် မြေ၊ နှမ်းဆီသည် ရေတည်းဟု ဆေးဒန်းမြင်းသီလာကို ထောင်း၍ နှမ်းဆီဖြင့် နယ်ခါ အုတ်ကို ဆက်စပ်ပြီး ရွှေဖြင့် စီကြကုန်၏။ အပြင်မှာကား ရွှေအုတ်တည်း၊ အုတ်တစ်ချပ်တစ်သိန်းတန်သည်။

ထိုသူတို့သည် ဓာတ်တော်ကို ကိန်းဝပ်စေသောအခါ များစွာ ဥစ္စာလိုသည်၊ ဘယ်သူမတည်မလဲဟု တိုင်ပင်ကြ၏။ ထိုအခါ တောသူဌေး တစ်ယောက်သည် ရွှေတစ်ကုဋေထည့်၏။ ထိုအခါ လူတို့က တောသူ ဌေးက ခေါင်းဆောင်၏၊ မြို့သူဌေးကား မလှူရဲ သတ္တိမရှိဟု ပြောကြ၏။

နောက် တောသူဌေးနှင့်မြို့သူဌေးတို့သည် သူက တစ်ကုဋေဆို ကျွန်တော်နှစ်ကုဋေ သူက နှစ်ကုဋေဆို ကျွန်တော်သုံးရေကုဋေ ပြိုင်ဆိုင်

ကြ၏။ ထိုအခါ တောသူဌေးမှာ ကိုးကုဋေ၊ မြို့သူဌေးမှာ ကုဋေလေးဆယ် ချမ်းသာသည်။

နောက်ပိတ်ဆုံး တောသူဌေးသည် ကိုးကုဋေထည့်မည်ဟု ပြောက ငါ့မှာ ကြေးငွေမရှိခြင်းကို လူသိမည်ဟု ကြံ၍ ငါသည် သားခုနစ်ယောက် ချွေးမခုနစ်ယောက် မယားနှင့်တကွ စေတီတော်အား ကျွန်ခံမည်ဟု စေတီ တော်အား အပ်နှင်း၏။

မြို့သူဌေးသည် ကြေးငွေကား တတ်ကောင်း၏၊ သို့သော် သူတို့ မိသားစုကား စေတီတော်၌ ကျွန်ခံ၏၊ ထိုကြောင့် ထိုသူကို စေတီတော်၏ အကြီးအကဲလုပ်ပါဟု ပြောလေ၏။

သူတို့မိသားစု သေ၍ နတ်ပြည်မှာ ဖြစ်ကြ၏။ ဘုရားနှစ်ဆူကြား ကာလပတ်လုံး လူ့ပြည်နတ်ပြည်တို့၌ ကျင်လည်၍ ငါဘုရားရှင်လက် ထက်၌ သူမသည် သူဌေးသမီးဖြစ်လာ၏၊ သောတာပန်ဖြစ်သည်၊ လင် မှဆိုးဖြစ်သည်၊ ထို့ကြောင့် သူဌေးသမီးသည် မုဆိုးအား မြင်ရုံနှင့် တပ် နှစ်သက်သည်။

ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္စုပ္ပန္နဟိတေန ဝါ။
ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝ ယထောဒကေ။

(ဓမ္မပဒအဋ္ဌကထာပါဠိ၊ ဣန္ဒသာသယမူ၊ ၂၀)

ပုဗ္ဗေဝ–ရှေးဘဝ၌သာလျှင်၊ သန္နိဝါသေန–အတူနေဖူးခြင်းကြောင့် ၎င်း၊ ပစ္စုပ္ပန္နဟိတေန ဝါ–ပစ္စုပ္ပန်၌ အကျိုးစီးပွားကို ဆောင်သဖြင့်၎င်း၊ ဥဒကေ–ရေ၌၊ ဥပ္ပလံဝ–ကြာကဲ့သို့၊ ဧဝံ–ဤအတူ၊ တံ ပေမံ–ထိုချစ် ခြင်းသည်၊ ဇာယတေ–ဖြစ်သည်သာတည်း။

* * * *

## အနာထပိဏ်သူဌေးသားကာလ

အနာထပိဏ်သူဌေးသားကာလသည် ဖခင်ကား သဒ္ဓါတရားရှိ၏၊ ဘုရားရှင်အား ဆည်းကပ်၏၊ တရားနာ၏၊ သံဃာကို ရှိသေ၏၊ သို့သော် ဖခင်နှင့် ပြဒါးတစ်လမ်း သံတစ်လမ်းလိုနေ၏၊ ဖခင်သည် ဤကဲ့သို့ နေပါမူ အဝီစိကိုသာ ရောက်ပေမည်။ သို့သော် လူတို့မည်သည် ဥစ္စာပေးက မဖြစ်နိုင်သည်မရှိဟု စိတ်ကူး၍ ချစ်သား သင်သည် ဥပုသ် တစ်ရက်စောင့်က ငွေတစရာပေးမည်ဟု ပြော၍ ဥပုသ်သွားပြီ စောင့်၏၊ ဥပုသ်စောင့်သော် တရားမနာဘဲ အိပ်စားပြီး ပြန်လာ၏။

နောက်တစနေ့ ဖခင်က ချစ်သား ဘုရားရှင်ထံမှ တရားတစ်ပုဒ် သင်၍ ပြန်လာက ငွေတစ်ထောင်ပေးမည်ဟု ပြော၏။ သားကာလသည် ထိုနေ့၌ တရားနာရာ သောတာပန်ဖြစ်လေသည်။ သားကာလသည် ဘုရား အမှူးရှိသော သံဃာတို့နှင့် ဆွမ်းခံအတူတူပါလာ၏။

ဖခင်က ငါ့ ချစ်သား ဥပုသ်စောင့်က ငွေတစ်ထောင်ပေးမည်ဟု ဝန်ခံ၏။ သို့အတါက် ငွေတစ်ထောင်ယူပါဟု ထုတ်၍ ပေး၏၊ သားကာလ ကား မယူပေ။

ထိုအခါ ဘုရားရှင်သည် အောက်ပါဒေသနာတော်ကို ဟောတော် မူ၏။

ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ဝါ။
သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိဖလံ ဝရံ။
(ဓမ္မပဒပါဠိတော်၊ ၄၀)

ပထဗျာ ဧကရဇ္ဇေန–စကြာမင်အဖြစ်ထက်ရင်း၊ သဂ္ဂဿ ဂမနေ န ဝါ–နတ်ပြည်သို့ ရောက်ရခြင်းထက်ရင်း၊ သဗ္ဗလောကာဓိပစ္စေန–အလုံး

စုံသော လောကကို အစိုးရသည့်ထက်ဝင်း၊ သောတာပတ္တိဖလ်-သောတာပတ္တိဖိုလ်သည်၊ ဝရံ-မြတ်သည်သာတည်း။

* * * *

## စက္ကဝတ္တိသုတ်

ဘုရားရှင်သည် မဂဓရောဇ်တိုင်း မာတုလာမည်သောမြို့၌ နေတော်မူစဉ် ဤသုတ်ကို ဟောတော်မူ၏။

အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ အတ္တသရဏာ အနညသရဏာ ဓမ္မဒီပါ ဓမ္မသရဏာ အနညသရဏာ။ (သုတ်ပါထေယျပါဠိ၊ စက္ကဝတ္တိသုတ်၊ ၄၈)

ဘိက္ခဝေ-ရဟန်းတို့၊ အတ္တဒီပါ-မိမိသည်သာလျှင် ကိုးကွယ်ရာရှိကုန်သည်ဖြစ်၍၊ အတ္တသရဏာ-မိမိသည်သာလျှင် ကိုးကွယ်ရာရှိကုန်သည်ဖြစ်၍၊ အနညသာရဏာ-တခြားတစ်ပါးသည် ကိုးကွယ်ရာမရှိကုန်သည်ဖြစ်၍၊ ဓမ္မဒီပါ-တရားသည်သာလျှင် ကိုးကွယ်ရာရှိကုန်သည်ဖြစ်၍၊ ဓမ္မသရဏာ-တရားသည်သာလျှင် ကိုးကွယ်ရာရှိကုန်သည်ဖြစ်၍၊ အနညသာရဏာ-တခြားတစ်ပါးသည် ကိုးကွယ်ရာမရှိကုန်သည်ဖြစ်၍၊ ဝိဟရထ-နေကြပါကုန်လော။

ဘုရားရှင်သည် သတိပဋ္ဌာန်လေးပါးကို ဟောတော်မူ၏။

မိမိတို့၏ မိဘဘိုးဘွားမှ ဆင်းသက်လာသော သတိပဋ္ဌာန်လေးပါးတည်းဟူသော အာရုံ၌ မကျက်စားကြအံ့၊ မာရ်နတ်သည် အခွင့်ရသွားမည်။

ဘီလုံးငှက်သည် ကျက်စားနေကျ ထွန်ကျစ်စာကြား၌ မကျက်စားဘဲ တခြားနေရာ၌ ကျက်စားငြားအံ့၊ သိန်းစွန်ထိုးသုတ်ခံရသည်နှင့် တူပေမည်။

ကုသိုလ်တရားကို ဆောက်တည်က ကုသိုလ်ပွားမည်။

ရှေးအခါက ဒဋ္ဌနေမိမည်သော လေးကျွန်းစကြာမင်းဖြစ်ဖူးသည်၊ စကြာရတနာ ဆင်ဖြူရတနာ မြင်းဖြူရတာ ပတ္တမြားရတနာ မိဖုရားရတနာ သူကြွယ်ရတနာ တည်းဟူသော ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံသည်၊ အလိုရှိတိုင်း ပြီးပြည့်စုံ၏၊ ရဲရင့်ကုန်သော ထောင်ပေါင်းများစွာသော သားတို့ ရှိကုန်၏၊ လေးကျွန်းကို တရားသဖြင့် လွှမ်းမိုးနိုင်၏။

စကြာမင်းက နှစ်ပေါင်းများစွာ ကြာလတ်သော် မင်းချင်းတစ်ယောက်က စကြာရတနာသည် နေရာမှ ရွေ့လျော့ကြောင်း လျှောက်၏။ ထိုအခါ စကြာမင်းသည် သားကြီးကို ခေါ်၍ စကြာရတနာသည် နေရာမှ ရွေ့၏။ ငါလည်း အသက်ကြာကြာ နေရလိမ့်မည် မထင်ပေ။ လူတို့၏ ကာမဂုဏ်ကို ခံစားပြီးပြီ၊ နတ်တို့၏အာရုံကို ခံစားတော့မည်၊ သင်သည် သမုဒ္ဒရာအဆုံးရှိသော မြေကြီးကို အုပ်ချုပ်ရစ်ပါ၊ ငါသည် ရဟန်းပြုအံ့ဟု မိန့်ဆိုလေသည်။

ရဟန်းပြု၍ ခုနစ်ရက်ရှိလတ်သော် စကြာရတနာသည် ကွယ်လေသည်။ သားကြီးမင်းသားအား ပြောကြရာ သားကြီးမင်းသည် နှလုံးမသာမယာဖြစ်သည်။ ဖခင်စကြာမင်း ရသေ့ရဟန်းက ဥယျာဉ်၌ နေစဉ် သားကြီးအား ဤစကြာရတနာသည် မိဘ ဘိုးဘွား၏အမွေမဟုတ်၊ သူတော်တရားကို ကျင့်သောသူအား ရေမိုးချိုးပြီ၊ ဥပုသ်စောင့်လျှင် စကြာရတနာပေါ်လာတတ်သည်ဟု ပြော၏။

စကြာရတနာပေါ်လာကြောင်း အရိယာတို့၏ တရားဟူသည် ရဟန်း ပုဏ္ဏားမှစ၍ ပေးကမ်းသင့်သည်ကို ပေးကမ်း သည်းခံစရာရှိက သည်းခံခြင်းစသည်ကို ကျင့်က စကြာရတာပေါ်လာတတ်သည် မိန့်ဆို သည့်အတိုင်း ကျင့်လေလျှင် စကြာရတနာပေါ်လာလေ၏။

စကြာမင်းတို့သည် အထက်ပါနည်းအတိုင်း ရဟန်းပြုကြ၏။

နောင်သောအခါ လူများတို့သည် ပစ္စည်းဥစ္စာမရှိသူတို့ အားပေး ကမ်းခြင်းမရှိ၍ ဆင်းရဲသူများလာ၏၊ ဆင်းရဲသူများ၍ သူခိုးပေါ်၏၊ လက် နက်များလာ၏၊ သတ်မှု ခိုးမှုစသည် ပေးများလာ၏၊ အသက် အရွယ် အဆင်းစသည် ဆုတ်ယုတ်လာ၏၊ အဆင်းရှိသူကို တပ်မက်ကြ၏၊ အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိ ပေါ်များလာ၏၊ သားသမီးသားမယား ကျင့် ဝတ်စသည် ဆုတ်ယုတ်လာ၏။

အသက်ဆယ်နှစ်တမ်းရှိစဉ် ငါးနှစ်သမီးများ မဂ်လာဆောင်၏၊ မြတ်သော ထောပတ် ဆီဦးစသော အရသာကွယ်ပျောက်၏၊ သုစရိုက် ပျောက်၊ ဒုစရိုက်ရောက်၏၊ ခွေး ဝက် ကြက် ငှက်ပမာ ညီအစ်ကို မောင်နှမ စသည်၌ ကာမဂုဏ်မြူးတူးလာ၏။

ကပ်ကြီးသုံးပါးဆိုက်လာ၏၊ ကမ္ဘာကြီးပျက်၏၊ နောက် သုစရိုက် တရား ပွားလာ၍ အသက် အဆင်းစသည် တိုးပွားလာသည်။

အသက်ရှစ်သောင်းအသက်ရှည်စဉ် လူတို့၌ တပ်မက်ခြင်း၊ ဆာ လောင်ခြင်း၊ အိုခြင်း၊ အနာသုံးမျိုးသာ ဖြစ်လတ္တံ့၊ တိုင်းပြည်မြို့ရွာ ကြက် ပျံမကျ စည်းကားပြီး စကြာမင်းဖြစ်လတ္တံ့၊ စကြာရတနာစသော ရတနာ ခုနစ်ပါးပေါ်လတ္တံ့။

ဆုတ်ကပ်အနှစ်ရှစ်သောင်းရှည်လတ္တံ့သော ကမ္ဘာ၌ အရဟံစသော ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံသော အရိမေတ္တယျဘုရားရှင် ပွင့်လတ္တံ့၊ ရှေးဘုရားရှင်ကဲ့သို့ တရားဟောခြင်းစသည် ပြုလတ္တံ့၊ နောက် သခ်စကြာမင်းသည် အရိမေတ္တယျဘုရားရှင်၌ ရဟန်းပြုခါ ရဟန္တာဖြစ်လတ္တံ့။

နောက်ရဟန်းတို့သည် ဗောဓိပက္ခိယတရားများ ပွားများ၍ အသက်စသည်တိုးပွားလတ္တံ့။

ကုသလာနံ ဘိက္ခဝေ ဓမ္မာနံ သမာဒါနဟေတု ဧဝမိဒံ ပုညံ ပဝမုတိ။ (သုတ်ပါထေယျပါဠိတော်၊ စက္ကဝတ္တိသုတ်၊ ၆၅)

ဘိက္ခဝေ–ရဟန်းတို့၊ ကုသလာနံ–ကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မာနံ–တရားတို့ကို၊ သမာဒါနဟေတု–ဆောက်တည်ခြင်းဟူသော အကြောင်းကြောင့်၊ ဧဝံ–ဤသို့၊ ဣဒံ ပုညံ–ဤကုသိုလ်သည်၊ ပဝမုတိ–ပွားသည် သာတည်း။

* * * *

## အကိတ္တိဇာတ်

ရှေးအခါ ဗာရာဏသီပြည်၌ အကိတ္တိပုဏ္ဏားသည် ဘုရားလောင်းတည်း၊ ကုဋေရှစ်ဆယ်ကြွယ်ဝသော ဗြာဟ္မဏမဟာသာလပုဏ္ဏားမျိုး၌ ဖြစ်၏။ နှမယသဝတီတစ်ယောက်ရှိသည်၊ ဘုရားအလောင်းအကိတ္တိသည် တက္ကသိုလ်ပြည်မှ ပညာတတ်လာ၏။ သူသည် ပစ္စည်းဥစ္စာများကို ကြည့်၍ မိဘများကား မယူသွားနိုင်၊ ငါကား ယူသွားအံ့ဟု နှမအား ငါသည် ရဟန်းပြုမည်၊ ဤပစ္စည်းဥစ္စာများကို ယူပါဟု ဆို၏။ နှမလည်း မောင်ကြီး တံထွေးပေါက်ကို ခေါင်းနှင့် မခံပါဟု ပြော၍ မင်းနှင့် တိုင်ပင်ပြီး အကိတ္တိပုဏ္ဏား၏ပစ္စည်းဥစ္စာများကို ယူချင်သူယူနိုင်သည်ဟု စည်လည်၏။

ထိုနောက် နှမငယ်ကို ခေါ်၍ တောသို့ ရသေ့ရဟန်းပြုနေကြ၏။ တချို့လည်း အတူလာ၍ ရသေ့ရဟန်းပြုနေကြ၏။ ပရိသတ်များ လာ၍ နေရာပြောင်းခါ တစ်ပါးတည်းနေ၏၊ ဘုရားလောင်းသည် ကာရဒီပကျွန်း၌ ကံပြင်းသီး ကံပြင်းရွက်ကိုသာ ပြုတ်စားနေ၏၊ သိကြားမင်းသည် စူးစမ်းလို၍ ပုဏ္ဏားအသွင်ဖြင့် သွား၍ အလှူခံ၏၊ သုံးရက်လာ၍ အလှူခံ၏၊ လှူ၏၊ မစားဘဲ နေ၏။

လေးရက်မြောက်၌ နတ်၏အသွင်ဖြင့် လာလတ်၍ ဘယ်အတွက် ကျင့်သနည်းဟု မေး၏။ ခန္ဓာကိုယ်သည် ပျက်စီးတတ်၍ နိဗ္ဗာန်အတွက် ကျင့်၏ဟု ဆို၏။ သိကြားမင်းက လိုသောဆုကို တောင်းစေဟု ဆိုရာ သတ္တဝါတို့သည် သားသမီးဥစ္စာစသည်ဖြင့် မရောင့်ရဲကုန်၊ ထိုလောဘသည် ကျွန်ုပ်အား မဖြစ်စေနှင့် ဆို၏။ ပစ္စည်းဥစ္စာ ဆုံးရှုံးက ဒေါသဖြစ်တတ်၏။ ထိုဒေါသသည် ကျွန်ုပ်အား မဖြစ်စေပါနှင့်၊ လူမိုက်များနှင့် မတွေ့ရ မမြင်ရ လိုပါ။ ပညာရှိနှင့် သားတွေ့ရပါလို၏။ ကျွန်ုပ်သည် အမြဲလှူလိုပါ၏၊ သင်နတ်မင်းကိုမြင်က ကျွန်ုပ်အား ခြိုးခြံသောအကျင့်သည် မေ့ပျောက်တတ်၍ သင်သိကြားမင်းအား မမြင်ရပါလို၏ဟု ပြော၏။

တံ တာဒိသံ ဒေဝဝဏ္ဏံ၊ သဗ္ဗကာမသမိဒ္ဓိနံ။

ဒိသွာ တပေါ ပမဇ္ဇေယျ၊ တော် တေ ဒဿနေ ဘယံ။

(တေရသနိပါတ်အကိတ္တိဇာတ်)

သက္က–သိကြားမင်း၊ သဗ္ဗကာမသမိဒ္ဓနံ–ခပ်သိမ်းသော ကာမဂုဏ်နှင့် ပြည့်စုံသော၊ တံ တာဒိသံ–သင်သိကြားမင်းနှင့်တူသော၊ ဒေဝဝဏ္ဏံ–နတ်အဆင်းကို၊ ဒိသွာ–မြင်၍၊ တပေါ–ခြိုးခြံသောအကျင့်သည်၊ ပမဇ္ဇေယျ–မေ့လျော့ရာ၏၊ တော်–ဤသို့မေ့လျော့ခြင်းသည်၊ တေ–သင်သိကြားမင်းအား၊ ဒဿနေ–မြင်ငြမ်း၌၊ ဘယံ–ဘေးတည်း။

## ပါနီယဇာတ်

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ဤဒေသနာတော်ကို ဟောတော်မူသည်။

ရှေးအခါက ကာသိတိုင်း တစ်ခုသောရွာမှ လူနှစ်ယောက်တို့သည် ရေဗူးကိုယ်စီနှင့် အလုပ်သွား၍ လုပ်ကြစဉ် တစ်ယောက်သောသူသည် တစ်ယောက်သောသူ၏ ရေဗူးကို ခိုး၍ သောက်မိသောကြောင့် သံဝေဂရခါ တရားအားထုတ်ရာ ပစ္စေကဗုဒ္ဓါဖြစ်လေသည်။ နောက်တစ်ယောက်က အိမ်ပြန်ရန် ခေါ်ရာ ပစ္စေကဗုဒ္ဓါဖြစ်နေ၍ မလိုက်လိုကြောင်းကို ပြော၏။ ပစ္စေကဗုဒ္ဓါဆိုသည်မှာ ဘယ်ကဲ့သို့နည်းဟု မေးရာ သူသည် ခေါင်းကို ပွတ်ကြည့်၏။ ထိုခဏ၌ ဆံပင်လက်နှစ်သစ် ပရိက္ခရာရှစ်ပါးအစုံနှင့် ဖြစ်သွားပြီး ဈာန်ယာဉ်စီးကာ နန္ဒမူလိုဏ်ဂူသို့ ကြွသွားလေသည်။

ရင်းရွာ၌ တစ်ယောက်သောသူကြွယ်သည် လင်းမယားနှစ်ယောက် သွားရာ၌ မယားကို ဣန္ဒြေဖျက်၍ ကြည့်စဉ် သတိရမိ၍ တရားအားထုတ်ရာ ပစ္စေကဗုဒ္ဓါဖြစ်ပြီး နန္ဒမူလိုဏ်သို့ ကြွသွားလေ၏။

ရင်းရွာ၌ သားအဖနှစ်ယောက် ခရီးသွားကြရာ ရင်းတော၌ သူခိုးဓားပြတို့သည် သားကို လွှတ်၍ ဖခင်အား ဥစ္စာဆောင်ခိုင်း၏။ သို့မဟုတ် ဖခင်အား လွှတ်၍ သားကို ဥစ္စာဆောင်ခိုင်း၏။ နည်းတူ ဆရာနှင့်တပည့်ကို တွေ့ရာ တစ်ယောက်ယောက်ကို ဖမ်း၍ တစ်ယောက်ယောက်ကို ဥစ္စာဆောင်ခိုင်းသည်။ ထိုအခါ သားအဖနှစ်ယောက်တို့ကို ဖမ်းမိ၍ အဘယ်သို့တော်ကြသနည်းဟု မေးရာ ဘာမှ မတော်ဟု သားက ပြောပြီး၍ လမ်းတစ်ဝက်ရောက်က သားသည် မုသာဝါဒကို ကောက်၍ တရားအားထုတ်ရာ ပစ္စေကဗုဒ္ဓါဖြစ်၍ နန္ဒမူလိုဏ်သို့ သွားလေသည်။

ၐင်းရွာ၌ တစ်ယောက်သော ရှာစားသည် သားကြီးငါးကြီးများ ကို မသတ်ရဟု ဥပဒေပြုပြီးမှ နောက်ခွင့်ပြုမိ၍ ၐင်းအကုသိုလ်ကို သတိရကာ တရားအားထုတ်ရာ ပစ္စေကဗုဒ္ဓါဖြစ်ပြီး နန္ဒမူလှိုင်သို့ ကြွသွားလေသည်။

ၐင်းရွာ၌ တစ်ယောက်သော ရှာစားသည် သေရည်အရက်ကို ပိတ်ပင်ထားပြီးမှ နောက်ခွင့်ပြုမိသည့်အတွက် သတိရကာ တရားအားထုတ်ရာ ပစ္စေကဗုဒ္ဓါဖြစ်၍ နန္ဒမူလှိုဏ်သို့ ကြွသွားလေ၏။

နောက်တစ်နေ့ ၐင်းပစ္စေကဗုဒ္ဓါငါးပါးတို့သည် ဗာရာဏသီမင်း ဘုရားလောင်း၏နန်းတော်သို့ ဆွမ်းခံကြွကြ၏။ မင်းက မေး၍ သူတို့၏ ဇာတ်ကြောင်းကို မိန့်တော်မူကြ၏၊ မင်းသည် လှူဒါန်းပြီး၍ ပစ္စေက ဗုဒ္ဓါတို့သည် ပြန်ကြွသွားလေသည်။

မင်းသည် သတိရကား တရားအားထုတ်ရာ ဈာန်ရသည်၊ ကာမ ဂုဏ်တို့၏အပြစ်ကိုလည်း ပြောကြား၏၊ ကာမဂုဏ်တို့သည် စက်ဆုတ် ဖွယ်ရှိကုန်၏၊ ငါသည် ကာမဂုဏ်တို့ကို မှီဝဲက ဤတရားကို ရမှာ မဟုတ်၊ မိဖုရားနှင့်ကား ဆန့်ကျင်၏၊ မိဖုရားက ကာမဂုဏ်တို့သည် များသော သာယာဖွယ်ရှိကုန်၏၊ ကာမဂုဏ်ကို ခံစားက နတ်ပြည်၌ ဖြစ်တတ်၏ဟု ဆို၏။ မင်းက ကာမဂုဏ်တို့သည် နည်းသောသာယာခြင်းရှိကုန်၏၊ ကာမ ဂုဏ်ကို ခံစားက ဒုက္ခတွေ့ရ၏၊ ငရဲရောက်တတ်၏၊ သံလျက် လှံမ ထက်ဆိုးဝါး၏၊ မီးကျီးတွင်း နေပူထက် ပူလောင်၏၊ လတ်တလော သေစေ တတ်သောအဆိပ်နှင့်တူ၏၊ ကြေးနီးပူနှင့်တူ၏ဟု ဆို၏။ မင်းသည် တိုင်းသူ ပြည်သားတို့အား တိုင်းပြည်ကို အပ်ကာ ဟေမဝန္တာသို့ ကြွသွား၍ ရသေ့ ရဟန်းပြုပြီး ဗြဟ္မာ့ပြည်သို့ ရောက်၏။

ဝိသံ ယထာ ဟလာဟလံ၊ တေလံ ပက္ကုထိတံယထာ။

တမ္ဗလောဟံ ဝိလီနံ့ဝ၊ ကာမာ ဒုက္ခတရာ တတော။

ဟလာဟလံ–လတ်တလော သေစေတတ်သော၊ ဝိသံ ယထာ–အဆိပ်နှင့်တူ၏၊ ပက္ကုဓိတံ–ကျိုက်ကျိုက်ဆူဝေသော၊ တေလံ ယထာ–ဆီနှင့်တူ၏၊ ဝိလီနံ–မီးဖြင့် ချက်၍ ကြေသော၊ တမ္ဗလောဟံ ဣဝ–ကြေးနီရေနှင့်တူ၏၊ တတော–ထိုအဆိပ် မီးပူ ကြေးနီရေတို့ထက်၊ ကာမာ–ကာမဂုဏ်တို့သည်၊ ဒုက္ခတရာ–အလွန်ဆင်းရဲကုန်သည်သာ တည်း။ (ကောဒကနိပါတ်၊ ပါနီယဇာတ်)

* * * *

## ယုဝဥ္စယဇာတ်

ရဟန်းတို့က ဘုရားရှင်သည် ရွှေနန်းစည်းစိမ်ဥစ္စာများကို စွန့်၍ တောထွက်ကာ သဗ္ဗညုတဉာဏ်ကို ရသည်ဟု ပြောဟောနေကြသည်ကို ဘုရားရှင်က ငါသည် ယခုအခါသာ တောထွက်သည်မဟုတ်၊ ရှေးကလည်း တစ်ဆယ့်ရှစ်ယူဇနာရှိသော ဗာရာဏသီပြည်၏ စည်းစိမ်ကို စွန့်၍ တောထွက်တော်မူဖူးသည်ဟု အတိတ်ကို ဆောင်တော်မူ၏။

ရှေးအခါ ရမ္မပြည်၌ သဗ္ဗဒတ္တအမည်ရှိသော ရမ္မမင်းသည် မင်းပြု၏၊ ဗာရာဏသီပြည်သည် ဥဒယဘဒ္ဒဇာတ်၌ သုရုန္ဓနမြို့မည်၏။ စူဠသုတသောမဇာတ်၌ သုဒဿနမြို့မည်၏။ သောဏနန္ဒဇာတ်၌ ဗြဟ္မဝဍ္ဎန မြို့မည်၏။ ခဏ္ဍဟာလဇာတ်၌ ပုပ္ဖဝတီမြို့မည်၏၊ သင်္ခြာဗြဟ္မဏဇာတ်၌ မောဠိနီမြို့မည်၏။ ဤယုဝဥ္စယဇာတ်၌ကား ရမ္မမြို့မည်၏၊ ထိုရမ္မမြို့၌ သဗ္ဗဒတ္တမင်းအား သားတစ်ထောင်ရှိ၏၊ ယုဝဥ္စယမည်သော သားကြီးအား အိမ်ရှေ့မင်းအဖြစ်ကို ပေး၏။

ဘုရားလောင်း ယုဝဥ္စယမင်းသားသည် မနက် ဥယျာဉ်သို့ သွား၍ သစ်ပင်များ မြက်များတို့၌ ဆီနှင်းပေါက်တို့ကို တွေ့ကား ဤသည်

တို့ကား အဘယ်နည်းဟု မေး၏၊ ဆီးနှင်းပေါက်တို့ဟု ပြောကြ၏။ ပြန်လာစဉ် မမြင်၍ မေးရာ နေရောင်ကြောင့် ပျောက်ပျက်သွားပြီဟု ပြောကြ၏။ ဘုရားလောင်းသည် ဤဆီနှင်းပေါက်များပျက်ပြယ်ရသကဲ့သို့ သတ္တဝါတို့၏အသက်သည်လည်း ပျက်စီးရသည်ဟု သံဝေရခါ ခမည်းတော်အား ရဟန်းပြုရန် ခွင့်တောင်း၏။ ခမည်းတော်က လိုရာကို ပြော၊ ပေးမည်၊ ရဟန်းမပြုပါနှင့်ဟု ဆို၏။ ဖခင်လိုသော အရာဝတ္ထု မရှိပါ။ မအိုရာ မနာရာ မသေရာကိုသာ လိုချင်ပါ၏ဟု ဆို၏။ မိခင်ကလည်း အတူနေချင်ပါ၏၊ ရဟန်းမပြုပါနှင့်ဟု ဆို၏။ မိခင် ဆီးနှင်းများ ပျက်ပြယ်ရသကဲ့သို့ သတ္တဝါတို့၏အသက်သည် အိုမင်းဆွေးမြေ့ရသည်၊ ဖခင် မိခင်သည် အကျွန်ုပ်၏ ရဟန်းပြုခြင်း၌ အန္တရာယ်ကို ပြုနေပါ၏၊ တားမြစ်ပေးပါဟု ဆို၏။ နောက် ညီတော်ယုဓိဋ္ဌိလပါ ရဟန်းပြုကြ၏၊ မိခင်ကား ငို၍ကျန်ရစ်၏။

သူတို့သည် ရသေ့ရဟန်းပြုကာ ဟိမဝန္တာ၌ နေ၏၊ သေလွန်က ဗြဟ္မာ့ပြည်သို့ ရောက်ကြသည်။

ဥဘော ကုမာရပဗ္ဗဇိတာ၊ ယုဓဉ္စယော ယုဓိဋ္ဌိလော။
ပဟာယ မာတာပ်တရော၊ သင်္ဂ ဆေတွာန မစ္စုနော။
(ကောဒသကနိပါတ်၊ ယုဓဉ္စယဇာတ်)

ဘိက္ခဝေ–ရဟန်းတို့၊ ယုဓဉ္စယော–ယုဓဉ္စယမင်းသားသည်လည်းကောင်း၊ ယုဓိဋ္ဌိလော စ–ယုဓိဋ္ဌိလမင်းသည်လည်းကောင်း၊ ဥဘော–နှစ်ပါးကုန်သော၊ ကုမာရာ–မင်းသားတို့သည်၊ မာတာပိတရော–မိဘတို့ကို၊ ပဟာယ–စွန့်၍၊ မစ္စုနော–မာရ်မင်း၏၊ သင်္ဂ–ရာဂ ဒေါသ မောဟဟူသော ကပ်ငြိခြင်းကို၊ ဆေတွာန–ဖြတ်၍၊ ပဗ္ဗဇိတာ–ရဟန်းပြုကြကုန်သည်သာတည်း။

## ဥဒယဘဒ္ဒဇာတ်

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် သာသနာ၌ မပျော်မွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ရှေးပညာရှိတို့သည် တစ်ဆယ့်နှစ်ယူဇနာရှိသော သုရုန္ဓနမြို့၌ မင်းပြုနေစဉ် နတ်သမီးနှင့်တူသော မိန်းမနှင့်တကွ အနှစ်ခုနစ်ရာပတ်လုံး ဣန္ဒြေကို ဖျက်၍ပင် မကြည့်ဖူးဟု အောက်ပါဒေသနာတော်ကို ဟောတော်မူ၏။

လွန်လေပြီးသောအခါ ကာသိတိုင်း သုရုန္ဓနမြို့၌ မင်းအား မိဖုရား၌ သားသမီးမရှိ၍ သားစုကို တောင်းရာ ဗြဟ္မာ့ပြည်မှ ဆင်းသက်လာသော ဘုရားလောင်းဥဒယဘဒ္ဒမင်းသားကို မွေးဖွား၏။ မကြာမီ မိဖုရားတစ်ယောက်၌ ဥဒယဘဒ္ဒါမင်းသမီးကို မွေးဖွား၏။ ဥဒယဘဒ္ဒကိုလေသာနှင့် ပတ်သက်၍ အိပ်မက်ပင် မမက်ဖူး။ မိဖတို့သည် ထီးနန်းဆက်ခံရန် အတွက် အိမ်ထောင်ပြုစေ၏။ မဖြစ်နိုင်အောင် ဘုရားအလောင်းက ရွှေရုပ်နှင့်တူသော သတို့သမီးကို ရသဖြင့် ပြုမည်ဟု ပြောလေရာ လူများက ရွှေရုပ်ထက်လှပသော ဥဒယဘဒ္ဒါမင်းသမီးနှင့် လက်ထပ်စေ၏။ တစ်ယောက်နှင့်တစ်ယောက် ဣန္ဒြေဖျက်၍ပင် မကြည့်ဖူး။

သူတို့သည် ရှေးဦးစွာ သေသောသူက အကြောင်းကို လာ၍ ပြောကြစတမ်းဟု ကတိကဝတ်ပြုကြ၏။ ဘုရားလောင်းဥဒယဘဒ္ဒမင်းသား သည် သေ၍ တာဝတိံသာ၌ သိကြားမင်းဖြစ်၏၊ နတ်၏စည်းစိမ်ဖြင့် ခုနစ်ရက်ပတ်လုံး မေ့နေ၏။ နောက်မှ သတိရကာ ရွှေပြည့်သော ရွှေခွက်ဖြင့် လာ၍ ဥဒယာဘဒ္ဒါမင်းသမီးနှင့် အတူနေလိုကြောင်းကို လာ၍ ပြော၏။

မင်းသမီးက လူဖြစ်ဖြစ် နတ်ဖြစ်ဖြစ် ဥဒယဘဒ္ဒမင်းသားမှ တစ်ပါး စိတ်ကူးမရှိပါဟု ပြော၏။ နောက်တစ်နေ့ ငွေဖြင့် ပြည့်သောရွှေခွက် ပေးမည်ဟု ပြော၏။ မင်းသမီးသည် ဆက်၍ လာနေမှာ စိုးသဖြင့် စကား

ပင် မပြောပေ။ ဥဒယဘဒ္ဒသည် နောက်တစ်နေ့ ကြေးဖြင့် ပြည့်သော ရွှေခွက်ပေး၍ ပြောဆို၏။

ထိုအခါ ဥဒယဘဒ္ဒါမင်းသမီးက သင်ကား သူများနှင့်မတူ၊ သူများမှာကား တန်ဖိုးအနည်းမှ တက်ကာတက်ကာ တန်ဖိုးအများဖြင့် ချစ်ရေးဆို၏၊ အကြောင်းအသို့နည်းဟု မေး၏။

ဘုရားလောင်းဥဒယဘဒ္ဒသိကြားမင်းက ဟုတ်မှန်ပါ၏၊ အကယ်၍ သင်သည် အသက်ရှည်ခြင်း၊ အဆင်းလှခြင်းစသည်ဖြင့် တိုးပွားလာပါမူ တိုးပွားခါ ပေးနိုင်ပါသည်။ ယခုကား သင်၏ ရုပ်ရည်က အစ တစ်ရက်ထက် တစ်ရက် ဆုတ်ယုတ်နေ၍ တန်ဖိုးကိုလည်း ဆုတ်ကာဆုတ်ကာ ပေးရပါသည်ဟု ပြောလေသည်။ မင်းသမီးမေး၍ နတ်တို့မှာ အိုခြင်းနာခြင်းမရှိပါပြော၍ မင်းသမီးသည် နတ်ပြည်ရောက်ကြောင်း ပြောကြားပါဟု တောင်းပန်၍ မင်းသမီး နတ်ပြည်သို့ ရောက်လိုသူသည် ကိုယ်နှုတ်နှလုံးဖြင့် အကုသိုလ်မှ စောင့်စည်းရသည်။ အလှူအဒါန်း ပြုရသည်။ သဒ္ဓါတရားရှိသည်၊ နူးညံ့သောစိတ်ရှိရသည်။ သူတော်ကောင်းတို့၏ ဆုံးမစကားကို နာယူရသည်။ သူတစ်ပါးအား ပေးကမ်းရသည်။ ပြေပြစ်သောစကားကို ဆိုတတ်သောသူသည် နတ်ပြည်သို့ ရောက်ဘတ်၏ဟု ပြော၏။

မင်းသမီးက သင်ကား ဆုံးမတတ်သော မိဖနှင့်တူ၏။ အဘယ်သူနည်းဟု မေးရာ ငါကား တခြားသူမဟုတ်၊ သိကြားမင်းဖြစ်နေသော ဥဒယဘဒ္ဒမင်းသားတည်းဟု ဆို၏။ ထိုအခါ ဥဒယဘဒ္ဒါမင်းသမီးက သင်နှင့်အတူ နေလိုပါ၏ဟု ပြော၏။ ဥဒယဘဒ္ဒမင်းသားက သတ္တဝါတို့၏ အရွယ်သုံးပါးကာ ကျတတ်၏၊ ဥပါဒ် ဌီ ဘင်ခဏ လျင်မြန်၏၊ မပြိုမကွဲသော အရပ်သည် မရှိ၊ သတ္တဝါတို့ကား မမြဲ၊ ရွေ့လျော၏၊ ကုသိုလ်တရားကို မမေ့ပါနှင့်။

မင်းအဖြစ်လည်း ပျက်စီးရ၏၊ တထောင်ရှိသူကား ကေရာဇ်မင်း ၁၀ ဖြင့်လည်း မရောင့်ရဲနိုင်၊ မိဖစသည်လည်း သေရ၏၊ ဤကိုယ်သည် သားရဲ ဘီလူး သိန်းစွန်တို့၏အစာ ဖြစ်၏ဟု ပြော၏။ မင်းသမီးသည် လည်း တရားရကာ ရဟန်းပြုလိုကြောင်း ပြောပြ၏။ မင်းသမီးသည် တိုင်းပြည်ကို အပ်ခဲ့ ဥယျာဉ်၌ ရသော့ရဟန်းပြုပြီး သေလွန်၍ တာဝတိံသာ ဝယ် ဥဒယဘဒ္ဒါမင်း၏ အလုပ်အကျွေးဖြစ်၏။

သာဓု ဘာသတိ ယံ ယက္ခော၊ အပ္ပံ မစ္စာနဇီဝိတံ။
ကသိရဉ္စ ပရိတ္တဉ္စ၊ တဉ္စ ဒုက္ခေန သံယုတံ။
သာဟံ ကော ပဗ္ဗဇိဿာမိ၊ ဟိတွာ ကာသိံ သုရုန္ဓနံ။
(ဒသကနိပါတ်၊ ဥဒယဘဒ္ဒဇာတ်)

မစ္စာနံ–သတ္တဝါတို့၏၊ ဇီဝိတံ–အသက်သည်၊ အပ္ပံ–နည်း၏၊ ကသိရဉ္စ–ဆင်းလည်း ဆင်းရဲ၏၊ ပရိတ္တဉ္စ–တိုလည်းတို၏၊ တဉ္စ–ထိုဆင်းရဲငြိုငြင်သော အသက်သည်လည်း၊ ဒုက္ခေန–ဝဋ်ဆင်းရဲနှင့်၊ သံယုတံ–ယှဉ်၏။ ဣတိ–ဤသို့၊ အယံ ယက္ခော–ဤနတ်သည်၊ ဘာသတိ–ဆို၏။ သာဓု–ကောင်းပေစွတကား၊ သာဟံ–ထိုငါသည်၊ ကာသိံ သုရုန္ဓနံ–ကာသိတိုင်း သုရုန္ဓနမြို့ကို၊ ဟိတွာ–စွန့်ပစ်၍၊ ကော–တစ်ယောက်အထီးတည်း၊ ပဗ္ဗဇိဿာမိ–ရဟန်းပြုတော့အံ့သတည်း။

* * * *

## သုသီမဇာတ်

ရှေးအခါက ဗာရာဏသီပြည်၌ ဘုရားလောင်းသည် ဗြဟ္မဒတ်မင်း၏ ပုရောဟိတ်ပုဏ္ဏား၏ မယားဝမ်း၌ ဖြစ်၏။ ဘုရားလောင်းကို မွေးဖွားသော နေ့၌ ဗာရာဏသီမင်းအားလည်း သားတစ်ယောက်ဖွားမြင်၏။ ဘုရား

လောင်းကား သုသီမမင်းသားက သုသီမမည်၏။ မင်းသည် ဘုရားလောင်း အားလည်း ယျှ၍မွေး၏၊ အဆင်းလှကြ၏၊ တက္ကသိုလ်ပြည်မှာ ပညာသွား သင်၏၊ တပ်ကြ၏၊ မိဘတို့ကွယ်လွန်၍ မင်းသားသည် မင်းဖြစ်၏၊ ဘုရားလောင်းအား ပုရောဟိတ်ရာထူးကို ပေးထား၏။

သူတို့သည် တစ်နေ့သ၌ ဆင်ကျောက်ကုန်း၌ အတူတူနေ၍ မြို့ကို လှည့်လည်ကြ၏။ ပြဟ္မဒတ်မင်းသား၏ မိခင်သည် ဘုရားလောင်းကို မြင်၍ တပ်နှစ်သက်သောစိတ်ရှိ၏၊ မရလျှင် သေပေစေဟု အာဟာရ ဖြတ်ခါ အိပ်ရာ၌ နေ၏။ နောက်ပြဟ္မာဒတ်မင်းသားသိ၍ မိခင်နှင့် ပုရော ဟိတ်ကို ထီးနန်းစည်းစိမ်ကို အပ်၏။

ဘုရားလောင်းသည် ကာမဂုဏ်များကို ငြီးငွေ့လာ၍ ရသေ့ရဟန်း ပြုရန်သာ စိတ်ရှိလာ၏။ မိဖုရားသည် ငါကား အသက်အရွယ်ကြီးပြီး သူကား ငယ်သေး၏၊ ငါနှင့် မပျော်သည် ထင်၍ မင်း၏ခေါင်းကို သန်း ရှာသကဲ့သို့ မိမိ၏ ခေါင်းမှ ဆံပင်ဖြူတစ်ပင်ကို နုတ်ကား ပြ၏။ မင်းကား ငါသည် ကြီးပြီ၊ ဤကဲ့သို့နေ၍ မဖြစ်ဟု သံဝေဂဖြစ်ကာ နဖူးမှ ချွေးများ ကျကုန်၏။ သုသီမသည် မိဖုရာအား ရသေ့ရဟန်းပြုလိုကြောင်းကို ပြော၏။ မိဖုရားကား ငါသည် မင်းကို ပျော်ရာပျော်ကြောင်းပြုသည်ကို ကြံစည်သည်က တခြား၊ ဖြစ်လာသည်က တခြားဟု မင်းသား စင်စစ်ကား ငါသည် သင်မင်းသားအား ပျော်အောင် ပြုခြင်းသာ အမှန်မှာ ဆံပင် ဖြူသည် သင်၏ဆံပင်ဖြူမဟုတ်၊ ငါ၏ဆံပင်ဖြူသာ၊ သင်မင်းသားသည် အညှောက်ကဲ့သို့ ရှချင်ဖွယ်ရှိပါ၏၊ ရဟန်းမပြုပါနှင့်ဟု ဆို၏။

ထိုအခါ မင်းသားက မိဖုရား ဘယ်လောက်ပင် လှ၍ ငယ်ရွယ်သူ ဖြစ်ပါစေ၊ တစ်နေ့ကျတော့ ခါးကိုင်းနားထိုင်းကာ တောင်ဝှေးထောက်

ရတော့မည်ဟု ဆို၏။ မိဖုရား ဘယ်လောက်ပင် ပျော်စရာကောင်း၍ အိမ်၌ နေစေကာမူ ထိုသို့နေခြင်းသည် လှမ်းဆွဲစရာကြိုးတည်း။

ရဇ္ဇုဝါလမ္ဗနီ စေသာ၊ ယာ ဂေဟေ ဝသတော ရတိ။
တေမ္ပိ ဆေတွာန ဝဇန္တိ ဓီရာ၊ အနပေက္ခိနော ကာမသုခံ ပဟာယ။

(သတ္တကနိပါတ်သုသီမဇာတ်)

ဂေဟေ–အိမ်၌၊ ဝသတော–နေသောသူ၏၊ ယာ ရတိ–အကြင် မွေ့လျော်ခြင်းသည်၊ အတ္ထိ–ရှိ၏၊ သော–ထိုမွေ့လျော်ခြင်းသည်၊ အာလမ္ဗနီ–ဆွဲလှမ်းရာဖြစ်သော၊ ရဇ္ဇုဝ–ကြိုးကဲ့သို့၊ ဟောတိ–ဖြစ်၏။ ဓီရာ–ပညာရှိတို့သည်၊ တေမ္ပိ–ဤကာမဂုဏ်၌ မွေ့လျော်ခြင်းကိုလည်း၊ ဆေတွာန–ဖြတ်၍၊ ကာမသုခံ–ကာမဂုဏ်ချမ်းသာကို၊ ပဟာယ–ပယ်၍၊ အနပေက္ခိနော–ငဲ့ကွက်ခြင်းမရှိကုန်သည်ဖြစ်၍၊ ဝဇန္တိ–သွားကြကုန်သည် သာတည်း။

ဘုရားလောင်းသည် တိုင်းသူပြည်သားတို့အား ထီးနန်းစည်းစိမ် ကို အပ်၍ တောထွက်ကာ ရသေ့ရဟန်းပြုပြီး နောက်ဗြဟ္မာ့ပြည်သို့ ရောက်လေသည်။

* * * *

## ဘိသဇာတ်

ရှေးအခါ၌ ဗာရာဏသီပြည်ဝယ် ဘုရားအလောင်းသည် ကုဋေ ရှစ်ဆယ်ကြွယ်ဝသော ဗြာဟ္မဏ မဟာသာလအမျိုး၌ ဖြစ်၏။ မဟာကဥ္စန သတို့သားမည်၏။ ညီခြောက်ယောက်၊ နှမ ကဥ္စနဒေဝီတို့ရှိကြသည်။ ဘုရားအလောင်းသည် တက္ကသိုလ်ပြည်မှ ပညာသင်၍ တတ်လာသည်။

မိဖတို့က အိမ်ထောင်ပြုခိုင်းသော်လည်း တစ်ယောက်မှ ပြုမည့်သူ မရှိ။ ဘုရားလောင်းသည် ညီခြောက်ယောက် နှမတစ်ယောက် နောက်ပါတို့နှင့် အတူ ဟိမဝန္တာ၌ ရသေ့ရဟန်းပြုကာ နေကြ၏။ ဆင် မျောက်တို့လည်း သူတို့ကို မှီ၍နေကြ၏။

တစ်နေ့သ၌ သိကြားမင်းသည် စူးစမ်းလို၍ ဘုရားလောင်း၏အဖို့ ကြာစွယ်စသည် စားစရာအဖို့ကို သုံးရက်ပတ်လုံး ဝှက်ထား၏။ သူတို့သည် ထိုကိစ္စနှင့် စည်းဝေးကြသည်။ ညီ ဥပကဥ္စနရသေ့သည် အကယ်၍ ကျွန်ုပ်ယူသည်ဖြစ်အံ့၊ အကျွန်ုပ်သည် ရွှေငွေဥစ္စာ သားမယားတို့နှင့် နေရပါစေသတည်းဟု သစ္စာဆို၏၊ ကျန်ပုဂ္ဂိုလ်တို့သည် ဤရသေ့၏စကားကို မကြားလို၍ နားကို ပိတ်ထားကြကုန်၏။

နှစ်ယောက်မြောက်ညီက ကာသိတိုင်းဖြစ် စန္ဒကူးနံ့သာတို့ကို ဆောင်စေသတည်း။ သားသမီးများပါစေသနည်း၊ ကာမဂုဏ်တို့၌ ငဲ့ကွက်ခြင်းရှိပါစေသတည်းဟု ဆို၏။

နောက်တစ်ယောက်က များစွာသော လယ်ယာရှိပါစေသတည်း၊ အခြံအရံများပါစေသတည်း။ သားသမီးရပါစေသတည်း၊ လူဖြစ်ပါစေသတည်း၊ ဥစ္စာနှင့် ပြည့်စုံပါစေသတည်း၊ ကာမဂုဏ်တို့ကို ရပါစေသတည်း၊ အရွယ်ကို မရှုပဲ အိမ်၌ နေရပါစေသတည်းဟု ဆို၏။

နောက်တစ်ယောက်က အကျွန်ုပ် ခိုးပါမူ မင်းတကာတို့ထက် မင်းဖြစ်ပါစေသတည်းဟု ဆို၏။

နောက်တစ်ယောက်က မင်းဆရာပုရောဟိတ်ဖြစ်ပါစေသတည်းဟု ဆို၏။

နောက်တစ်ယောက်က ဗေဒင်မန္တရားတတ်၍ လူများပူဇော်ပါစေ သတည်းဟု ဆို၏။

နောက်တစ်ယောက်က ရွာစားဖြစ်ပါစေသတည်းဟု ဆို၏။

နောက်တစ်ယောက်က ပွဲလမ်းသဘင်တို့ဖြင့် ရွာသူကြီးဖြစ်ပါစေ သတည်းဟု ဆို၏။

နောက်တစ်ယောက်က ကျွန်ုပ်မသည် ခိုးသည်ဖြစ်အံ့၊ ကေရာဇ် မင်း၏တစ်သောင်းခြောက်ထောင်သော မိဖုရားတို့တွင် အဂ္ဂမဟေသီ ဖြစ် ပါစေသတည်းဟု ဆို၏။

နောက် တစ်ယောက်က အကျွန်ုပ်မသည် ခိုးသည်ဖြစ်အံ့၊ ရသေ့ တို့၏အလယ်၌ ရဲရဲဝံ့ဝံ့စားရပါစေသတည်းဟု ဆို၏။

နောက်တစ်ယောက် ဇာလမြို့၌ ပျက်စီးနေသော ကျောင်းတိုက် ကြီးကို ပြုပြင်နိုင်သော ရဟန်းဖြစ်ပါစေသတည်းဟု ဆို၏။

နောက်တစ်ယောက်က ကြိုးကွင်းစွပ်ကာ မင်းထံသို့ အပို့ခံရပါ စေသတည်းဟု ဆို၏။

နောက်တစ်ယောက်က ပန်းပန်လျက် မြွေစာကျွေးပါစေတသတည်း ဟု ဆို၏။

ဤသို့ တစ်ကျိပ်သုံးယောက်တို့ ကျိန်ဆဲပြီး၍ ဘုရားလောင်းက သူ့ကိုလည်း ယုံမှားကင်းအောင် ကာမဂုဏ်တို့ကို ရစေသနည်း၊ အိမ်ရာ တည်ထောင် လူတို့ဘောင်၌ နေ၍ သေရပါစေသတည်းဟု ကျိန်ဆဲ၏။

ထိုအခါ သိကြားမင်းသည် လာ၍ သူတကာတို့ကား လောကီအာရုံ ကာမဂုဏ်တို့ဖြင့် ပျော်မွေ့ကြ၏။ သင်တို့ကား အဘယ်ကြောင့် အပြစ် ဆိုနေကြသနည်းဟု မေးရာ ထိုအခါ ဘုရားလောင်းက ကာမဂုဏ်တို့ ကြောင့် သတ်ဖြတ်ခြင်း၊ နှောင်ဖွဲ့ခြင်း၊ ကိုယ်စိတ်ဆင်းရဲခြင်း၊ စွပ်စွဲခြင်း

ခံရတတ်၏။ ကာမဂုဏ်ကြောင့် မကောင်းမှုကို ပြုတတ်၏၊ ငရဲသို့ ရောက်တတ်၏။ ထို့ကြောင့် ငါတို့သည် ကာမဂုဏ်တရားကို မချီးမွမ်းကြကုန်ဟု ဆို၏။ နောက်မှ သိကြားမင်းက အကြောင်းအကျိုးပြောပြ၍ ထုတ်ပေး၏။

နောက် ဘုရားလောင်း မိသားစုလည်း မြဟ္မာ့ပြည်သို့ ရောက်ကြလေသည်။

* * * *

## တိုက်တွန်းချက်

သီလက္ခန္ဓေ ပတိဋ္ဌာယ၊ သတိပညဥ္စ ဘာဝယံ။

ပါပုဏာ အနုပုဗ္ဗေန၊ သဗ္ဗသံယောဇနက္ခယံ။

(ကာဠိဂေါဓာယုတ္တဘဒ္ဒိယထေရဂါထာပါဠိတော်၊ ၃၃၇)

သီလက္ခန္ဓေ–ပါတိမောက္ခသံဝရသီလ ဣန္ဒြိယသံဝရသီလ အာဇီဝပါရိသုဒ္ဓိသီလ ပစ္စယသန္နိဿိတသီလစသော သီလတရားအကြောင်းများ၌၊ ပတိဋ္ဌာယ–မျက်စိတစ်လုံးရှိသောသူသည် ထိုမျက်စိတစ်လုံးကို ပို၍ ချစ်သည်၊ စာမရီသားကောင်သည် သူ၏အမြီးကို ပို၍ချစ်ခင်သည်၊ သားတစ်ယောက်တည်းသာရှိသော မိခင်သည် ထိုသားကို ပို၍ချစ်ခင်သည်ထက် အဆပေါင်းသိန်းသောင်းမကာ မိမိ၏ သီလကို ချစ်ခင်၍တည်၍၊ သတိဥ္စ–မဂ်ဖိုလ်ဉာဏ်ကို ရခြင်းငှာ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးအပါအဝင် သတိပဋ္ဌာန်ဘာဝနာကိုလည်းကောင်း၊ ပညဥ္စ–မဂ်ဖိုလ်နိဗ္ဗာန် ရောက်ဖို့ အလို့ငှာ မဂ္ဂင်ရှစ်ပါးအပါအဝင် သမ္မာဒိဋ္ဌိမဂ္ဂင်ကိုလည်းကောင်း၊ ဘာဝယံ ဘာဝယန္တော–အရိုးကြေကြေ အရေခန်းခန်း မနေမနား တကယ်တမ်းကြိုးစား၍၊ အနုပုဗ္ဗေန–နာမရူပပရိစ္ဆေဒဉာဏ်ကစ၍ အစဉ်အတိုင်း၊ သဗ္ဗ

သံယောဇနေကွယံ–အလုံးစုံသော သတ္တဝါတို့ကို သံသရာ၌ ဖွဲ့ချည်တတ် ညစ်နွမ်းစေတတ်သော လောဘစသော သံယောဇဉ်ကို ကိလေသာတရားတို့၏ ကုန်ရာခန်းရာ မြတ်ခေမာသို့၊ ပါပုဏိ–ရဟန္တာဖြစ်၍ နောင်တစ်ဖန် ဒုက္ခပေးတတ်သော ဇာတိ ဇရာ မရဏတရားများ ပြန်၍မလာသော အားဖြင့် ရောက်ပြီးသည်သာတည်း။

* * * *

## ကျမ်းပြီးနိဂုံး

ဣမိနာ ပုညကမ္မေန၊ ပညာဝိကော ဘဝါမဟံ။
ဣန္ဒိတွော စ ပါဏီနံ၊ သုခေနေဝ သမိဇ္ဈတု။
(ပထျာဝတ္တဂါထာ)

အဟံ–ရှပ်နာမ်နှစ်ဖြာ ခေါ်ကာသမုတ် အကျွန်ုပ်သည်၊ ဣမိနာ ပုညကမ္မေန–ဝိပဿနာပညာရှင်များအကြောင်း သိကောင်းစရာ မှတ်ဖွယ်သာသည့် သညာတင့်ဆန်း ဤမည်သောကျမ်းကို ကြိုးပမ်းအားထုတ် ပြုလုပ်ရသော ကောင်းမှုရှိန်ဝါ စေတနာကြောင့်၊ ပညာဝိကော–နန်း နိဗ္ဗာန်မရမချင်း ဘဝတိုင်းဘဝတိုင်းအတွင်း၌ ဝရမိန်စက်ပမာ ပညာဉာဏ် ရောင် လက်လက်ဝေ၍ ထိန်ထိန်ပြောင်သော အမျိုးကောင်းသားသည်၊ ဘဝါမိ–ကြံတိုင်းအောင် ဆောင်တိုင်းမြောက် စိတ်ထင်တိုင်းပေါက်ရောက်ရ ပါလို၏၊ ပါဏီနံ– ကြွင်းကျန်များစွာ မိဖဆရာ အစ်ကိုညီမ အစ်မစသည့် အလုံးစုံသော သတ္တဝါတို့အား၊ ဣန္ဒိတတ္တော စ–ကြံစည်တောင်းတ လုံးဝ အကျိုး ပြည့်ဖြိုးကြွယ်စုံ ကုံလုံခြင်းသည်လည်း၊ သုခေနေဝ–စိတ်ချလက်ချ

ကိုယ်စိတ် ချမ်းသာသုခဖြင့်သာလျှင်၊ သမိဒ္ဓတု–ကိုယ့်နည်းကိုယ့်ဟန် ကိုယ်အကြံ ဖြင့် အလိုရှိတိုင်း မဆုတ်ဆိုင်းဘဲ ပြီးပြည့်စုံပါစေသတည်း။

ဝိပဿနာပညာရှင်များအကြောင်း သိကောင်းစရာ ပြီးပြီ။

* * * *

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူတကာတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

ဣန္ဒာသယပိဋကတ်စာအုပ်ဆိုင်